www.linhtet.com

# နန်းခံကြသူများ

(အတ္ထုပ္ပတ္တိဟန် ရသသမိုင်းနောက်ခံ ဝတ္ထု)

**မောင်ဖေငယ်**



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး --- ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး --- ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး --- ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို

နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်

တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်း

ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်

တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏

လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊

အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

အလင်္ကာဝတ်ရည်

အလင်္ကာဝတ်ရည်(စာစဉ်–၁၉)

အလင်္ကာဝတ်ရည်စာပေ
အမှတ်–၂၆ရ(ဘီ–၁)၊ ၃၉–လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၃၈၁၉၅၄

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၅၆၂၁၁၀၈
ပုံနှိပ်ခြင်း
၂၀၀၈၊ နိုဝင်ဘာ
ဖလင်
**Colour King**
အတွင်းဖလင်
ကိုဦးနှင့်ညီများ
ထုတ်ဝေသူ
ဦးဥက္ကာအေး
(ယာယီ–၁၁၂၁)
အလင်္ကာဝတ်ရည်
မျက်နှာဖုံး+အတွင်းပုံနှိပ်
အလင်္ကာဝတ်ရည်ပုံနှိပ်တိုက် (ယာယီ–၆၃၂၇)
အမှတ် (၁၂၉)၊ မြဝတ်ရည်လမ်း၊
၂၉– ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
ကိုသန်းဌေး
၉၇–လမ်း၊ ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
အုပ်ရေ
၅၀၀
တန်ဖိုး
၂၀၀၀
ဖြန့်ချိရေး
အလင်္ကာဝတ်ရည်စာပေ
ဖုန်း–၃၉၂၅၀၇၊
ထွန်းဦးစာပေ (မန္တလေး)
ဖုန်း–၀၂–၃၉၈၉၁၊ ၇၃၅၀၂
နဂါးစာပေ (မန္တလေး)
ဖုန်း–၀၂–၃၉၈၆၉
ကွန်ပျူတာ
ဂျူမင်းထွန်း
မျက်နှာဖုံးပန်းချီ
ပန်းချီ မောင်မောင်သိုက်
စီစဉ်သူ
ပန်းချီ မြတ်အောင်

# နန်းစံကြသူများ

မောင်ဖေငယ်

# အခန်းစဉ်


| | | |
|---|---|---|
| ၁။ | နတ်များမင်းစံ ထွက်ဘုန်းလျှံသည်။ | ၁၁ |
| ၂။ | မီးပေါက်လေးမြား၊ လှံ့ထားချွန်ထက် ဝင်းလုံးစက်သည် | ၅၇ |
| ၃။ | မိန့်တော်စာနှင့် အာဏာတော်ခွန်း ကြိုင်ရိပ်ရှွန်းသည် | ၁၁၁ |
| ၄။ | ကျင့်ရည်တခြား၊ မိုးသိကြားသည် စကားမညီ မရှိလော | ၁၅၅ |
| ၅။ | လွှမ်းရေးဖြေတော်မူလိမ့်မည် | ၂၀၉ |

## အမရပူရ - တောင်မြို့

ရှုတိုင်းငယ်စို

မြရေညိုတောင်သမန်က

မြှောင်ပတ်ရံဆီး။

မီးစုံပွင့်ရေ

ဗျာသိုက်ကယ် ရန်အောင်ခြွေတဲ့

မန်းခေါင်ဖွေ မြေညာမော့မှာ

ဘိုးတော်မြတ်ကြီး

မြဝတီမင်းကြီး

www.linhtet.com

# နတ်များမင်း၏
# ထွက်ဘုန်းလျှံသည်

♦

၁၇ မတ် ၁၈၂၀ နေ့မှာ ရှင်ဖြူဘုရားလို့ခေါ်တဲ့ မြသိန်းတန်ဘုရားကို စတင်တည်ဆောက်ခဲ့တယ်။

ဘုရားဒါယကာကတော့ ပဒုံမင်းရဲ့မြေးတော် စစ်ကိုင်းမင်းသားပဲ ဖြစ်တယ်။ ဒီတုန်းက မင်းကွန်းအရပ်လို့ မခေါ်သေးဘူး … မင်းရွာအမည်နဲ့ပဲ ရှိသေးတယ်။ ပဒုံမင်းဟာ မင်းကွန်းပုထိုးတော်ကြီးကို ၉ ဇန်နဝါရီလ ၁၇၉၁ နေ့မှာ စတင်တည်ခဲ့တယ်။ ဖိနပ်တော်အချင်း ၁၁၄ တောင် (၁၇၁ ပေ) ရှိတယ်။ အဲ့ဒီနေ့မှာပဲ မင်းရွာကိုလည်း မင်းကွန်းလို့ အမည်ပြောင်းတော်မူတယ်။

ပဒုံမင်းဟာ … မင်းကွန်းပုထိုးတော်ကြီး တည်ဆောက်ပြီး ခြောက်နှစ်အကြာမှာ ပုထိုးတော်ကြီးကို ဌာပနာသွင်းတယ်။

၁၂ မတ် ၁၇၉၇ နေ့မှာပဲ ဖြစ်တယ်။ ဌာပနာထဲမှာတော့ တရုတ်ပြည်မှ စွယ်တော်ပွား၊ ဓာတ်တော်မွေတော်များ၊ ရွှေနှင့်အတိပြီးတဲ့ နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ငွေနှင့်ပြီးတဲ့ ဘုရားအလောင်းရုပ်တုများ၊ ဗောဓိပင်များ၊

ဗုဒ္ဓဝင်ခန်းများ၊ သတ္တသတ္တာဟ စံနေတော်မူပုံများ၊ ဝါဆိုတော်မူသည်များ၊ ခမည်းတော် မယ်တော်တို့မှအစ မိဖုရား၊ သားတော် သမီးတော်များရဲ့ ရွှေရုပ်တုများကိုပါ ထည့်ပြီး ဌာပနာခဲ့တယ်။

ဒီတုန်းက စစ်ကိုင်းမင်းသားဟာ အိမ်ရှေ့စံဘဝမှာပဲ ရှိသေးတယ်။

ဘိုးတော် ပဒုံမင်းက မင်းကွန်းအရပ်မှာ ပုထိုးတော်ကြီး တည်တယ်။ မြေးတော် စစ်ကိုင်းမင်းသားက မင်းကွန်းပုထိုးတော်ကြီးရဲ့ မြောက်ဘက် ဧရာဝတီမြစ်ကမ်းထိပ်ပေါ်မှာ ရှင်ဖြူဘုရားကို တည်ထားတယ်။ ရှင်ဖြူဘုရားဟာ အာလိန်ငါးဆင့်ပါရှိတယ်။ ဘိနပ်အချင်း ၂၁၄ တောင် (၃၂၁ ပေ) ရှိတယ်။ ၁၇ မတ် ၁၈၀၂ မှာ တည်ခဲ့တာပဲ။

ရှင်ဖြူဘုရားရဲ့ တည်ဆောက်မှုဟာ စကြဝဠာကြီးကို ကိုယ်စားပြုတာပဲ။

ကမ္ဘာဟာ မီး ရေ လေ များ ဖျက်လို့ ပျက်ခဲ့ရတယ်။ ဒီနောက်မှ ဘုရားသခင်များပွင့်တဲ့ ဗောဓိပလ္လင်တော်တည်တဲ့ မြေအရပ်ဟာ စတင်ဖြစ်ထွန်းပေါ်ရှိလာတယ်။ ဒီနောက်မှ ဗြဟ္မာပြည်မှ အသက်ကုန်သူတို့ဟာ ကမ္ဘာသစ်သို့ ရောက်ရှိလာကြတယ်။ သူတို့ဟာ ရသပထဝီကို စားဖို့ အား ထုတ်ရာမှ ကိုယ်ရောင်ကိုယ်ဝါများ ကွယ်ခဲ့ကြတယ်။

**သည့်နောက်မှ နေနဲ့နက္ခတ် ၂၇ လုံး ရံပြီး လတို့ ပေါ်ထွန်းခဲ့တယ်။**

အဲဒီနောက် မြင်းမိုရ်တောင်၊ သတ္တရဘန်၊ သီတာခုနစ်တန်၊ သမုဒ္ဒရာကြီးလေးစင်း၊ ကျွန်းကြီးလေးကျွန်းနဲ့ စကြဝဠာတောင်တို့ ဖြစ်ပေါ်ခဲ့ရတယ်။ အဲဒါအားလုံးကတော့ စကြဝဠာကြီးပဲ ဖြစ်တယ်။ စကြဝဠာကြီးကား ကျယ်ဝန်းလှတဲ့အတွက် မျက်စိဖြင့်သော်လည်းကောင်း၊ အာရုံဖြင့်လည်းကောင်း တွေးဆမြင်နိုင်စရာ မဖြစ်နိုင်ဘူး။

အဲဒီလိုမမြင်နိုင်တဲ့ စကြဝဠာကို မြင်နိုင်တဲ့ အနေအထားရောက်အောင်ပြုလုပ်ခြင်းကို မဏ္ဍလ ပုံဖော်ခြင်းပဲပေါ့။

ရှင်ဖြူဘုရားကား စကြဝဠာတိုက်ပုံကို ဖော်ထားခြင်းပဲ ဖြစ်တယ်။

ပုံသဏ္ဍာန်ကတော့ စကြဝဠာတောင်အတွင်း ဇဟိုချက်မှာရှိတဲ့ မြင်းမိုရ်တောင်ကို သီတာခုနစ်တန်နဲ့ တောင်စဉ်ခုနစ်ခရိုင်တို့က ဝန်းရံထားတဲ့ပုံပန်းဖြစ်တယ်။ အောက်ခြေပစ္စယံဟာ အဆင့်ခုနစ်ဆင့်ရှိတယ်။ အဆင့်တိုင်းမှာဆက်နေတဲ့ လှိုင်းလုံးများ တက်လာတဲ့ သဏ္ဍာန်ရှိတဲ့ နံရံများနဲ့ ဝန်းရံထားတယ်။

အဝေးကနေပြီး ကြည့်လိုက်ရင် မြစ်ပင်လယ်အတွင်း လှိုင်းလုံးများထနေဘိသကဲ့သို့ မြင်နေရတယ်။

အဲဒါတွေကတော့ တောင်စဉ်ခုနစ်ထပ်ကို ပုံဖော်ထားခြင်းပဲဖြစ်တယ်။ စစ်ကိုင်းမင်းသားဟာ ရှင်ဖြူဘုရား တည်ဆောက်ပြီး ၂ နှစ်အကြာမှာဥပနာသွန်းတယ်။ ၈ ဖွန် ၁၈၀၄ နေ့မှာပဲ ဖြစ်တယ်။ ရှင်ဖြူဘုရားရဲ့ဂန္ဓကုဋိတိုက်မှာ ဖူးမြော်ရတဲ့ ရုပ်ပွားတော်ဟာ အလောင်းစည်သူမင်းလက်ထက်က ရုပ်ပွားတော်ဖြစ်တယ်။ မူလသစ်သားတန်ဆောင်း ပျက်စီးနေတယ်။ ဒါကို မြေးတော် စစ်ကိုင်းမင်းက ဘိုးတော် ပဒုံမင်းတရားကြီးရဲ့ခွင့်ပြုချက်နဲ့ ရှင်ဖြူစေတီတော်ကို တည်ထားတယ်။ **မူလရုပ်ပွားတော်ကို အပူဇော်ခံထား ရှိခဲ့ခြင်းဖြစ်တယ်။**

ပဒုံမင်းကိုယ်တိုင်လည်း စစ်ကိုင်းမင်းသားတည်ထားတဲ့ ရှင်ဖြူဘုရားကို အလွန်ကြည်ညိုခဲ့တယ်။

ဒါကြောင့်ပဲ ထင်ပါရဲ့... အလှူတော်ပြုလုပ်တဲ့ အခါတိုင်း မြေးတော်ရဲ့ရှင်ဖြူစေတီကို အလှူတော်စာရင်းမှာ ထည့်သွင်းခြင်းပြုတယ်။ အလှူတော်က သနပ်စင်ပန်း၊ ထီး၊ တံခွန်များ၊ ဖြစ်တယ်။ ရှင်ဖြူဘုရားဟာ ဉာဏ်တော်အမြင့်ပေ ၃၂ ပေ ရှိတယ်။

ဒီတုန်းက အိမ်ရှေ့စံစစ်ကိုင်းမင်းသားမှာ ဆင်ဖြူမယ်မိဖုရားဆိုတာရှိတယ်။ သူ့အပြင် ကိုယ်လုပ်တော် သုံးဆယ်လည်းရှိတယ်။

အဲဒီကိုယ်လုပ်တော်များက ဆင်ဖြူမယ်မိဖုရားရဲ့အပါးမှာ အမြဲမပြတ်ခစားနေကြရတယ်။ တကယ်တော့ စစ်ကိုင်းမင်းသားဟာ လွတ်လပ်ခြင်းပျော်မွေ့တဲ့ မင်းသားဖြစ်တယ်။

တောကစားခြင်း၊ ဆင်စီး၊ မြင်းစီးများမှာသာ ပျော်မွေ့တယ်။ ဟုတ်ပါတယ် . . . စိတ်ရဲ့ လွတ်လပ်ခြင်း၊ ကိုယ်ရဲ့လွတ်လပ်ခြင်းများဟာ ဆေးတစ်ပါးပါပဲ။

၁၁၇၄ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်မှာ ဖြစ်တယ်။

အိမ်ရှေ့မိဖုရား ဆင်ဖြူမယ်က သားတော်လေးတစ်ပါး ဖွားမြင်တယ်။ နောင်အခါမှာ စကြာမင်းသားရယ်လို့ အမည်တွင်လာမယ့် သားတော်လေးပေါ့။ ပဒုံမင်းတရားကြီးက မြစ်တော်ကို မြပုခက်တင်တော်မူတယ်။ ညောင်ရမ်းမြို့ကိုလည်း အပိုင်စားပေးသနားတော်မူတယ်။ ဒါကြောင့် ညောင်ရမ်းမင်းသားရယ်လို့ ခေါ်ကြတာပေါ့။

အဲဒီစကြာမင်းသား ဖွားမြင်ပြီး ခုနစ်ရက်မြောက်နေ့မှာပဲ မယ်တော် ဆင်ဖြူမယ်ဟာ နတ်ရွာစံသွားတော့တယ်။

အမရပူရနန်းတော်မှာ ပဒုံမင်း နန်းစံသက် ဆယ်နှစ်အရမှာ ရာဇဝင်ကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေမယ့် ဖြစ်ရပ်ကလေးက ဖြစ်ပေါ်လာခဲ့တယ်။ တကယ်တော့ ဒီဖြစ်ရပ်ဟာ အမှတ်မထင်တဲ့ ကိစ္စရပ်ကလေး တစ်ခုပဲ။ ဘယ်သူကမျှ သတိမထားမိကြဘူးပေါ့။

ဒီတုန်းက ပဒုံမင်းတရားကြီးမှာ သားတော်ကြီးတစ်ပါးဖြစ်တဲ့ ပြည်မြို့စား မင်းသားတစ်ပါး ရှိတယ်။

သူ့ရဲ့မိဖုရားဟာ ပေါင်းတည်မြို့ကိုစားရတဲ့ မယ်ပုဖြစ်တယ်။ အဲဒီ ပေါင်းတည်မြို့စားမယ်ပုဟာ သူ့အစ်ကိုရဲ့သမီးဖြစ်တဲ့ မယ်နုကို အမရပူရနန်းတော်ထဲ ခေါ်ယူထားလိုက်တယ်။ ဒါကလည်း ကိုယ့်အစ်ကိုနဲ့ တူမဖြစ်သူကို ကြည့်ရှုစောင်မတဲ့သဘောပဲ။ မယ်နုရဲ့မိဘများကတော့ ထောင်သင်းမှူး သီဟကျော်စွာနဲ့ မိခင်ဒေါ်ငယ်တို့ပဲ ဖြစ်တယ်။

စစ်ကိုင်းမင်းသားဟာ အိမ်ရှေ့မိဖုရား ဆင်ဖြူမယ် မသေခင် ကတည်းကပဲ မယ်နုကို မိဖုရားငယ်အဖြစ် ကောက်ယူထားခဲ့တယ်။

မယ်နုအဖို့ သာမန်မိဖုရားငယ်ဆိုပေမယ့် မျက်နှာမငယ်ရဘူး။ မိဖုရားကြီးလို ရွှေပိန်းချသလွန်တော်မှာ မအိပ်စက်ရပေမယ့် စစ်ကိုင်းမင်းသားရဲ့

အယုအယ အလိုလိုက်မှုကို အထူး ခံယူခဲ့ရတယ်။ မြောက်စားလွန်းလို့ ရွှေနန်းတော်တစ်ခုလုံးက မယ်နုကို မကျေနပ်ကြဘူး။

ခုလို ကျေးတောသူတစ်ယောက်က အရာရောက်နေတာကိုလည်း မရှုစိမ့်ကြဘူးပေါ့။

ခုဆိုရင် အရာရာမှာ မယ်နုပါမှ ပွဲစည်သလို ဖြစ်နေပြီ။

ဒါပဲပေါ့လေ . . . အိမ်ရှေ့မင်းသားကိုယ်တိုင်က ဦးစားပေးနေတော့ ဘယ်သူကရော ဘာတတ်နိုင်ဦးမှာလဲပေါ့။ ဆိုမယ့်သာဆိုရတယ် . . . စစ်ကိုင်းမင်းသားအဖို့မှာလည်း ဘေးကျပ်နံကျပ်ဖြစ်နေပြီ။ အကြောင်းက ရှိပါတယ် . . . ခုဆိုရင် အိမ်ရှေ့မိဖုရား ဆင်ဖြူမယ် နတ်ရွာစံသည်မှာ တစ်နှစ်ကျော်ကြာခဲ့ပြီး ခုထိ မည်သူ့ကိုမျှ အိမ်ရှေ့မိဖုရားကြီးအဖြစ် မမြောက် ရသေးဘူး။

ဘယ်သူ့ကိုမှလည်း မိဖုရားမြောက်ဖို့ မကြိုးစားဖူးဘူး၊ မကြံရွယ် သေးဘူး။

စစ်ကိုင်းမင်းသားစိတ်ထဲမှာ ရှိနေတာက ရည်မှန်းထားသူကတော့ မယ်နုပဲပေါ့။ သူ့စိတ်ဆန္ဒအတိုင်းသာ လုပ်ခွင့်ပေးရင်တော့ မယ်နုပဲ မိဖုရား ကြီး ဖြစ်ရမယ်ပေါ့။ အိမ်ရှေ့စံမိဖုရား ဖြစ်ရမယ်ပေါ့။ ဒါပေမယ့် ခုတော့ ဒီလို ဖြစ်မလာဘူး။ ဘေးမှာဝန်းရံနေတဲ့ ဆွေတော်မျိုးတော်တွေရှိတယ်။ ပြီးတော့ သူ ဘယ်လိုမှ လွန်ဆန်လို့မရတဲ့ ဘိုးတော် ပဒုံမင်းတရားကြီးကို လည်း ကြောက်ရသေးတယ် မဟုတ်လား။

ဒါပါပဲ . . . အိမ်ရှေ့စံမင်းသားဆိုပေမယ့် ကိုယ်လုပ်ချင်တာ လုပ်လို့ ရတာမှ မဟုတ်ဘဲ။

သာမန်အရပ်သူမိန်းကလေးကို မိဖုရားမြောက်ဖို့ဆိုတာက လွယ်တာ မဟုတ်ဘူး။ ရွှေနန်းတော်အတွင်းမှာ မိန်းမသား မင်းသမီးများ မရှိရင်တော့ ဖြစ်မယ်။ အခုတော့ ဒီလိုမဟုတ်ဘူး။ အတွင်းတော်မှာက မင်းသမီးတွေ ဒုနဲ့ဒေး အများကြီးရှိနေတာပဲ။ ဘယ်မင်းသမီးရွေးမလဲ ပြောစမ်း . . . ကြိုက်တာရွေးယူလို့ ရတယ်။ အားလုံးကလည်း သူလိုလို ကိုယ်လိုလိုနဲ့ မျှော်လင့်စောင့်စားနေကြတယ်။

www.foreverspace.com.mm



ခုတော့ ဒီအရေးအခင်းဟာ လိပ်ခဲတည်းလည်း ဖြစ်နေတယ်။

အတွင်းတော်ထဲက မင်းသမီးတွေကလည်း မျှော်လင့်ချက်ကြီးစွာနဲ့ ရှိနေကြတယ်။

ဟုတ်တယ်လေ . . . ရွှေနန်းတော်တစ်ခုလုံးမှာက မဟာသွေး မဟာနွယ်တွေက မနည်းလှဘူး။ ဒီလောက်များပြားလှတဲ့ မင်းသမီးတွေ ကိုပစ်ပြီး မယ်နုကို မိဖုရားအရာ နှင်းမယ်ဆိုတော့လည်း သဲတယ်လို့ ဆိုရမှာပေါ့။ ဒါပေါ့လေ . . . သူများတကာတွေ မေးငေါ့တယ်ဆိုတာ မလွန်ပါဘူး။

သာမန်မိဖုရားငယ်မျှသာ ရှိသေးတဲ့ မယ်နုကလည်း စစ်ကိုင်း မင်းသားရဲ့ အချစ်ကိုရအောင် ကြိုးစားရရှာတော့တာပေါ့။

ဒီနေရာမှာတော့ မယ်နုတို့က ပါးပြီးသား နပ်ပြီးသားပဲ။ အညှအခရာ ပညာဟူသမျှကို အစွမ်းကုန် သုံးရတော့တာပေါ့။ ဒါနဲ့ပဲ နောက်ဆုံးမှာတော့ စစ်ကိုင်းမင်းသားအဖို့ နုနုမှနုနု . . . တစ်နုတည်း နုနေတော့တာပဲပေါ့။ ဒါကိုပဲ နုနုအဖို့ မိဖုရားဖြစ်ဖို့ရာ တစ်ပန်းသာနေပြီလေ။ ပြီးတော့လည်း . . . ဘိုးတော်မင်းတရားကြီးက မြေးတော်စစ်ကိုင်းမင်းသားကို လွန်စွာမှ ချစ်မြတ်နိုးတော်မူတယ်။

မြေးတော်ရဲ့အလိုကို ဆန့်ကျင်ဘက် မလုပ်ဘူး။ ဘယ်တော့မှလည်း ဘယ်ကိစ္စမဆို တားမြစ်ခြင်း မရှိခဲ့ဘူး။

ဟော အခုပဲကြည့်လေ . . . ဘယ်မင်း ဘယ်ရှင်ဘုရင် လက်ထက် တော်တုန်းကမျှ ခွင့်မလွှတ်နိုင်တဲ့ကိစ္စတစ်ခုကို အသာတကြည်နဲ့ ခွင့်ပြုလိုက် ပြီလေ။ တကယ်တော့ အခုကိစ္စဟာ အစဉ်အလာမရှိဘူး။ ဒီလို အစဉ်အလာ မရှိတဲ့ ကိစ္စတစ်ခုကို လွယ်လွယ်ကူကူနဲ့ ခွင့်ပြုတော်မူလိုက်ခြင်းကို အားလုံး က အံ့အားသင့်ကြရတယ်။

မိမိတို့ရဲ့ ရည်မှန်းချက် မျှော်လင့်ထားသမျှတို့လည်း တခြားစီ ဖြစ် ကုန်ကြရပြီလေ။

နန်းစံကြသူများ

ဒါက ဘာလဲဆိုတော့ အခုဆိုရင် အိမ်ရှေ့စံမိဖုရားအဖြစ် မယ်နုကို မြှောက်စားဖို့ ဘိုးတော်မင်းတရားက ခွင့်ပြုလိုက်တာပါပဲ။ မယ်နုအဖို့ ကုသိုလ်ကံကြမ္မာက တက်လာခဲ့ချေပြီ။ အိမ်ရှေ့မိဖုရားနဲ့ ထိုက်တန်အောင် ရွာလေးရွာကို စားစေတယ်၊ ပယ်သုံးထောင်နဲ့ မြင်းသုံးဆယ် ဆားတော်မ ငါးရွာ ကူးတို့အခွန်များကိုလည်း စားစေတယ်။

ဟုတ်ပါတယ် . . . ဒီလိုမှလည်း အိမ်ရှေ့မိဖုရားဆိုတဲ့ ဂုဏ်ပုဒ်နဲ့ ညီတော့မပေါ့ . . . နော့။

ခုဆိုရင် မယ်နုအဖို့ ရည်မှန်းချက်တစ်ဝက်ကိုဖြင့် အောင်မြင်ခဲ့ချေပြီ။

နောက်ဆိုရင် အရာရာကို သည်းခံရမယ်။ ကျန်တဲ့နောက်ပိုင်း ကိုတော့ စိတ်ရှည်ရှည်နဲ့ စောင့်ရတော့မပေါ့။ သည်းခံတယ်ဆိုတာ အကျိုး မဲ့တော့ မဖြစ်ဘူး၊ အကျိုးပဲ ရှိစေတယ်။ အများနဲ့တစ်ယောက်ဖြစ်နေတဲ့ မိမိရဲ့အရေးကို နုနုသိတယ်။ အချိန်အခါဆိုတာက တစ်နေ့မဟုတ် တစ်နေ့ ပေးမှာပဲ၊ မလွဲမသွေ ရောက်လာမှာပဲ။ ဒါကိုစိတ်ရှည်ဖို့ သည်းခံဖို့ လိုတယ် ပေါ့နော့။

ခက်ကုန်တာက မင်းသမီးတွေအားလုံးပဲ။

သူတို့အားလုံးဟာ အနိစ္စရောက်သွားပြီဖြစ်တဲ့ ဆင်ဖြူမယ်ရဲ့ နေရာ ကို မျက်စောင်းထိုးနေကြတဲ့သူတွေပဲ။ ကိုယ့်ထင်ကြေးနဲ့ကိုယ်နေကြတဲ့ မင်း သမီးတွေအဖို့မှာ အခံရခက်လွန်းလှတယ်ပေါ့နော့။ အထူးသဖြင့်ကတော့ အိမ်ရှေ့မိဖုရားလောင်း . . လို့ အမည်ပြော၊ သတင်းကြီးနေကြတဲ့ မင်းသမီး အချို့ပဲပေါ့။

သူတို့တစ်တွေဟာ ကြီးကျယ်တဲ့ ယူကြုံးမရ ဖြစ်ကြရတယ်၊ ခံပြင်း နေကြတယ်။ တက် တခေါက်ခေါက်၊ အံ တကြိတ်ကြိတ်နဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဖြစ်နေကြရတယ်။ ယောင်ချာချာကြီး ဖြစ်သွား ကြတာပဲပေါ့။

ဒါပါပဲလေ . . . လူဆိုတာက ကိုယ်မှန်းထားတာကလေးများ ဖြစ် မလာရင် ငြူစူကြ၊ စောင်းမြောင်းကြ၊ စိတ်သောကဖြစ်ကြရတာပေါ့။ မိမိတို့

www.foreverspace.com.mm



လုံးဝထင်မထားတဲ့ ဖြစ်ရပ်တစ်ခုမို့လည်း အံ့သြဘနန်း ဖြစ်ကြရတယ်။ တကယ်တော့ အိမ်ရှေ့မိဖုရားဆိုတာက မျှော်လင့်ချက်အများကြီး ရှိတယ်။ နောင်အနာဂတ်ကာလမှာ ဒီထက်ပိုပြီး ကြီးကျယ်လာနိုင်တယ်။

ပြီးတော့လည်း နိုင်ငံတော်ရဲ့အရေးပါတဲ့ မိဖုရားခေါင်ကြီးတစ်ပါး ဖြစ်လာမှာ မလွဲဘူး။

ဒါကြောင့်လည်း ဒီနေရာကို လိုချင်သူတွေ များနေတာပေါ့။ ခုတော့ ဒီလိုဖြစ်မလာဘူး။ ဒီလိုဖြစ်မလာတော့ ဖြစ်ချင်သူတွေအဖို့ စိတ်ဆင်းရဲ ပင်ပန်းကြရတာပေါ့။ စိတ်ဆင်းရဲရတာပေါ့။ ဝန်တိုခြင်း လောဘရမ္မက်ကြီး ခြင်းတို့ဟာ ပြင်းပြင်းထန်ထန် ဖြစ်လာတယ်။ မခံမရပ်နိုင်အောင် ဖြစ်လာ ကြတယ်။ နေနှင့်ဦးဆိုတဲ့ စိတ်မျိုးနဲ့ ကလော်ပစ်ချင်ကြတာပေါ့။

အမှန်ပြောရပါမူ မင်းသမီးဆိုတာကလည်း မိန်းမတွေပဲလေ။

ဒီတော့ သူတို့မှာ အူတိုခြင်း၊ စဉ်းလဲခြင်း၊ အတင်းအဖျင်းပြောဆိုတာ ရှိမှာပဲပေါ့။ မစ္ဆေရစိတ်တွေလည်း ရှိကြမှာပဲ။ သည်တော့ မိမိတို့နဲ့ မတည့်တဲ့ တစ်ဖက်လူကို အကောင်းမမြင်တော့ဘူး။ မိန်းမသားတွေပီပီ အတင်းအဖျင်း ပြောကြတာပေါ့။ ဒီလိုပြောတာဟာလည်း မကောင်းပြောတာပဲ မဟုတ်လား။ ဒီတော့ မဟုတ်တာက ခပ်များများ ဖြစ်တော့မပေါ့။

ဘာမဟုတ်တဲ့ သာမန်မိန်းမတစ်ဦးက ရွေနန်းသူတွေအပေါ် ဒီလို လုပ်သွားတာဟာ ကြောသွားတယ်ပေါ့၊ အညွန့်ခူးသွားတယ်လို့ ထင်နေကြ တယ်။ လုံးလုံးကို မခံချင်ကြဘူး၊ မရှုစိမ့်ကြဘူး။ တွေးလိုက်တိုင်း အသည်း နာကြတယ်ပေါ့။ သူတို့စိတ်ထဲမှာတော့ တောင်ညာစံ ဒေဝီမဟေသီလောင်း နေရာကို လုယက်လေခြင်းလို့လည်း ဖြစ်နေကြတယ်။

ဒီနေရာဆိုတာကလည်း ရတောင့်ရခဲလေဘိခြင်း။ အလွန့်အလွန် ကုသိုယ်ကံကောင်းပါလေမှ ရတတ်ကြတာပဲလေ . . . နော့။

ဒီတော့ ဒီနေရာအတွက် အငြိုးတကြီးဖြစ်ကြရတာဟာ မဆန်းပါဘူး လေ။ ဖြစ်နိုင်ရင် မယ်နုကို တစ်စစီဖြစ်သွားအောင် ဆွဲဆုတ်နေချင်ကြတယ်။ ဒီဖြစ်ရပ်တွေအားလုံးကို မယ်နုက သိတယ်။ ဒါပေမဲ့ အရေးမစိုက်ဘူး။

www.foreverspace.com.mm

ဂရုမပြုဘူး၊ သူမရှေ့မှာက အိမ်ရှေ့စံ စစ်ကိုင်းမင်းသားတစ်ယောက်လုံး ရှိနေတာပဲ။ အိမ်ရှေ့ဥပရာဇာဆိုတာက နိုင်ငံတော်မှာ ဒုတိယအာဏာ အရှိဆုံးမဟုတ်လား။

ဓား အထက်ဆုံး မဟုတ်လား။

ဒီတော့ မယ်နုအဖို့ ဘယ်သူ့ကို ကြောက်ရမတုံး၊ ကြောင့်ကြဖို့ ဆိုတာ မရှိဘူးပေါ့။ ပြီးတော့လည်း သူမရဲ့ အရီးတော်တစ်ယောက်က ပြည်မင်းသားရဲ့ မိဖုရားတစ်ပါး မဟုတ်လား။ ပေါင်းတည်မြို့စား မယ်ပု လေ။ မယ်နုအဖို့ အားကိုးရာ ရှိနေပြီလေ။ ခုဆိုရင် အိမ်ရှေ့စံမိဖုရားဖြစ်နေပြီ ဖြစ်တဲ့ မယ်နုဟာ အကျပ်အတည်း သိပ်မတွေ့ရဘူး။ ခါတိုင်းထက်တော့ အနေအထိုင် အပြောအဆို ဆင်ခြင်ရတယ်လေ။

မိမိရရှိထားတဲ့ အရှိန်အဝါကိုသုံးပြီး နေရထိုင်ရတော့တာပေါ့။

ခြောက်တန်ခြောက်၊ လှန့်တန်လှန့်ပြီး အုပ်ချုပ်နေရတာပဲ။ ဟိုအရင် တုန်းက မထီတရီလုပ်လေ့ရှိတဲ့သူတွေအားလုံးဟာ အခုတော့ ငြိမ်ကျသွား ပြီပေါ့။ ဒီတော့ မယ်နုအဖို့ လုပ်သမျှ တင့်တယ်နေပြီလေ။ ဒါပဲပေါ့ . . . လူဆိုတာက အသိဉာဏ်ရှိတယ်၊ ဆင်ခြင်သုံးသပ်နိုင်တယ်။ ဘယ်သူပဲ ဖြစ်ဖြစ်လေ မိမိရဲ့အကျိုးကို ရှေ့တန်းတင်တတ်ကြတာပဲ။

တိုက်ဖန်များတော့ ခလုတ်ပင် နဲ့သေးတာပဲ။

ပဒုံမင်းတရားကြီးဟာ မြေးတော်စစ်ကိုင်းမင်းသားကို အခေါ်တော်ရှိ လိုက်တယ်။ အကြောင်းက ရှိပါတယ်။ အိမ်ရှေ့စံမိဖုရားကိစ္စပေါ့။ ခုလို မယ်နုကို အိမ်ရှေ့မိဖုရားအဖြစ် ခန့်အပ်တာကို ဘယ်ဆွေမျိုးကမှ မကျေနပ် ကြဘူး။ ဒါကြောင့် ဒီကိစ္စကို ပြေလည်အောင်လုပ်ဖို့ ဆွေတော်မျိုးတော်များ က မကြာခဏ တိုင်ကြားလျှောက်ထားကြတယ်။

အစကတော့ ဟုတ်မလိုလိုရှိနေတဲ့ ပဒုံမင်းတရားကြီးဟာ အခုတော့ ဆွေတော်မျိုးတော်များရဲ့စကားကို နားထောင်သွားခဲ့ပြီ။ မဟာသွေးမဟာဆီ ထဲက ခေါင်းခေါက်ရွေးနိုင်ရက်နဲ့ သာမန်အရပ်သူကို ယူရပါ့မလားလို့လည်း တွေးမိသွားဟန်တူပါရဲ့။ ဒါကြောင့်ပဲ ထင်ပါတယ် . . . စစ်ကိုင်းမင်းသားကို

www.foreverspace.com.mm

အတွင်းတော် ခေါ်လိုက်တယ်။ ပြီးမှ တစ်ချက်လွှတ်ရာဇသံ ထုတ်လိုက်တယ်။

တခြားတော့ မဟုတ်ဘူး . . . ။ ပန်းတောင်းမင်းသမီးနဲ့ စစ်ကိုင်းမင်းသားကို ကိုယ်တော်တိုင် လက်ထပ်ပေးမယ်ဆိုတာပဲ။

ဒီနေရာမှာလည်း ဆွေတော်မျိုးတော်တချို့ဟာ ဟီးချရတာပဲပေါ့။ သူတို့ ထင်ထားတာက တခြား၊ အခုဘုရင်မင်းတရားကြီးလုပ်တာက တစ်မျိုး . . . ခုတ်ရာတခြား ရှရာတခြား ဖြစ်ကုန်ပြီပေါ့။ သူတို့ထင်ထားတာက အခုဆိုရင် အတွင်းတော်မှာ အပျိုဖြစ်နေပြီဖြစ်တဲ့ မင်းသမီးတွေ အများကြီးပဲ . . . ဒီအထဲက တစ်ယောက်ယောက်ကို ရွေးချယ်စေချင်တာပဲ။

အခုတော့ ဒီလိုမဟုတ်ဘူး။

သူတို့မထင်မှတ်တဲ့နေရာက ပန်းတောင်းမင်းသမီးကို ဆွဲထုတ်ယူလာခဲ့ပြီ။ ဒီတော့ ဘာလုပ်ကြမတုံး… ဖြစ်လာတဲ့ပြဿနာအပေါ် အခြေတည်ပြီး အဖြေရှာကြတယ်။ နောက်ဆုံးရလာတဲ့အဖြေကတော့ ပန်းတောင်းမင်းသမီး ရချင်ရပါစေ၊ မယ်နုမရဖို့က အဓိကပဲပေါ့။ ခုလို နေရာရထားပြီးဖြစ်တဲ့ မယ်နုကို ပန်းတောင်းမင်းသမီးနဲ့ ပူးပေါင်းပြီး တိုက်ကြမယ်ပေါ့။

တကယ်တော့ ပန်းတောင်းမင်းသမီးဆိုတာက ခုမှ ကလေးအရွယ်ပဲ ရှိသေးတယ်။

အိမ်ထောင်မှုအရေးဆိုတာက ဘာတစ်ခုမှ သိသေးတာမဟုတ်ဘူး။ စစ်ကိုင်းမင်းသားက အသက်သုံးဆယ်ကျော် လေးဆယ်တွင်း နင်းနေပြီ။ အဲဒီ ပန်းတောင်းမင်းသမီးဆိုတာက ဘထွေးတော် မဏ္ဍရာမင်းနဲ့ ကြံ့ညှပ်ထိပ်ခေါင်တင်တို့ရဲ့ သမီးတော်ကလေးပေါ့။

အမှန်တော့ ယောက်ျားပဋ္ဌင်း၊ မိန်းမ ပုခက်တွင်းဆိုပေမယ့် ဒီကိစ္စကတော့ မိန်းမက ငယ်လွန်းအားကြီးနေတယ်။ ဒီတော့ဘယ်လိုလုပ်ကြမတုံး။

ဒါဟာ ခြေလှမ်းသွက်လာတဲ့မယ်နုကို ဟန့်တားလိုက်ခြင်းပဲ။

www.foreverspace.com.mm

ပြီးတော့လည်း တစ်နုတည်းနုနေတဲ့ စစ်ကိုင်းမင်းသားကို အနှောင်အဖွဲ့ ချည်လိုက်တာပဲပေါ့။ စစ်ကိုင်းမင်းသားအဖို့ ဘိုးတော်ပဒုံမင်းတရား မရှိရင် အထွဋ်အမြတ်ရောက်မှာ ကေန်ပဲ။ ဒီတော့ မင်းသွေးစစ်စစ်ဖြစ်တဲ့ ပန်းတောင်းမင်းသမီးကို တောင်ညာတင်ရအောင် စီမံလိုက်တာပဲ။ တစ်နည်းအားဖြင့် မယ်နုကို ချီးလိုက်တာပဲပေါ့။ သူ့အလိုလို အောက်ကျသွားအောင် ပြုလိုက်တာပဲ။

အဓိကကတော့ မယ်နုကို မိဖုရားခေါင်ကြီး မဖြစ်ရေးပဲပေါ့။

ဟုတ်ပါတယ်။ အဲဒီအရေးဟာ မယ်နုကို မကျေနပ်တဲ့ရွှေနန်းတွင်းသူတွေရဲ့ အောင်ပွဲပဲပေါ့။ ပဒုံမင်းတရားကြီးရဲ့အမိန့်တော်ကလည်း နောက်ထပ် သီးခြားပါလာသေးတယ်။ စစ်ကိုင်းမင်းသား အထွဋ်အမြတ်ရောက်သည့်အခါ သားတော် စကြာမင်းသားကို ရင်ခွင်ပိုက်ထားရမည်။ ညီတော် သာယာဝတီမင်းသားကိုလည်း ချီးမြှောက်ရမည်ပဲပေါ့။

ဒါတွေဟာ ပဒုံမင်းတရားကြီးရဲ့ သီးသန့်အမိန့်တော်တွေပဲ။

တကယ်ဆိုရရင် ဒီကိစ္စတွေဟာ နောက်မှာဖြစ်လာမယ့် ကိစ္စရပ်တွေပဲ။ နောင်ခါလာ နောင်ခါစျေးမှ ကြည့်ရှင်းမယ်လို့ စစ်ကိုင်းမင်းသားစိတ်မှာ စွဲထားတယ်။ မယ်နုအဖို့မှာလည်း ဒီလိုပါပဲ။ သူ့အနေနဲ့ ဘုရင်မင်းတရားကြီး ဖြစ်လာခဲ့ရင် ဒီကိစ္စတွေကို ဥပေက္ခာပြုနိုင်တာပဲ။ အဲဒီအချိန်ကျရင် ဘယ်သူကရော ဘာပြောရဲမှာလဲ။

ဘိုးတော်ပဒုံမင်းသားကြီးလည်း ရှိတော့မယ် မဟုတ်ဘူး။ နတ်ပြည်စံသွားပြီပေါ့။

ဒီတော့မှ သူ ရှင်ဘုရင်၊ သူ မင်းပဲ . . . ဘာလုပ်လုပ်ပေါ့။ အခုကတော့ ကျိုးကျိုးနွံနွံနေမှာပဲပေါ့။ အဲဒါကို နန်းတွင်းသူ နန်းတွင်းသားအချို့က မိမိတို့ အကြံအစည်အောင်ပြီဆိုပြီး သဘောကျနေကြလေရဲ့။ ဘိုးတော်ပဒုံမင်းတရားကြီးဟာ ပုဂ္ဂိုလ်စွဲလွန်းအားကြီးတယ်။ သူ့မြေးတော်များ ကောင်းစားစေချင်လွန်းအားကြီးတယ်။

မိမိထဘီကိုမှ မနိုင်သေးတဲ့သူ၊ ကလေးသာသာမျှသာ ရှိသေးတဲ့ ပန်းတောင်းမင်းသမီးကလေးကို စစ်ကိုင်းမင်းသားနဲ့ လက်ထပ်ပေးစားတာ

www.foreverspace.com.mm



ဟာ သာမန်လူတွေအဖို့ဆိုရင် ကဲ့ရဲ့ကြမှာပဲ။ အခုတော့ နိုင်ငံတော်ရဲ့ ဘုရင်မင်းတရားကြီးဆိုတော့ သူလုပ်ချင်တာကို ကြည့်နေကြရတယ်။ ဘယ်သူကမှ မတော်ပါဘူးဘုရားရယ်လို့ မပြောရဲကြဘူးလေ။

ပြောလိုကြဟန်လည်း မရှိဘူး။ ပြောလို့ရော ရမှာတဲ့လား။

ဒီလိုနဲ့ ၁၁၇၇ ခုနှစ် နယုန်လဆန်း ၇ ရက်နေ့မှာ စစ်ကိုင်းမင်းသားနဲ့ ပန်းတောင်းမင်းသမီးတို့ကို ရေသွန်းလက်ထပ်ပေးတယ်။ ပဒုံမင်းတရား ကိုယ်တော်တိုင် လက်ထပ်ပေးခြင်း ဖြစ်တယ်။ အဲဒီနေ့မှာပဲ မြေးတော် စစ်ကိုင်းမင်းသားအတွက် ရာဇသံတော်ကို ထားတော်မူခဲ့တယ်။

**''စစ်ကိုင်းမင်းသား အထွတ်အထိပ် ရောက်သည်နှင့် ပန်းတောင်းမြို့စားကို တောင်ညာဒေဝီ မဟေသီမိဖုရားကြီးအဖြစ် မြှောက်စားရမည်။ ဆွေတော်မျိုးတော်များလည်း မှတ်ထားကြ။ ဒီအရေးကို စစ်ကိုင်းမင်းသား မှားယွင်းအောင်ပြုမူခဲ့လျှင် ပြုပြင်ပေးကြရမည်။ ငါ၏အမိန့်တော်အတိုင်း မဖြစ်ဖြစ်အောင် ကြံဆောင်ကြရမည်''**

ဒီတုန်းက စစ်ကိုင်းမင်းသားရဲ့စိတ်ထဲမှ အတော်ကလေး ကသိကအောက် ဖြစ်နေမှာပါပဲလေ။

ဘာတစ်ခုမှ အသုံးချလို့ရတဲ့အရွယ်မှ မဟုတ်တာ။ ဟုတ်ပါတယ် . . . ဒီတုန်းက ပန်းတောင်းမင်းသမီးကလေးဟာ အလွန်တရာငယ်သေးတာပဲ။ သူမရဲ့အသိဟာ မဖွံ့ဖြိုးသေးဘူး။ ကလေးအရွယ် ကလေးအသိပဲရှိသေးတာပဲ။ ပြီးတော့လည်း တစ်ဖက်လူများရဲ့ သွေးထိုးမှုကြောင့် မယ်နုအပေါ် မျက်မုန်းကျိုးနေတယ်။ ဒီတော့ မယ်နုနဲ့ ပတ်သက်လာရင် ပန်းတောင်းမင်းသမီးလေးက အရှဲ့တိုက်တော့တာပဲ။ စောင်းမြောင်း ပုတ်ခတ်တော့တာပဲပေါ့။

ဒီလိုနဲ့ပဲ ပဒုံမင်းတရားကြီးလက်ထက်တော်မှာ ဖြစ်ရပ်တွေက တစ်ခုပြီးတစ်ခု ဖြစ်ပွားနေခဲ့ပြီ။ မြို့သစ်နန်းသစ်ဖြစ်တဲ့ အမရပူရရွှေမြို့တော်ရဲ့ နန်းတော်ကို အသစ်တစ်ဖန်ပြန်ပြီး တည်ဆောက်ရတယ်။

www.foreverspace.com.mm

နန်းစံကြသူများ

ပဒုံမင်းလက်ထက်တော်မှာ နိုင်ငံတော်ဟာ မဏိပူရ၊ ဇင်းမယ်နဲ့ ယိုးဒယားအထိ ကျယ်ဝန်းတယ်။

ဒီတုန်းက အမရပူရရွှေနန်းတော်အတွင်းမှာ စာဆိုတော်များ ပညာရှိများ များပြားလှတယ်။ လက်ဝဲသုန္ဒရ ဦးမြတ်စံ၊ တွင်းသင်းမင်းကြီး မဟာစည်သူ၊ ရွှေတိုက်စိုး ဦးတိုး၊ ဦးလန်း၊ မဟာဓမ္မသင်္ကြန်၊ ပြင်စည်မင်းသား၊ ဒုတိယ နဝဒေး၊ ဦးပေါ်ဦး၊ ဦးအောင်ဖြိုး၊ ဝန်ကတော် မယ်ခွေ၊ မင်းဘူး ဆရာတော် ဦးသြဘာသ၊ ဖိုးသူတော်ဦးမင်း၊ လှူဦးမင်း၊ ပုလိပ်စား ဦးဖျော်တို့ပဲ ဖြစ်တယ်။

ဟုတ်ပါတယ်…။ စာပေဆိုတာ ခေတ်ရဲ့ကြေးမုံပဲ။ ရပ်တည်တဲ့ခေတ်ကို ကောင်းကောင်းဖော်ပြတယ်။ ပြည့်ပြည့်စုံစုံမဟုတ်တောင်မှ တစ်ပိုင်းတစ်စတော့ ပါတယ်လေ။

သူ ထိတွေ့ကျင်လည်ရတဲ့ခေတ်ရဲ့ လူမှုရေး၊ စီးပွားရေး၊ ဘဝဆိုင်ရာ အဖြစ်အပျက်တွေကို ဖော်ပြတယ်။ တွင်းသင်းမင်းကြီးဟာ ရှေးဟောင်းကမ္ပည်းကျောက်စာများကို ပြုစုရေးကူးခဲ့တယ်။ ရာဇဝင်သစ်တစ်စောင်ကိုလည်း ရေးသားခဲ့တယ်။ အဲဒီတုန်းက ပါဠိဘာသာနဲ့သာရှိသေးတဲ့ ဇာတ်တော်ကြီးဆယ်ဘွဲ့ကို မြန်မာဘာသာပြန်ဆိုခဲ့တယ်။ အများနားလည်နိုင်ဖို့အတွက် စကားပြေသက်သက်နဲ့ ပြန်ဆိုခဲ့ခြင်း ဖြစ်တယ်။

ဒါပေမယ့် ဇာတ်တော်ကြီးဆယ်ဘွဲ့မှ ရှစ်စောင်ကိုပဲ စီရင်ရေးသားနိုင်ခဲ့တယ်။

သံတော်ဆင့် ရွှေတိုက်စိုး ဦးတိုးဟ ရာမရကန် (ကြီး) နဲ့ ထင်ပေါ်ကျော်ကြားခဲ့သူဖြစ်တယ်။ ရွှေနန်းတော်အတွင်းမှာရော နေပြည်တော်တစ်ဝန်းလုံးမှာပါပေါ့။ အဲဒီရာမရကန်ကြီးကို စစ်ကိုင်းမင်းသားဟာ အလွန်ပဲ သဘောကျတယ်၊ နှစ်သက်တယ်၊ ကျေနပ်မှုလည်းများစွာရှိတယ်။ ဒါကြောင့်ပဲ သံတော်ဆင့်ရွှေတိုက်စိုးဦးတိုးကို ဖေယျကျော်သူဘွဲ့ကိုလည်း ထပ်မံအပ်နှင်းခဲ့တယ်။

သူ့ငယ်နာမည်ပျောက်ပြီး ရွှေတိုက်စိုးအမည်နဲ့ပဲ တစ်ရှိန်ထိုး လူသိများခဲ့တယ်။

www.foreverspace.com.mm



အဲဒီရာမရကန်ကြီးရဲ့ အရှိန်အဝါဟာ အင်မတန်ကြီးခဲ့တယ်။ လူကြိုက် သူကြိုက်များတဲ့အတွက် အများပြည်သူဟာ သူ့ကို တလေးတစား ရှိခဲ့ကြတယ်။ သူ့ရဲ့ စကားရေးကြွယ်ဝမှု၊ ဆန်းကြယ်တဲ့စိတ်ကူးတို့ကား စိတ်နှလုံးကို ကြည်နူးစေတယ်၊ ခံစားမှု အပြည့်အဝပေးတယ်၊ ချမ်းမြေ့စေတယ်၊ လူ့လောကရဲ့ လူ့သဘောကို နှိုက်ချွတ်ပြီး သရုပ်ခွဲပြတယ်။

တကယ်တော့ ပဒုံမင်းဟာ ဉာဏ်အမြော်အမြင်ရှိသူ ဖြစ်တယ်၊ ဆင်ဆင်ခြင်ခြင်တိုင်းထွာမှုလည်း ရှိတယ်၊ ရဲရင့်တည်ကြည်တယ်၊ ပညာရှိများကို မြှောက်စားတော်မူတယ်။ ဟုတ်ပါတယ်… ဒီလိုမှလည်း ပညာရှိတို့ရဲ့ အဆိုအမိန့်ကို နာခံမှတ်သားရမယ်လေ။ ဒါကလည်း တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ မင်းမြတ်တို့ရဲ့ကျင့်ဆောင်ရာ အတတ်ပညာထဲမှာ တစ်ခုအပါအဝင်ဖြစ်တယ်။ မင်းမြတ်ဆိုတာက ငါ တကော,ကောလို့ ဖြစ်တာ မဟုတ်ဘူး။ အများဆန္ဒကိုလည်း ကြည့်ရတယ်လေ။

၁၁၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် သုံးရက်နေ့မှာ အညာသီဟတော ဘုရားရှင်ဆီ ကြွချီတော်မူတယ်။

အဲဒီမှာ ပဒုံမင်းကြီးဟာ ကျောင်းတော်ဟောင်းနွမ်းနေတာကို အသစ်ထပ်မံပြုပြင်တယ်။ နှစ်လကျော်မျှ စံနေတယ်။ နေ့စဉ်အလှူပေးတော်မူတယ်။ ပြီးမှ နေပြည်တော်ကို ပြန်လည်ကြွချီတော်မူတယ်။ လမ်းမှာ နေပြည်တော်ဟောင်းဖြစ်တဲ့ ရတနာသိင်္ဃမြို့မှာ တစ်ဆယ့်တစ်ရက်မျှ စံနေသေးတယ်။

ဒီတုန်းက နေပြည်တော် အမရပူရမှာ အတိတ်နိမိတ်များ ဖြစ်ပေါ်နေခဲ့တယ်။

အမရပူရနေပြည်တော်အနှံ့မှာရှိနေတဲ့ စေတီပုထိုးများက ရောင်ခြည်တော်များ လွှတ်တယ်၊ ရွှေနန်းတော်အတွင်းမှာ လင်းတကျတယ်၊ မြေနန်းတော်ပြာသာဒ်မှာ အခိုးထွက်တယ်၊ မြေနန်းတော်စမုခ်ဦးမှာ ပျားစွဲတယ်၊ ရွှေမြို့တော်ပတ်လည်ဝန်းကျင်မှစပြီး မြို့ရွာကျေးလက်များမှာ ပေပင်သုံးတယ်။ တစ်ပြည်လုံး ရုတ်ရုတ်သဲသဲ ဖြစ်နေတယ်၊ အထိတ်တလန့်ဖြစ်နေတယ်၊ အုတ်အော်သောင်းတင်း ဖြစ်နေကြလေရဲ့။ ဒီအချိန်မှာပဲ ရတနာ

နန်းစံကြသူများ

www.foreverspace.com.mm

သီပေါ်မြို့တော်မှာစံနေတဲ့ ပဒုံမင်းတရားကြီးဟာ ရုတ်တရက် နာမကျန်းဖြစ်လာတယ်။

ဒါကြောင့်ပဲ နေပြည်တော်ကို အမြန်ပြန်ခဲ့ကြတယ်။

နေပြည်တော်ရောက်တာနဲ့ အနာရောဂါဟာ ပိုသည်းလာတယ်။ သမားတော်များနဲ့ ကြပ်ကြပ်မတ်မတ် ကုသတယ်၊ အကောင်းဆုံးသောဆေးဝါးများနဲ့ ပြုစုတယ် . . . ဒါပေမယ့် မရတော့ဘူး။ ဘုရားအရှင်မြတ်သော်မှ မလွန်ဆန် နိုင်တဲ့ကိစ္စ မဟုတ်လား။ ဟုတ်တယ်လေ . . . ရှင်ဘုရင်ဆိုတာကလည်း ပုထုဇဉ်လူသားပဲ မဟုတ်လား။ ဒီတော့ သေချိန်တန် သေရမှာပဲ။

အိုခြင်းသဘော၊ နာခြင်းသဘော၊ သေခြင်း သဘောတရားများကို ဘယ်သူတစ်ဦးကမျှ မလွန်ဆန်နိုင်ဘူးလေ။ ချစ်ခင်မြတ်နိုးရတဲ့သူတွေနဲ့ ကွဲကွာ ကွေကွင်းခြင်းသဘောကိုလည်း မလွန်ဆန်နိုင်ကြဘူးပေါ့။ မိမိရဲ့ ကောင်းမှုကံ၊ မကောင်းမှုကံသည်သာ ကိုယ်ပိုင်ဥစ္စာ၊ အမွေခံပစ္စည်း အကြောင်းရင်းတရား၊ ကိုးကွယ်အားထားရာ အစစ်ဖြစ်တော့တယ်။

၅–၆–၁၈၁၉ နေ့ညမှာ နတ်ပြည်စံတော်မူတယ်။

အလောင်းတော်ကို မြေးတော်စစ်ကိုင်းမင်းသားက အခမ်းအနားကြီးကျယ်စွာနဲ့ စီရင်တော်မူတယ်။ ဆွေတော်မျိုးတော်များ ခြံရံပြီး ရွှေဝေါတော်နဲ့ ထွက်တော်မူတယ်။ လွှတ်တော်ရဲ့ အရှေ့မြောက်နန်းမြို့တွင်းမှာ သင်္ဂြိုဟ်တော်မူတယ်။ ၇–၆–၁၈၁၉ မှာ ဖြစ်တယ်။

ဘိုးတော်ပဒုံမင်းတရားကြီး နတ်ရွာစံတာနဲ့ အိမ်ရှေ့စံ စစ်ကိုင်းမင်းသားဟာ ဘုရင်မင်းတရား ဖြစ်လာတယ်။ ရွှေနန်းတော်သိမ်းခါစ မြန်မာရှင်ဘုရင်များအတိုင်းပဲ ပြုမူတယ်ပေါ့။ ထုံးစံအတိုင်း သစ္စာရေတိုက်တယ် … ရာထူး အဆင့်အလိုက်ပေါ့။ ချီးမြှောက်သင့်သူများကို ချီးမြှောက်တော်မူတယ်။ အခွန်အကောက်လွှတ်ငြိမ်းခွင့် အမိန့်တော်များကိုလည်း ထုတ်တယ်။ ဘွဲ့ထူးဂုဏ်ထူး ဆုလာဘ်အသီးသီးကိုလည်း ချီးမြှင့်တော်မူတယ်။

ဒါပေမယ့် အဲဒီထဲမှာ မကျေနပ်တဲ့သူတွေကလည်း ဒုနဲ့ဒေးပဲ။ အကြောင်းက ရှိပါတယ်။ မဆိုင်တဲ့၊ လုံးဝ မပတ်သက်သင့်တဲ့လူတွေကပါ

www.foreverspace.com.mm



မြို့စားရွာစားတွေ ရနေတာကိုး။ ပြီးတော့လည်း ဒီဖြစ်ရပ်က ဘယ်သူတွေကမျှ မျှော်လင့်မထားကြဘူး။ ဒီလိုမျှော်လင့်မထားတာတွေက ဖြစ်လာတော့ ဘယ်သူကမျှ မကျေနပ်ချင်ကြဘူးပေါ့။ ဒါကြောင့် ဘုရင်အသစ်စက်စက်ဖြစ်တဲ့ စစ်ကိုင်းမင်းသားအဖို့ မေးငေါ့စရာတွေ ဖြစ်နေတယ်။ အတင်းအဖျင်းပြောဖို့ရာတွေဟာ ဖြစ်လာတာပဲပေါ့။

မိဖုရားမယ်နုရဲ့ အစ်ကိုတော်မောင်အိုဟာ စလင်းမြို့ကိုမြို့စားအဖြစ် အသနားခြင်းခံရတယ်။ မြို့စားတောင်မှ ရိုးရိုးမဟုတ်ဘူး . . . မဟာမျိုး မဟာနွယ်မင်းတို့ရဲ့ အစီးအနင်း အဆောင်အရွက်များပါ ချီးမြှင့်ခြင်းခံရခြင်းဖြစ်တယ်။ ဒါကြောင့်ပဲပေါ့ . . . သာမန်ကျေးတောသားလေး မောင်အိုဟာ စလင်းမင်းသားကြီး ဦးအိုအဖြစ် ကျော်ကြားခဲ့ပြီလေ။ ဒါကို ရွှေနန်းတော်အတွင်းမှာရှိတဲ့ ဆွေတော်မျိုးတော်များက စုတ်သပ်ကြတယ်။ လုပ်ရက်တော်မူလေခြင်းလို့လည်း ပြောနေကြတယ်။ ညည်းညူနေကြတယ်။

တကယ်တော့ ဒီကိစ္စဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး။ နောက်ဖြစ်ရပ်တွေက ဒီထက်များ ဆိုးလာဦးမလားပဲ။

ဒါဟာ သူတို့အတွက် ရှေ့ပြေးများလားဆိုတဲ့ အတွေးများဟာ တစ်ဖက်အုပ်စုရဲ့ အတွေးများမှာ ရှိနေစေတယ်။ ဟုတ်ပါတယ်။ မဟာနွယ် မဟာသွေးဆိုတဲ့သူတွေမှာလည်း အူတိုတတ်တဲ့စိတ်ထားတွေဟာ ရှိနေတာပဲပေါ့။ ဟုတ်တော့လည်း ဟုတ်တာပဲလေ။ ခုဆိုရင် ရွှေနန်းတော်ထဲမှာက တခြားချီးပစရာ မြှောက်စားဖို့ ညီတော်နောင်တော်တွေက မနည်းလှဘူး။

ဒါတွေကိုကျော်ပြီး မောင်အိုကို မင်းသားဘွဲ့ ချည်ပေးတယ်ဆိုတာ လွန်တာပေါ့နော့။

ဟိုပုံလိုပေါ့. . . ခုဆိုရင် တို့ဘုရင်က မယားဘက် ခပ်ပါပါဖြစ်နေပြီကိုး။ ခုတော့ အမရပူရရွှေနန်းတော်အတွင်းမှာ တီးတိုးတီးတိုးနဲ့ သဖန်းပိုးထိုးနေလေပြီလေ။ တိုးတိုးတိတ်တိတ်နဲ့ အတင်းပြောတဲ့အသံများဟာ ပျံ့နှံ့နေလေရဲ့။ ဒါကို မကျေမနပ်ဆုံးဖြစ်ရသူကတော့ ပြည်မြို့စားနဲ့ ဘထွေးတော် တောင်ငူစားတို့ပဲ ဖြစ်တယ်။ အဲဒီပြည်မြို့စားဆိုသူကတော့ သေဆုံးသွား

www.foreverspace.com.mm

ပြီဖြစ်တဲ့ အိမ်ရှေ့စံမိဖုရားဆင်ဖြူမယ်ရဲ့ ခမည်းတော်ပဲဖြစ်တယ်။ ဘကြီးတော်စစ်ကိုင်းမင်းရဲ့ ယောက္ခမပဲပေါ့။

ရုတ်ခြည်း အရေးမယူသေးဘူး။ သူတို့ရဲ့အခြေအနေကို စောင့်ပြီး အကဲခတ်နေတယ်။ ဒါကလည်း အကြောင်းရှိပါတယ်။ မကြာခင်မှာ နိုင်ငံတော်ရဲ့ မိဖုရားခေါင်ကြီးကို ရွေးချယ်ရတော့မယ်လေ။ ခုဆိုရင် ဘုရင်မင်းတရားကြီး အသစ်ဖြစ်လာတဲ့ ဘကြီးတော်မင်းဟာ နိုင်ငံရေးအရှုပ်အထွေးများကို ဖြေရှင်းနေတယ်။

အုပ်ချုပ်ပုံစံနစ်အသစ် ခန့်ခွဲနေရတယ်။ အမရပူရရွှေနန်းတော်အတွင်းမှာ ငြိမ်သက်အောင်၊ ကျေနပ်မှုများရှိနေရအောင် စီမံနေရတယ်။ ကြပ်မတ်နေရတယ်ပေါ့။

ဒီကိစ္စရပ်တွေ ဆောင်ရွက်နေရလို့ နှစ်ဝက်ကျိုးသွားခဲ့ပြီ ဖြစ်တယ်။ ဖြစ်ရမှာက ရှင်းရှင်းကလေးပါပဲ။

အစဉ်အလာကို ပြောရမယ်ဆိုရင် အိမ်ရှေ့စံမိဖုရားသာ တောင်ညာစံဖြစ်ရိုးရှိတယ်။ ဒီအတွက် ဘာမှတစ်စုံတစ်ရာ စီမံဖို့မလိုဘူး။ ခေါင်းရှုပ်ခံဖို့မလိုဘူး။ ပြီးတော့လည်း ကိုယ်ကိုတိုင်က လုပ်ချင်ရာလုပ်လို့ ဖြစ်နေတာပဲ။ တကယ်တော့ ဒါဟာ အများနဲ့ဆိုင်တဲ့ ပြဿနာမဟုတ်ဘူး။ တစ်ဦးတစ်ယောက်နဲ့ပဲ သက်ဆိုင်တယ်လေ။ တခြားအရေးကြီးတဲ့ ပြဿနာပေါင်းသောင်းခြောက်ထောင်ကို ရှင်းနေရတော့ မိဖုရားကြီးတင်မြှောက်ရေးကို ခဏ ဘေးဖယ်ထားရတယ်။

တခြားမိဖုရားများ ရာထူးခန့်ထားရေးများကို လှည့်မကြည့်နိုင်ဘူးပေါ့။

လောင်မီးကျနိုင်တဲ့ပြဿနာကို အေးအေးဆေးဆေး ကိုင်တွယ်လိုဟန်တူပါရဲ့။ ဟုတ်တာပေါ့... ဘိုးတော်မင်းတရားရဲ့ ချမှတ်ခဲ့တဲ့ အမိန့်တော်ကလည်း ရှိနေတယ်။ ပန်းတောင်းမင်းသမီးကို တောင်ညာစံတင်ရမယ်ဆိုတာပေါ့။ ပြီးတော့လည်း အဲဒီမင်းသမီးက လက်ရှိမိဖုရားတစ်ပါး ဖြစ်နေတယ်လေ။ ခုဆိုရင် သူ့အသက်က ဆယ့်တစ်နှစ်ရှိနေပြီလေ။

ဒါပေမယ့် မိဖုရားတို့ တတ်အပ်တဲ့ အတတ်ပညာကိုတော့ တတ်ဟန်မတူသေးဘူး။ နန်းမတော်တို့ရဲ့ တာဝန်ဝတ္တရားများကိုလည်း ဆောင်ရွက်နိုင်

www.foreverspace.com.mm



စွမ်းမရှိသေးဘူး။ ကလေးအရွယ်ဆိုပေမယ့် စစ်ကိုင်းမင်းအပေါ် ဆက်ဆံရာမှာ မောက်မောက်မာမာ ရှိတယ်။ ရိုရိုသေသေ မဆက်ဆံဘူး။ တွေ့တိုင်းဆူလိုက် အော်လိုက်နဲ့ပဲ ရှိနေတယ်။ မောက်မာမှာပေါ့ သူ့ရဲ့နောက်မှာက ဆွေတော် မျိုးတော်များက ရှိနေတယ်လေ။ အဲဒီဆွေတော်မျိုးတော်များရဲ့ အင်အားကလည်း မနည်းလှဘူး။ သူတို့ရဲ့ ချယ်လှယ်မှု၊ ကြိုးကိုင်မှုတွေ ပါမှာ အမှန်ပါပဲ။ သူတို့ရဲ့ဩဝါဒစကားတွေကို ပန်းတောင်းမင်းသမီးအဖို့ နားယောင်နေရှာတယ်။

ဒီအတွက်ကြောင့် ဘကြီးတော်မင်းအဖို့ ကြီးစွာသော အခက်အခဲနဲ့ ကြုံတွေ့နေရတယ်။ နတ်ရွာစံဘိုးတော်ဘုရားရဲ့ ရာဇသံအမိန့်တော်ကိုလည်း မဖီဆန်ရဲဘူး။ နှစ်သက်မြတ်နိုးခြင်းမရှိတဲ့ ပန်းတောင်းမင်းသမီးကိုလည်း တောင်ညာမတင်ချင်ဘူး။ ခုမှ ဘကြီးတော်မင်းအဖို့ အခက်တကာ့အခက်နဲ့ ကြုံနေရှာပြီလေ။ မိမိမြတ်နိုးရတဲ့ မိဖုရားမယ်နုအတွက်လည်း ထည့်စဉ်းစား နေရတယ်ပေါ့။

ဒါပေါ့လေ မစဉ်းစားလို့ မဖြစ်ဘူး။ သူ အင်မတန်ချစ်ခင်လှတဲ့မယ်နု တစ်ယောက် အထင်လွဲမှာ၊ စိတ်ဒုက္ခရောက်သွားမှာကို သူ အင်မတန်စိုးရိမ်တယ်။

ဒီကြားထဲ မယောင်ရာဆီလူးဆိုသလိုပဲ . . . မထင်တဲ့ထောင့်က ပွက်လောထနေတယ်။ အဖြစ်က ဒီလိုပါ . . . စလင်းမြို့စားအဖြစ်ရော၊ မင်းသားဘွဲ့ပါ ပေးထားလိုက်တဲ့ မောင်အိုရဲ့အရေးပဲ။ ဒီလိုအရာပေးတာကို မကျေနပ်ကြဘူး။ အဲဒီမကျေနပ်တဲ့သူတစ်စုက တစ်ထောင့်တစ်နေရာက ဆူပွက်နေကြတာပဲ။ ဒါကို ဆွေတော်မျိုးတော်များက အဲဒီအမိန့်တော်ကို ပြန်ရုပ်သိမ်းဖို့ ဆူပူနေကြတယ်ပေါ့။

ဒါကတော့ ပဒေသရာဇ်စံနစ်ရဲ့ လောင်းရိပ်အောက်က လူတွေပဲ မဟုတ်လား။

ဆူပူတယ်ဆိုပေမယ့် ပြောင်ပြောင်တင်းတင်းကျတော့ ဘယ်သူကမျှ ပြောရဲကြတာ မဟုတ်ဘူး။ ဘာနဲ့တူသလဲဆိုတော့ မင်းသားကြီးမလုပ်ရလို့

နန်းစံကြသူများ

www.foreverspace.com.mm

ပတ်မကြီးထိုးဖောက်ချင်ကြတဲ့ ဆွေတော်မျိုးတော်တစ်စုပဲပေါ့။ ကြာလာတော့ ဘကြီးတော်မင်းလည်း သည်းခံနိုင်စွမ်းမရှိတော့ဘူး ထင်ပါရဲ့။

'မောင်အိုနဲ့ပတ်သက်လို့ နောက်ထပ်မတင်ရ' လို့ အမိန့်တော်ရှိလိုက်တယ်။

ဒီတော့မှပဲ အားလုံးက ငြိမ်သွားတော့တယ်။

ညီတော် သာယာဝတီမင်းသားကြီး၊ နှမတော် တောင်တွင်းကြီးမင်းသမီးနဲ့ ဘထွေးတော်ကြီးများလည်း ပါတယ်။ အမှန်မှာတော့ ဘိုးတော်ပဒုံမင်းတရားကြီး နတ်ရွာစံချိန်မှာ ဆွေတော်မျိုးတော်ပေါင်း ငါးရာနီးပါးကျန်ရစ်ခဲ့တယ်။ သားတော် ခုနစ်ဆယ်၊ သမီးတော် ခြောက်ဆယ့်ငါးယောင်၊ မြေးတော်မင်းသား တစ်ရာကျော်၊ မြေးတော်မင်းသမီး တစ်ရာ့လေးဆယ်၊ မြစ်တော်မင်းသား ငါးဆယ်၊ မြစ်တော်မင်းသမီး နှစ်ဆယ့်ငါးတို့ပဲ ဖြစ်တယ်။

သူတို့အားလုံးကို ဘထွေးတော်၊ အရီးတော်များက အုပ်ချုပ်တယ်။

ဒီတော့ သူတို့ရဲ့သြဇာက မင်းသားမင်းသမီးများအပေါ်မှာ ရှိနေတယ်။ ဘကြီးတော်မင်းတောင်မှ သူတို့လောက် သြဇာမကြီးလှဘူး။ ဒီလို ဆွေတော် မျိုးတော်များနေလို့ပဲ ထင်ပါရဲ့ . . . သူတို့တစ်တွေဟာ တယ် ဂရုမစိုက်ချင်ကြဘူး။ လောလောဆယ်ကတော့ သူတို့ကိုကျော်လွန်ပြီး အလုပ်လုပ်လို့ မရသေးဘူး။ သွေးအေးသလောက်ရှိမှပဲ လုပ်ရမှာပဲ။

အဓိက,ကတော့ ချစ်သူကောင်းစားရေး၊ စိတ်ချမ်းသာရေးအတွက်ပဲပေါ့။

ဒီအရေးမှာတော့ မယ်နုတို့ဘက်ကလည်း ကြိုးစားတန်သလောက် ကြိုးစားကြမှာပါပဲ။ တကယ်ဆိုရရင် ဆွေတော်မျိုးတော်များကို အုပ်ချုပ်တဲ့ ဘထွေးတော်၊ အရီးတော်များကား နန်းတော်အတွင်းမှာသာ အာဏာရှိတာမဟုတ်ဘူး။ တိုင်းပြည်အပေါ်မှာလည်း တန်ခိုးရှိသူများ ဖြစ်တယ်။ ချယ်လှယ်နိုင်တယ်။ သူတို့ရဲ့သြဇာခံဖြစ်တဲ့ မှူးမတ်များဟာ လွှတ်တော်၊ ပြဲတိုက်တော်နဲ့ စစ်ဘက်ဌာနများကို အုပ်ချုပ်နေသူများဖြစ်တယ်။

ဒီတော့ ဘကြီးတော်မင်းအဖို့ မလှုပ်သာဘူးပေါ့။

www.foreverspace.com.mm



ဒီဖြစ်ရပ်ဟာ ဘုရင်မင်းတရားကြီးလုပ်နေပြီး လုပ်ချင်တိုင်းလုပ်လို့ မဖြစ်တဲ့ ဖြစ်ရပ်ကလေးတွေပေါ့။

ဒီအရေးဟာ ရွှေနန်းတော်အတွင်းမှာ တငွေ့ငွေ့တောက်လောင်နေတယ်။ ဘိုးတော်ပဒုံမင်းတရားရဲ့ ရာဇသံကလည်း သူ့ကို သတိပေးနေသယောင်ယောင် ခြောက်လှန့်နေတယ်လေ။ အဲဒီရာဇသံက သူ့ကို အခက်တွေ့နေစေတယ်။

ဒီအချိန်မှာ မယ်နုအဖို့ သားတော်တစ်ပါးနဲ့ သမီးတော်တစ်ပါးကို မွေးဖွားခဲ့ပြီးဖြစ်တယ်။ အိမ်ရှေ့စံမိဖုရား ဖြစ်စမှာပဲ သမီးတော်တစ်ပါး ဖွားမြင်ခဲ့တယ်။ အဲဒီသမီးတော်က နှစ်ဝက်မျှပဲ အသက်ရှည်ခဲ့တယ်။ နောက်တစ်နှစ်မှာ သားတော်တစ်ပါး ဖွားမြင်တယ်။ ခုနစ်နှစ်သားအရွယ်မှာ ကံကုန်ရှာတယ်။ ပလိုင်းရွာစားကြီး ဖြစ်ခါပြီးမှ ကျောက်ပေါက်တဲ့အတွက် ကံကုန်ခြင်းဖြစ်တယ်။

မယ်နုအဖို့မှာကား တစ်နေ့တခြား လှပတင့်တယ်ခြင်းများနဲ့ ပြည့်စုံနေတယ်။ သူ့အဖို့မှာတော့ လှပမယ့် အနာဂတ်ကို ငဲ့လင့်နေဟန်တူတယ်။ တစ်နေ့မှာတော့ နိုင်ငံတော်ရဲ့ အမြင့်မားဆုံးသောနေရာမှာ ရှိရမယ်လို့လည်း အားတင်းနေဟန်တူပါရဲ့။

မကြာပါဘူး။ ကုသိုလ်ကံကြမ္မာဟာ ပြောင်းလဲလာပါပြီ။

အတွင်းတော်မှာ စိုးရိမ်မကင်းဖြစ်နေကြတဲ့ ပြဿနာဟာ ပြီးပြေသွားခဲ့ပြီ။ အဖြေပေါ်သွားခဲ့ပြီပေါ့။ ဘယ်သူမှ မမျှော်လင့်တဲ့အဖြစ်ပေပဲ။ တောင်ညာစံရာထူးအတွက် သောကများနေကြတဲ့ မင်းဆွေမင်းမျိုးတွေအဖို့ ဟာခနဲ ဖြစ်သွားကြပြီပေါ့။ သူတို့ထင်ထားတာက တခြားသမီးတော်တွေကို တောင်ညာစံမတင်တဲ့တိုင်အောင် ခုလက်ရှိမိဖုရား ပန်းတောင်းမင်းသမီးတော့ တင်မှာပဲပေါ့။ ဒါက သူတို့ရဲ့အထင်လေ။

ပြီးတော့လည်း ဒီလောက်များတဲ့ ဆွေတော်မျိုးတော်တွေရဲ့ အရှိန်ကြောင့် ဘကြီးတော်မင်းဟာ ဘာမှလုပ်ရဲမှာ မဟုတ်ဘူးပေါ့။

ဘိုးတော်ဘုရားရဲ့ အမိန့်တော်တမ်းကြီးကလည်း မဟာသွေး မဟာနွယ်များဘက်က ရှိနေတယ်မဟုတ်လား။ ခုတော့ ဒီလိုဖြစ်မလာဘူး။

နန်းစံကြသူများ

www.foreverspace.com.mm

သူတို့မလိုလားဆုံးသောမယ်နုကို တောင်ညာစံမိဖုရားအဖြစ် နန်းတင်လိုက်ပြီ ဆိုပါကလား။ အတွင်းတော်မှာ လှုပ်လှုပ်ရွရွဖြစ်သွားတယ်။ သူ့အစုနဲ့သူ တိုးတိုး ပြောနေကြတယ်။ ဒီဖြစ်ရပ်ဟာ လုံးဝကောင်းတဲ့အဖြစ် မဟုတ်ဘူး။

ဘိုးတော်မင်းတရားကြီးရဲ့ ရာဇသံကို ဦးထိပ်ထားရမှာပဲ။ အဲဒီအမိန့် တော်အတိုင်း လိုက်နာရမှာပဲ။

ရွှေဘုံထီးနန်း စည်းကမ်းဥပဒေအရ မိဖုရားခေါင်ကြီးဆိုတာဟာ မင်းမျိုးမင်းနွယ်အစစ်မှ ဖြစ်ထိုက်တာပဲ။ ကြက်မှာ အရိုး၊ လူမှာ အမျိုး ဆိုသလိုပေါ့။ ဒါကို ဘကြီးတော်မင်းက ဂရုစိုက်တော်မမူဘူး။ သူလုပ်ချင်တဲ့ ကိစ္စရပ်တွေကို ဖန်တီးပြီးပြီ၊ လုပ်ကိုင်ခဲ့ပြီးပြီမို့ ကျေနပ်နေတော်မူတယ်။ လူမှုရေးထက် ကိုယ်ရေးကိုယ်တာကို ပိုပြီး အသုံးချခွင့်ပေးရမယ်ပေါ့။

ဘကြီးတော်မင်းရဲ့အမြင်မှာတော့ ဒါဟာစွန့်စားမှုတစ်ရက်လို့ပဲ မြင် ဟန်ရှိတယ်။

မှန်ပါတယ် . . . သူတို့ပြောသလို မိဖုရားမယ်နုဟာ သာမန်အရပ်သူ ဖြစ်တယ်။ ဒါပေမယ့် ဘုရင်က ကောက်တော်မူရင်တော့ မိဖုရားပဲပေါ့နော့။

ရှိခဲ့ဖူးတယ်လေ . . . ။ တရုတ်ပြေးမင်းရဲ့ မိဖုရားခေါင်ကြီး မိဖုရား စောညိုဆိုတာဟာ မင်းသွေးစင်စစ် မဟုတ်ဘူး။ ဆိတ်ထိန်းကမ်းဖြူရွာက ကျေးတောသူတစ်ယောက်ပဲ။ ပြီးတော့လည်း ရှိသေးတယ် . . . ။ မြင်စိုင်း ဝက်ဝံအရပ်က ဝါးတောထဲကရတဲ့ ဝေဠုဝတီကို မိဖုရားကြီးအဖြစ် မြှောက် စားသေးတာပဲ။ ကဲ . . . သူ့လောက်တောသူကျတာ ဘယ်မှာရှိသေးလို့လဲ။

ခြောက်ဆယ့်လေးပါးသော မိန်းမမြတ်တို့ရဲ့ လက္ခဏာနဲ့ပြည့်စုံရင် မိဖုရားခေါင်ကြီးမြှောက်ထိုက်သည်လို့ သာသနာတော်ကျမ်း၊ လောကီကျမ်း များမှာ ရှိခဲ့တယ်။ ဒါပါပဲ တောင်ညာစံမိဖုရားဆိုတာ ရုပ်လက္ခဏာနဲ့ အရည်အချင်း၊ ပြီးတော့ အကျင့်သီလကောင်းရင် ပြီးတာပဲလေ။ အမျိုး အရိုးဆိုတာ မလိုပါဘူး။ ဘုရင်မင်းမြတ်စိတ်တော်ကျေနပ်ရင် ပြီးတာပဲ။ တကယ်တမ်း နီးနီးကပ်ကပ်နေရတာက သူတို့မဟုတ်လား။

ဒီတော့ လူမှာအမျိုး ကြက်မှာအရိုးဆိုတဲ့အစား ကြက်မှာအမြစ် လူမှာ အချစ်လို့ ပြောင်းလိုက်ရုံပဲပေါ့။ ခုဆိုရင် ဘယ်သူတွေဘာပဲပြောပြော

www.foreverspace.com.mm



ဘကြီးတော်မင်းက သူလုပ်ချင်ရာကို လုပ်တော့မှာပါပဲ။ တကယ်တော့ ပုထုဇဉ်လူသားထဲက လူသားတစ်ဦးဖြစ်တဲ့ ဘကြီးတော်မင်းဟာ သူ့ချစ်သူ ကောင်းစားဖို့ပဲ ဖြစ်ရမည်ပေါ့။

ဘကြီးတော်မင်းပြောပြခဲ့တဲ့ အကြောင်းပြချက်တွေကလည်း အချက် ကျကျနဲ့ လုပတဲ့အကြောင်းအရာတွေပဲ။ ရှေ့မှာ ရှိခဲ့ဖြစ်ခဲ့တာတွေကို မူတည် ပြီးပြောတာပဲ ဖြစ်တယ်။

ဘကြီးတော်မင်းဟာ စကားပရိယာယ်မတတ်ဘူး။ စကားနည်းတယ်။ ဖြစ်ချင်တာကို တိုက်ရိုက်ပဲပြောတယ်။ ဣန္ဒြေကြီးတယ်။ ဒါကြောင့် သူ့ကို အထွန့်မတက်ရဲဘဲ ရှိနေကြတယ်။ ဘကြီးတော်နန်းတက်စ နှစ်အနည်းငယ် အထိ ဒီအရေးဟာ မပြတ်ခဲ့သေးဘူး။ ရွှေနန်းတော်အတွင်းမှာ တငွေ့ငွေ့ တောက်လောင်နေပါတယ်။

သူ့အဖို့ မယ်နုသာလျှင် တောင်ညာစံဒေဝီဖြစ်ရေး ကြိုးစားနေတယ်။ ဒီအရေးမှာတော့ မိမိတို့ဘက်က လုံးဝအလျှော့ပေးလို့မဖြစ်ဘူး။ ဒီတစ်ခါ တိမ်းလိုက်ရင်တော့ တစ်သက်လုံး နာလန်ထူနိုင်မှာမဟုတ်ဘူး။ အထူးသဖြင့် မယ်နုအဖို့ အဖိအနှိပ်တွေ ခံရမှာပဲ။

ဒါပေမယ့် လူဆိုတာက အခက်သားကလား။ ဘယ်သူမှအထွတ် အထိပ် မရောက်ချင်ဘူးဆိုတာများ မရှိဘူးလေ။ ရောင့်ရဲတတ်သူဟာ နည်းလှတယ်။ ရှိနေတဲ့ဥစ္စာနဲ့ အဆင့်အတန်းထက်ပိုပြီး လိုချင်တဲ့သူ၊ ယူချင် တဲ့သူတွေချည်းပဲ။

အခုဆိုရင် တောင်ညာစံမိဖုရားခေါင်ကြီး နေရာအတွက်ကလည်း အလျှော့ပေးလို့ မဖြစ်ဘူးလေ။ အကြောင်းက ရှိတယ်။ မယ်နုကိုသာ မိဖုရားခေါင်ကြီးအဖြစ် မအပ်နှင်းနိုင်ရင်တော့ ရွှေနန်းတော်အတွင်းမှာ ပိုမို ရှုပ်ထွေးလာစရာအကြောင်းတွေ ရှိလာမယ်လို့ ထင်နေတယ်။ ပူပူနွေးနွေး မင်းသားအရာရထားတဲ့ မောင်အို၊ ပြည်မင်းသားရဲ့ မိဖုရား၊ ပေါင်းတည်မြို့ စား မယ်ပုတို့အုပ်စုအနေနဲ့ ဆွေတော်မျိုးတော်အုပ်စုက အားပြိုင်နေကြပြီ မဟုတ်လား။

နန်းစံကြသူများ

www.foreverspace.com.mm

ခက်တာက ဆွေတော်မျိုးတော်များရဲ့ သဘောထားပဲ။

သူတို့အားလုံးဟာ မယ်နုကို မိဖုရားခေါင်ကြီးဖြစ်မှာ စိုးရိမ်နေတယ်။ မိမိတို့အထဲက မင်းသမီးတွေကို ယူနိုင်ရက်နဲ့ မထင်ရှားတဲ့တောင်နန်းအပျိုတော်ကလာတဲ့ မယ်နုကို မယူစေချင်ကြဘူး။ မင်းသွေးမင်းသက်တွေရဲ့ကြားမှာ အရပ်သူတစ်ယောက် ကြီးကျယ်သွားမှာကို မမြင်လိုကြဘူး။ မရှုစိမ့်ကြဘူး၊ မနာလိုကြဘူးပေါ့။

ပြီးတော့လည်း သာမန်အရပ်သူမယ်နုကို ခု ရပ်ထားတဲ့အဆင့် အတန်းတောင်မှ များနေပြီလို့ ထင်ဟန်ရှိနေကြလေရဲ့။

နဂိုက ထက်ထက်မြက်မြက်ရှိနေတဲ့ မယ်နုကို ဦးချိုးထားချင်ကြတယ်။ ဒါမှလည်း ခေါင်းဆောင်စပြုနေတဲ့ မယ်နုတို့အုပ်စုဟာ ငြိမ်ကျသွားမယ်ပေါ့။ ဒီအရေးကို သာယာဝတီမင်းသားကြီးက မြင်တော်မူတယ်။ သင်တို့မောင်နှမသာ ကောင်းစားခဲ့ရင်တော့ အားလုံးသော ဆွေတော်မျိုးတော်များဟာ ပြားပြားဝပ်ဆင်းရတော့မှာပဲ။ ဘာမဟုတ်တဲ့ အနုံညာတတောသူကို ဒူးထောက်ခစားရမှာ ဝန်လေးစရာပဲပေါ့။

ဘကြီးတော်မင်းအဖို့မှာတော့ ဘေးကျပ်နံကျပ်ပဲပေါ့။ ဝေခွဲလို့မရသေးဘူး၊ တိတိကျကျ အဖြေရှာမရသေးဘူး။ ဒါပေမယ့် မယ်နုသာ မိဖုရားခေါင်ကြီးဖြစ်ရမယ်လို့ အလေးသာနေဟန်ရှိတယ်။ ခုဆိုရင် ရွှေနန်းတော်တစ်ခုလုံးက မယ်နုကို မလိုမုန်းတီးရှိနေတာကိုလည်း သူသိနေတယ်။ တကယ်တော့ သူတို့ကသာ မုန်းနေတာ… မယ်နုအဖို့မှာတော့ ဘာတစ်ခုမှ လုပ်နေရတာ မဟုတ်ဘူး။ သူ့ဘာသာသူ စိတ်အေးလက်အေးနဲ့ နေနေတာပဲလေ။

သူ့အဖို့မှာတော့ အိမ်တော်ပါမိဖုရား ဖြစ်နေတယ်လေ။

မယ်နုရဲ့ ယုယမှုကြင်နာတဲ့ အရိပ်လက္ခဏာတွေကလည်း သူ့ကို ပွေ့ဖက်ထားတယ်လေ။ အမှန်ပြောရရင်တော့ မယ်နုအဖို့ ရွှေနန်းတော်ထဲမှာ နေရတာဟာ မျက်နှာငယ်စရာပါပဲ။ ပြေးကြည့်မှ မောင်တော်မောင်အိုနဲ့ အရီးတော်မယ်ပုတို့ပဲ ရှိနေတယ်။ ဒီတော့ ဒီလင်ကလွဲပြီး ရွှေနန်းတော်အတွင်းမှာ အားကိုးစရာ မရှိဘူးပေါ့။

www.foreverspace.com.mm



ဒါကြောင့်လည်း ဘကြီးတော်မင်းက မယ်နုအပေါ် အသနားစိတ် ပိုနေခြင်းပဲဖြစ်တယ်။

တကယ်တော့ ဒီမိဖုရားခေါင်ကြီးအရေးဟာ ရွှေနန်းတော်အတွင်းရဲ့ အရေးမဟုတ်ဘူး။ နိုင်ငံတော်တစ်ခုလုံးနဲ့ ယှက်နွယ်နေတဲ့အရေးပဲ။ ဘကြီးတော်မင်းရဲ့ မိဖုရားခေါင်ကြီးလုပ်သူဟာ နိုင်ငံရဲ့အရေးမှာ စွက်ဖက်ပါဝင်နိုင်ခွင့်ရှိတယ်။ ကောင်းကျိုးဆိုးကျိုးကို ဖန်တီးနိုင်တယ်။ ကြက်ဥအရောင်၊ တိမ်တောင်သဖွယ် မင်းရေးကျယ်သည်လို့ ဆိုထားတယ်မို့လား။

မယ်နုကိုသာ တောင်ညာစံမဟေသီအဖြစ် မတင်နိုင်ရင်တော့ ရွှေနန်းတော်အပေါ်က ဆွဲချကြမှာပဲလေ။ လူဆိုတာက စွာလို့ရရင်၊ ဗိုလ်ကျလို့ရရင် ဆက်ပြီးဗိုလ်ကျမှာပဲ၊ စွာနေမှာပဲ၊ အတင့်ရဲလာမှာပဲပေါ့။

ဟုတ်ပါတယ် . . . ခုဆိုရင် ပန်းတောင်းမိဖုရားဟာ အရွယ်တော်ငယ်သေးတယ်။ ဘရိယာမည်တဲ့ မယားတာဝန်ကို မကျေပွန်သေးဘူး၊ မစွမ်းဆောင်နိုင်သေးဘူး။ ဒါပေမယ့် တခြားအရေးကိစ္စများမှာတော့ စွမ်းဆောင်နိုင်မှာပါပဲ။ လူမတတ်သော်လည်း လက်ဖက်ထုပ်တတ်တယ်ဆိုသလိုပေါ့ . . . သူ့နေရာနဲ့သူ စွမ်းဆောင်နိုင်မှာ မလွဲဘူး။

ရှစ်နှစ်အရွယ်မှာ ဂေါရီ၊ ဆယ်နှစ်အရွယ်မှာ ကညာမို့ ပန်းတောင်းမိဖုရားဟာ အရွယ်တော်ငယ်တယ်လို့ မငြင်းဆန်ထိုက်ဘူးပေါ့နော့။ သူတို့တစ်တွေကလည်း ပန်းတောင်းမိဖုရား နေရာရရေးအတွက် အစွမ်းကုန်လုံးပန်းနေကြတယ်။ အမှန်ပြောရပါမူ ဘုရင်မင်းမြတ်ရဲ့စကားဟာ မိုးကြိုးသွားပဲ။ မကြာပါဘူး . . . အတွင်းတော်က အမိန့်တော်တစ်ခု ထုတ်ပြန်လိုက်တယ်။

'မိဖုရားမယ်နုကိုသာ တောင်ညာစံအဖြစ် တင်မြှောက်မယ်' ဆိုတာပဲ။

ကြားသိလိုက်ရတဲ့ ဆွေတော်မျိုးတော်များဟာ ရင်ဘတ်စည်တီးဖြစ်ကုန်တယ်။ ဒါဟာ အကျပ်ကိုင်တာပဲ။ ဘကြီးတော်မင်းဟာ မိဖုရားမယ်နု တစ်ယောက်တည်းသာ မိန်းမပဲ ထင်နေဟန်တူရဲ့။ ခုဆိုရင် မယ်နုမှ မယ်နုသာ ဖြစ်နေတယ်။ သူတို့ထင်ထားတာတခြား ဖြစ်လာတာကတခြား

www.foreverspace.com.mm

ဖြစ်နေပြီ။ သူတို့ကလည်း နောက်ဆုံးမှာ ပန်းတောင်းစုဖုရားကိုပဲ နန်းတင်မှာ ထင်နေကြတယ်။

ခုတော့ သူတို့ရဲ့ စိတ်ကူးယဉ်ဘုံနန်းဟာ ပြိုကွဲရလေပြီပေါ့။

ဒီအဖြစ်ကို ကြည့်ခြင်းအားဖြင့် ဘကြီးတော်မင်းဟာ မယ်နုအပေါ် အချစ်ပိုတယ်။ လွန်လွန်ကဲကဲမြန်နိုးတယ်ဆိုတာ သိသာနေပြီ။ ဘကြီးတော်မင်းရဲ့အချစ်က လွန်ပါတယ်။ သူတို့နှစ်ဦးရဲ့ ချစ်ခြင်းသည်ကား ဟောင်းသွားတယ်လို့ မရှိဘူး။ အသစ်အသစ်များသာ ဖြစ်နေတယ်လေ။ ခုတော့ ဒီခရီးဟာ လမ်းဆုံးရောက်နေပြီ။ ဒီတော့ ထီးဆောင်းမင်္ဂလာ မဟာဥကင်သဖွင့် တော့မယ်။ အခါကောင်းရက်ကောင်းပါပဲ ရွေးကြတော့မှာပေါ့။

၃-၁၁-၁၈၁၉ ဗုဒ္ဓဟူးနေ့မှာပဲ ဖြစ်တယ်။

သီဟာသနရာဇပလ္လင်ထက်တော်မှာ … ဘကြီးတော်မင်းဟာ မိဖုရားခေါင်ကြီးမယ်နုနဲ့အတူ စံပွာယ်တော်မူတယ်။ ထီးဆောင်းမင်္ဂလာ ဥကင်သဖွင့်တော်မူတယ်။

အဲဒီနေ့မှာပဲ မိဖုရား၊ ကိုယ်လုပ်တော်၊ မောင်းမမိဿံ၊ နှမတော်၊ ညီတော်၊ ဆွေတော်မျိုးတော်၊ မှူးမတ်၊ စော်ဘွား၊ မြို့စားများကို အထိုက်အလိုက် ဘွဲ့မည်ရည် ရာထူးများ ဂုဏ်ထူးများ ပေးတယ်။ မြို့ရွာများ ပေးတန်သူ ပေးတယ်။ ဝတ်စားတန်ဆာ ထိုက်တတ်သူကို ပေးတယ်။ မင်းလွင်မင်းသစ်တို့ရဲ့ လုပ်ရိုးအစဉ်အလာများကိုလည်း ပြုလုပ်တော်မူတယ်။ သုတ္တန်ဝိနည်း အဘိဓမ္မာ ပိဋကတ်တော်များကို အစုံများစွာ ကူးရေးစေတယ်။ အဲဒီပိဋကတ်တော်များ ရေးကူးတာကို ဆရာတော်ကြီး နှစ်ဆယ့်တစ်ပါးတို့က ကြပ်မတ်ရတယ်။ ဆရာတော်ကြီး ၅၈ ပါးက ပိဋကတ်တော်ကို တည်းဖြတ်တယ်။ သာသနာတော်ကိုစောင့်ရှောက်ရန် သာသနာပိုင် အပ်နှင်းတယ်။

ဒီတုန်းက စလင်းဆရာတော်ကြီးက သာသနာပိုင်ပဲပေါ့။ မြသိန်းတန်ဆရာတော်စတဲ့ အနီးအဝေး ဆရာတော်များကို တံဆိပ်တော် ဆက်ကပ်တယ်။

www.foreverspace.com.mm



ဒါနဲ့မပြီးသေးဘူး။ ၁၈–၁၁–၁၈၁၉ ကြာသပတေးနေ့မှာ ဖြစ်တယ် စစ်ကိုင်းမင်းဟာ မိဖုရားခေါင်ကြီးဖြစ်လာတဲ့ မယ်နုနဲ့အတူ ရွှေဝေါတော်စီးပြီး မြို့တော်သိမ်းပွဲ ကျင်းပတယ်။ အမရပူရမြို့တော်ရဲ့ အရှေ့မျက်နှာ ဦးနှိမ် တံခါးမှ မင်းခမ်းမင်းနား ကြီးကျယ်စွာ ဆင်ယင်ပြီး ထွက်တော်မူတာပဲ။ မြို့တော်ကို လက်ျာရစ်လှည့်ပြီး မြို့သိမ်းပွဲကြီး ကျင်းပလိုက်တာပဲ။

တကယ်တော့ ဒီလုပ်ရပ်ဟာ လုပ်ရိုးလုပ်စဉ်မှန်သော်လည်း မလိုသူများ ရှေ့မတိုးရဲအောင် ဟန့်တားသလိုလည်း ဖြစ်နေတယ်။ အကြောင်းက ရှိနေတယ်လေ . . . အစကတည်းက မယ်နုအပေါ် မလိုမုန်းတီးနေကြတဲ့ သူတွေကို ငြိမ်သက်စေဖို့လည်း ဖြစ်တယ်။ မလိုသူများ ရှေ့မတိုးရဲအောင် ဟန့်တားဖို့လည်း ဖြစ်တယ်။ ပြီးတော့ မယ်နုရဲ့သိက္ခာကိုလည်း တိုးတက် စေတယ်။ မြင့်မားစေတယ်ပေါ့။

ဒါမှလည်း တစ်ဖက်က မကျေနပ်တဲ့သူတွေအဖို့တော့ ငြိမ်သွားကြမှာ ပဲ။ သည်သို့အားဖြင့် ဘကြီးတော်မင်းအဖို့ သူ့ရဲ့အလိုတော် ပြည့်သွားပြီ ပေါ့။ မင်္ဂလာအိမ်တော်ပါ မယ်နုကို နန်းမတော် မိဖုရားခေါင်ကြီးအဖြစ် မြှောက်စားလိုက်တော့တယ်။

ဘကြီးတော်မင်းဟာ သာယာဝတီမင်းသားကြီးကို သီရိသုဓမ္မရာဇာ ဆိုတဲ့ဘွဲ့နဲ့ အဆောင်အယောင်များကို ပေးအပ်တယ်။ သူဟာ ဘကြီးတော် မင်းရဲ့ ညီတော်တစ်ပါးဖြစ်တယ်။

ဒီတုန်းက မောင်ရစ်ဟာ အလုံမြို့ဝန် ဖြစ်နေတယ်။ နေမျိုးသူရ ရဲခေါင်ပေါ့။ သူလည်းပဲ အဆောင်အယောင် အစီးအနင်းများနဲ့ ချီးမြှင့်ခြင်း ခံရတယ်။ တကယ်တော့ ဘကြီးတော်မင်းအဖို့ 'စကားမို့ဆို ပျားသို့ချို၊ တမာမို့ခါး ပိန်းသို့ယား' ဆိုတဲ့ထုံးကို နှလုံးမူလိုက်တာပဲ။

မကြာပါဘူး . . . ပြဿနာတစ်ခုက ဝင်လာခဲ့သေးတယ်။

ကောင်းတဲ့လက္ခဏာတော့ မဟုတ်ဘူး။ ရွှေနန်းတော်အတွင်းရဲ့ ပြဿနာပဲ။ နန်းတွင်းရေးပြဿနတစ်ခုပဲပေါ့။

မယ်နုကို တောင်ညာစံတင်တဲ့အတွက် မကျေနပ်တဲ့သူတွေဘက်ကပဲ တစ်စိတ်ကို တစ်အိတ်လုပ်တယ်။ ဒီပြဿနာကို အကျယ်ချဲ့ချင်ဟန်တူပါရဲ့။

www.foreverspace.com.mm

တပ်ဗိုလ်ပါ လူစုပြီး ထောင်ထားခြားနားဖို့ကြံစည်ခြင်းပဲ။ သိသိချင်း နှိမ်နင်းလိုက်လို့ တော်တော့တာပေါ့။

အဲဒီအရေးကို ကြံစည်တဲ့ ဦးဆောင်တဲ့လူတွေက တခြားသူတွေ မဟုတ်ဘူး . . . ဆင်ဖြူမယ်ရဲ့ ခမည်းတော် ပြည်မြို့စားနဲ့ ဘထွေးတော် . . . တောင်ငူစားတို့ပဲ ဖြစ်တယ်။ ဆင်ဖြူမယ်ဆိုတာက စကြာမင်းသားရဲ့ မယ်တော်၊ ဘကြီးတော်မင်းရဲ့ အိမ်ရှေ့စံမိဖုရားပေါ့။ ဒီတော့ ပြည်မြို့စားဟာ ဘကြီးတော်မင်းရဲ့ ယောက္ခမတော်ပဲပေါ့။ သူတို့ရဲ့ အပြုအမူဟာ ထင်ထင်ပေါ်ပေါ် ရှိနေတယ်။ သူတို့စကားပယ်ရှားတဲ့ဘုရင်ကို သတ်မယ်။ ပြီးတော့ ထီးနန်းကို ယူမယ်ပေါ့။ ဒါတွေဟာ တစ်ဖက်က ဆွေတော်မျိုးတော်များရဲ့ တန်ပြန်မှု၊ တုံ့ပြန်မှုပဲ။

ဒါပါပဲပေါ့လေ . . . အချိန်မီသိလို့၊ ကံကြီးသီလို့ပေါ့။ သူတို့အားလုံးကပဲ . . စုပေါင်းလုပ်ကြံတာလား။ သူတို့နှစ်ဦးလည်းပဲလားဆိုတာ မသိရသေးဘူး။

ဖြစ်ပြီးမှတော့ သူတို့ကဘူးခံတာပဲလေ။ ပြည်မြို့စားကတော့ ယောက္ခမ တော်စပ်ခဲ့ဖူးသူမို့ ဒီတစ်ခါ ခွင့်လွှတ်လိုက်တယ်။ ဘထွေးတော် တောင်ငူစားကိုတော့ ထုံးစံနဲ့အညီ စီရင်တော်မူတယ်။

ဟုတ်ပါတယ် . . . တကယ်တော့ ဒါတွေဟာ စိတ်နှလုံး နောက်ကျိ ဖွယ်ကောင်းတဲ့ဖြစ်ရပ်တွေပဲ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ ပြုသူအသစ်၊ ဖြစ်သူ အဟောင်းဆိုတဲ့ တရားလမ်းကြောင်းနဲ့ ဖြေသိမ့်ရတော့မပေါ့ . . . နော့။

တကယ်တော့ မင်းခယောက်ျား ကမ်းနားသစ်ပင်ပဲ မဟုတ်ပါလား။

ပုထုဇဉ်လူသားမှန်သမျှဟာ သင်္ခါရတရားကို ရင်ဆိုင်တွေ့ကြုံရတာပဲလေ။ အသက်ထက်ဆုံး မနေရဘူး။ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားနဲ့ မကင်းဘူး။ ဖြစ်ခြင်းပျက်ခြင်းဆိုတာဟာ အမြဲရှိနေတယ်။ ဒီလိုနဲ့ပဲ အမရပူရ ရွှေနန်းတော်အတွင်းမှာတော့ မိဖုရားခေါင်ကြီးနဲ့ပတ်သက်တဲ့မီးဟာ ငြိမ်သက်သွားတော့တယ်။

ဒီတုန်းက ဆင်ဖြူမယ်က မွေးထားခဲ့တဲ့ စကြာမင်းသားလေးဟာ တောင်စွန်နန်းတော်ထဲမှာ စံနေတော်မူတယ်။ ခုဆိုရင် သက်တော်

www.foreverspace.com.mm



ရှစ်နှစ်သား အရွယ်ပင်ရှိချေပြီ။ နိုင်ငံတော်အုပ်ချုပ်ဖို့အတွက်မူ များစွာ နုနယ်သေးတယ်။

ခုထက်ထိပါပဲ . . . တောင်ညာစံဒေဝီနေရာအတွက် ရှုံးနိမ့်ခဲ့ကြတဲ့ ဆွေမျိုးတော်များဟာ အောင့်သက်သက်ဖြစ်နေကြတယ်၊ မကျေမချမ်း ရှိနေကြတယ်ပေါ့။ ဒီအရေးကြောင့်လည်း ဘထွေးတော် တောင်ငူစားဟာ အသက်ခန္ဓာ ကြွေခဲ့ပြီးပြီ။ အဲဒီဖြစ်ရပ်ဟာ သူတို့အတွက် စိတ်အနာတစ်ခု ဖြစ်နေကြပြီလေ။

ဘာမဟုတ် ညာမဟုတ်တဲ့ အနုတ်စုတ်ဂုတ်စုတ် တောကဆွဲထုတ်လာခဲ့တဲ့ သင်းတို့ကို မိမိတို့က ရှိသေသမှု ပြုနေကြတယ်လေ။

ဟုတ်တာပေါ့ . . . မျိုးရိုးနဲ့ချီပြီး ပြောရရင်တော့ မိုးနဲ့မြေတမျှ ကွာခြားလွန်းနေတယ်မဟုတ်လား။

တကယ်တော့ အခု မိဖုရားခေါင်ကြီးဖြစ်နေတဲ့ မယ်နုဟာ တောသူ တစ်ယောက်ပဲ။ အရပ်သူ ရိုးရိုးပဲ။ ရွှေဘိုခရိုင် ဖလံခုံဆိုတဲ့ ရွာကလေးကပဲ။ အဲဒီရွာဟာ မြစ်ရဲ့ အနောက်ဘက်မှာရှိတဲ့ ရေဦးမြို့ရဲ့ အနောက်မြောက် အရပ်မှာ ရှိတယ်။ မိုးလေမမှန်တဲ့ အရပ်မို့ထင့် . . . ဆင်းရဲတွင်းက နက်လှတယ်။

မိုးရာသီဖြစ်ပေမယ့် မိုးကောင်းပါမှ စပါးစိုက်ပျိုးလို့ရတယ်။ ဒီလောက်လူမှုအဆင့်အတန်းနိမ့်တဲ့ဘဝက ခုလို နန်းမတော် မယ်နုရယ်လို့ ဖြစ်အောင် ကြိုးစားလာရတဲ့ သူ့ဘဝဟာ အင်မတန်အားကျဖို့ ကောင်းတယ်။

သူတင်လားဆိုတော့ မဟုတ်သေးဘူး . . . သူ့ရဲ့အစ်ကိုအရင်းဖြစ်တဲ့ မောင်အိုရှောပေါ့။

ခုဆိုရင် စလင်းမင်းသားကြီးမောင်အိုဟာ ခမ်းခမ်းနားနား ရှိနေတယ်။ ရှိမှာပေါ့ . . . သူက မင်းသားဆိုပေမယ့် သာမန်မင်းသားမဟုတ်ဘူး။ ဘကြီးတော်မင်းတရားရဲ့ညီတော် ဒွါရာဝတီမင်းသား၊ ရမ္မာဝတီမင်းသား၊ ကလေးမင်းသားများနဲ့ အဆင့်အတန်းတူညီတဲ့ မင်းသားဖြစ်တယ်။ အသက်ငယ်ရွယ်တဲ့ မင်းသားမင်းသမီးမှန်သမျှဟာ သူ့ကို ဝတ်ပြုရတယ်။ အရိုအသေပေးရတယ်။

နန်းစံကြသူများ

စလင်းမင်းသားကြီးအဖို့ တော်ရုံတန်ရုံ မင်းသားမင်းသမီးများဆိုရင် ဂရုစိုက်တာ မဟုတ်ဘူး။ အဖက်လုပ်တာ မဟုတ်ဘူး။

ဒါပဲပေါ့ . . . ညီမတော်ဖြစ်တဲ့သူက နိုင်ငံတော်ရဲ့ မိဖုရားခေါင်ကြီး မဟုတ်လား။ ဘကြီးတော်မင်းရဲ့ ချစ်ခင်ယုယမှုကိုလည်း ရယူထားနိုင်တယ်လေ။ မယ်နုအဖို့မှာလည်း ဘကြီးတော်မင်းအပေါ် ဆိုးတတ်နွဲ့တတ်နေပြီလေ။ ဒီလို ဆိုးတာနွဲ့တာကို ဆွေတော်မျိုးတော်များက တစ်မျိုးမြင်ကြတယ်။

ဘကြီးတော်မင်းဟာ မိဖုရားကြီးမယ်နုကို ကြောက်ရတယ်ပေါ့။ မယားသြဇာ ခံရတယ်ပေါ့ . . . စတဲ့ စကားတင်းများ ဆိုနေကြတယ်။ ကွယ်ရာမှာ ကဲ့ရဲ့နေကြတယ်။

ဒါပဲပေါ့ . . . ဒီလိုညီမတော်ရဲ့ သြဇာသက်ရောက်မှု အာဏာစက် ဖြန့်ကျက်မှုရဲ့အောက်မှာ စလင်းမင်းသားကြီးအဖို့ မော်ချင်တိုင်းမော်၊ ပျော်ချင်တိုင်းပျော်ခဲ့ရတာပေါ့။ စလင်းမင်းသားကြီးအဖို့ အလွန် မာန်မာနကြီးမားတယ်။ အမြဲတမ်း မောက်မာနေတတ်တယ်။ ဖော်ရွေခြင်း မရှိဘူး။ သူ့ကို ခင်မင်ရင်းနှီးမှုရဖို့ရန် မလွယ်ကူဘူး။

ဒါပဲပေါ့ . . . သူ့အဖို့ရာမှာ မိဖုရားခေါင်ကြီးရဲ့ စိတ်ချရတဲ့ တစ်ဦးတည်းသောအစ်ကို ဖြစ်နေတယ်မဟုတ်လား။ ပြီးတော့လည်း အိပ်မက်တောင် မမက်ဝံ့တဲ့ ဘဝမျိုးကိုလည်း ရယူထားတယ် မဟုတ်လား။ ခုဆိုရင် သူ့အဖို့ ဘယ်အရာမဆို လိုတိုင်းတ ရနေပြီလေ။ ခုဆိုရင် စလင်းမင်းသားကြီးအဖို့ ဘယ်သူ့ကိုမှ မယုံကြည်ဘူး။

ဘကြီးတော်မင်းကိုယ်တိုင်က စလင်းမင်းသားကြီးအပေါ်မှာ အတော်ပင် အားကိုးတကြီး ရှိခဲ့တယ်လေ။ အဲဒီလို အားထားသလောက်ပဲ စလင်းမင်းသားကြီးက အမှုတော်ထမ်းရွက်ခဲ့တယ်။

ဟုတ်ပါတယ် . . . သူနေတဲ့အိမ်တော်ကို ကြည့်ခြင်းအားဖြင့် စလင်းမင်းသားကြီးရဲ့ အဆင့်အတန်းကို သိနိုင်တယ်။ ဒီတုန်းက နေပြည်တော်မှာ ရွှေနန်းတော်အဆောက်အအုံကလွဲလို့ စလင်းမင်းသားကြီးရဲ့အိမ်တော်ဟာ အခမ်းအနားဆုံးလို့ ဆိုကြတယ်။ အလွန်ကျယ်ဝန်းတဲ့ ဥယျာဉ်တော်ကြီး တစ်ခုအတွင်းမှာ အိမ်တော်ကို ဆောက်လုပ်ထားတယ်။ အိမ်တော်ဟာ



www.foreverspace.com.mm

www.foreverspace.com.mm



ခမ်းနားကြီးကျယ်သည်နှင့်အမျှ ပန်းမျိုးစုံ၊ သစ်ပင်မျိုးစုံတို့သည်လည်း စိုစို ပြည်ပြည် ဝေဝေဆာဆာနဲ့ ရှိနေတယ်။

အိမ်တော်သာ ခမ်းနားခြင်းမဟုတ်ဘူး။ အိမ်တော်အတွင်းမှာ ခင်းကျင်းထားပုံလည်း တင့်တေးတမော ကြည့်ရှုမဆုံး ရှိနေတယ်။ ဒါကတော့ သတိုးဓမ္မ ရာဇာဘွဲ့ရထားတဲ့ စလင်းမင်းသားကြီးရဲ့ ကြီးကျယ်မှုရဲ့ တချို့ တစ်ဝက်ပါပဲ။ တခြားမင်းညီမင်းသားများထက် သူ့မှာရှိတဲ့ ကျေးတော် ကျွန်တော်များက ပိုမို များပြားတယ်။ နောက်ပါအင်အား တောင့်တင်းတယ်။

ဒါကြောင့်ပဲ ထင်ပါရဲ့ တခမ်းတနားကြီး ဖြစ်နေတယ်။

သူဟာ ကိုယ်လုံးကိုယ်ပေါက် ထွားကြိုင်းတယ်။ အသားဖြူတယ်။ ခန့်ငြားတည်ငြိမ်တဲ့ ရုပ်ရည်ရှိတယ်။ မသိတဲ့သူကဆိုရင် တကယ့်မဟာသွေး မဟာနွယ်လို့ပဲ ထင်ကြမှာပဲပေါ့။ သူ မကြာခဏပြောတတ်တဲ့စကားရှိတယ်။

'မင်းခစားယောက်ျားဆိုတာ ဘက်စုံပြည့်ဝရတယ်။ ဘုန်းသမ္ဘာနဲ့ ပညာနဲ့ပဲပေါ့။ မင်းရဲ့အလိုကို သိတတ်ရတယ်။ သည်းခံနိုင်စွမ်းရှိရတယ်။ လုပ်ရည်ကိုင်ရည် ရှိရမယ်။ ပါရမီလည်း ပါရမယ်ပေါ့။

ပါရမီဆိုတာက ရူပကာ သမ္ပတ္တိ၊ ဥပဓိရုပ်စတဲ့ ပညာအရည်အချင်းနဲ့ ပြည့်စုံရမယ်။

လောကဓမ္မရာဇသုံးပါးကိုလည်း တတ်ကျွမ်းရမယ်။ နားလည်ရမယ် ပေါ့။ အထူးသဖြင့် လူ့ရဲ့သဘောကို သိဖို့လိုတယ်။ တကယ်တော့ မင်းသား ဖြစ်တယ်ဆိုတာက မင်းသွေးစစ်ဖို့၊ သာကီဝင်မျိုးစစ်ဖို့ အဓိကမဟုတ်ဘူး။ အရည်အချင်းက အဓိကပဲ။ ပျူခေတ်ကို ပြန်ကြည့်စမ်း . . . ငါ့တစ်ပါးမင်း ဆိုတာက မင်းမျိုးမဟုတ်ဘူး။ လက်လုပ်လက်စား ဆင်းရဲသားမျိုးပဲ။

နောက်ပြီး ပုဂံခေတ်ကို ကြည့်ပါဦး . . . သူရဲမင်းတို့၊ သက်ရာဇ်မင်းတို့ မြင်ကျွေးမင်း၊ တောင်သူကြီးမင်းတို့ဆိုတာဟာ သာကီဝင်လည်း မဟုတ်ဘူး။ မင်းသွေးမင်းသက်က ဆင်းသက်လာတဲ့ မင်းလည်းမဟုတ်ဘူး။ ဆင်းရဲသား သက်သက်ပဲဖြစ်တယ်'

ဒါပါပဲ . . . သူ့အဖို့ရာမှာတော့ မင်းညီမင်းသားဖြစ်လာတာက လွယ်လွယ်ကူကူနဲ့ ဖြစ်လာတာကိုး။ သူတို့မောင်နှမကို ဆင်းရဲသာ

www.foreverspace.com.mm

အမျိုးအနွယ်ရယ်လို့ ထင်နေကြတာကိုလည်း ကျေနပ်ဟန် မတူဘူး။ ဒါကြောင့်လည်း ဒီစကားမျိုး ပြောတာပေါ့။

ဒီအတွက်ကြောင့်လည်း ဆွေတော်မျိုးတော်များနဲ့ ဆက်ဆံရာမှာ ဂရု ပြုတယ်၊ သတိထားတယ်၊ မပြောမဖြစ်တဲ့ကိစ္စရပ်လောက်ပဲ ပြောဆိုတယ်။ ဆက်ဆံတယ်။ ကျန်တဲ့အချိန်မှာတော့ သူ့ဘာသာသူ အိမ်တော်မှာပဲ နေနေတယ်။ သူ့ရဲ့စံအိမ်တော်မှာတော့ မိဖုရားနဲ့ သမီးတော်နှစ်ပါးရှိတယ်။

ဟုတ်ပါတယ် . . . ဘကြီးတော်မင်းကိုယ်တိုင်က အထူးတလည် မြှောက်စားထားတဲ့အတွက် အရာရာကို ထင်တစ်လုံးနဲ့ပဲ ရှိနေတယ်။

စလင်းမင်းသားကြီးအဖို့မှာလည်း နိုင်ငံတော်မှာ သာယာဝတီ မင်းသားမှတစ်ပါး ပြိုင်ဘက်မရှိ ဖြစ်နေတယ်။

တခြားမင်းညီမင်းသားတွေကို ဂရုမပြုပေမယ့် သာယာဝတီမင်းသားကိုတော့ လေးစားရတယ်။ လေးစားရတယ်ဆိုတာထက် ရွံ့ကြောက်ကြောက် ရတယ်ပေါ့။

ခုဆိုရင် သူတို့မောင်နှမဟာ အမြင့်ဆုံးနေရာကို ရထားကြပြီ။ ဒါပေမယ့် ရန်ဘက်က ရှိနေသေးတယ်။ ဒီရန်ဘက်က နှယ်နှယ်ရရ မဟုတ်ဘူး။ ဘကြီးတော်မင်းရဲ့ ညီတော်တစ်ယောက်ဖြစ်တဲ့ သာယာဝတီ မင်းသားကြီးပဲ။ သူဟာ ထက်ထက်မြက်မြက်ရှိတယ်။ ရာဇသွေးအပြည့်ရှိတဲ့ မင်းသားပဲ။ သူ့ဟာသူ ဖြုံရင် ငါမည်းမယ်လို့ ခွတိုက်နေဟန်ရှိရဲ့။

ခုဆိုရင် အမည်ရပူရရွှေနန်းတော်အတွင်းမှာ နန်းမတော်မယ်နုနဲ့ စလင်းမင်းသားကြီးတို့ရဲ့ဩဇာဟာ အထွတ်အထိပ်ကို ရောက်နေပြီတည်း။ ဒါကြောင့်ပဲ သာယာဝတီမင်းသားကြီး အမှူးပြုတဲ့ ဆွေတော်မျိုးတော်များရဲ့ အရှိန်အဝါ အာဏာဟာ လျှော့ကျလျက်ရှိနေလေရဲ့။

အမရပူရရွှေနန်းတော်အတွင်း အာဏာလုပွဲချိန်ခွင်လျှာဟာ တစ်ဖက် စောင်းနင်း ဖြစ်နေလေပြီ။

ဒီတော့ နန်းမတော်ဖုရားတို့ရဲ့ အတိုက်အခံများဟာ မလှုပ်ရဲကြတော့ဘူး။ ငြိမ်သက်နေကြတယ်။ ခုဆိုရင် အမရပူရနေပြည်တော်တလွှားမှာလည်း

www.foreverspace.com.mm



ကောလာဟလတွေ ပေါ်နေတယ်။ ကလေးတွေက တဘောင်သီချင်း သီဆိုနေကြတယ်။

*ကောင်းမြတ်တဲ့ခါအကြိမ်၊ လုံထိန်သည့်ရွှေဝ၊*
*မယ်နဲ့မောင် တူစုံပြောင်းမယ် ကောင်းတဲ့ဌာန၊*
*လောင်းမြတ်စကြာ၊ မန္တတုမြေ၊ ရိပ်နန်းတော်ပြည်ပလ္လင်နှင့်၊*
*အောင်လံတွင် တံဆိပ်ထူးတယ်။ ဖူးမင်နတ်သွေး*

အဲဒီတဘောင်ဟာ လူတိုင်းရဲ့ပါးစပ်ဖျားမှာ ရွတ်ဆိုနေကြတယ်။ အိုးသစ် အိမ်သစ်၊ ရွာသစ်များ ပြောင်းရတော့မယ်လို့လည်း ပြောနေကြတယ်။ ရုတ်ရုတ်သဲသဲ ဖြစ်နေကြတယ်။ မကြာပါဘူး . . . တိုက်ဆိုင်မှုတစ်ခု ထင်ပါရဲ့။ ဖြစ်ရပ်တစ်ခုက ဖြစ်ပေါ်လာခဲ့တယ်။

၂၅–၄–၁၈၂၁ မှာပဲ ဖြစ်တယ်။

အမရပူရရွှေနန်းတော် တောင်ဘက်တောင်ကုန်းသာရန်က စပြီး မီးသင့်တယ်။ ရွှေနန်းတော်ပတ်လည်မှာ မီးလောင်တယ်။ လမ်းတန်း၊ အိမ်စဉ်အိမ်ဝင်၊ လွှတ်တော်၊ စွယ်တော်ကျောင်း၊ ဗဟိုရ်ဝင်နဲ့မြို့တော်ရဲ့ မြောက်ဘက်တံခါးကို မီးသင့်တယ်။ ဒါနဲ့ပဲ အင်းဝမြို့ကို ပြောင်းရွှေ့နန်းတည် ထိုက်ကြောင်း လူပညာရှိ၊ ပုဏ္ဏားပညာရှိတို့က ဘကြီးတော်မင်းထံ စာဆက်သွင်းကြတယ်။

ဘကြီးတော်မင်းကလည်း စိတ်မြန်လက်မြန်ရှိတဲ့ မင်းတစ်ပါး ဖြစ်တယ်။

သူကိုယ်နှိုက်ကလည်း နေရာသစ်တစ်ခု ထပ်မံတည်ဆောက်လိုတယ်။ နေရာဟောင်းမှာ မပျော်မွေ့တော့ဘူး။ ဒီတော့ မြို့သစ်နန်းသစ်တည်ဆောက်ရေးအတွက် မင်းကြီးမဟာသက်တော်ရှည် မြို့ဝန်မဟာသီဟသူရကို အပြီးလွှဲလိုက်တယ်။

၉–၆–၁၈၂၁ နေ့မှာ ရတနာပုရအင်းဝမြို့တော်သို့ ကိုယ်တော်တိုင် ကြွချီတယ်။ နန်းတည်မယ့် မြေနေရာကို ကြည့်တော်မူတယ်။ အဲဒီနှစ်

www.foreverspace.com.mm

ဝါဆို လပြည့်ကျော် သုံးရက်နေ့မှာပဲ အင်းဝမြို့တော်ရဲ့ ပန္နက်ကို ချတော်မူတယ်။

၂၂-၁၁-၁၈၂၁ ခု ကြာသပတေးနေ့မှာ မိဖုရားခေါင်ကြီးမယ်နုဟာ သမီးတော်တစ်ပါးကို ဖွားမြင်တော်မူတယ်။ အင်းဝမြို့တော်ကို တည်ဆောက်ဆဲကာလမှာ ဖြစ်တယ်။ အဲဒီသမီးတော်ကလေးကို မယ်သဲလို့ အမည်မှည့်တယ်။ အမရပူရရွှေနန်းတော်မှာ ဖွားမြင်ခြင်းဖြစ်တယ်။ သူဟာ နောင်ကာလမှာ ဆင်ဖြူမရှင်မိဖုရားကြီးရယ်လို့ဖြစ်လာမယ့် သမီးတော်ကလေး ဖြစ်တယ်။

နန်းမတော်ဖုရားဟာ အင်းဝရွှေတိုက်အတွင်းမှာ အုတ်ကျောင်းတော်ကြီးတစ်ဆောင်ကို တည်ဆောက်စေတယ်။

၃-၁၂-၁၈၂၂ ခုကပေါ့။

ဒီတုန်းက ရတနာပူရ အင်းဝရွှေနန်းတော်သည်လည်း ဆောက်လုပ်ဆဲ တည်ဆောက်ဆဲကာလဖြစ်သည်။

နန်းမတော်ဖုရားဟာ သူ့ရဲ့အုတ်ကျောင်းတော်ကြီးကို 'မဟာအောင်မြေ ဘုံစံ' လို့ ကမ္ပည်းတပ်တော်မူတယ်။ ၃-၃-၁၈၂၄ ခုနှစ်မှာ ရတနာပူရ အင်းဝရွှေနန်းတော် ဆောက်လုပ်ပြီးစီးတယ်။

ဘကြီးတော်မင်းဟာ အမရပူရနေပြည်တော်မှ ရတနာပူရ အင်းဝမြို့တော်သို့ ပြောင်းရွှေ့တော်မူတယ်။ အဲဒီနေ့ဟာ ကြေကွဲစရာများနဲ့ ပြည့်နက်နေတဲ့ စတုတ္ထအင်းဝနေပြည်တော်ကို ဖန်ဆင်းတဲ့နေ့လို့ ပြောကြတယ်။

ဘုရင်တို့ဘုန်း မိုးသို့ချုန်း ဆိုတာလိုပါပဲလေ။

၂၉-၁-၁၈၂၁ မှာ နန်းမတော် မိဖုရားခေါင်ကြီးဟာ ပြီးစီးသွားပြီဖြစ်တဲ့ ကျောင်းဦးပြာသာဒ်ပါ အုတ်ကျောင်းတော်ကြီးကို လှူဒါန်းတော်မူတယ်။ အကျဉ်းခံနေရတဲ့လူငပေါင်း ၆၈ ယောက်ကိုလည်း လွှတ်တော်မူတယ်။ တခြားလှူဒါန်းမှုအစုစုလည်း အမျှပေးဝေတယ်။

ဒီလိုပါပဲ စလင်းမင်းသားကြီးမောင်အိုကလည်း နန်းမတော်ဖုရားနဲ့ အပြိုင် တံတားကြီးတစ်ခုကို တည်ဆောက်ခဲ့သေးတယ်။

'မဟာ ဇေယျာပထတံတား' လို့ ခေါ်တယ်။

www.foreverspace.com.mm



အင်းဝမြို့တော်ဘက် ဟံသာဝတီတံခါးအထွက်မှာနေပြီး တံတားဦး မင်္ဂလာစေတီဘုရားအထိ ဖြစ်တယ်။ အရှည်မှာ တာငါးရာရှည်တယ်။

နောက်မကြာခင်မှာပဲ စလင်းမင်းသားကြီးဦးအိုဟာ သူဆောက်လုပ်တဲ့ ပြာသာဒ်နဲ့တကွ အုတ်ကျောင်းကြီးကို ရေစက်ချပွဲပြုလုပ်တယ်။

သာယာဝတီမင်းသားကြီးကလည်း ၂၈–၃–၁၈၂၈ မှာ သားတော် သတိုးမင်းထင်ကို နားထွင်းမင်္ဂလာဆင်ယင်တယ်။

သီရိမဟာသုဓမ္မာရာဇာဆိုတဲ့ဘွဲ့ကို ချည်တော်မူတယ်။

ဒီတုန်းက မိုးတားစားအမတ်ကြီးဟာ ပညာဉာဏ်နဲ့ပြည့်စုံတယ်။ ဒါကြောင့် ပညာမာနမာန်စွယ်ဟာ ပြလွန်းတယ်လို့ နေပြည်တော်မှာ ထင်ရှားနေတယ်။ လူပြောသူပြောကလည်း များနေတယ်။ ဒါကို အမတ်ကြီး ဦးပေါ်ဦးဟာ ကြည့်ရဟန်မတူဘူး။ ဒီတော့ မိုးတားစားအမတ်ကြီး ကြားသိရအောင် သတင်းစကားဆောင်လိုက်တယ်။

အဲဒီဥပမာကို ကြားသိတဲ့သူတိုင်းက လွန်စွာရယ်မောကြတယ်။ ကွယ်ရာမှာ မိုးတားစားအမတ်ကြီးကို ကဲ့ရဲ့ကြတယ်။ မပြည့်တဲ့အိုးက ဘောင်ဘင်ခတ်တယ်ပေါ့။

အဲဒီကတည်းက မိုးတားစားအမတ်ကြီးဟာ ငြိမ်ကျသွားတယ်။ အရင်လို မောက်မောက်မာမာ မနေထိုင်တော့ဘူး။ သူ့ကို ခွေးနဲ့ ပမာနှိုင်းလိုက်လို့ အမတ်ကြီးဦးပေါ်ဦးကိုလည်း စိတ်မဆိုးဘူး။ စောစောစီးစီး အခုလို အသိပညာပေးလိုက်တာကိုပဲ ကျေးဇူးတင်နေမိတယ်။

ဒါပဲပေါ့ ပညာရှိဆိုတာက နေတတ် ထိုင်တတ် စားတတ်ရတယ်။ ငါ ပညာရှိတစ်ဆူပဲ၊ ငါ့လောက်တော်တာမရှိဘူးလို့ ကိုယ့်ကိုယ်ကိုယ် အထင်မကြီးရဘူးပေါ့။

မဟာအောင်မြေဘုံစံကျောင်းအစ်မဟာ ပထမညောင်ကန် ဆရာတော်ကြီး ဦးပိုးကို ကြာကြာဆည်းကပ်ခြင်း မပြုလိုက်ရဘူး။ ဆရာတော်ဦးပိုးဟာ ၇–၄–၁၈၃၀ ခုနှစ်မှာ ပျံလွန်တော်မူတယ်။ ပျံလွန်တော်မူချိန်မှာ ဆရာတော်ဟာ သက်တော် ၄၆ နှစ်၊ သိက္ခာတော် ၂၆ ဝါပဲ ရှိသေးတယ်။ တစ်နှစ် နှစ်လနဲ့ နှစ်ရက်လောက်ပဲ မိဖုရားကြီးအဖို့ ကိုးကွယ်လိုက်ရတယ်။

www.foreverspace.com.mm

ညောင်ကန်ဆရာတော်ဦးပိုးဟာ အဘိဓမ္မတ္ထသင်္ဂဟာ အဋ္ဌကထာ သိသျှ၊ သုဗောဓါလင်္ကာရနိသျှ၊ ဗုဒ္ဓပူဉာဏသက္ကဠကျမ်း၊ သိသျှကျမ်း သုံးကျမ်းကို ပြုစုတော်မူခဲ့တယ်။

ဒါနဲ့ပဲ အုတ်ကျောင်းဆရာတော်အဖြစ် အသစ်ထပ်မံရွေးချယ်ဖို့ လိုလာတယ်။ သာသနာပိုင် ဆရာတော်ကြီး အမှူးပြုတဲ့ လူပညာရှိ၊ ပုဏ္ဏား ပညာရှိများ ညှိနှိုင်းကြတယ်။

နောက်ဆုံးမှာတော့ တစ်ခုတည်းသော အဖြေထွက်လာတယ်။

ဘာလဲဆိုတော့ ညောင်ကန်မှာ သီတင်းသုံးနေတဲ့ ဆရာတော် ဦးဗုစ်ကို ပင့်ဆောင်ဖို့ပဲ။ ဒီတုန်းက ဆရာတော် ဦးဗုစ်ဟာ ပရိယတ္တိအရာမှာ သူမတူအောင် စွမ်းအားရှိတယ်လို့ ထင်ပေါ်ကျော်ကြားနေတယ်။ တိဟိတ်သား ယောက်ျားမြတ်ဆရာတော်ဦးဗုစ်ဟာ ဖြောင့်မှန်တည်ကြည် တယ်။ ကြီးမြတ်တဲ့ သမာဓိက္ကန္ဓြေဖြင့် နေထိုင်တယ်။

အဲဒီတုန်းက ကျမ်းဂန်၊ ပိဋကတ် ခေါင်ထိအောင် တတ်မြောက်ကြတဲ့ ရဟန်းများရှိကြတယ်။ ဒါပေမယ့် ဆရာတော်ဦးဗုစ်လို မထက်မြက်ကြဘူး။ နှုတ်ရအာဂုံအားဖြင့်လည်း မတူဘူး။ ဆရာတော်ဟာ ပေစာအင်္ဂါ ၁၀၀ ခန့်ကို အမြဲနှုတ်တက်ရနေတယ်။ ဘယ်အချိန်ပဲမေးမေး အရေးကိစ္စရှိပါက ကောက်ခါငင်ကာ ရွတ်ဖတ်နိုင်တယ်။ ဆုံးဖြတ်နိုင်တယ်။ ဒါပေမယ့် ဆရာ တော် ဦးဗုစ်ကတော့ မိမိကိုယ်ကိုယ် စာတတ်တယ်လို့ ဘယ်တော့မှ မပြော ဘူး။

'စာများ အားထုတ်သင်ရာမှာ ခက်မှန်းသိရုံပဲရှိတယ်၊ တို့အပေါ်မှာ ဆရာလုပ်ပြီး သင်ကြားပို့ချပေးနိုင်တဲ့သူရှိပါက စာတတ်ချင်သေးရဲ့'

လို့ မကြာခဏ ပြောတော်မူတယ်။

ပဒုံကျေးလက်ညောင်ကန်ရွာ၊ သာခေါင်ရပ်မှာ ၁၁၄၉ ခုနှစ် နယုန် လပြည့်ကျော် ၅ ရက် အင်္ဂါနေ့မှာ ဖွားသန့်စင်တယ်။ ခမည်းတော်ဦးအိုနှင့် မယ်တော်ဒေါ်မွေးတို့ပဲ ဖြစ်တယ်။ ငယ်မည် မောင်ပုပ်လို့ခေါ်တယ်။ မွေးဖွား ချိန်က လငပုပ်ဖမ်းတဲ့အချိန်နဲ့ ထပ်တူထပ်မျှကျနေလို့ ဖြစ်တယ်။ ဒါကြောင့်

www.foreverspace.com.mm



မောင်ပုပ်လို့ခေါ်တာပေ့ါ။ နောက်တော့မှ ဆရာတော်ဦးသာပုံက မောင်ပုပ်ကို မောင်ဗုစ်လို့ ပြောင်းလဲခေါ်ခဲ့တယ်။

ဆရာတော်ဦးဗုစ်ဟာ ငယ်ဆရာ အတော်များခဲ့တယ်။

ညောင်ကန်ရွာအနောက်တိုက်ခေါ်တဲ့ ရတနာမဥ္ဇူဆရာတော် ဦးဖြေ၊ ဆရာတော် ဦးသာပုံ၊ ဆရာတော် ဦးပိုး၊ ဆရာတော် ဦးကွင်း၊ မြို့ကြီး ဆရာတော်တို့ပဲ ဖြစ်တယ်။

ဒီလိုဆရာတော်များထံမှ ပညာရည်နို့ သောက်စို့သော်လည်း မပြေဘူး။ အားရတင်းတိမ်ခြင်း မရှိဘူး။ ဒါကြောင့် ဗန်ကျိုနယ်ဘက်ကို ထွက်ခဲ့ပြန်တယ်။ အဲဒီအရပ်မှာ မြို့ကြီးဆိုတဲ့ ရွာတစ်ရွာရှိတယ်။

အဲဒီရွာကဆရာတော်ဟာ ဝိနည်းအဖြစ် ကောင်းလှတယ်လို့ ကျော်ကြားနေတယ်။ ဒါကြောင့် နိဿရည်းယူရန်အတွက် ထွက်ခဲ့တာပဲ။ အဖော်အဖြစ် ဦးဉာဏဆိုတဲ့ ဦးပဥ္စင်းတစ်ပါးလည်း ပါတယ်။ မြို့ကြီးရွာရောက်တော့ ကျောင်းမှာ သံဃာတစ်ရာကျော်နေပြီ ဖြစ်တယ်။ များပြားလှတယ်။ ဒါကို တာဝန်ယူထားရတဲ့ မြို့ကြီးရွာသူကြီးဟာ နောက်ထပ်ရောက်လာတဲ့ သံဃာနှစ်ပါးအတွက် မတတ်နိုင်တော့ဘူး။ ဆွမ်းကွမ်း မပြည့်စုံဖူးပေ့ါ။ သို့အတွက် လက်သင့်မခံနိုင်တော့ပါလို့ စာချဆရာတော်က မိန့်ဆိုတယ်။

ဒီတော့ ဆရာတော်ဦးဗုစ်နဲ့ ဦးဉာဏတို့က . . .

''ဆွမ်းအတွက်မှာ မြို့ကြီးရွာက မတတ်နိုင်သော်လည်း တခြားရွာမှာ သွားပြီး ဆွမ်းခံစားပါ့မယ်၊ နေရမည်ကိုသာ ခွင့်ပြုတော်မူပါဘုရား''

လို့ တောင်းပန် လျှောက်ထားကြတယ်။ အဲဒီမြို့ကြီးရွာမှာ ဆရာနည်းခံကာ တစ်ဝါဆိုနေကြတယ်။ နောက်နှစ်မှာ ညောင်ကန်ရွာကို ပြန်ကြွလာတယ်။

အဲဒီတုန်းက ညောင်ကန်ရွာရဲ့ ဂိုဏ်းအုပ်ဆရာတော်ဟာ ဆရာတော် ဦးပိုးဖြစ်တယ်။ အရှင်ပုညာဘိလို့လည်း ခေါ်ကြတယ်။

ဦးဗုစ် ညောင်ကန်ရွာပြန်ရောက်ပြီး နောက်တစ်နှစ်မှာ ဆရာတော် ဦးပိုးကို ဘကြီးတော်မင်းက အင်းဝနေပြည်တော်ကို ပင့်ဆောင်သွားတယ်။

www.foreverspace.com.mm

ဒါကြောင့် ညောင်ကန်ရွာမှာ ဂိုဏ်းအုပ်လစ်လပ်သွားတယ်။

ဒီတော့ ဝါတော်တစ်ဆယ့်သုံးဝါရနေပြီဖြစ်တဲ့ ဆရာတော်ဦးဗုစ်ကို ဂိုဏ်းအုပ်နေရာမှာ ခန့်အပ်လိုက်တယ်။ ဒီတုန်းက ဂိုဏ်းအုပ်ဖြစ်ဖို့ သိပ်မလွယ်ဘူး။ ဥဘတော ဝိဘင်းကို ပြန်ဆိုရတယ်။ ဒွေမာတိကျပြန်ဆိုနိုင်မှ ကျောင်းထိုင် ကျောင်းပိုင်လုပ်ရတယ်။ ဒီကတည်းက ဘကြီးတော်မင်းက ဆရာတော်ဦးဗုစ်ကို ကြည်ညိုနေခဲ့ခြင်း ဖြစ်တယ်။

'စက္ကာဘိဓမာဟာဓမ္မရာဇာဂုရု' ဆိုတဲ့ ဘွဲ့တံဆိပ်တော်ကို ကပ်လှူတယ်။ ဒါကြောင့် တံဆိပ်ရ ဂိုဏ်းအုပ်ဆရာတော်ဖြစ်တယ်။

ဆရာတော်ဦးဗုစ် ဂိုဏ်းအုပ်ဖြစ်တာနဲ့ ရွာတွင်းမှာ ဖိနပ်မစီးရ။ ထီးမဆောင်းရဘူး။ နေလွဲရင် ကွမ်းဆေးမစားရဘူး။ ပွဲလမ်းသဘင် မကြည့်ရှုရဘူး။ နှစ်ဘက်ဝန်ကို မထမ်းရဖူးလို့ ဆင့်ဆိုတော်မူတယ်။

အဲဒါကို အရွဲ့တိုက်တဲ့သူကလည်း ရှိသေးတယ်။ တောထွက် ရဟန်းကြီးတစ်ပါးပေါ့။

တစ်နေ့တော့ သူ ရေခပ်လာတယ်၊ တံပိုးရဲ့ရှေ့မှာ ရေအိုးနှင့်၊ တံပိုးရဲ့နောက်မှာတော့ ဇီးမြစ်သားကို ထမ်းလာတယ်။ ဒါကိုတွေ့တဲ့ လူတွေကမေးတော့ ကိုဗုစ်တို့များဗျာ နှစ်ဘက်ဝန်ကို မထမ်းရဘူးဆိုလို့ ရေအိုးနဲ့ ညီမျှအောင် ဇီးမြစ်သားကို ထမ်းလာရခြင်းဖြစ်တယ်လို့ ပြောလိုက်သတဲ့။

ဒီတုန်းက ဆရာတော်ဦးဗုစ်ဟာ ညောင်ကန်ရွာ ရတနာမဥ္ဇူတိုက်ကြီး အတွင်းမှာ သံဃာတော်တစ်ရာကျော်တို့အား နေ့ဝါညဝါ စာပေကျမ်းဂန်များကို သင်ကြားပို့ချပေးနေတယ်။ တစ်ခါတစ်ရံမှာလည်း ဆွမ်းစဉ်ပရိတ်ရွတ် လိုက်သေးတယ်။ တစ်နေ့တော့ အုင်ဒအိုင်ရွာအလှူကို မကျီးကန်ရွာမှ ဆရာတော်ဦးဉာဏနဲ့အတူ ပရိတ်ရွတ်သွားကြတယ်။

လမ်းကျတော့ ဆရာတော်ဦးဗုစ်က . . . 'ယနေ့ . . . ကိုဉာဏ ဘယ်တေးဆိုလိမ့်မှန်း' လို့ ပြောတယ်။

ဒါကို ဆရာတော်ဦးဉာဏက . . . 'လူပုံက ကိုယ်ဖြင့် အဖြစ်မရှိဘဲနဲ့ သူတကာ ပြောဟောသည်ကို လျှောင်ပြောင်ချင်သေးတယ်' လို့ပြန်ဆိုတယ်။

www.foreverspace.com.mm



ဒါနဲ့ပဲ ဆရာတော်ဦးဗုစ်က မခံချင်ဖြစ်ရော။ ဒီတော့ သူ အဖြစ်ရှိကြောင်း ပြလိုက်တယ်။ 'ဒါန ဖလုပ္ပတ္တိကျမ်း' ကို ရေးသားလိုက်တာ ဖြစ်တယ်။

ဒီတုန်းက နိမိတ်တဘောင်များဟာ နေရာအနှံ့အပြားမှာ ဖြစ်ပေါ်နေတယ်။

'မိုးကြီးချုပ်လို့ ဘုတ်ကြီးမည် ပူစီတဲ့ဘုန်း သာသနာဝါယမာ တဘန်ထုတ်ရန်တို့ ရွှေဘုတ်မယ့် ဆံထုံး နားလည့်ပါဦး'

ဆိုတာ ဖြစ်တယ်။

မကြာပါဘူး . . . ဆရာတော်ဦးဗုစ်ကို ရွှေနန်းတော်က ပင့်ဆောင်တော်မူတယ်။

ဆရာတော်ဟာ ညောင်ကန်ရွာမှာ သီတင်းသုံးနေစဉ်မှာပင် ကျမ်းပေါင်း (၁၉) ကျမ်း ပြုစုခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေ့ါ . . . ကျောင်းအစ်မဖြစ်တဲ့ နန်းမတော်မယ်နုအဖို့ ဆရာတော်ကို ကျောင်းတင်ကိုးကွယ်ခြင်းဟာ အလွန်တရာ အကျိုးထူးတယ်။ ဆရာနဲ့တကာ သူ့ကဏ္ဍနဲ့သူ ထက်မြက်သည်ချည်း ဖြစ်တယ်။ တစ်ဦးကိုတစ်ဦးက နားလည်တယ်။

ဆရာတော်ဟာ လောကီရေးရာကို လုံးဝစိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူး။ စာပေနဲ့သာ ပျော်မွေ့နေသူဖြစ်တယ်။ မလွဲသာ မကင်းသာလို့ ပြောရရင်လည်း ဓမ္မကြောင်းအမြင်မှ ကြည့်ပြီးပြောတယ်။ ပြောရင်လည်း တိကျပြတ်သားစွာ ပြောတယ်။ ဒီလိုပြောခြင်းဟာ လူပြိန်းတို့အဖို့ ခွကျတာဖြစ်နေမှာ မလွဲဘူး။ ဒါပေမယ့် ဆရာတော်ရဲ့သဘောကို နားလည်တဲ့ ကျောင်းအစ်မအဖို့ ဆရာတော်ရဲ့ပြောဆိုမှုကို ဝမ်းမြောက်ဝမ်းသာဖြစ်ရတယ်။

ဒါကြောင့်ပဲ ထင်ပါရဲ့ . . . အကြောင်းမဲ့ စကားမပြောတဲ့ ဆရာတော်အား စကားပြောအောင် ကြံဖန်လုပ်ဆောင်ခဲ့ရခြင်း ဖြစ်တယ်။

အဲဒီနေ့က ဆရာတော်ဟာ နောက်ပါတပည့်အချို့နဲ့ အင်းဝကို ရောက်လာတယ်။ ကြိုတင်အစီအစဉ်လုပ်ထားတဲ့အတိုင်း ကျောင်းတော်တင်ပွဲသဘင် ဆင်ယင်ကျင်းပတယ်။ နေ့ဆွမ်းစားတယ်။ ဒီနောက် ဘကြီးတော်မင်းနဲ့ မိဖုရားခေါင်ကြီး နန်းမတော်မယ်နုတို့ တင်လှူတဲ့ မဟာအောင်မြေဘွဲ့ခံ အုတ်ကျောင်းတော်ကြီးကို အလှူခံတော်မူတယ်။

နန်းစံကြံသူများ

www.foreverspace.com.mm

'စက္ကိန္ဒာဘိသီရိပဝရမဟာဓမ္မရာဇာဂုရု' တံဆိပ်တော်ကို အလှူခံတော်မူတယ်။

ဘကြီးတော်မင်းနဲ့ မိဖုရားခေါင်ကြီးတို့ဟာ အလှူတော်ကို ရေစက်သွန်းချတော်မူတယ်။

'တပည့်တော်တို့ တကာ၊ တကာမများကို သနားသဖြင့် ဆုံးမဩဝါဒ ပေးတော်မူပါဘုရား'

. . . လို့ လျှောက်ထား တောင်းပန်တယ်။

ဒီတော့ ဆရာတော်က ခပ်ပြတ်ပြတ်ပဲ မိန့်တော်မူလိုက်တယ်။

'မင်းနဲ့ တူအောင်ကျင့်က ငါတို့ ဆုံးမဩဝါဒပေးရန်မလို၊ မင်းနဲ့တူအောင် မကျင့်က ငါနှင့်မဆိုင်၊ အဝီစိနှင့်သာ ဆိုင်တယ်'

တစ်ခွန်းတည်းသော ဩဝါဒကြီးပဲပေါ့။ ဘကြီးတော်မင်းနှင့် နန်းမတော် မယ်နုတို့အတွက် တစ်သက်လုံး မှတ်သားလောက်တဲ့ စကားပါပဲ။ ဆရာတော်ရဲ့ ဩဝါဒစကားဟာ နန်းမတော်မိဖုရားရဲ့ အကြောတွေထဲ စိမ့်ဝင်သွားအောင် နှစ်ခြိုက်သွားတယ်။

ကိုးကွယ်ရကျိုးနပ်ပြီလို့လည်း ပီတိဖြာနေတယ်။

ဆရာတော်ရဲ့ ပညာဂုဏ်အတိမ်အနက်ကိုလည်း သိသွားခဲ့ပြီ။ သဘောကိုလည်း နားလည်ခဲ့ချေပြီတည်း။ ဒီတော့မှ . . . ငါ့ဆရာမှ ငါ့ဆရာလို့လည်း မာန်တက်ရတယ်။

ဒီတုန်းက ရွှေနန်းတော်အတွင်းမှာ အာဏာလုပွဲတွေ ဖြစ်ပေါ်နေတယ်။ မိဖုရားခေါင်ကြီးနဲ့ သာယာဝတီမင်းသားကြီးတို့ပဲ။ သူတို့ဟာ ထင်ထင်ပေါ်ပေါ် မဟုတ်ဘူး။ အတွင်းကျိတ်ကြံစည်မှုများပေါ့။

သာမန်အရပ်သူဘဝက လာခဲ့တဲ့ နန်းမတော်မိဖုရားကြီးဟာ အကြံအစည်ကြီးတယ်။ သူ တန်ခိုးတက်ချိန်မှာ လုပ်ပိုင်ခွင့်ရှိသမျှကို အကုန်လုပ်ထားတယ်။ သူ့ရဲ့ ဆွေမျိုးအားလုံးနီးပါးခန့်ကို ရာထူးအဆင့်ဆင့် ပေးထားတယ်။ ပေးလို့ကလည်း ဖြစ်တယ်လေ။ ဒီတုန်းက ရွှေနန်းရှင် ဘကြီးတော်မင်းဟာ နိုင်ငံတော်အရေးကို လှည့်မကြည့်နိုင်ဘူး။ သူ့ရဲ့ကျန်းမာရေးကိုပဲ

www.foreverspace.com.mm



ဂရုစိုက်နေရတယ်။ ဒီမှာတင် နန်းမတော်ဖုရားတို့ မောင်နှမအဖို့ လုပ်ချင်ရာ လုပ်လို့ ရတော့တာပဲ။

အခုဆိုရင် သာယာဝတီမင်းသားအဖို့ အိမ်ရှေ့ဥပရာဇာနေရာကို ရထားပြီးဖြစ်တယ်။ နန်းမတော်ဖုရားတို့ စိုးရိမ်တာကလည်း သူ့ကိုပဲလေ။ အစစအရာရာမှာ ထက်ထက်မြက်မြက်ရှိလှတဲ့ သာယာဝတီမင်းသားကို မျက်ခြည်မပြတ် ကြည့်နေရတယ်လေ။

နန်းမတော်ဖုရားကလည်း သူ့လုပ်ပိုင်ခွင့်အားလုံးကို လုပ်ပစ်တာပဲ။

သူ့မောင်တော်စလင်းမင်းသားကို အိမ်ရှေ့မင်းကျော်လွန်ပြီး နိုင်ငံတော်အုပ်ချုပ်ရေးမှာ ပါဝင်စေတယ်။ မိမိတို့အတွက်လည်း အင်အားစု နေတယ်။ တောင်တွင်း၊ ပြည်၊ ပုသိမ် စတဲ့ နိုင်ငံတော်ရဲ့နေရာအနှံ့အပြားမှာ ခန့်ထားခဲ့တဲ့ အကြီးအကဲများမှာ နန်းမတော်ဖုရားရဲ့ ဆွေမျိုးသားချင်း တွေပါပဲ။

စလင်းမင်းသားကြီးကလည်း နေရာတကာမှာ ပါဝင်နေလေရဲ့။ ခုလို စလင်းမင်းသားကြီး တွင်ကျယ်နေတာကို ဆွေတော်မျိုးတော်များက ကြည့်မရကြဘူး။ မကျေနပ်ကြဘူး။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့… နန်းမတော်ဖုရားအဖို့ အကြံကြီးတဲ့ အမျိုးသမီးတစ်ယောက်ပဲ။ သူ့ရဲ့အကြံအစည်နဲ့ စွမ်းရည်သတ္တိများဟာ သွေးမြေကျမှုများနဲ့ ကင်းလွတ်ခြင်းမရှိဘူး။ ဒါပေမယ့် သူ့ရဲ့အထွတ်အထိပ်ရောက်မှုအတွက် အဲဒီသွေးမြေကျမှုများကြောင့် သူ့ကို အပြစ်တင်လို့ မရဘူးလေ။

ဆရာတော်ဦးပုစ်ဟာ အောင်မြေဘုံစံအုတ်ကျောင်းတော်ကြီးသို့ စရောက်လာတဲ့နှစ်မှာပဲ ကျမ်းသုံးဆူ ပြုစုတော်မူတယ်။

အဲဒီကျမ်းတွေထဲမှာ ကျောင်းအစ်မ နန်းမတော်ဖုရားရဲ့ လျှောက်ထား တောင်းပန်ချက်အရ 'ဂုဏ်တော်ဖွင့်ကြီး' ကိုလည်း ရေးသားတော်မူခဲ့တယ်။ ခုဆိုရင် ရွှေနန်းတော်အတွင်းရဲ့ အာဏာလုပွဲချိန်ခွင့်လျှာဟာ တစ်ဖက်စောင်း နင်း ဖြစ်နေတယ်။ ဒီအတွက်ကြောင့်လည်း နန်းမတော်ဖုရားရဲ့ အတိုက်အခံ များဟာ ငြိမ်သက်နေတယ်။

နန်းစံကြသူများ

၁၃၉၄ ခုနှစ်မှာ မိဖုရားခေါင်ကြီးမယ်နုဟာ ဇာတိရွာဖြစ်တဲ့ ဖလံခုံရွာမှာ စေတီကြီးတစ်ဆူ တည်တော်မူတယ်။ ဉာဏ်တော်အတောင်တစ်ရာကျော် မြင့်တယ်။

မောင်တော် စလင်းမင်းသားကြီးကလည်း အစ်မတော်ရဲ့ စေတီအနားမှာ စေတီတစ်ဆူ ထပ်တည်တယ်။

ဖလံခုံရွာအနီးမှာ မင်းပေါက်ရွာ၊ ပဲအိုရွာ၊ ဝက်ဖိုရွာ စသည်တို့ရှိတယ်။ အဲဒီရွာက လူတွေဟာ နန်းမတော်ဖုရားတို့ မောင်နှမရဲ့အမျိုးတွေပဲ။

ဒါကြောင့် အဲဒီရွာတွေကလည်း ကြီးပွားချမ်းသာလာတာပေါ့။

ဒါပေမယ့် ဖလံခုံရွာသားဆိုပြီး အထင်သေးလို့ မရပါဘူး။ ကိုယ်က နေရာပေးချင်ဦးပေမယ့် ယူတဲ့သူက ယူတတ်ဦးမှ၊ ပေးလိုက်တဲ့ရာထူးနဲ့ မတန်မှ ဒုက္ခပဲပေါ့။ ခုတော့ ဖလံခုံရွာသားများ ကြီးကျယ်ထည်ဝါလာကြသည်မှာ အံ့ဖွယ်မဟုတ်။ ရာထူးနဲ့ထိုက်တန်တဲ့ အရည်အချင်းရှိခြင်း၊ နန်းမတော်ဖုရားရဲ့ မစမှုရရှိခြင်းတို့ကြောင့်သာပဲ ဖြစ်တယ်။

တကယ်တော့ သူတို့ရဲ့ ဆွေမျိုးညာတိများကို အရည်အသွေးလိုက်ပြီး မ,စခြင်းသာ သစ်တစ်ပင်ကောင်း ငှက်အပေါင်း ခိုလှုံရသလိုပါပဲ။

ဘကြီးတော်မင်းနဲ့ မိဖုရားခေါင်ကြီးတို့ဟာ ကထိန်ပွဲခင်းကျင်းတယ်။ ဆရာတော်ဦးပုစ်ကို အမှူးပြုပြီး ကျင်းပတာပေါ့။ ကထိန်ခံယူချိန်ရောက်လာပြီမို့ သံဃာတော်များဟာ စုံစုံညီညီရှိနေတယ်။ အဲဒီအထဲမှာ နွမ်းပါးတဲ့ ရဟန်းတော်တစ်ပါး ပါလာတယ်။ ဝတ်ရုံထားတဲ့သင်္ကန်းဟာ အလွန်ပဲ နွမ်းရိနေတယ်။ ဒါကို ဆရာတော်ဦးပုစ်က မြင်တွေ့သွားတယ်။

ဆရာတော်စိတ်ထဲမှာ မကောင်းဘူးဖြစ်သွားတယ်။

ပြည့်စုံတဲ့သူများကျတော့ ပြီးပြည့်စုံနေတယ်။ နွမ်းပါးသူများကျတော့ ဘာမှမရှိတာကို ကြည့်ရဟန် မတူဘူး။ ဒါနဲ့ပဲ သူရထားတဲ့မိဖုရားခေါင်ကြီးရဲ့ ဥတ်မကြီးကို အဲဒီနွမ်းပါးတဲ့ ရဟန်းငယ်ကို လှူတော်မူလိုက်တယ်။ ဒါကို ဆရာတော်နဲ့ရင်းနှီးတဲ့ တခြားဆရာတော်များက မိန့်ကြားကြတယ်။

'နန်းမဆောင်ဖုရားကြီးဟာ ကိုယ်တော်ကို ရည်စူးပြီး အဖိုးတန်ပစ္စည်းများနဲ့ ခင်းကျင်းထားတာ ဖြစ်တယ်။ ဒါကို သာမန်ရဟန်းငယ်

www.foreverspace.com.mm



ကလေးကို ကထိန်ခံယူစေလျှင် နန်းမတော်မိဖုရားကြီးရဲ့စိတ်ထဲမှာ ကောင်းနိုင်ပါ့မလားပေါ့'

ဒီတော့ ဆရာတော်ဦးဗုစ်က ပြန်မေးလိုက်တယ်။

ဒါနဲ့ပဲ တခြားဆရာတော်များက ဘာတစ်ခုမှ ပြန်မပြောကြတော့ဘူး။

ဘကြီးတော်မင်းဟာ ဆင်စီးမြင်းစီးကျွမ်းကျင်သူဖြစ်တယ်။

ဆင်ကြန်မြင်းကြန်၊ ပန်းချီပန်းပုအတတ်ကိုလည်း တတ်တယ်။

နံနက်ခင်းမှာဖြစ်ဖြစ်၊ ညနေခင်းမှာဖြစ်စေ မြင်းတစ်စီးစီးနဲ့ လာလေ့ရှိတယ်။ မန္တလေးတောင် ဘုရားတန်ဆောင်းနဲ့ ကြက်ယက်တောင်ဘုရားတန်ဆောင်းများကို ပြင်ဆင်တယ်။ ဒီလိုသွားတဲ့အခါများမှာ ဘကြီးတော်မင်းဟာ ဆင်စီးသွားလေ့ရှိတယ်။ နောက်မှလိုက်ပါလာသူများကလည်း ဆင်စီးလိုက်ပါကြတယ်။

ဒါပေမယ့် ဘကြီးတော်မင်းစီးတဲ့ ဆင်ကို လိုက်မီသူနည်းတယ်။

ဆင်မင်းဝန်နဲ့ ဆင်ဝန်စတဲ့ ဆင်အရာရှိများစီးတဲ့ တစ်စီး နှစ်စီးသာ လိုက်ပါနိုင်တယ်။ ဒီလိုရွှေနန်းတော်အတွင်း အေးအေးချမ်းချမ်းရှိနေချိန်မှာ ဘကြီးတော်မင်းနဲ့ နန်းမတော်ဖုရားတို့ဟာလည်း ဘုရားသွားရင်း ကျောင်းတက်ရင်းနဲ့ အချိန်ကုန်လွန်ကြရတာပဲ။ အများအားဖြင့်တော့ အုတ်ကျောင်းဆရာတော်ထံ အဖူးအမြော်ရောက်တာပဲပေါ့။

တကယ်တော့ အုတ်ကျောင်းဆရာတော်ဟာ စာပေနဲ့ စာမွေ့လျော်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ဒါကြောင့် လောကဝတ်ဆိုတာ မရှိဘူး။ ဘုရင်မင်းတရားတို့ နန်းမတော်မိဖုရားတို့ကိုလည်း ဂရုမပြုဘူး။ မိမိရဲ့သိက္ခာ၊ မိမိရဲ့သမာဓိနဲ့ပဲ ပေချပ်နဲ့ မျက်စိမခွာဘဲ ရှိနေတယ်။ တစ်နေ့တော့ အုတ်ကျောင်းအစ်မဟာ လှူဖွယ်ပစ္စည်းများနဲ့ ဆရာတော်အား ပူဇော်တယ်။ အဲဒီနောက်မှာ . . .

'ဘုရားတပည့်တော်မအား ငါးပါးသီလ ပေးသနားတော်မူပါဘုရား'

. . . လို့ လျှောက်ထားတယ်။ ဒီတော့ ဆရာတော်က . . .

'ငါးပါးသီလဆောက်တည်ချင်ရင် ကိုယ်တိုင် နှုတ်ကဆိုပြီး ဆောက်တည်သွား'

နန်းစံကြသူများ

. . . လို့ မိန့်တော်မူလိုက်တယ်။ ဒါနဲ့ပဲ အုတ်ကျောင်းအစ်မလည်း ကိုယ့်ဘာသာကိုယ် ရွတ်ဖတ်ခံယူ ဆောက်တည်သွားခဲ့ရတယ်။

နန်းမတော်မယ်နုအဖို့ မဟာအောင်မြေဘုံစံအုတ်ကျောင်းကြီးကို ငွေ သုံးသိန်းကျော်မျှ အကုန်ခံပြီး လှူဒါန်းတယ်။ မွေးရပ်မြေဖြစ်တဲ့ ဖလံခုံရွာမှာ လည်း အင်းဝနေပြည်တော်က အုတ်ကျောင်းတော်နဲ့ ဆင်တူကျောင်းတစ်ခု လှူဒါန်းခဲ့သေးတယ်။ ဖလံခုံရွာမှာ ဆောက်လုပ်လှူဒါန်းတဲ့ အုတ်ကျောင်းက အရွယ်အစား ငယ်တယ်။ အင်းဝနေပြည်တော်က အုတ်ကျောင်းလောက် မကြီးဘူး။ ကျပ်ငွေတစ်သိန်းကျော် ကုန်ကျတယ်။ နေ့စဉ်လည်း လိုအပ်တဲ့ ပစ္စည်းမှန်သမျှကို လှူဒါန်းခဲ့တယ်။ ဒါပေမယ့် တင်းတိမ်ရောင့်ရဲခြင်းကား မရှိသေးဘူး။ အခါခပ်သိမ်း ပစ္စည်းများကို လှူဒါန်းနေဆဲ ဖြစ်တယ်။ ဒါကြောင့် အဲဒီလှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုရဲ့ အကျိုးတရားကို ဟောကြား တော်မူပါ ဘုရားလို့ လျှောက်ထားတယ်။

ဒီတော့ ဆရာတော်က ကျောင်းအစ်မကို ရေဖလားနဲ့ ရေအပြည့် ခပ်ယူစေတယ်။ နောက်တော့ ရေဖလားမှရေကို အကြွင်းအကျန်မရှိအောင် သွန်ပစ်စေတယ်။ ပြီးမှ . . .

'ယခု သွန်ပစ်လိုက်သော ရေနှင့်လှူ၍ ကုန်သောပစ္စည်းနဲ့ တူညီ တယ်၊ ဖလားထဲမှာ ကပ်ကျန်ရစ်တဲ့ရေနှင့် အကျိုးရသည်နှင့် တူတယ်'

. . . လို့ ခပ်ပြတ်ပြတ်ဟောလိုက်တယ်။

ဒါကို အုတ်ကျောင်းအစ်မက မကျေနပ်ဘူး။

သူ့ရဲ့ လျှောက်ထားချက်ထဲမှာ လှူဒါန်းရသောကုသိုလ်၏ အကျိုး တရားဆိုတာ ပါရှိတယ်။ ဒီအတွက် ဘဝသမ္ပတ္တိစည်းစိမ်ချမ်းသာတို့ကို လိုလားတောင့်တပြီးမှပြုလုပ်တဲ့ အလှူဒါနမျိုးဟာ ယုတ်ညံ့တဲ့ဒါနမျိုး ဖြစ် တယ်။ ဒါကြောင့် အနည်းငယ်မျှသောအကျိုးကိုသာ ရနိုင်တယ်လို့ ဟော လိုက်ခြင်း ဖြစ်တယ်။ ဒီအတွက် အဲဒီရေဖလားတရားကို တောင်ဘီလူး ဆရာတော်ကြီးထံသွားပြီး လျှောက်ထားတယ်။

ဒီတော့ တောင်ဘီလူးဆရာတော်ကြီးက . . .



www.foreverspace.com.mm

www.foreverspace.com.mm



'တကတဲဗျာ ငါတို့သာသနာမှာ စာတတ်သူနည်းပါးလို့ အားမဲ့နေပါတယ်။ ခုတော့ တောင်ဘက်ကမ်းက ဦးဗုစ်တစ်ပါးတော့ ရှိသေးရဲ့လို့ အားကိုးမိပါတယ်။ မျက်နှာလိုက်တာကိုး'

. . . လို့ မိန့်ဆိုတော်မူတယ်။

ဒီတွင်မှ ကျောင်းအစ်မသည်လည်း အုတ်ကျောင်းဆရာတော်ရဲ့ ရေဖလားတရားကို အလွန်သဘောကျကျေနပ်သွားတော့တယ်။

တောင်ဘီလူးဆရာတော်ရဲ့ ဆိုလိုချက်က ဒီလိုပါ . . .

မိဖုရားခေါင်ကြီးကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်၍သာ အဲဒီတရားကို ဆရာတော်ဦးဗုစ် ဟောပြောခြင်းဖြစ်သည်။ သဒ္ဓါနည်းပါးသေးသိမ်သူဖြစ်ပါက ဤမျှလောက်သော အကျိုးကိုပင် ရရှိနိုင်တယ်လို့ ဆရာတော်ဦးဗုစ်က ဟောမည် မဟုတ်ဘူး . . . ဆိုတဲ့ အဓိပ္ပာယ်ဖြစ်တယ်။

အဲဒီရေဖလားတရားကို နာယူပြီးကတည်းက အုတ်ကျောင်းအစ်မဟာ ဆရာတော်ကို ပိုပြီးကြည်ညိုလာတယ်။

အထူးအဆန်း လှူဖွယ်ရာအဖြာဖြာကို လှူဒါန်းတယ်။ ဒါတွေအားလုံးကို ဆရာတော်က သိမ်းဆည်းမထားဘူး။ ကျောင်းတိုက်အတွင်းမှာရှိနေကြတဲ့ သံဃာတော်များကို အလှည့်ကျဝေငှလိုက်ပြန်တယ်။ ဒါပေမယ့် နန်းမတော်ဖုရားအဖို့ အကြည်ညိုမပျက်ဘူး။

တစ်ခုသော သီတင်းဝါကျွတ်ပြီး အချိန်ဖြစ်တယ်။

အာဂန္တုသာမဏေငယ်တစ်ပါးဟာ အုတ်ကျောင်းကြီးပေါ်သို့ တက်လာတယ် . . . ရဲရင့်တဲ့အသွင်ပဲ။ ဘာကိုမှ ကြောက်ရမှန်းသိဟန်မတူဘူး။ ဆရာတော်ဦးဗုစ်ရှိရာကို တန်းကြွသွားတယ်။ ဒီအချိန်မှာ ဆရာတော်ဟာ စာကြည့်နေတယ်။ သာမဏေငယ်ဟာ ရိုသေစွာဝတ်ပြုပြီး ထိုင်နေတယ်။ အတန်ကြာသည့်တိုင်အောင် ဆရာတော်ဟာ မလှုပ်ရှားဘူး။ သူ့ရဲ့စာပဲ ဆက်ဖတ်နေတယ်။

ဒါကိုထိုင်စောင့်နေရတဲ့ သာမဏေငယ်ကလေးက စိတ်မရှည်တော့ဘူး။ ဒါနဲ့ပဲ . . .

www.foreverspace.com.mm

'ဆရာတော်ကြီးဦးပုစ် ဦးပုစ်နဲ့ ကျမ်းတတ်အရာမှ တစ်ဖက်ကမ်းခပ်တယ်ဆိုတာ ကျော်လွန်းလို့ ခြေတော်ရင်းကို လာခဲ့ပါတယ်။ အာဂန္တုကဝတ်မကျေသည့်ကိုမြင်မှ အနေခက်လိုက်လေ'

... လို့ ရဲရဲဝံ့ဝံ့ ပြောလိုက်တယ်။ ဒီတင် အသံကြားလို့ ဆရာတော်က ပေချပ်မှ မျက်နှာခွာပြီး လှမ်းကြည့်လိုက်တော့တယ်။ မိမိနဲ့ မလှမ်းမကမ်းမှာ သာမဏေငယ်ကို မြင်လိုက်တယ်။ ဒီတော့မှ . . .

'အေး . . . အေး . . . ဟုတ်ပေတယ်။ ကိုင်း . . . ကိုင်း . . . ဒီဖျာပေါ်ကြွပါဗျား'

... လို့ ညွှန်ပြတယ်။ သာမဏေငယ်လည်း ပုဆစ်တုပ်ဒူးချထိုင်တယ်။ လာရင်းကိစ္စမေးတော့ စာပြန်လိုတဲ့အတွက် လာကြောင်းသိရတယ်၊ ဒါနဲ့ ဘယ်စာကိုပြန်လိုကြောင်းမေးတော့ ဆရာတော်ဘုရား စီရင်ရေးသားထားတဲ့ ဓမ္မစကြပါဠိအနက်ကို ပြန်ဆိုလိုကြောင်း ပြောတယ်။

ဆရာတော်က သာမဏေငယ်ကို နေရထိုင်ပေါ်မှာ ပြင်ထိုင်စေတယ်။

ပြီးမှ သေသေချာချာ ကျကျနန ရှိသေစွာ နာယူတော်မူတယ်။ ပြီးသွားတဲ့အခါကျမှ ဆရာတော်က သာဓုသုံးကြိမ်ခေါ်တယ်။ သင်္ကန်းတစ်စုံကို လှူဒါန်းတော်မူတယ်။ အဲဒီ... ဓမ္မစကြာပြန်ဆိုတဲ့ သာမဏေငယ်ကို အုတ်ကျောင်းအစ်မက ပဥ္စင်းလောင်းအဖြစ်နဲ့ မှတ်သားကိုးကွယ်တယ်။

ဆရာတော်ဦးပုစ်ဟာ ဓမ္မစကြာတရားတော်ကို ပထမဦးစွာ မြန်မာနိသျှပြန်ဆိုခဲ့သူ ဖြစ်တယ်။ အနက်ပြန်ရုံတင်မကဘူး။ ပါဠိတော်အစမှာ အမွှန်းကိုလည်း ရေးသားထည့်သွင်းခဲ့တယ်။

❒ ❒ ❒

www.foreverspace.com.mm

# မီးပေါက်လေးများ၊ လှုံထားချွန်ထက် ဝင်းလုံးစက်သည်

♦

သည်အရေးဟာ နိုင်ငံတော်ရဲ့အရေး ဖြစ်တယ်။

နိုင်ငံတော်ရဲ့အရေးဆိုတာဟာ ပြည်သူတွေရဲ့အရေးပေါ့။ ရွှေနန်းတော်အတွင်းမှ အုပ်စုလိုက် အာဏာလုမှုကလေးတွေ ဖြစ်နေသလို နယ်စပ်မှာကလည်း သူပုန်သူကန်တွေက ထကြွနေတယ်။

အထူးသဖြင့်ကတော့ အာသံပြည်ပဲ။

သည်တုန်းက အာသံပြည်ဟာ မြန်မာတို့ရဲ့လက်အောက်ခံနိုင်ငံတစ်ခုပဲ။ မြန်မာဘုရင်ထံ အခွန်ဘဏ္ဍာ မှန်မှန်ဆက်သနေရသည့် နိုင်ငံတစ်ခုပဲ။ စန္ဒရကန္တရှိန်ဆိုတဲ့ မင်းသားကို ဘုရင်ခံခန့်ထားခြင်းဖြစ်တယ်။ မြန်မာတို့က နန်းတင်ထားသည့် အဲဒီမင်းသားဟာ ပထမတော့ ဟုတ်မလိုလိုပဲ။

နောက်မကြာခင်မှာ အာခံချင်လာတယ်။

အလုမ်းဝေးသည့် နိုင်ငံတစ်ခုဆိုတော့လည်း ကြာရှည်မခန့်ညားဘူးပေါ့။ ပြီးတော့လည်း သူ့နောက်မှာ အားကိုးရတဲ့လူတွေကလည်းရှိနေပြီလေ။

www.foreverspace.com.mm

အရှေ့တောင်အာရှတစ်ခွင်ကို နယ်ချဲ့ဖို့ကြိုးစားနေစဉ် အင်္ဂလိပ်တို့ဟာ အာသံကို စတင်ခြေကုပ်ယူနေကြပြီ။ သည်တော့ အာသံဘုရင်ခံနှင့် ပူးပေါင်းကြတော့တာပေါ့။

လူဆိုတာလည်း ခက်သားကလား… ကျေးဇူးတရားကို သိတတ်သူနည်းတယ်။ ရရှိထားတဲ့ နေရာကလေးနှင့် မတင်းတိမ်ချင်ကြဘူး။ ပိုပြီး အာဏာ ရှိချင်လာတယ်။ နယ်စားပယ်စားခံရတဲ့နေရာက သီးသန့်ပြည် တစ်ခုကို ပိုင်ဆိုင်လိုချင်လာတယ်။

သည်တော့ အာသံဘုရင်ခံသည် မိမိအပေါ် ကျေးဇူးရှိသည့် မြန်မာဘုရင်ကို မငဲ့တော့ဘူး။ နောက်မှ ပထွေးတော်သည့် နယ်ချဲ့အင်္ဂလိပ်တို့နှင့် ပူးပေါင်းတော့သည်။

မြန်မာမင်း၏ လက်အောက်မှာ ရောက်ရှိနေသည့် အာသံပြည်ကို အင်္ဂလိပ်တို့က မြှောက်ထိုးပင့်ကော်လုပ်နေတယ်။ သည်လိုပဲ အင်္ဂလိပ်တို့ သိမ်းယူပြီးစဖြစ်သည့် အိန္ဒိယပြည်တွင်းမှာရှိသည့် နယ်အချို့တို့ကိုလည်း အိန္ဒိယနယ်စားကြီးများက ဝင်ရောက်တိုက်ခိုက်စေဖို့ ပြင်သစ်တို့က မြှောက်ထိုးပင့်ကော်လုပ်နေတယ်။

ကာလဝိပါက် နောက်ပိုးတက်တာပဲပေါ့။

စန္ဒရဂန္ဓရှိန်ဆိုတဲ့ ဘုရင်ခံဟာ ဘိုးတော်ပဒုံမင်းလက်ထက်ကတည်းက ထီးနန်းတင်ပေးခဲ့တာပါ။ သည်တုန်းက သူ့အသက်ဟာ ၁၄ နှစ်ပဲ ရှိသေးတယ်။ ခုတော့သူလည်း ဘုန်းတန်ခိုးကြီးချင်ဟန်တူရဲ့ . . . မြန်မာဘုရင်ကို မခန့်ငြားတော့ဘူး။

သည်လို အာသံမဏိပူရနယ်စားများ ထောင်ထားခြားနားတဲ့ တစ်ဖက်မှာလည်း နတ်မြစ်ဝမှာရှိတဲ့ ရှင်မဖြူကျွန်းအရေးတော်ဟာ ဖြစ်ပေါ်လာခဲ့ပြန်တယ်။ ဒါဟာလည်း အင်္ဂလိပ်နယ်ချဲ့တို့၏ဖန်တီးမှုတွေပဲ။ ၁၈၂၃ ခု ဇန်နဝါရီလအတွင်းမှာ ဖြစ်တယ်။

အင်္ဂလိပ်ပိုင် စစ်တကောင်းနယ်မှ လူတချို့ဟာ နတ်မြစ်တွင်းမှာသွားလာနေတယ်။ မြန်မာတို့ မခံချင်အောင် စတယ်။ နောက်ပြောင်တယ်။

www.foreverspace.com.mm

နန်းစံကြသူများ

ဒါတင်မကဘူး မြန်မာတို့ရဲ့ ပိုင်နယ်ထဲအထိ ဝင်လာတယ်။ ဒါကို မြန်မာတပ်သားတို့က သေနတ်ဖြင့်ပစ်ခတ်ကြတယ်။

တချို့ဒဏ်ရာရသွားတယ်။ သည်တော့ အင်္ဂလိပ်တို့က ကောက်ချက်ချတယ်။ အင်္ဂလိပ်မင်းပိုင်နက်ထဲက လက်အောက်ခံ တိုင်းရင်းသားတစ်ဦးကို မြန်မာတို့က ကျူးလွန်ခြင်းသည် အင်္ဂလိပ်မင်းအား ကျူးလွန်ခြင်းဖြစ်တယ်ဆိုပြီး အင်္ဂလိပ်တို့က နတ်မြစ်ဝမှာရှိတဲ့ မြန်မာမင်းပိုင်တဲ့ ရှင်မဖြူကျွန်းပေါ်သို့ တက် ရောက်နေလိုက်တယ်။ ကင်းတပ်ငယ်တစ်ခုကိုလည်း တပ်စွဲချထားလိုက်တယ်။

ဒါကို ဧည့်ဝတီမြို့ဝန်က စာရေးအကြောင်းကြားပြီး ကန့်ကွက်တယ်။

အိန္ဒိယပြည် အရှေ့မြောက်နယ်ခြားဒေသမှာ အုပ်ချုပ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေရတဲ့ မစ္စတာဒေးဗစ်စကော့က အိန္ဒိယဘုရင်ခံချုပ်ထံ အဆိုတင်သွင်းလိုက်တယ်။

'မြန်မာနှင့်အင်္ဂလိပ်တို့သည် အာသံပြည်အား သီးခြားလွတ်လပ်သောနယ်တစ်နယ်အဖြစ် ထားရှိပါက ကောင်းမွန်မည်ဖြစ်ကြောင်း'

. . . ဆိုတာပဲ။

ဒါကို ဘုရင်ခံချုပ်က လက်မခံဘူး၊ အပိုင်ပဲ လုပ်ချင်တယ်။ အာသံဘုရင် ဂေါဝိန္ဒစန္ဒာရမှာ မြန်မာတို့ကို ခုခံတိုက်ခိုက်နိုင်လောက်သည့် အင်အားမရှိဘူး။ ဒါကြောင့် အရှေ့အိန္ဒိယကုမ္ပဏီအစိုးရက တိုက်ခိုက်သိမ်းယူထားရမည်။ ထိုသို့ အစီအစဉ်ကို ချမှတ်တယ်။

ဒါပေမယ့် တကယ်တမ်းကျတော့ အင်္ဂလိပ်တပ်များကို အာသံပြည်သို့ စေလွှတ်လိုက်တယ်။ ဒါတွေဟာ နယ်ချဲ့အင်္ဂလိပ်တို့ဘက်မှ စတင်ပြီး ရန်စ မီးမွှေးနေခြင်းပဲ။

အင်္ဂလိပ်တို့ဘက်မှ ဗိုလ်မှူးသောမတ်နယူတန် ဦးစီးတဲ့ အင်္ဂလိပ်တပ်များနှင့် မြန်မာတပ်များသည် ဇိကရမ္မူဆိုသည့်ရွာမှာ ရင်ဆိုင်တိုက်ခိုက်ကြတယ်။ အဲဒီတိုက်ပွဲမှာ မြန်မာတို့သည် နောက်သို့ဆုတ်ခွာပေးရတယ်။

ဒါပေမယ့် ခဏပါပဲ။ စစ်သွေးစစ်မာန်နှင့် ပြည့်ဝသည့် မြန်မာတပ်များဟာ အင်္ဂလိပ်တို့ကို အလဲလဲပြိုစေတယ်။

www.foreverspace.com.mm



နှစ်ဦးနှစ်ဘက်စလုံး သေကြေမှု ဒဏ်ရာရမှုတွေကလည်း မနည်းလှဘူး။ အာသံဘုရင်ခံဟာ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးတယ်၊ အင်္ဂလိပ်တို့ထံ ခိုဝင်တယ်။

သည်တိုက်ပွဲမှာ ဦးဆောင်တဲ့ စစ်ဗိုလ်ချုပ်ကတော့ မဟာဗန္ဓုလပဲ ဖြစ်တယ်။

ဧည့်ဝတီမြို့ဝန်က စစ်တကောင်းမြို့ဝန်နှင့် အင်္ဂလိပ်ဘုရင်ခံချုပ်ထံ တစ်ပြိုင်တည်းလို ကန့်ကွက်လွှာတင်ခဲ့သည်။ ဒါပေမယ့် အင်္ဂလိပ်တို့၏ ကင်းတပ်ဟာ မရွှေ့ပြောင်းပေးဘူး။ သူတို့ရဲ့ ပိုက်နက်ဆိုပြီး ပြောင်ညာကြတယ်။

ဒါကို မြန်မာတို့က ကြည့်မနေဘူး။

ကြည့်နေလို့လည်း မဖြစ်ဘူး။ ကိုယ့်မြေကိုယ့်နယ်ထဲမှာ ပိုင်စိုး ပိုင်နင်းနှင့်လာနေတဲ့ နယ်ချဲ့မှန်သမျှ ဖြိုဖျက်ရမယ်မဟုတ်လား။ သူတစ်ပါးရဲ့ နယ်မြေမှာလည်း ကျူးကျော်နေသေးရဲ့။ မောက်မောက်မာမာလည်းရှိနေတဲ့ သင်းတို့ကို မြန်မာတို့က ကောင်းကောင်းကြီးသင်ခန်းစာပေးလိုက်သည်။

၁၈၂၃ ခု စက်တင်ဘာလ ၂၃ ရက်နေ့မှာ ရှင်မဖြူကျွန်းကို တက်ရောက် သိမ်းပိုက်လိုက်တယ်။ အဲဒီကျွန်းပေါ်မှာ လာရောက်တပ်စွဲနေသည့် အင်္ဂလိပ်တို့၏ စစ်ဗာရီကင်းတပ်ဖွဲ့ကို မြန်မာတပ်များက တက်ရောက်တိုက်ခိုက်တာပဲ။

သူတို့ဘက်က သုံးယောက်ကျပြီး လေးယောက် ဒဏ်ရာရသွားတယ်။

ကျန်သည့်အင်္ဂလိပ်တပ်သားမှန်သမျှကို အဲဒီကျွန်းပေါ်က အပြီးမောင်းနှင်ပစ်လိုက်တယ်။ ပြီးတော့ အိန္ဒိယဘုရင်ခံချုပ်ထံ စာတစ်စောင်ရေးပေးလိုက်တယ်။

ဧည့်ဝတီမြို့ဝန် မဟာမင်းကြီးကျော်စွာက အိန္ဒိယဘုရင်ခံချုပ်ထံ ရေးပေးလိုက်တာပဲ . . . ။

အင်္ဂလိပ်တပ်ခွဲသည် မြန်မာမင်းပိုင် မြေပေါ်တွင်
ဤသို့လာရောက် ကျူးကျော်တပ်စွဲနေသဖြင့်

www.foreverspace.com.mm

တိုက်ခိုက်ရခြင်းဖြစ်ကြောင်း၊ နောက်ထပ် ဤကျွန်းပေါ်တွင် အင်္ဂလိပ်တပ်များကို ထပ်မခံချထားခဲ့လျှင် တိုက်ခိုက်ပစ်ရလိမ့်မည် ဖြစ်ကြောင်း

. . . များပါရှိသည်။

အဲဒီပေးစာကို လက်ခံရရှိသည့် အင်္ဂလိပ်တို့မှာ များစွာမခံမရပ်ဖြစ်ကြရတယ်။

စကတည်းက ယဉ်သကို ဆိုသလို တစောင်းစေးနှင့် မျက်ချေးဖြစ်နေကြသည့် ရွှေနန်းတော်အတွင်းမှ ပြဿနာဟာ ကြီးထွားလာပြီ။ တစ်ဖက်နှင့် တစ်ဖက် အတိမ်းအစောင်းမခံတော့ဘူး။ သူဦးရင် သူဆော်၊ ငါဦးရင် ငါဆော် ဆိုသည့်အဆင့်အထိ ရောက်လာခဲ့ပြီ။

သည်အရေးမှာလည်း နန်းမတော်ဖုရားအုပ်စုနှင့် သာယာဝတီမင်းသားအုပ်စုတို့ဟာ တစ်ဖက်စီဖြစ်နေကြသည်။ သဘောချင်း မတိုက်ဆိုင်ကြဘူး။ စစ်တိုက်ဖို့ မတိုက်ဖို့ကိုလည်း ညှိနှိုင်းကြရပြီပေါ့။

ခုချိန်အခါဟာ လူအင်အား၊ လက်နက်အင်အား နည်းသေးတယ်။ ဒါကြောင့် စစ်တိုက်ဖို့ မလိုသေးဘူး။ ပြေငြိမ်းမှ သင့်တော်မယ်လို့ သာယာဝတီမင်းသားကြီးဘက်က အမြင်ရှိနေသည်။

နန်းမတော်ဖုရားတို့ မောင်နှမနှစ်ယောက်ကတော့ ဒီမျောက်ကုလားတွေကို တစ်ယောက်မှမကျန်အောင် အပြုတ်နှံရမည်လို့ ဖြစ်နေကြသည်။

နိုင်ငံတော်ရဲ့ ဘုရင်မင်းတရားကြီး ဘကြီးတော်မင်းကလည်း စဉ်းစားတုန်းပဲ။ ဆုပ်လည်းစူး စားလည်းရူးတဲ့ ဘဝပေမို့ မလှုပ်သာ မယှက်သာဘူးပေါ့။ ညီပြောတဲ့စကား နားထောင်ရကောင်းနိုးနိုး မယားပြောတဲ့စကား နားထောင်ရကောင်းနိုးနိုး ဖြစ်နေသည်။

ခက်တာက ခုဆိုရင် နန်းမတော်ဖုရားတို့မောင်နှမနှစ်ယောက်ရဲ့ အာဏာစက်ဟာ ပြန့်နှံ့နေပြီ။ ဆွေတော်မျိုးတော်ပေါ်များသည့် ရွှေနန်းတော်ထဲမှာတင် နန်းမတော်ဖုရားအဖို့ အာဏာရှင်ဖြစ်နေပြီ။ ဆွေတော်မျိုးတော်တွေဟာ နန်းပြားဖြစ်တော့မယ်။

www.foreverspace.com.mm

တကယ်တော့ ရွှေနန်းရှင်ဘကြီးတော်မင်းအဖို့မှာ အမည်ပဲကျန်တော့သည်။

ချယ်လှယ် လုပ်ကိုင်နေသူများကတော့ စလင်းမင်းသားနှင့် နန်းမတော်ဖုရားတို့ပဲ။ စလင်းမင်းသားဟာ ညီမဖြစ်သူ နန်းမတော်ဖုရားကို လက်ကိုင်ထားပြီး လုပ်ချင်ရာတွေကို လျှောက်လုပ်နေတယ်။

အမှန်တော့ စလင်းမင်းသားကြီးသည် မျိုးချစ်စိတ်ရှိတယ်။

နေပြည်တော်မှာ လာရောက်နေထိုင်နေတဲ့ နိုင်ငံခြားသားတွေကို ကြည့်ရဟန်မတူဘူး။ သူတို့ဟာ မြန်မာနိုင်ငံထဲကို လာရောက်နေခြင်းဟာ ရိုးသားမှုမရှိဘူး။ နယ်ချဲ့ဖို့သက်သက်ပဲ . . . ဆိုတာ သိမြင်ဟန်တူရဲ့။

သည်တုန်းက နေပြည်တော်မှာ ဥရောပတိုက်သား ငါးယောက်ရှိတယ်။

နှစ်ယောက်က အမေရိကန်လူမျိုးဖြစ်တယ်။ ကျန်တဲ့သုံးဦးကတော့ အင်္ဂလိပ်တွေပဲ။ ဒေါက်တာဂျက်ဆင်၊ ဒေါက်တာပရိုက်စ်၊ ဟင်နီဂူဂျား၊ ဂဲယတ်– ရောဂျား တို့ဖြစ်တယ်။ စလင်းမင်းသားကြီးဟာ အဲဒီဥရောပတိုက်သားတွေကို သုတ်သင်ဖို့ ဘုရင်မင်းကြီးကို သံတော်ဦးတင်တယ်။

ဒါပေမယ့် ဘကြီးတော်မင်းက ခွင့်မပြုဘူး။

ခွင့်မပြုရခြင်းအကြောင်းကလည်း နိုင်ငံရေးအခြေအနေများ ရှုပ်ထွေးကုန်မှာစိုးလို့ ဖြစ်ဟန်ရှိသည်။

သူတို့တတွေ မြန်မာနိုင်ငံကို လာရောက်ခြင်းဟာ ကောင်းမွန်သောလာရောက်ခြင်းမျိုး မဟုတ်ဘူး။ မြန်မာပြည်ကို တစ်နည်းနည်းဖြင့် ကိုလိုနီစနစ် ဖြန့်ကျက်ဖို့ နယ်ချဲ့ဖို့ အားထုတ်မှုက များသည်။ ဒါကြောင့် အဲဒီတုန်းက လုပ်ပိုင်ခွင့်ရှိသည့်သူမှန်သမျှကို သူတို့ချည်းကပ်သည်။ ပေးတဲ့အခွင့်အရေးကို ရအောင်ယူသည်။

အာသံပြည်ကို အပြီးရသည့် စစ်သူကြီးမဟာဗန္ဓုလကို အဂ္ဂမဟာသေနာပတိဝန်ကြီးဘွဲ့ ချီးမြှင့်တော်မူတယ်။ မဟာဗန္ဓုလသည် စစ်ရေးစစ်မှုမှာ လွန်စွာကျွမ်းကျင်တယ်။ တိုက်ပွဲအခြေအနေကိုကြည့်ပြီး အင်အားကို အလိုက်သင့် ဖြည့်စွမ်းပေးနိုင်တယ်။ သူ့အသွင်ဟာ အမြဲတမ်း စိတ်တက်

www.foreverspace.com.mm

ကြွနေတယ်။ တပည့်လက်သားများအပေါ်မှာ ညှာတာတယ်။ ကိုယ်ချင်းစာတရား အမြဲထားတယ်။ နိုင်ထက်ကလူပြုသည့်သူ မုန်းသမျှကို လွန်စွာရွံမုန်းတော်မူသည်။

၁၈၂၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့ ဖြစ်သည်။

ရှင်မဖြူကျွန်းပေါ်မှာ အင်္ဂလိပ်တို့ဟာ ခွေးပြေးဝက်ပြေး ပြေးခဲ့ရတာကို မကျေနပ်ဘူး။ ဒါကြောင့် မြန်မာတပ်များ အစောင့်အနေမရှိတော့စဉ် အဲဒီနေ့မှာပဲ ထပ်မံလာရောက်တပ်စွဲနေကြပြန်တယ်။ အင်္ဂလိပ်တို့သည် ၆ ပေါင်ဒါ အမြောက်နှစ်လက် ပါရှိတယ်။ တပ်ခွဲနှစ်ခွဲနဲ့ ဖြစ်တယ်။

နောက်တစ်ရက်မှာပဲ ဓညဝတီမြို့ဝန်သည် သူ၏တပ်များနှင့် ရှင်မဖြူကျွန်းကို တိုက်ခိုက်သည်။ အင်္ဂလိပ်တို့ကို ထပ်မံမောင်းထုတ်ပြီး မြန်မာတို့၏အလံကို စိုက်ထူထားလိုက်သည်။ ပြီးတော့လည်း အဲဒီကျွန်းမှာ ရပ်နားနေသည့် ဆိုဖီယာ Sophia သင်္ဘောမှ အင်္ဂလိပ် အရာရှိများကိုလည်း ဖမ်းဆီးထားလိုက်သည်။

အိန္ဒိယဘုရင်ခံ လောဒ်အမ်းဟတ်က မြန်မာတို့ဟာ ထိုအရာရှိများကို ပြန်လွှတ်စေကာမူ ကျေနပ်စရာမရှိဘူး။ ဒါအတွက် မှားယွင်းကြောင်း တောင်းပန်ရမည်။ ရှင်မဖြူကျွန်းကိုလည်း စွန့်လွှတ်ပေးရမည်။ မောင်းတောနှင့် မြို့ဟောင်းတွင်ရှိသော မြန်မာတပ်များသည်လည်း နောက်သို့ ဆုတ်ခွာပေးရမည်လို့ တောင်းဆိုသည်။

ဒါပေမယ့် မြန်မာတို့က ဖမ်းဆီးထားသည့် အင်္ဂလိပ်အရာရှိများကိုလည်း မလွှတ်ဘူး။ ရှင်မဖြူကျွန်းကိုလည်း အုပ်ထိန်းမြဲ ထိန်းထားတယ်။ မောင်းတောနှင့် မြို့ဟောင်းမှ မြန်မာတပ်များကိုလည်း နောက်သို့ ဆုတ်ခွာမပေးဘူး။

ဟုတ်တာပေါ့။ မြန်မာ့မြေ မြန်မာ့ပိုင်နက်အတွင်းမှာ ထိကပါး ရိကပါး လုပ်လာသည့် သင်းတို့ကို အလျှော့ပေးလို့ဖြစ်တာ မဟုတ်ဘူး။ နယ်ချဲ့ဆိုတာ မျိုးက မျက်နှာပူတတ်သည့်၊ အားနာမှုတရားရှိသည့် လူစားမျိုး မဟုတ်ဘူး။

ဘနဖူး သိုက်တူးမယ့်သူတွေပဲ။

www.foreverspace.com.mm



နေပြည်တော်နှင့် မိုင်ပေါင်းများစွာဝေးကွာတဲ့ ဥရောပတိုက်သား တွေဟာ အရှေ့တောင်အာရှတစ်ခွင်မှာ နယ်သစ်ချဲ့ဖို့ အစပျိုးနေပြီ။

သည်တုန်းက သူတို့တစ်တွေဟာ ရွှေနန်းတော်အတွင်းမှာပဲ ရှိသေး တယ်။

သူတို့ရဲ့အသိတွေဟာ ထက်ထက်မြက်မြက်မရှိဘူး။ နိုင်ငံတော်၏ အပြင်ပကမ္ဘာမှာ ဘာတွေဖြစ်နေတယ်ဆိုတာလည်း သတိမထားဘူး။ ဓား တစ်ချောင်းနှင့်သာ အုပ်ချုပ်နေသည့် ပဒေသရာဇ်မင်းလက်အောက်မှသာ ငုံ့နေကြတယ်။ ဘာမှ ပြောရဲဆိုရဲရှိကြတာ မဟုတ်ဘူး။

အုတ်ကျောင်းအစ်မ နန်းမတော်မယ်နုအဖို့ မိဖုရားခေါင်ကြီးဖြစ် ကတည်းက စာပေဇဟုသုတအရာမှာ ပြည့်စုံခဲ့ပြီဖြစ်တယ်။ မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုက်၊ နမက္ကာရ၊ လောက နီတိ၊ ပရိတ်ကြီး၊ ပါဠိအနက်၊ ပုတ္တောဝါဒ စသည့် ဆုံးမစာအမျိုးမျိုးတို့ ဖြစ်တယ်။

ဒါတွေအားလုံးကိုပဲ အာဂုံနှုတ်တက်ဆောင်ယူနိုင်တယ်။

ဇာတ်ကြီးဆယ်ဘွဲ့၊ ရာဇဝင်အရပ်ရပ်၊ ဓမ္မသတ်ကျမ်း၊ ရာဇနီတိ၊ မဟာရဟနီတိစသည့် နီတိကျမ်းဂန်များကိုလည်း ကျေညက်တယ်၊ နားလည်တယ်။ သူ့အဖို့ရာမှာ ဇာတိထက်သန်ပဋိဘာန် ရှိသူဖြစ်တယ်။

တကယ်တော့ . . . အုတ်ကျောင်းအစ်မသည် ခက်ထန်ကြမ်းကြုတ် ခြင်း မရှိဘူး။ ယဉ်ကျေးခြင်း၊ နူးညံ့ခြင်း၊ သိမ်မွေ့ခြင်းတို့နှင့် အတိပြီးတယ်။ သူဟာ နယ်ချဲ့ကို ရွံမုန်းသူဖြစ်တယ်။ နေပြည်တော်မှာ အင်္ဂလိပ်တွေ လာရောက်နေသည်ကို သူ လုံးဝမကြည့်ချင်ဘူး။

သူ့ထံ အခစားဝင်ဖို့ လာရောက်တဲ့နိုင်ငံခြားသား မှန်သမျှကို ရွံမုန်း စွာနှင့် မောင်းထုတ်လိုက်တယ်။ သည်တုန်းက အမေရိကန်လူမျိုး ဂျပ်ဆင် ခေါ် ယုဒသန်ဟာ နန်းမတော်ဖုရားထံ ရှေ့တော်မှောက်အခစားဝင်နိုင်ဖို့ ကြိုးစားနေတယ်။

အခုဆိုရင် ဘကြီးတော်မင်းထက် သူ့မိဖုရားဖြစ်သည့် နန်းမတော် ဖုရားက ဓားထက်နေကြောင်း သူတို့သိထားတယ်။ သည်တော့ သူတို့

www.foreverspace.com.mm

လုပ်ချင်ရာ လုပ်ဖို့အတွက် နန်းမတော်ဖုရားထံ ချဉ်းကပ်ဖို့ ကြိုးစားနေကြတာပေါ့။

ဒါပေမယ့် ဂျပ်ဆင်ဟာ အခွင့်မရခဲ့ဘူး။

အတွင်းတော်မှာ ဖြတ်သွားဖြတ်လာနှင့် ခဏတစ်ဖြုတ်ပဲ တွေ့ဖူးတယ်။ တစ်ခါတော့ ညီလာခံတော်ဆောင်မှာ ဘကြီးတော်မင်းနှင့် အတူလာသည်ကို တွေ့ရတယ်။ ဘကြီးတော်မင်းက မိတ်ဆက်ပေးသော်လည်း မိဖုရားခေါင်ကြီးက အရေးတယူမရှိဘူး။

မျက်နှာလွှဲနေတယ်။ ပြီးမှ ဘကြီးတော်မင်းကို အတွင်းတော်ထဲ ဆွဲခေါ်သွားသည်။ ဘကြီးတော်မင်းထက် မိဖုရားခေါင်ကြီးသည် မာန်မာနပိုကြီးသည်။ မာန်မာနကြီးသည်ဆိုတာက အထူးသဖြင့် နိုင်ငံခြားသားတွေအပေါ်မှာ ဖြစ်တယ်။

သူတို့လာရောက်နေခြင်းဟာ နိုင်ငံတော်အတွက် ကောင်းမယ့် လက္ခဏာမရှိဘူးဆိုတာ သိနေသလိုပဲ။ သူ့အဖို့ ဘကြီးတော်မင်းအပေါ်မှာ အတိုင်းအဆမရှိ သြဇာကြီးတယ်။ သြဇာကြီးတယ်ဆိုတာက နန်းမတော်ဖုရားလုပ်သမျှ ဘာမဆို ဘကြီးတော်မင်းက မပြောဘူး။ သူ့အဖို့ မိဖုရားခေါင်ကြီးအပေါ်မှာ ချစ်သည့်စိတ်က နက်လှတယ်။ ဘယ်မိဖုရားကိုမှ သည်လောက်မချစ်ခဲ့ဘူး။

ဒါကြောင့်လည်း ထင်ရဲ့ . . . နန်းမတော်ဖုရားရဲ့ အစ်ကိုတော် စလင်းမင်းသားအဖို့ နိုင်ငံတော်မှာ စိတ်တိုင်းကျလုပ်နေတာပဲ။ တကယ်တော့ မဆန်းပါဘူး။ သူ့ရဲ့နှမတော်က အဂ္ဂမဟေသီရဲ့အာဏာကို ခံယူထားတယ်မဟုတ်လား။

သည်တော့ သူ့အဖို့ သာယာဝတီမင်းသားကလွဲရင် နိုင်ငံတော်မှာ ပြိုင်ဘက်မရှိဘူး။

ပြိုင်ဘက်ဆိုတာက ရန်ဘက်ပဲပေါ့။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ နန်းမတော်ဖုရားအဖို့ သူ အမြင့်ရောက်တုန်းမှာ သူ့ရဲ့အသိုင်းအဝိုင်းအားလုံးကို သင့်တင့်သည့် နေရာဌာနများ ပေးခဲ့တာပဲ။ ညာတကနဥ္စသင်္ဂဟောဆိုတာပေါ့။ ဒါမှလည်း မင်္ဂလာတရားတော်နဲ့ ညီမယ်မဟုတ်လား။

www.foreverspace.com.mm

ဒါကြောင့်ပဲ ထင်ပါရဲ့ . . . ဖလံခုံ၊ မြင်းပေါက်၊ ဝက်ဖို၊ မဲအိုး စသည့် ရွာမှာရှိကြတဲ့ အဆွေအမျိုးအတော်များများဟာ မှူးကြီးမတ်ကြီး၊ မင်းကြီးစိုးကြီး၊ အပျိုတော်ကြီး စသည်တို့ ဖြစ်ကုန်တာပဲ။

သည်လိုနေရာပေးသည်မှာလည်း နန်းမတော်ဖုရားအဖို့ ပညာပါလှတယ်။

မိမိရဲ့ ဆွေတော်မျိုးတော်များကို အတွင်းတော်မှာ ခန့်ထားသူနည်းတယ်။ အဝေးမြို့ရွာများမှာသာ မြို့ဝန်၊ စစ်ကဲများဖြင့် ခန့်ထားခြင်းသာများတယ်။ လောကကြောင်းမှာ အမြင်ကြယ်သည့် မိဖုရားခေါင်ကြီးပေါ့။ ဒါကြောင့်လည်း အဲဒီတုန်းက နိုင်ငံတော်တစ်ဝှန်းလုံးမှာ နန်းမတော်ဖုရား၏ လူတွေချည်း များနေသည်။

နောက်ဆုံး ဘကြီးတော်မင်းအထိပေါ့။ တကယ်တော့ ဘကြီးတော်မင်းဟာ ရေခဲနှင်းဆောင်းထားသည့်ရှင်ဘုရင်ပဲ။ အခုဆိုရင် တိုင်းရေးပြည်ရေးကို နန်းမတော်ဖုရားတို့ မောင်နှမက ကြိုးကိုင်နေသည်ကို ဘာတစ်ခွန်းမှ ဆွေးနွေးမေးမြန်းခြင်း မပြုဘူး။

လျစ်လျူရှုထားတယ်။ မကောင်းတရားလောက်သာပဲ တစ်ခါတစ်ရံ ပါဝင်တယ်။ နောက်သံသရာမှာပါမယ့် ကုသိုလ်ကောင်းမှုကိုပဲ လုပ်ကိုင်နေသည်။ သူကိုယ်တိုင်က ပန်းချီပန်းပုပညာရပ်မှာ တတ်မြောက်တတ်ကျွမ်းကျင်တယ်။

ဒါကြောင့် လက်မှုပညာသည်အရပ်ရပ်တို့အား အားပေးချီးမြှောက်နေတယ်။ နေပြည်တော်မှာရှိသည့် ဗိုင်းဝါရက်ကန်း တတ်ကျွမ်းသည့် အမယ်အိုများကိုလည်း ခေါ်ယူတယ်။ ရွှေနန်းတော်အတွင်းမှာ လုပ်ကိုင်စေတယ်။ သူတို့ထံမှ ရှေးဟောင်းနှောင်းဖြစ်များအကြောင်းကို ပြောဆိုစေသည်။

သည်တုန်းက နန်းမတော်ဖုရားလည်း အပါးမှာရှိတယ်။

ဘကြီးတော်မင်းကြီးတို့ ရှေ့တော်မှောက်မှာ စာဆိုတော်၊ စာတော်ဖတ်၊ သံတော်ဆင့်၊ နားခံတော်တို့သည် ခစားနေကြတယ်။ သူတော်ဦးမင်းနှင့် လူဦးမင်းတို့လည်း ရှိနေတယ်။ သူတော်ဦးမင်းက ပင်းတလဲမြို့နားမှာရှိတဲ့ ရေဝေရွာသားဖြစ်တယ်။

www.foreverspace.com.mm

ငယ်နာမည် မောင်မင်းလို့ခေါ်တယ်။ နောက်မှ ဖိုးသူတော်အဖြစ်နှင့် နေရာမှ ဖိုးသူတော်ဦးမင်းလို့ ခေါ်ကြတာပဲ။

လူဦးမင်းဆိုတာက ငယ်နာမည်မောင်စံရွှင်လို့ ခေါ်တယ်။

ရွှေဘိုမြောက်လက် ငါးရွာနဲဇာတိဖြစ်တယ်။ သူတို့နှစ်ဦးဟာ အတိုက်အခံ နှုတ်လွတ်စာဆိုမှာ အလွန်တော်ကြတယ်။ ဒါကြောင့်လည်း ရွှေနန်းရှင်ဘုရားနှင့် နန်းမတော်ဖုရားတို့က မကြာခဏ စာဆိုခိုင်းတယ်။ ကနေ့လည်း ဖိုးသူတော်ဦးမင်း ခံစာခံရတယ်။ လူဦးမင်းက စာအုပ်ရမယ်ပေါ့။

ကုဏ္ဍလာ ဒုမ္မာကပေါ့... လို့ ဖိုးသူတော်ဦးမင်းက ခံစာခံလိုက်တယ်။ ဒါကို လူဦးမင်းက ဂုမ္ဘောဂုမ္ဘီနှင့် တပဿီဇာမိုရ်ရိဝိတ်ကယ်တို့ ဆေးကြိတ်တဲ့တောလို့ စာအုပ်လိုက်တယ်။

နန်းမတော်ဖုရားက သဘောကျတော်မူတယ်။ ဆုတော်ငွေ ပေးသနားတော်မူတယ်။

အဲဒီနှစ်မှာပဲ ထားဝယ်မြို့ဝန်က မယ်ကယ်နှစ်ကို နားပန်တော်အဖြစ် လှုပစ္စာ ပြုလုပ်တယ်။ ပြီးတော့ နန်းမတော်ဖုရားအတွက် ဆက်ပို့လာတယ်။ ဒါကို နန်းမတော်ဖုရားဟာ လူဦးမင်း၊ ဖိုးသူတော်ဦးမင်း၊ ရကန်းဆရာဦးတိုး၊ ရကန်ဖျက်ဦးလန်းတို့ကို ရုတ်ခြည်းပေါ် ဆီလျော်အောင် မဆိုင်းမတွ လျှောက်တင်စေတယ်။

''ဆင်တော်ရန်၊ ပန်နားကပ်၊ ကျောက်မြတ်ကတဲ့ မချယ်''

. . . လို့ လူဦးမင်းက စဆိုတယ်။ ဒါကို ဖိုးသူတော်ဦးမင်းက–

''သင်းပေါပေါ၊ မယ်ကယ်နစ်မှာ၊ နတ်ယစ်သည့်နှယ်''

. . . လို့ဆိုတယ်၊ ရကန်ဆရာ ဦးတိုးက–

''သီလကုတ် ကြောင်ကြိုးသွယ်၊ စံပင်တင်ချယ်သန်း''

. . . လို့ ဆိုတယ်။ သည်တော့ ရကန်ဖျက်ဦးလန်းက–

''ရွှေဥဘာ ရောင်ခြည်ဝေ့တယ်၊ နန်းမေဆင်ပန်း''

လို့ တောက်လျှောက် လျှောက်ဆိုကြတယ်။

www.foreverspace.com.mm



ဒါကို မိဖုရားခေါင်ကြီးက ချီးကျူးတော်မူတယ်။ စာဆိုတော် လေးယောက်ကို ဝတ်စုံတစ်စုံစီနှင့် ဒိုင်ခွက်တစ်ခွက်စီ ချီးမြှောက်တော်မူ သည်။

တကယ်ဆိုရင် စာပေဆိုတာ ခေတ်ရဲ့ကြေးမုံပဲ။

ရပ်တည်တဲ့ခေတ်ကို ကောင်းကောင်းဖော်ပြတယ်။ ပြည့်ပြည့်စုံစုံ မဟုတ်သော်မှ တစ်ပိုင်းတစ်စတော့ ပါတယ်။ သူ ကျင်လည်ရတဲ့ခေတ်ရဲ့ လူမှုစီးပွားရေး၊ ဘဝဆိုင်ရာအဖြစ်အပျက်တွေကို ဖော်ပြတယ်။

သည်တုန်းက ရွှေနန်းတော်အတွင်းမှာ အစ္စလာမ်ဘာသာဝင် စာဆို ပိုင်ရှင်တစ်ဦးရှိတယ်။

သူကတော့ ဦးနုဆိုတာပဲ။

သူဟာ ရွှေဘိုမှာမွေးဖွားတယ်။ ဗမာစာပေကို ကျွမ်းကျင်တယ်။ အာရဗီဘာသာစာပေကိုလည်း တတ်ကျွမ်းတယ်။ ပဒုံမင်းဟာ သူ့လက်ထက် မှာရှိတဲ့ စာဆိုတော်တွေနဲ့ တစ်တန်းတည်းမြှောက်စားခဲ့တယ်။

ပဒုံမင်းဟာ ၁၈၀၇ ခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ အိန္ဒိယကို စေလွှတ်ခဲ့တယ်။

အဲဒီအဖွဲ့ကို ရွှေတောင်သာဂသူလို့ခေါ်တဲ့ ဦးနုက ဦးဆောင်ရတယ်။

သူတို့ဟာ အိန္ဒိယပြည်သွားပြီး သက္ကနက်ကျမ်း၊ ဟိန္ဒူကျမ်းနဲ့ ပသိ ကျမ်းတွေကို စုဆောင်းကြတယ်။ သူဟာ ပဒုံမင်းရဲ့ အဝယ်တော်၊ အကောက်ဝန် စတဲ့တာဝန်တွေကို ထမ်းဆောင်ခဲ့သေးတယ်။

ပဒုံမင်းတရားထံ ကျင့်ရန်၊ ကြဉ်ရန် အစ္စလာမ်တရားအကျဉ်းချုပ်ကို ဆက်သွင်းခဲ့သေးတယ်။ သံတော်ဦးတင်လွှာကျမ်းလို့ ခေါ်တယ်။

ရွှေနန်းတော်အတွင်းမှာတော့ ဘကြီးတော်မင်းနှင့် မိဖုရားခေါင်ကြီးတို့ သည် တဒင်္ဂပျော်ရွှင်ရေးနဲ့ပဲ ရောင့်ရဲတင်းတိမ်နေတယ်။ အုပ်စုနှစ်ခု ဖြစ် နေတဲ့ သည်အတွင်းတော်ထဲမှာတော့ လူတွေဟာ ဟန်လုပ်နေကြရတယ်။ အတွင်းစိတ်က ဘယ်လောက်ပဲ မုန်းနေပါစေ ရင်ဆိုင်တွေ့လိုက်ရင်တော့ သွားဖြဲကာ ပြုံးရတော့တယ်။

နန်းစံကြသူများ

www.foreverspace.com.mm

အဲဒီအပြိုးတွေဟာ အသက်မပါတဲ့ အပြုံး။ လုပ်ရားမှု တုန်လှုပ်မှုတွေ ရက်စက်မှုတွေနဲ့ ပြွမ်းတီးနေသည့်အပြုံး။ ဒါပဲပေါ့ နိုင်ငံတော်ရဲ့ လူ့ဂုဏ်ထံ အပိုင်းမှာတော့ သည်အတိုင်းချည်းပါပဲ။

တစ်ဦးနဲ့တစ်ဦး ဟန်ဆောင်မှုတွေနဲ့ ပေါင်းသင်းကြတယ်။

ရင်းနှီးဟန်ပြပြီး နောက်ကွယ်က လက်သီးပုန်းထိုးဖို့ ကြိုးစားကြတယ်။ မိမိတို့နေရာရရေးအတွက် တစ်ဦးခေါင်းကိုတစ်ဦး တက်နင်းကြတယ်။ ကောက်ကျစ်ကြတယ်။ ဒါပေမယ့် အပြင်ပန်းမှာတော့ လူလိမ္မာသားကြီးတွေ ဟန်ဆောင်နေကြတာပဲ။

ဒါပဲပေါ့ ယုတ်မာမှု၊ ကောက်ကျစ်မှုဆိုသည့် ပြယုဂ်တွေဟာ သာမန်ပြည်သူတွေထဲမှာ နည်းတယ်။ အများဆုံးကတော့ ပစ္စည်းရှိသည့် ဂုဏ်သရေရှိတဲ့ သူတွေဆီမှာပဲ။ သာမန်ပြည်သူတွေအဖို့မှာ လူဆင်းရဲသားတွေပဲ။ တစ်နေ့လုပ်မှ တစ်နေ့စားရသည့် သူတွေပဲ။ သည်တော့ လက်လှုပ်မှ ပါးစပ်လှုပ်ရသည့်သူတွေအဖို့ ကုန်းရုန်းလုပ်နေရပြီး တခြား မစ္ဆေရစိတ် မထားနိုင်ဘူး။

သည်တုန်းက နိုင်ငံတော်မှာ အုပ်ချုပ်ရေးနှင့် ဖိနှိပ်ချုပ်ချယ်ရေးဆိုတာ နှစ်မျိုးဖြစ်နေတယ်။

အုပ်ချုပ်ရေးဆိုတာက တရားနှင့်လျော်ညီသော ဓမ္မသတ်ဥပဒေ စည်းမျဉ်းထုတ်တယ်။ အပြစ်ဒဏ်ခံယူရသူတို့ဟာ အပြစ်အားလျော်စွာ အပြစ်ပေးခြင်းခံရတယ်။ ဓမ္မသတ်ဥပဒေဘောင် မကျော်ဘူး။ အထူးသဖြင့် အပြစ်ဒဏ်တစ်ခုကို သင့်တင့်မျှတလောက်အောင်ပဲ ခံစားရတယ်။ မတရား မခံစားရဘူးပေါ့။

ဖိနှိပ်ချုပ်ချယ်တယ်ဆိုတာကတော့ တရားဥပဒေစည်းမျဉ်းထဲ မသက်ဝင်တော့ဘူး။ လောဘ၊ ဒေါသ၊ မောဟ အရင်းခံပြီး ကိုယ်ထင်သလို တစ်ပါးသူအပေါ်မှာ အနိုင်အထက်ပြုမှုမယ်၊ နှိပ်စက်ညှဉ်းပန်းတယ်၊ ဖိနှိပ်ချုပ်ချယ်တယ်ပေါ့။

အဲဒီပြဿနာတွေ ဖြစ်လာတာကလည်း အတွင်းတော်က အုပ်စုနှစ်ခုကြောင့်ပေါ့။

www.foreverspace.com.mm



အဓိကကတော့ စလင်းမင်းသားကြီးနှင့် သာယာဝတီမင်းသား အမှူးပြုကြတဲ့ ဆွေတော်မျိုးတော်များကြောင့်ပေါ့။ သူတို့တတွေက ဘကြီးတော်မင်း နန်းမတက်ခင်ကတည်းက သင့်တင့်မှုမရှိခဲ့ဘူး။ ဒါပေမယ့် အခြေအနေကောင်းနေခဲ့တယ်။ ဆိုးဆိုးဝါးဝါး မဟုတ်သေးဘူး။

အခြေအနေကောင်းမှာပေါ့… မယ်နုဟာ မိဖုရားခေါင်ကြီးအဖြစ်ကိုမှ မရသေးတာ။ ဆွေတော်မျိုးတော်တွေအဖို့ မယ်နုဟာ သည်အခြေအနေ အထိရောက်လိမ့်မည်လို့ ထင်ထားကြဟန်မတူဘူး။ နန်းမတော်ဖုရားရဲ့ အပေါ်မှာ သူတို့ဟာ အထင်သေးခဲ့ကြတယ်။

နန်းမတော်ဖုရားရဲ့လုပ်ရပ်တွေကို ဂရုမစိုက်ခဲ့ကြဘူး။ ခပ်ပေါ့ပေါ့ပဲ သဘောထားခဲ့ကြတယ်။ နောက်တက်မယ့် ဘုရင်မင်းတရားရဲ့ မိဖုရားခေါင်ကြီးသည် သူတို့ရဲ့ဆွေတော်မျိုးတော်ထဲက ဖြစ်ရမယ်လို့ တရားသေ တွက်ထားကြတယ်။ သူတို့ဟာ ဆွေတော်မျိုးတော်ဆိုသည့် မာနကြီးကြတယ်။ ရန်သူကို အထင်သေးတယ်။

ပိုဆိုးတာက ဘကြီးတော်နန်းတက်စကပဲ။

မိဖုရားခေါင်ကြီး ရွေးချယ်တဲ့ကိစ္စရပ်မှာပဲပေါ့။ သူတို့မျှော်လင့်ထားသလို ဘကြီးတော်မင်းဟာ ဆွေတော်မျိုးတော်ထဲက မင်းသမီးကို မရွေးခဲ့ဘူး။ အရံသဘောပဲ ထားခဲ့တယ်။ အိမ်တော်ပါ မိဖုရားငယ်ဖြစ်သည့် မယ်နုကိုပဲ ရွေးလိုက်တယ်။ သည်မှာတင် သူတို့ဟာ ရန်ဖက်တွေ ဖြစ်ကုန်တာပဲ။

ဘကြီးတော်မင်း၏ ညီတော်ရင်းဖြစ်သည့် သာယာဝတီမင်းတရားမှာ ပင်ကိုယ်အားဖြင့် ထက်ထက်မြက်မြက်ရှိသူ တစ်ယောက်ပါပဲ။ ဒါကိုမြင်ထားသည့် နန်းမတော်ဖုရားတို့ မောင်နှမနှစ်ယောက်က သာယာဝတီမင်းသားကို ဘယ်တော့မှ လက်လွတ်စပယ်မထားဘူး။ ဖြစ်သည့်နည်းနှင့် ဖိနှိပ်တယ်။ မရဘူး . . . သာယာဝတီမင်းဟာ ပါးပါးနပ်နပ်ပဲ ရှောင်ကွင်းသွားတယ်။ ဒါက ရွှေနန်းတော်အတွင်းမှာ ဖြစ်ပျက်နေသည့် လိပ်ခဲတည်းလည်းပြဿနာအချို့ပဲ။

www.foreverspace.com.mm

## နန်းစံကြသူများ

သီတင်းကာလကျွတ်ပြီမို့ အင်းဝနေပြည်တော်မှ စာသင်သား ရဟန်းငယ်များက ကျောင်းတိုက်များကို လှည့်လည်သွားလာနေကြတယ်။ စာဝါများလည်း ရပ်နားထားခိုက်မို့ အားနေကြတယ်ပေါ့။ တစ်နေ့တော့ စာသင်သားတို့ဟာ နာမည်ကျော်ကြားနေသည့် အုတ်ကျောင်းကြီးဆီ ရောက်လာကြတယ်။ မရောက်ဖူးလို့ လာလည်ကြတာပေါ့။

သည်အချိန်မှာ ဆရာတော်ဦးပုစ်ဟာ စာကြည့်နေခိုက်ဖြစ်တယ်။

ရဟန်းငယ်များသည် ဦးခိုက်ဝတ်တွားပြီး ဆရာတော်ရဲ့ အနီးအပါးမှာ ပိပြားစွာ ထိုင်နေကြတယ်။

အတော်ကြာမှ ဆရာတော်ဦးပုစ်က . . .

''ဘာကိစ္စနဲ့ ကြွလာကြသလဲ''

. . . လို့ မေးတယ်။ ဒီတော့ ရဟန်းငယ်များက . . .

''တပည့်တော်များ မရောက်ဖူးလို့ အလည်လာကြပါတယ်ဘုရား''

လို့ ပြန်ပြီးလျှောက်ထားကြတယ်။ ဒါကို ဆရာတော်က . . .

''အိမ်း . . . မရောက်ဖူးရင် မြင်းမိုရ်တောင်ထိ သွားကြပါလား၊ အလကား အချိန်ဖြုန်းနေကြတယ်''

... လို့ မိန့်ဆိုမြည်တမ်းလိုက်တယ်။ ဒါနဲ့ စာသင်သားရဟန်းငယ်များလည်း ထိုင်မနေဝံ့တော့ဘဲ ချက်ချင်းပြန်သွားကြတယ်။

အုတ်ကျောင်းကြီး၏ဘေးမှာ အရံကျောင်းငယ်ကလေးများ ရှိတယ်။ အုတ်ကျောင်းအမ မယ်နုက ဆောက်လုပ်ပေးထားခြင်း ဖြစ်တယ်။ အေးအေးချမ်းချမ်း စာကြည့်စေရန်အတွက်ပဲ။

တစ်ခါတော့ ဆရာတော်ဟာ ကျောင်းငယ်တစ်ဆောင်မှာ စာကြည့်နေတယ်။ အဝင်အထွက်ပေါက် ကဲလားတံခါးမကြီးကို နှစ်တောင်လောက်ရှိသည့်တုတ်တိုနှင့် ထောက်ထားတယ်။ အထဲဝင်ချင်ရင် ငုံ့ဝင်ရတယ်ပေါ့။ အဲဒီနေ့က အုတ်ကျောင်းအစ်မဟာ ဆရာတော်ဖူးမြော်ဖို့ ရောက်လာတယ်။ ဒါကို ရှေ့တော်ကပါလာသည့် မင်းချင်းတို့က ကဲလားကို မလိုက်တယ်။ စာကြည့်နေသည့် ဆရာတော်က

www.foreverspace.com.mm



''ကဲလားကို မ,တာ ဘယ်သူတုန်း''

. . . လို့ မေးလိုက်တယ်။ မင်းချင်းတို့က . . .

''မိဖုရားခေါင်ကြီး ဥပုသ်စောင့်လာလို့ပါ ဘုရား''

. . . လို့ လျှောက်ထားတယ်။ သည်တော့ ဆရာတော်ဖုရားက

''မိဖုရားခေါင်ကြီးတင်မက မိဖုရားခေါင်ရဲ့အမေပဲဖြစ်ဖြစ် ကဲလားကို မ,မနဲ့၊ ငါ့လိုပဲ ငုံ့ဝင် ငုံ့ဝင်''

. . . လို့ မိန့်ဆိုလိုက်တယ်။

အုတ်ကျောင်းဆရာတော်သည် မည်မျှလောက် အဖိုးတန်သော ဝတ္ထုပစ္စည်းများ လှူဒါန်းပေမယ့် ကြာရှည်မထားဘူး။ တခြားသူတွေကို လှူဒါန်းပေးဝေလေ့ရှိတယ်။ ကျောင်းသားငယ် သာမဏေငယ်များ ကလေးပင်ဖြစ်သော်လည်း သွားရောက်အလှူခံလျှင် ပေးလှူလိုက်သည်ချည်းပဲ ဖြစ်တယ်။

ရှင်မဖြူကျွန်းအရေးဟာ တငွေ့ငွေ့ တောက်လောင်နေတယ်။

သည်အရေးနှင့် ပတ်သက်ပြီး အတွင်းတော်မှာ အငြင်းအခုန် ဖြစ်နေကြတယ်။ စစ်တိုက်ရေးနှင့် မတိုက်ရေးပေါ့။ ဒါပေမယ့် နန်းမတော်ဖုရားတို့အုပ်စုက အနိုင်ရသွားတယ်။ ဒါပဲပေါ့ နိုင်ငံတော်ရဲ့ မဟေသီတစ်ယောက်ရဲ့စကားကို ဖယ်ရှားဝံ့တဲ့သူက ခပ်ရှားရှားပါလား။ သည်တုန်းက နန်းမတော်ဖုရားအဖို့ ဝါးလုံးဟော့ဆိုရင် ဝါးခြမ်းမြင်တာတောင် ဝါးလုံးပဲ ပြောရတယ်။ သည်အထိ ဓားထက်တာပဲ။

သာယာဝတီမင်းသားကြီးနှင့် ဆွေတော်မျိုးတော်များကတော့ ရင်တမမနဲ့ပေါ့။ စိတ်တော်များလည်း မကောင်းဘူး။ မတတ်သာလို့ လက်ပိုက်ကြည့်နေရတာပဲ။ နိုင်ငံတော်ဖြင့် သင်းတို့လုပ်တာနဲ့ ဒုက္ခရောက်တော့မယ်။ ပြည်သူတွေ အဖို့ ငရဲတွင်းဆင်းရတော့မယ်။ ဖွတ်သထက် ညစ်တော့မပေါ့။

ဒါပဲပေါ့ မယားပြောတော့ တစ်ညဆိုသလို၊ မယားအကြိုက် အလိုလိုက်နေသည့် ဘုရင်မင်းတရားကြီးအဖို့ မယားမညီတော့ ညော်မလှပုံမျိုး ဆိုက်နေတာပေါ့။ သည်တော့ အင်္ဂလိပ်တို့ကို တိုက်ထုတ်ဖို့ စစ်ပြင်ကြရပြီ။ မပြင်လို့ကလည်း မဖြစ်တော့ဘူး။

## နန်းစံကြသူများ

www.foreverspace.com.mm

ခုဆိုရင် ရှင်မဖြူကျွန်းနားကို အင်္ဂလိပ်တို့ ရောက်နေပြီ။ နယ်ချဲ့နေကြပြီ။ ကျေးရွာတိုင်းမှာလိုလိုပဲ သူတို့၏အလံများကို လွှင့်ထူထားနေကြပြီ။ သည်တော့ နယ်ချဲ့လာသည့် သင်းတို့ကို မောင်းထုတ်ဖို့ရန်ပဲ ရှိတော့တာပဲ။

၁၈၂၄ ခု မတ်လ ၅ ရက်နေ့မှာ အင်္ဂလိပ်တို့က မြန်မာတို့ကို စစ်ကြေညာလိုက်တယ်။

စစ်ကြေညာပြီးပြီးချင်းပဲ သူတို့သည် အထိရောက်ဆုံးသော စစ်ထိုးရေး အစီအစဉ်များကို ဆုံးဖြတ်ပြုလုပ်ခဲ့တယ်။ အာသံ မဏိပူရ၊ ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်း၊ ရန်ကုန်၊ သံလျင်၊ ပဲခူး၊ ပုသိမ်၊ မုတ္တမ၊ မြိတ်၊ ထားဝယ် စသည့် ကမ်းရိုးတန်းများကို အရင်သိမ်းယူဖို့ ကြိုးစားတယ်။

ပြီးမှ ရောဝတီမြစ်အတိုင်း ချီတက်တိုက်ခိုက်မည်ပေါ့။ အင်္ဂလိပ်တို့ရဲ့ စစ်ရေးအကြံပေးပုဂ္ဂိုလ်ဟာ ကပ္ပတိန်ကင်းနင်း ဖြစ်တယ်။ သူဟာ ပဒုံမင်းတရားလက်ထက်တုန်းက မြန်မာနိုင်ငံသို့ သံကိုယ်စားလှယ်အဖြစ် လာရောက်ခဲ့ဖူးတယ်။ သူဟာ မြန်မာတို့အကြောင်း တော်တော်လေး သိတယ်။ မြန်မာတို့ဟာ မထီလေးစား ပမာမခန့် ဂရုမပြုလောက်တဲ့ လူမျိုးမဟုတ်ဘူးလို့ အင်္ဂလိပ်တွေကို သတိပေးတယ်။

မြန်မာတို့သည် စစ်ကြောင်းနှစ်ကြောင်း ခွဲလိုက်တယ်။

ရခိုင်ပြည်သို့ စစ်ကြောင်းတစ်ကြောင်းနှင့် အာသံမဏိပူရသို့ တစ်ကြောင်းပဲ။ ရခိုင်ပြည်သို့ ချီတက်သွားသည့် စစ်ကြောင်းကို ဗိုလ်မှူးသတိုးမင်းကြီး မဟာဗန္ဓုလက အုပ်ချုပ်ကွပ်ကဲတယ်။ ရှေ့ပြေးတပ်များကို အတွင်းဝန်မင်းကြီး မဟာသီဟသူရက ဦးဆောင်ချီတက်ခဲ့သည်။

သည့်နောက်မှ ဗိုလ်မှူးသတိုးမင်းကြီး မဟာဗန္ဓုလက ဦးဆောင်သည်။ အဲဒီတပ်ဟာတော့ ပင်မတပ်ကြီးဖြစ်တယ်။ စလင်းဆင်ဖြူကျွန်းမှ တစ်ဆင့် ဧည့ဝတီသို့ ချီတက်သွားတာပဲ။ စုစုပေါင်းအင်အား နှစ်သောင်းငါးထောင်ရှိတယ်။

မြန်မာတို့ကို စစ်ကြေညာပြီးသည့်နောက်ပိုင်းမှာ ဗြိတိသျှတပ်များသည် အာသံပြည်တွင်းရှိ ဗြဟ္မပုတ္တရဒေသမှာ စုရုံးနေတယ်။ ဒါတင်မက

www.foreverspace.com.mm



သေးဘူး။ မြန်မာတို့အား ပြန်လည်တော်လှန်ဖို့အတွက် မဏိပူရ နယ်သားများကို စည်းရုံးနေတယ်။ အင်္ဂလိပ်တို့၏ မြှောက်ပင့်ပေးချက်ကို အာသံလူမျိုးများက ယုံကြည်နေတယ်။

အင်အားတစ်ထောင်မျှရှိသည့် မြန်မာတပ်တစ်တပ်သည် ဇာရမှ အရပ်မှာ ခံတပ်တည်ပြီး တပ်စွဲနေတယ်။ တက်လာသည့် အင်္ဂလိပ်တို့အား ပြင်းပြင်းထန်ထန် တိုက်ခိုက်ရန် စောင့်ဆိုင်းနေကြတာပဲ။ သည့်နောက် ဇာရမှာ တပ်စွဲနေသည့် မြန်မာတပ်များသည် အနောက်ဘက်မှာရှိသည့် ကိုလီယာဘာအရပ်ဆီသို့ ချီတက်တပ်စွဲနေပြန်တယ်။

အင်္ဂလိပ်တို့သည် ဟက်ဘားရှိ မြန်မာခံတပ်ဟောင်းဆီသို့ တစ်စု၊ ကိုလီယာဘာသို့ တစ်စု ချီတက်သွားတယ်။ အင်္ဂလိပ်တပ်များဟာ အစုကွဲနေတယ်။ မြန်မာတို့သည် ဟက်ဘားမှ ဗိုလ်ကြီးရောဘတ်၏ တပ်စခန်းကို ရုတ်တစ်ရက် ဝင်စီးတယ်။ အပြန်အလှန် ပြင်းထန်စွာတိုက်ခိုက်ကြတယ်။ မြန်မာတို့ဘက်မှ စိန်ပြောင်းများဖြင့် အင်္ဂလိပ်တို့၏တပ်စခန်းကို ပစ်ခတ်နေတယ်။

အင်္ဂလိပ်တို့သည် မြန်မာတို့ဆုတ်ခွာမည့် နောက်ကျောဘက်မှ မြင်းတပ်စု တစ်စုဖြင့် ပန်းပြီးစောင့်နေတယ်။ ရေရှည်မှာ မြန်မာတို့သည် လက်နက်အင်အားချင်း မမျှဘူး။ ဒါကြောင့် နောက်ကို ဆုတ်ပေးရတယ်။ သည်တွင် နောက်မှအသင့်စောင့်ဆိုင်းနေသည့် အင်္ဂလိပ်တပ်များနှင့် ထပ်ပြီး တိုက်ပွဲ ဖြစ်ရပြန်တယ်။ စစ်မျက်နှာ နှစ်ဖက်ညှပ်ပြီး အတိုက်ခံရသည့်အတွက် မြန်မာတို့သည် နောက်ဆုတ်လာခဲ့ရတယ်။

မကြာခင်မှာပဲ မိုးရာသီ ရောက်လာပြီဖြစ်တယ်။

ခရီးလမ်းပန်းဆက်သွယ်ရေး ခက်ခဲလာတယ်။ ရိက္ခာပစ္စည်း ရှားပါးလာတယ်။ ဒါကြောင့် နှစ်ဘက်စစ်မျက်နှာမှာ ငြိမ်သက်နေတယ်။ အာသံစစ်မျက်နှာ၏ ပွဲဦးထွက်တိုက်ပွဲများမှာ အင်္ဂလိပ်တို့အဖို့ အကျိုးကျေးဇူး ဖြစ်ထွန်းခဲ့တယ်။ ဂိုပါရားနှင့် ဂေါဟတ္တိဒေသတစ်ဝှန်းမှာ အင်္ဂလိပ်တို့၏ ဩဇာအာဏာ အခြေစိုက်မိသည်။

ဓညဝတီစစ်မျက်နှာမှာတော့ မြန်မာတို့သည် အောင်ပွဲခံနေတယ်။

နန်းစံကြသူများ

www.foreverspace.com.mm

အဓိကကတော့ ပန်းဝါစစ်မျက်နှာမှာပေါ့။ ပန်းဝါမှာ တပ်စွဲထားသည့် ဗိုလ်ကြီးနော်တင်ဦးစီးသည့်တပ်ကို မြန်မာတို့က ဝင်တိုက်တယ်။ တပ်လုံး ပြုတ် နီးပါးမျှ ဖြစ်သွားတယ်။ ဒါကြောင့် အင်္ဂလိပ်တို့ဟာ ထိတ်လန့်တကြား ဖြစ်သွားတယ်။

ဒါကြောင့် အာသံပြည် ဆီလ်ဟက်မှာရှိသည့် အင်္ဂလိပ်တပ်များဟာ တောင်ဘက်သို့ ဆင်းလာရသည်အထိ လှုပ်ရှားသွားတယ်။ အင်္ဂလိပ်တို့ သည် မြန်မာတပ်သားများအား ကြောက်မက်ဖွယ်ကောင်းသူများ အသွင်ဖြင့် မြင်သွား ကြတယ်။ သည်တုန်းက မြန်မာတပ်အားလုံးဟာ ကြံ့ကြံ့ခိုင်သည့် စိတ်ဓာတ် ထားရှိနေကြတယ်။ အဆင့်ဆင့်ချီတက် တပ်စွဲလေ့ရှိသည့် စစ်ဆင်ရေးဗျူဟာနှင့် တိုက်ခိုက်တယ်။

ခံတပ်စစ်ဆင်ရေးပေ့ါ။ မြန်မာတို့သည် ပင်ကိုယ်အားဖြင့် စိတ်ကူး ကောင်းသူများ ဖြစ်တယ်။ ဒါကြောင့် မယိမ်းမယိုင်သည့် စိတ်ဓာတ်၊ ရဲရင့်သည့် သူရသတ္တိများဖြင့် ရင်ဆိုင်လေ့ရှိတယ်။

ပန်းဝါသို့ ပြန်လည်ရောက်ရှိလာသည့် အင်္ဂလိပ်တပ်သည် စစ် တကောင်းမှ စစ်ကူကို မျှော်လင့်နေ၏။ ဒါကြောင့် တပ်ကိုအင်အား ဖြည့် တင်းနေတယ်။ မကြာခင် နံနက်ခင်းတစ်ခုမှာ မြန်မာတပ်များသည် ဂေါ်တော့ပလ္လင်မှ ပန်းဝါသို့ ချီတက်သွားတယ်။ အဲဒီတပ်များဟာ ပန်းဝါ၏ အရှေ့ဘက်တောင်ကုန်းများ ကို သိမ်းပိုက်လိုက်တယ်။ နောက်တစ်ရက်မှာ မြန်မာတို့သည် မြစ်ကိုဖြတ်ကူးဖို့ ကြိုးစားတယ်။

မရဘူး။ အင်္ဂလိပ်တို့သည် ခြောက်ပေါင်ဒါ အမြောက်နှစ်လက်ဖြင့် လှမ်းပစ်နေတယ်။ ဒါကြောင့် နောက်တစ်ရက်မှပဲ အင်္ဂလိပ်တပ်၏ အထက် ဘက်မှ ဖြတ်ကူးခဲ့သည်။ အင်္ဂလိပ်တပ်အား ဝိုင်းရံထားသည့် ကန်ပေါင်ရိုး ပေါ်မှ ဝိုင်းဝန်း ပစ်ခတ်ကြသည်။ အင်္ဂလိပ်တပ်ကို အုပ်ချုပ်ထားသည့် ဗိုလ်ကြီးနော်တင်သည် သူ၏တပ်ကို ကန်ပေါင်ရိုးနောက်ဘက်သို့ ပြောင်းရွှေ့ လိုက်တယ်။

အဲဒီမှာ သူ၏စောင့်ကင်းတပ်စု ရှိတယ်။

www.foreverspace.com.mm



အရှေ့အရပ် မျက်နှာစာဘက်မှာ ပန်းဝါမြစ်ရှိတယ်။

အရှေ့ဘက် ကန်ရိုးတစ်လျှောက်မှာ စစ်ဗာရီတပ်ခွဲအား ခြောက်ပေါင်ဒါ အမြောက်နှင့် နေရာယူထားစေတယ်။ ဒါပေမယ့် မရဘူး။ သည်တုန်းက မြန်မာတို့သည် ဘီလူးသဘက်လို ရဲရင့်ကြမ်းတမ်းကြတယ်။ ဘာဆိုဘာကိုမှ ထီမထင်ဘူး။ ဒါပဲပေါ့ . . . မြန်မာတို့ရဲ့သွေး၊ ပြည်ချစ်တဲ့ အမျိုးကို ပြသခွင့်ကလည်း ကြုံနေပြီမဟုတ်လား။

နောက်ဆုံးမှာတော့ မြန်မာတို့သည် အင်္ဂလိပ်တပ်စခန်းရဲ့ရှေ့နားသို့ ရောက်နေချေပြီ။

အဲဒီနေ့တစ်နေ့လုံး ပစ်ခတ်တိုက်ခိုက်နေကြတယ်။ ဒါပေမယ့် ထူးခြားမလာဘူး။ ဒါပေမယ့် အင်္ဂလိပ်တို့ဘက်မှ အမြောက်တပ်သားများသည် အမြောက်စခန်းကို စွန့်ခွာသွားကြပြီဖြစ်တယ်။ သည့်အတွက် အမြောက်တပ်မှူးများမှာ မည်သို့မျှ မတတ်စွမ်းနိုင်အောင် ရှိတော့တယ်။ သည်အချိန်ဟာ ကျဉ်းထဲကျပ်ထဲ ရောက်နေသည့်အချိန်ပဲ။ နောက်ထပ် စစ်ကူမလာရောက်ပါမူ အင်္ဂလိပ်တို့ ဆုတ်ခွာဖို့ သေချာနေပြီပေါ့။

မြန်မာတို့သည် အင်္ဂလိပ်တပ်ဆီသို့ ပြင်းပြင်းထန်ထန် ချေမှုန်းပစ်ခတ်နေသည်။

မကြာခင်မှာ အင်္ဂလိပ်တပ်များသည် ကန်ပေါင်ရိုးခံစစ်ကြောင်းကို စွန့်ခွာ ထွက်ပြေးကြတယ်။ မြန်မာတို့လည်း ချက်ချင်းပင် နေရာတက်ယူလိုက်တယ်။ အခြေအနေမှာ ခုခံတားဆီးဖို့ မတတ်နိုင်တော့ဘူး။ ဒါကြောင့် ဗိုလ်ကြီးနော်တင်သည် ဆုတ်ခွာရန် အမိန့်ပေးလိုက်ရတော့တယ်။

အင်္ဂလိပ်တပ်များ ဆုတ်ခွာနေတုန်း မြန်မာတို့၏ မြင်းတပ်ဖွဲ့တစ်ဖွဲ့ဟာ တရကြမ်းရောက်လာတယ်။ စစ်သွေးစစ်မာန်များနှင့် ပြည့်ဝနေသည့် မြန်မာတို့သည် စစ်ကြွေးကြော်သံများ ဟစ်အော်ပြီး ရဲဝံ့စွာ ဝင်ရောက်ထိုးခုတ်ကြတယ်။ အင်္ဂလိပ်တပ်သည် ထိန်းသိမ်းလို့မရလောက်အောင် အတင်း ဆုတ်ခွာသွားကြတယ်။ ကြီးကျယ်သော ကစဉ့်ကလျားနှင့် တပ်ပျက်သွားကြရတာပဲ။

နန်းစံကြသူများ

www.foreverspace.com.mm

သည်တိုက်ပွဲမှာ အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ကြီးနော်တင်၊ ဗိုလ်ကြီးထရူးမင်း၊ ဗိုလ်ကြီးပရင့်ဂလေး၊ ဗိုလ်ဂရစ်၊ ဗိုလ်နက်၊ လက်ထောက်ဆရာဝန် မေစမိုးတို့ ကျဆုံးသွားတယ်။ ဗိုလ်စကော့နှင့် ကင်းဘဲလ်တို့မှာ ဒဏ်ရာရရှိသွားသည်။

သေနတ် ငါးရာကျော်၊ ၆ ပေါင်ဒါအမြောက်နှစ်လက်၊ သဘော်၊ မြင်း အစီး ၂၀၊ ဆင် ၅ စီး ရလိုက်တယ်။ အဲဒီတိုက်ပွဲမှ ဦးဆောင်သည့် အတွင်းဝန်မင်းကြီး မဟာသီဟသူရဟာ တခြားသူမဟုတ်ဘူး။ မြဝတီမင်းကြီးဦးစ ဖြစ်တယ်။ သူဟာ နှလုံးရည်မှာ တော်သလို လက်ရုံးရည်မှာလည်း ကျော်ကြားသူတစ်ဦးဖြစ်တယ်။

သည်တုန်းက သာယာဝတီမင်းသားဟာ နောင်တော်ဘကြီးတော်မင်း၏ အမိန့်တော်ကြောင့် သာယာဝတီမြို့မှာ အခိုင်အလုံ အစည်းအကြပ်နေတယ်။ ပြီးတော့ ၁၁၈၆ ခု တန်ဆောင်မုန်းလဆန်းငါးရက်နေ့မှာ ဟံသာဝတီကြောင်း ချီတက်တယ်။

ခနုဖြူစံအိမ်မှာ စံနေတုန်းပဲ သာယာဝတီမင်းသားအဖို့ သတင်းစကားတစ်ခုဟာ ကြားသိလာတယ်။ မမြကြေုပ်ရဲ့ တင့်တယ်လှပသည့် သတင်းစကားပေပဲ။ သည်တုန်းက မမြကြေုပ်သည် ဟင်္သာတမြို့၏တောင်ဘက် ကင်းရွာမှာ နေတယ်။ သူ့ရဲ့ဂုဏ်သတင်းဟာ ပျံ့မွှေးနေတယ်။ ဒါကို သာယာဝတီမင်းသားက လိုချင်လာတယ်။ ဇနီးမယားအဖြစ် သိမ်းပိုက်လိုတယ်။

မဆန်းပါဘူး . . . သက်ဦးဆံပိုင်ခေတ်ကာလရဲ့ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။

မင်းညီမင်းသားဆိုတာကလည်း နိုင်ငံတော်မှာ အာဏာရှိသည့်လူတန်းစားပဲ။ ရွှေမြို့တော်မှာတင်မကဘူး သူသွားလေရာမှာ လုပ်ချင်ရာလုပ်လို့ရတယ်။ ရောက်လေရာအရပ်ရပ်မှာ အိမ်ထောင်ကျနိုင်တယ်ပေါ့။ သူတို့နှစ်သက်ရာကို ကောက်ယူသည့်အလေ့အထမှာလည်း အစဉ်အလာလိုဖြစ်နေတယ်။

www.foreverspace.com.mm

သည်လို ကာမဂုဏ်မွေ့တတ်လို့လည်း ရွှေနန်းတော်အတွင်းရေးမှုး ဟာ ရှုပ်ထွေးစေတယ်။ အဲဒီကိစ္စရပ်တွေဟာ သူတို့ရဲ့ အလေ့အထတစ်ခုပဲ။ အဲဒီ အလေ့အထကြောင့် လူမှုရေးဆိုးရွှံးနစ်နာမှုများ ဖြစ်ပေးစေခဲ့တယ်။

သူတို့ဟာ သာကီဝင်အနွယ်တော်များဆိုပြီး မာန်ဝံ့ကြွားခဲ့ကြတယ်။ ဘုရင်မင်းတရားကြီးတင်မကဘူး မင်းညီမင်းသားဆွေတော်မျိုးတော်များ ကလည်း သည်အတိုင်းပဲ။ မော်မော်မားမားပဲ။ ဒါကို ပြည်သူပြည်သား တွေက ရိုကျိုးဝပ်တွားခဲ့ရတယ်။ မရိုသေလို့ကလည်း မဖြစ်ဘူး . . . သူတို့အားလုံးဟာ ဓားတစ်ချောင်းပိုင်သည့် လူတွေမဟုတ်လား။

ခုလည်း ကြည့်လေ . . . ပဒေသရာဇ်ရဲ့ကျေးကျွန် မမြကြုပ်အဖို့ ဘုမသိဘမသိနှင့် တော်ကောက်ခြင်းခံနေရပြီ။ သူ့အဖို့မှာ ခံမင်း၏သမီး တစ်ယောက်အနေနှင့် ထိုက်သင့်သည့်နေရာရပြီး ဖြစ်တယ်။ သင့်တင်မျှတ စွာ နေထိုင်ရတယ်။ အပျိုအရွယ်ဖြစ်နေပြီမို့လည်း အချစ်ရေးအိမ်ထောင်ရေး ကိစ္စကိုလည်း ရင်ဖိုမိတယ်။

မေတ္တာအရင်းမခံဘဲ ပြုရမယ့် အိမ်ထောင်ရေးကိစ္စကို ဝန်လေးတယ်။ ဘယ်အထိမြင့်မားသည့်စည်းစိမ်ဖြစ်ပါစေ မလိုချင်ပါဘူး။ မင်းညီမင်းသား၏ မယားဖြစ်ရမှာဆိုတော့ အခြေမြင့်သည်ကား မှန်တယ်။ တပ်မက်ဖွယ် ကောင်းတာပေါ့။ ဒါပေမယ့် လူ့ဘဝရဲ့ တစ်ခါသာဖူး။ တစ်ခါသာ ပွင့်ရသည် အချစ်ရေးကို မင်းမိန့်အာဏာအောက် အရောက်သက်ရမှာကိုတော့ ဝန်လေး သလိုပဲ။

ဝန်လေးတာထက် ယူကျုံးမရမှုပိုတယ် ဆိုရမှာပေါ့။

ဘာပဲဖြစ်ဖြစ်ပေါ့ . . . မင်းအမိန့်ဟာ တစ်ခုတည်းသော အာဏာမို့ မမြကြုပ်အဖို့ သာယာဝတီမင်းသားရဲ့ဇနီးမယား ဖြစ်ခဲ့ရတယ်။ သာယာဝတီ မင်းသားအဖို့ ဇနီးမယား များပြားလှတယ်။ ဒါပေမယ့် မမြကြုပ်အပေါ် အချစ်ပိုခဲ့ဟန်ရှိရဲ့။ ကောက်ယူစကပဲ ရွှေလောင်းတိုက်ကို အပိုင်စား ချီးမြှင့် ခဲ့တယ်။

သည်တုန်းက မြန်မာတို့သည် ရမ်ဂပူမြို့မှာတပ်စွဲထားသည်။

နန်းစံကြသူများ

www.foreverspace.com.mm

ဂေါရီစဂါးဒေသမှာတော့ အင်္ဂလိပ်တပ်ဌာနချုပ်စခန်း ဖွင့်လိုက်တယ်။ မြန်မာတပ်စွဲထားသည့် ရမ်ဂပူမြို့မှဆိုလျှင် ရှစ်မိုင်မျှပဲ ကွာဝေးတယ်။ မြန်မာတို့သည် နမ်ဒေါင်းချောင်း၏တံတားမှာ အစောင့်ချထားသည့် အင်္ဂလိပ်စစ်သားများကို ဝင်ရောက်တိုက်ခိုက်တယ်။ ဒါကို အင်္ဂလိပ်က ပြန်ပြီး လက်စားချေသည့်အနေနှင့် ရမ်ဂပူမြို့ကို သိမ်းယူရန် ချီတက်တယ်။

ရမ်ဂပူမြို့သို့သွားရာ လမ်းဆုံမှာ မြန်မာတပ်စခန်းတစ်ခု ရှိတယ်။

အင်္ဂလိပ်တို့သည် ရှေ့ပြေးကင်းတပ်ဖြင့် အဆိုပါတပ်စခန်းကို ဝင်ရောက် တိုက်ခိုက်သည်။ ဒါကို မြန်မာတို့က ဆီးကြိုပြီး ပြန်လှန်ပစ်ခတ်တယ်။ အမြောက်များနဲ့ ထုတယ်။ အင်္ဂလိပ်ရှေ့ပြေးကင်းတပ်လည်း ခံတပ်၏လက်ဝဲ လက်ယာဘက်မှာရှိတဲ့ တောထဲသို့ ဆုတ်ခွာရသည်။

အင်္ဂလိပ်တို့လည်း ဟောင်ဝစ်ဇာအမြောက်များဖြင့် မြန်မာ့ခံတပ်ကို ပြန်လှန်ပစ်တယ်။ အဲဒီတိုက်ပွဲမှာ နှစ်ဦးနှစ်ဘက်စလုံး ပြင်းထန်စွာ တိုက်ကြတယ်။ နှစ်ဘက်စလုံး အကျအဆုံးများ ရှိကြတယ်။ မြန်မာတို့သည် တစ်ညလုံးလုံးပဲ အမြောက်နဲ့ပစ်ခတ်နေတယ်။ ဒါပေမယ့် အင်္ဂလိပ်စစ်တပ်ကို မထိဘူး။ မရောက်ဘူးပေါ့။ မနက်မိုးလင်းကျမှပဲ ရပ်နားသွားတယ်။

နောက်တစ်ရက်မှာ ရမ်ဂပူရှိ မြန်မာတပ်စခန်းမှ အလံဖြူပြတယ်။

တိုက်ပွဲ ခေတ္တနားခြင်းပေါ့။ အလံဖြူကိုင်ဆောင်လာသည့် မြန်မာသံတမန်တစ်ဦးသည် စစ်ပြေငြိမ်းရန်အတွက် စကားကမ်းလှမ်းလာတယ်။ အကြောင်းကတော့ အာသံနှင့် မဏိပူရတစ်ခွင်ရှိ မြန်မာတပ်များအားလုံး နေပြည်တော်သို့ ပြန်လည်ဆုတ်ခွာခဲ့ရမည်ဆိုသည့် ဘုရင်အမိန့်တော်အရ ဖြစ်တယ်။ ဒါကြောင့် တပ်များပြန်လည် စုရုံးရေး၊ အနှောင့်အယှက်မရှိ ပြန်လည်ထွက်ခွာနိုင်ရေးတို့အတွက် စစ်ပြေငြိမ်းရေးကို တောင်းဆိုတာဖြစ်တယ်။

အင်္ဂလိပ်တို့ကလည်း ကောင်းစွာ လက်ခံလိုက်သည်။

နောက်ရက်အနည်းငယ်မှာပဲ မြန်မာတပ်များသည် ရမ်ဂပူမှ နေပြည်တော်သို့ ဆုတ်ခွာသွားကြသည်။ အဲဒီအချိန်မှာ အင်္ဂလိပ်တို့သည် အောက်

www.foreverspace.com.mm



မြန်မာနိုင်ငံကို သိမ်းယူနေပြီ။ မာန်အောင်ကျွန်း၊ မော်တင်ကျွန်း၊ ဟိုင်းကြီးကျွန်းများကိုပေါ့။

၁၈၂၄ ခု မေလ ၁၀ ရက်နေ့မှာ ရန်ကုန်မြို့ကို အင်္ဂလိပ်စစ်တပ် သိမ်းယူတယ်။ ဦးစီးတဲ့သူကတော့ ဂျင်နရယ်ဆာအာချီဘော်ကင်းဘဲလ် ဖြစ်တယ်။ သူတို့သည် ရေကြောင်းမှလှည့်ပြီး ရန်ကုန်ကို ဝင်ရောက် သိမ်းပိုက်ဖို့ စီစဉ်နေကြပြီ။

သည်အကြံကို ဗိုလ်မှူးမင်းကြီး သတိုးမဟာဗန္ဓုလက တွေးဆပြီး သား။ ဒါကြောင့် တပ်ကျွံအောင် လိုက်လံတိုက်ခိုက်ခြင်း မပြုဘူး။ တပ်မကြီး ကို ထိန်းထားတယ်။ မြန်မာတပ်များသည် ဧညဝတီမှာ တပ်စွဲရင်းနှင့် အနားယူနေတယ်။ ဒါကို ဆာအာချီဘော်ကင်းဘဲလ်ကြီးမှူးသည့် အင်္ဂလိပ် ရေကြောင်းချီတပ်များသည် ရန်ကုန်မြို့ကို လုပ်ကြံဖို့ ပြင်ဆင်နေလေရဲ့။

သူတို့သည် စစ်ကြောင်းသုံးကြောင်းခွဲပြီး ချီတက်လာတာဖြစ်သည်။ ရန်ကုန်စစ်ကြောင်းကို ဗိုလ်ချုပ်ကင်းဘဲက ဦးစီးတယ်။ မာန်အောင်ကျွန်းကို ဗိုလ်မှူးချုပ်မက်ကရာက ဦးစီးတယ်။ ဟိုင်းကြီးကျွန်းစစ်ကြောင်းကို ဗိုလ်မှူး လာဟစ်က ဦးဆောင်တယ်။

အင်္ဂလိပ်ရေတပ်စုသည် ရန်ကုန်မြစ်ကြောင်းအတိုင်း ဆန်တက်ချည်း ကပ်လာခဲ့သည်။ ဒါကို မြန်မာအမြောက်စခန်းက စတင်ပစ်ခတ်သည်။ အင်္ဂလိပ်စစ်သင်္ဘော လစ်ဖီကလည်း ပြန်လည်ပစ်ခတ်သည်။ သည်တုန်းက ရန်ကုန်မြို့မှာ မြို့စောင့်တပ်လောက်ပဲရှိတယ်။

ရန်ကုန်မြို့၏အနေအထားမှာ လှိုင်မြစ်၏ အနောက်မြောက်ဘက်မှာ ရှိတယ်။ မြို့၏မြောက်ဘက်မှ ပုဇွန်တောင်ချောင်းက ပတ်စီးဆင်းလာတယ်။ အရှေ့မြောက်ဘက်မှ ပဲခူးမြစ် စီးဆင်းလာပြီး ရန်ကုန်မြစ်ဟာ တောင်ဘက် မှာ အတားအဆီးသဖွယ် ရှိနေတယ်။ ဒါပေမယ့်မြို့၏ ဆင်ခြေဖုံးဒေသ များမှာ အကာအကွယ်ပြုလုပ်မထားဘူး။ မြို့ပတ်လည်မှာတော့ အမြင့် ဆယ်ပေ ဆယ့်နှစ်ပေအထိ မြင့်မားသည့် သစ်တပ်ဖြင့် ကာရံထားသည်။

အဲဒီ သစ်တပ်မြို့ရိုး၏မြောက်ဘက်မှာ တံခါးပေါက်နှစ်ခု ထားရှိ သည်။ ကျန်သုံးဘက်မှာတော့ တံခါးပေါက်တစ်ခုစီပဲ ရှိတယ်။ သည်အချိန်

နန်းစံကြသူများ

www.foreverspace.com.mm

မှာ ရန်ကုန်မြို့မှာ ဟံသာဝတီမြို့ဝန်မင်း မရှိဘူး။ နေပြည်တော်သို့ ခေါ်ခြင်း ခံထားရတယ်။ နောက်ထပ်မြို့ဝန်မင်းအသစ်လည်း မရောက်သေးဘူး။ ဒါကြောင့် ရေဝန်က ခေတ္တ အုပ်ချုပ်နေရချိန်ဖြစ်တယ်။

ရေဝန်မင်းကြီးအဖို့ အကျဉ်းအကျပ်တွေ့ရှိနေချိန်ဖြစ်တယ်။

သူဟာ ရနိုင်သမျှသော မြို့စောင့်တပ်သားများနှင့် ခုခံနေသေးတယ်... မရဘူး။ အင်အားချင်းကလည်း မမျှဘူး။ တင်ကြိုပြင်ဆင်မှုလည်း မရှိခဲ့ ဘူး။ ဒါကြောင့် နောက်ဆုတ်ခွာပေးနေရတယ်၊ အင်္ဂလိပ်တပ်များသည် မြို့တွင်းအထိ ဆက်လက်ချီတက်လာတယ်။ သည့်နောက် ရွှေတိဂုံကုန်းတော်ကို သိမ်းပိုက်ထားတယ်။ အဲဒီနေရာဟာ စစ်ဆင်မှုအချက်အချာ အကောင်းဆုံးနေရာပဲ။

ခုဆိုရင် နေပြည်တော်က မြန်မာတပ်များသည် ရန်ကုန်သို့ စုန်ဆင်းလာနေပြီဖြစ်တယ်။ သတိုးမဟာသေနာပတိဦးစီးသည့် တပ်များသည် ရန်ကုန်ကို အင်္ဂလိပ်တပ်များသိမ်းယူသည့် မေလ ၁၁ ရက်နေ့အထိ ရောက်မလာကြသေးဘူး။ သည်တော့ ရေဝန်မင်းကြီးမှာ ဖြစ်သလိုနှင့် ရင်ဆိုင်နေရရှာတယ်။

ရွှေတိဂုံကုန်းတော်ကို သိမ်းယူသွားပေမယ့် မြန်မာတို့သည် အားမလျှော့ပေးဘူး။

လှိုင်မြစ်ဝအထက်ပိုင်းမှာ စစ်လှေကြီးများ စုဆောင်းနေတယ်။ မီးဖောင်များ ဆောက်လုပ်နေတယ်။ ဒါကို အင်္ဂလိပ်တို့က သတင်းရသွားတယ်။ သူတို့သည် သတင်းထောက်လှမ်းခဲ့သည်။ တပ်သားပေါင်းလေးဆယ်နှင့် မြစ်အထက်ပိုင်းဆီကို ဆန်တက်ခဲ့တယ်။ လမ်းခရီးမှာရှိသည့် ရွာများမှ အနှောင့်အယှက်ပေးသည်။ မားစကကက်သေနတ်များဖြင့် ပစ်ခတ်ခြင်းခံခဲ့ရတယ်။ အသွားရော အပြန်မှာရော ခံရတာပဲ။

ကြည့်မြင်တိုင်ဘက်မှာလည်း ကျပ်အတည်းတွေ့မည်ကို သိကြတယ်။ ဒါကြောင့် ခံတပ်မပြီးခင်မှာ သွားရောက်တိုက်ခိုက်ဖို့ လှေလေးစင်းနှင့် ချီတက်သွားကြတယ်။

www.foreverspace.com.mm

မြန်မာတို့၏ခံတပ်အနီးတစ်ဝိုက်မှာ ဆူးငြောင့်ခလုတ်များ ပြုလုပ်ထားတယ်။

သည်အတွက် အင်္ဂလိပ်တို့များစွာ အခက်အခဲဖြစ်ကြရတယ်။ အနီးကပ် တိုက်ပွဲဖြစ်တယ်။ အင်္ဂလိပ်တို့သည် လှံစွပ်များတပ်ပြီး အတင်းဝင်ရောက် တိုက်ခိုက်တယ်။ မြန်မာတို့ကလည်း မားစကက်သေနတ်များ၊ လှံများဖြင့် ရဲရင့်စွာ ဆီးကြိုခုခံတိုက်ခိုက်တယ်။ မြန်မာတို့သည် သတ္တိမနည်းကြောင်း၊ ရဲရဲရင့်ရင့်နှင့် ခုခံတိုက်ခိုက်ကြောင်းများကို အင်္ဂလိပ်များ သိရှိသွားကြတယ်။

သည် ကြည့်မြင်တိုင်ခံတပ်တိုက်ပွဲဟာ ပထမဆုံးတိုက်ပွဲ ဖြစ်တယ်။

အင်္ဂလိပ်စစ်တပ် သွေးတိုးလာစမ်းသည့်ပွဲပဲ။ သည်အချိန်မှာ ဓနုဖြူတွင် တပ်စွဲထားသော သာယာဝတီမင်းသား၏ တပ်များသည် သာယာဝတီမြို့သို့ ရွှေ့ပြောင်းတပ်စွဲထားလိုက်တယ်။ မမြကြုပ်တို့သားအမိလည်း ရတနာပူရ အင်းဝမြို့တော်သို့ လိုက်ပါသွားရတယ်။

ကျီဝန်ကြီးနှင့် စကြာဝန်ကြီးတို့သည် ကြည့်မြင်တိုင်ရှိတပ်မားကို ကွပ်ကဲ အုပ်ချုပ်တယ်။ ပုဇွန်တောင်၊ တာမွေ၊ ကံဘဲ့အစရှိသည့် အရပ်များမှာ ရေဝန်နှင့် တပ်မှူးများက အုပ်ချုပ်တယ်။ အရံတပ်များအဖြစ် တပ်စွဲရပ်နေတယ်။ မြန်မာတပ်သားများသည် မီးကုန်ယမ်းကုန် တိုက်ခိုက်ဖို့ ဆုံးဖြတ်ထားတယ်။ လမ်းမများနှင့် လူသွားလမ်းများမှာပင် ကတုတ်ကျင်းများ ဆောက်လုပ်နေတယ်။

အင်္ဂလိပ်စောင့်ကင်းများကိုလည်း ညအချိန်များတွင် သွားရောက်ချောင်းမြောင်းပစ်ခတ်နေတယ်။ အင်္ဂလိပ်တပ်များသည် ကြည့်မြင်တိုင်ခံတပ်ကို သိမ်းယူဖို့ ကြိုးစားနေသည်။ အနားရောက်သည်နှင့် ခံတပ်တွင်းရှိ မြန်မာတို့က ပြင်းပြင်းထန်ထန် ဆီးကြိုပစ်တယ်။ သည်ပွဲမှာ အင်္ဂလိပ်တို့ အတော်နာတယ်။ မြစ်အတွင်းမှာရှိသည့် အင်္ဂလိပ်သင်္ဘောမှ ပစ်လွှတ်လိုက်သည့်ကျည်ဆန်များသည် အင်္ဂလိပ်တပ်များရှိရာသို့ နေရာမှားပြီး ကျရောက်တယ်။ သည်တော့ ကြည်းကြောင်းမှာ တိုက်နေရတုန်း အင်္ဂလိပ်တို့မှာ နှစ်ဘက်ညှပ်ပြီး အတိုက်ခံနေရသလို ဖြစ်နေတယ်။

www.foreverspace.com.mm

နန်းစံကြသူများ

မြန်မာတို့ကလည်း သဲသဲမဲမဲတိုက်သည့်အတွက် အင်္ဂလိပ်တပ်များဟာ အကျအဆုံးများစွာဖြင့် ဆုတ်ခွာသွားရတယ်။

နောက်ရက်အနည်းငယ်မှာပဲ စစ်ရပ်ဆိုင်းဖို့အတွက် မြန်မာတို့က စကား ကမ်းလှမ်းတယ်။

ပုသိမ်မြို့ဝန် နေမျိုးမဟာကျော်စွာ၊ တရုတ်စာရေး နေမျိုးကျော်သူတို့ကို ကိုယ်စားလှယ်အဖြစ် စေလွှတ်လိုက်တယ်။ ဗိုလ်ချုပ်ကင်းဘဲနှင့် နိုင်ငံရေးအရာရှိ ဗိုလ်မှူးကန်းနင်းတို့က ကောင်းမွန်စွာ ညှိခံဆွေးနွေးတယ်။ ဒါပေမယ့် မပြေလည်ဘူး။ မြန်မာကိုယ်စားလှယ်နှစ်ဦး လာရောက် ဆွေးနွေးခြင်းမှာ မိမိတို့၏ တပ်အင်အားကို လာရောက်စုံစမ်းခြင်းဖြစ်တယ်။ ပြီးတော့ မြန်မာတပ်များ အင်အားဖြည့်တင်းဖို့ အားယူချိန်ဖြစ်တယ်လို့ အင်္ဂလိပ်တို့က ယူဆတယ်။

ဒါနဲ့ အင်္ဂလိပ်တို့သည် ကြည့်မြင်တိုင်ခံတပ်ကို ဆက်လက်တိုက်ခိုက်တယ်။

အင်္ဂလိပ်တို့သည် ခံတပ်၏နံရံအား အမြောက်ကြီးများဖြင့် ပစ်ခတ်ဖြိုခွဲတယ်။ တပ်ထဲသို့လည်း စိန်ပြောင်းကျည်များဖြင့် ပစ်သွင်းတိုက်ခိုက်လာတယ်။ နှစ်နာရီမျှကြာတယ်။ အမြောက်ကျည်ဆန်ဒဏ်ကြောင့် ခံတပ်၏နံရံတစ်နေရာမှာ ပေါက်ကွဲသွားတယ်။ သည်တွင်မှ မြန်မာတို့လည်း ကြည့်မြင်တိုင်ခံတပ်ကို စွန့်လွှတ်လိုက်ရတော့တယ်။

အတွင်းတော်ကလည်း အမိန့်တော်များ ပေးပို့နေတယ်။

အင်္ဂလိပ်တို့ကို အပြတ်အသတ် တိုက်ခိုက်ချေမှုန်းဖို့ပဲ။ ကြည့်မြင်တိုင်ခံတပ်ကျဆုံးမှုကို ဘကြီးတော်မင်း သိသွားခဲ့တယ်။ ဒါကြောင့် သာယာဝတီစစ်ကြောင်းမှာ အုပ်ချုပ်ကွပ်ကဲရန် သုံးပါးဝန်ကြီးကို စေလွှတ်လိုက်တယ်။ အာဏာအပြည့်အဝပေးပြီး လွှတ်လိုက်တာပဲ။

သုံးပါးဝန်လည်း ရန်ကုန်ရောက်သည်နှင့် ကျီဝန်ကြီး၊ စကြာဝန်ကြီးတို့နှင့် တိုင်ပင်တယ်။ တပ်မကို ရန်ကုန်မြို့၏အနောက်မြောက် ကမာရွတ်ခံတပ်မှာ ရပ်တည်နေတယ်။ အဲဒီကနေပြီး ရွှေတိဂုံကုန်းပေါ်မှာ တပ်စွဲနေတဲ့ အင်္ဂလိပ်တို့ကို တိုက်ခိုက်ဖို့ ကြိုးပမ်းတယ်။

www.foreverspace.com.mm



ရက်အနည်းငယ်အတွင်းမှာပဲ မြန်မာတပ်များသည် အင်္ဂလိပ်တပ်များဆီသို့ စတင်ချီတက်နေတယ်။ စစ်ကြောင်းသည် ကြည့်မြင်တိုင်ခံတပ်မှ ရွှေတိဂုံဘုရားအထိ တပ်ဖြန့်ထားတယ်။ အင်္ဂလိပ်တို့၏ လက်ဝဲစစ်ကြောင်း အတိုင်း ချီလာခြင်းဖြစ်တယ်။

စစ်ကြောင်းသုံးကြောင်းသည် အင်္ဂလိပ်တပ်၏ညာဘက် တောင်ပံဆီကို ဖြန့်တက်သွားတယ်။ ရွှေတိဂုံဘုရား၏ အရှေ့ဘက်ကို ချီတက်သွားပြီး ပုဇွန်တောင်၏အထက်ဘက်မှာ တပ်ဖြန့်ထားလိုက်တယ်။ သည့်နောက် မြန်မာတို့၏ လက်ဝဲစစ်ကြောင်းသည် အင်္ဂလိပ်တို့၏ ကြည့်ကင်းစခန်းကို ဝင်ရောက်တိုက်ခိုက်တယ်။ ပြီးမှ ကင်းစခန်းအနီးမှာရှိသည့် တောင်ကုန်းငယ်ကို သိမ်းပိုက်ထားလိုက်တယ်။

မြန်မာတို့၏ အစီအစဉ်ဟာ ရှင်းတယ်။

အင်္ဂလိပ်စစ်ကြောင်းရှေ့မှာရှိသည့် ကြည့်ကင်းစခန်းနှစ်ခုကို တိုက်ခိုက်သိမ်းယူမယ်။ ပြီးမှ ဗဟိုစစ်ကြောင်းကို ဝင်တိုက်မည်။ တစ်ဆက်တည်းပဲ လက်ယာဘက်စစ်ကြောင်းဟာ အင်္ဂလိပ်တို့၏ လက်ဝဲစစ်ကြောင်းကို ထိုးဖောက်ပြီး ဗဟိုစစ်ကြောင်း၏နောက်ဘက်မှ ပန်းဝိုက်တိုက်ဖို့ပဲ။ ဒါပေမယ့် အစီအစဉ်အတိုင်း ဖြစ်မလာဘူး။

တောင်ကုန်းမှာ နေရာယူထားသည့် မြန်မာတပ်ကို အင်္ဂလိပ်က ဟောင်ဝစ်ဇာအမြောက်များနှင့် အတင်းပစ်ခတ်နေတယ်။ ဒါကြောင့် မြန်မာတပ်ဦးလည်း အနောက်ဘက်ကို ဆုတ်ခဲ့ရတယ်။ အနောက်ဘက်မှာရှိတဲ့ သစ်တောတွင်းများကိုပေါ့။ အဲဒီတပ်ဦးက အချက်ပြအလံကိုစောင့်နေသည့် လက်ယာစစ်ကြောင်းလည်း တပ်ဦးနောက်ဆုတ်သွားကြောင်း မြင်တယ်။ ဒါနဲ့ သူတို့လည်း နောက်ဆုတ်သွားကြတယ်၊ အဲဒီတိုက်ပွဲဟာ မြန်မာတို့ အကြံအစည်ပျက်ပြီး နောက်ဆုတ်ခဲ့ရသည့် တိုက်ပွဲပဲဖြစ်တယ်။

ရွှေတိဂုံဘုရားမှာ တပ်စွဲထားသည့် အင်္ဂလိပ်တို့သည် မြောက်အရပ်သို့ ချီတက်သွားကြတယ်။ ဗိုလ်ချုပ်မက်ဆင်း ဦးစီးတာပဲ။ ကမာရွတ်ခံတပ်ဆီကို ချီတက်ခြင်းဖြစ်တယ်။ ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြတယ်။ ကမာရွတ်ခံတပ်ကို ဦးစီးသည့် သုံးပါးဝန်ကြီးလည်း ကြံ့ကြံ့ခံတိုက်ခိုက်

www.foreverspace.com.mm

တယ်။ မြန်မာတို့သည် ခံတပ်မကြီး၏ အတွင်းခံကတုတ်များကနေပြီး အမြောက်စိန်ပြောင်းများဖြင့် ပြင်းပြင်းထန်ထန် ခုခံတယ်။

နှစ်ဘက်တပ်များ အရောရော အထွေးထွေးဖြစ်ကုန်တယ်။ လက်တစ်ကမ်းတိုက်ပွဲများ ဖြစ်နေတယ်။ အဲဒီတိုက်ပွဲမှာ သုံးပါးဝန်ကြီးနှင့် ဝန်ထောက်မင်းကြီး နော်ရထာတို့ ကျဆုံးတယ်။ ဒါကြောင့် မြန်မာတပ်များ ရွှေ့ပေးလိုက်ရတယ်။ မြန်မာတို့ ရှုံးပေမယ့် ဂုဏ်မငယ်ခဲ့ဘူး။ မြန်မာတို့ဟာ ရဲရင့်စွာဖြင့် တိုက်ခိုက်ခဲ့ကြတယ်။

ဘကြီးတော်မင်းလည်း သုံးပါးဝန်ကြီး ကျဆုံးကြောင်း ကြားသိတော်မူတယ်။ ညီတော်သာယာဝတီမင်းသားကို ဗိုလ်ချုပ်ခန့်လိုက်တယ်။ သာယာဝတီမင်းသားလည်း ဓနုဖြူအရောက် ချီတက်တပ်စွဲနေတယ်။ ရခိုင်စစ်မျက်နှာမှာရှိနေသည့် စစ်သူကြီး သတိုးမင်းကြီးမဟာဗန္ဓုလလည်း ရန်ကုန်သို့ အပြင်းချီလာတယ်။

သည်တုန်းက သူ့အသွင်ဟာ တည်တည်ငြိမ်ငြိမ်ပဲ ရှိနေတယ်။

သေးငယ်တဲ့ အမှုကိစ္စဖြစ်ပါစေ သူ့စိတ်ကို တည်ငြိမ်စွာထားပြီး လုပ်တတ်တယ်။ အခုအရေးဟာ တစ်ကိုယ်တော်အရေး မဟုတ်ဘူး။ နိုင်ငံတော်အရေးပဲ။ သည်အရေးမှာ နိုင်ငံတော်ရဲ့ သွေးသားသဖွယ်ဖြစ်နေသည့် လူအားလုံးမှာ တာဝန်ရှိတယ်။

တစ်ကျွန်းသားအင်္ဂလိပ်တို့သည် ရိုးသားလှသည့်လူတွေ မဟုတ်ဘူး။ နိုင်ထက်စီးနင်းနှင့် လာရောက်စော်ကားရန်စနေတာပဲ။ သည်အရေးမှာ ပေါ့ပေါ့ဆဆလုပ်ကြံခဲ့လျှင် တစ်မျိုးလုံး သူ့ကျွန်ဘဝ ရောက်ရချေတော့မည်။ သူတို့၏ ကျွန်ဖြစ်ရခြင်းထက် တိုက်ရင်းသေပါက မြတ်ပေတယ်။

အခုအရေးသည် တို့မြေကို တို့သွေးနှင့်ရင်းပြီး လဲယူရမည့်အရေးပဲ။ ဒါပဲပေါ့ . . . အမျိုးချစ်တဲ့သူတိုင်းအဖို့ အသက်ကို ဂရုပြုနေဖို့ အချိန်မရှိဘူး။ အသက်သွေးနှင့် စတေးရမှာပဲပေါ့။

မြို့လတ်မင်းကြီး အုပ်ချုပ်သည့်တပ်မှာ ပုဇွန်တောင်က လှည့်ပြီး ရန်ကုန်သို့ ချည်းကပ်ရမယ်။ မင်းတပ်မင်းခေါင် အုပ်ချုပ်သည့်တပ်မှာ မြောက်မျက်နှာ ဆံတော်ကြိုလမ်းမှ ဝင်တိုက်ရမည်။ အတွင်းဝန်ကြီး မဟာ

www.foreverspace.com.mm



မင်းလှရာဇာ၏တပ်မှာ ရွှေတိဂုံကုန်းပေါ်အရောက် ချီတက်ရမယ်။ လက်ဝဲဝင်းမှူးကြီး အုပ်ချုပ်သည့်တပ်မှာ ကြည့်မြင်တိုင်မှ ရန်ကုန်မြို့ထဲ ဝင်တိုက်ရမည်။ နောက်တပ်မကို မဟာဗန္ဓုလကိုယ်တိုင် ထိန်းသိမ်းပြီး တိုက်ခိုက်ကြတယ်။

မြန်မာတို့သည် ရွှေတိဂုံကုန်းတော်ကို အလယ်ဗဟိုထားပြီး တိုက်တယ်။ အချို့မြန်မာတပ်များသည် ဒလဘက်ကမ်းသို့ ကူးပြောင်းချီတက်တယ်။ မြစ်အတွင်းမှာရှိသည့် အင်္ဂလိပ်သင်္ဘောကြီးများကို အမြောက်ကြီးများဖြင့် လှမ်းပစ်နေတယ်။

အင်းဝမှ စစ်မြေပြင်သို့ စေလွှတ်ခဲ့သမျှ တပ်များမှာ မဟာဗန္ဓုလ၏တပ်မသည် အင်အားအကြီးမားဆုံး ဖြစ်တယ်။ အကောင်းဆုံးသောလက်နက်များ တပ်ဆင်ထားသည့်တပ် ဖြစ်သည်။ သေနတ်ကိုင်တပ်သား ၃၅,၀၀၀ ရှိတယ်။ တပ်သားအစုအဝေးအများမှာ အမြောက်ကြီးများဖြင့် တွဲဖက်ထားတယ်။

ကျန်တပ်သားများမှာ ဓားလှံများကို ကိုင်ဆွဲထားကြတယ်။ ခံတပ်ဆောက်လုပ်ရာနှင့် ကတုတ်ကျင်းများတူးဖို့ လိုအပ်သော လက်နက်ကိရိယာများ အသီးသီးပါတယ်။ အဲဒီတပ်သားမျိုးကို ဆောက်လုပ်ရေးတပ်သားလို့ ခေါ်တယ်။ သေနတ်ကိုင်တပ်သားများနှင့် တွဲဖက်ထားတယ်။

သေနတ်ကိုင်တပ်သားများက သေနတ်ဖြင့် ပစ်ခတ်ကာကွယ်ပေးနေစဉ် ဆောက်လုပ်ရေးတပ်သားများက ကတုတ်ကျင်းတူးပေးရတယ်။ ခံစစ်ပြုနေသည့် ရန်သူနေရာသို့ ချဉ်းကပ်နိုင်ရန် လမ်းထွင်ပေးရတယ်။ မြန်မာစစ်သည်များသည် တောင့်တင်းခိုင်မာသည့်သူများ ဖြစ်တယ်။ ဒါကြောင့် သူတို့၏ လှံရှည်များနှင့် ဓားလွတ်တိုများသည် အနီးကပ်တိုက်ပွဲများမှာ သေနတ်များနှင့် လှံစွပ်များကို ပိုမိုအနိုင်ရရှိကြတယ်။

အင်္ဂလိပ်စစ်သင်္ဘောများ မြစ်ကြောင်းတွင် ဆီးဆို့နေခြင်းသည် ကြီးမားသည့် အန္တရာယ်ဖြစ်ကြောင်း မဟာဗန္ဓုလက သိတယ်။ သည်တော့ တစ်နည်းတစ်ဖုံ တိုက်ခိုက်ဖို့ ကြံစည်ရပြန်တယ်၊ ရေအကျမှာ မီးဖောင်များ

www.foreverspace.com.mm

လွှတ်ခြင်းပေါ့။ ဝါးများကို ဖောင်ဖွဲ့တယ်။ ဝါးနှစ်စီး သုံးစီးကြားမှာ မြေအိုးထားတယ်။ အဲဒီမြေအိုးထဲမှာ ရေနံနှင့် ဂွမ်းစများ အပြည့်ထည့်ထားတယ်။

ယမ်းမှုန့်များကိုလည်း ဖောင်ပေါ်မှာ အနှံ့အပြားချထားတယ်။ ဖောင်များကိုကား အဆက်အတွဲများ ပြုလုပ်ကာ နဖားအရှင်ပြုလုပ်ထားတယ်။ နဖားအရှင်ပြုလုပ်ထားခြင်းဟာ အကြောင်းရှိတယ်။ ဖောင်များ သင်္ဘောနား ရောက်လျှင် အလိုအလျောက် သင်္ဘောအား ပတ်ရစ်မိအောင်လို့ ဖြစ်တယ်။

အင်္ဂလိပ်တို့ကလည်း မီးဖောင်များ၏အန္တရာယ်ကို နေ့ရောညပါ ဖယ်ရှားနေရတယ်။

အင်္ဂလိပ်တို့သည် လူအင်အားရော၊ လက်နက်အင်အားပါ သာလွန်နေတယ်။ ဒါကြောင့် ရန်ကုန်အနီးအပါးမှာ မြန်မာတပ်များ တပ်စွဲမနေနိုင်ဘူး။ မဟာဗန္ဓုလသည် ရန်ကုန်စစ်မျက်နှာတွင် ရှုံးနိမ့်နေသော သူ၏တပ်များကို ပြန်လည်စုရုံးလိုက်တယ်။

သတိုးမင်းကြီး မဟာမင်းခေါင်တပ်ကို ကျွန်းဦးသရက်တစ်ပင်မှာလည်းကောင်း၊ မဟာသီလဝ၏တပ်ကို မော်ဘီမှာလည်းကောင်း၊ တပ်စွဲရပ်ခံထားစေတယ်။ သတိုးမဟာသေနာပတိစကြာဝန်ကြီးအား ၎င်း၏ တပ်များနှင့် ပဲခူးမှာရပ်ခံနေတယ်။ မဟာဗန္ဓုလနှင့် သူ၏တပ်မကြီးကား ဓနုဖြူသို့ ဆုတ်ခွာလိုက်တယ်။ ခံတပ်ကတုတ်ကျင်းများဖြင့် အခိုင်အလုံ တပ်စွဲနေတယ်။

ဓနုဖြူ၏အထက်ဘက် မြစ်အတွင်းမှာ ကျွန်းတစ်ကျွန်းပေါ်နေတယ်။ ကျွန်း၏လက်ယာဘက်မှာ ကိုက်လေးရာခန့် အကျယ်ရှိတယ်။ လက်ဝဲဘက်မှာ ကိုက်ကိုးရာခန့်ရှိတယ်။ လက်ဝဲဘက်ရေကြောင်းမှာ မြန်မာတိုက်လှေကြီး ၁၅ စီးတို့က နေရာယူထားတယ်။ မကြာခဏ ကျွန်း၏အတွင်းဘက်ကို ကွေ့ဝင်လာတယ်။ ပြီးတော့ အင်္ဂလိပ်တပ်စခန်းသို့လှမ်းပြီး သေနတ်ဖြင့်ပစ်ခတ်သွားလေ့ရှိတယ်။

ဒါကြောင့် အင်္ဂလိပ်တို့လည်း ပိုမိုစိတ်ချရအောင် လုံခြုံအောင်ဆိုပြီး အဲဒီကျွန်းပေါ် တက်ရောက်တပ်စွဲလိုက်တယ်။ မြန်မာတို့လည်း ဝိုင်းဝန်း

www.foreverspace.com.mm

တိုက်ခိုက်တယ်။ ဒါပေမယ့် အင်္ဂလိပ်တို့က ဗုံးပုံများဖြင့် ဆီးကြိုပစ်ခတ်သဖြင့် ကျွန်းကို လက်လွှတ်လိုက်ရတယ်။

ခနေဖြူခံတပ်၏မြောက်ဘက် ကိုက်သုံးရာမှာ စေတီတစ်ဆူရှိတယ်။ အဲဒီညမှာပဲ အင်္ဂလိပ်တပ်သည် အခြေခံစခန်းယူပြီး စေတီ၏ လက်ဝဲလက်ယာမှာ ကတုတ်ကျင်းများ စတင်တူးတယ်။ နံနက်ခင်းရောက်တော့ အတော်ရှည်လျားသည့် ကတုတ်ကျင်းကို တူးပြီးတယ်။ ဘုရားစေတီကို ခြေကုပ်ယူထားခြင်းပေါ့။

ဘုရားစေတီ၏ပတ်လည်မှာ မြေမြှုပ်ဗုံးများ တူးမြှုပ်ထားတယ်။

ခံတပ်တွင်းမှာရှိနေသည့် မဟာဗန္ဓုလလည်း ခုခံရေးအတွက် စနစ်တကျ ကွပ်ကဲနေတယ်။ သူဟာ ရွှေထီးဆောင်းပြီး ခံတပ်အတွင်းမှာ လှည့်လည်နေခြင်းပဲ။ သူ့ရဲ့ ရွှေထီးအရောင်မှာ မနက်ခင်း၏ နေခြည်အောက်ဝယ် လင်းဝင်းတောက်ပနေတယ်။

အင်္ဂလိပ်တို့ဘက်မှ ရေတပ်ဖွဲ့သည် ရွက်ကုန်ဖွင့်ပြီး အထက်သို့ ဆန်တက်လာတယ်။ ခနေဖြူခံတပ်မှ မြန်မာတို့လည်း အင်္ဂလိပ်သင်္ဘောများဆီသို့ အမြောက်ကြီးများဖြင့် ဆီးကြိုပစ်ခတ်တယ်။ အဲဒီရေတပ်ကို စစ်သင်္ဘော ဒိုင်ယာနာက ဦးဆောင်ချီတက်လာတယ်။ ခနေဖြူခံတပ်နှင့် အင်္ဂလိပ်ရေတပ်ဖွဲ့များ အပြန်ပြန်အလှန်လှန် ပစ်ခတ်နေကြတယ်။ အင်္ဂလိပ်ကြည်းကြောင်းချီတက်မကလည်း မြေပြင်အဝေးပစ် အမြောက်ကြီးများ၊ စိန်ပြောင်းတပ်ဖွဲ့များကလည်း ကူညီပစ်ခတ်ပေးနေတယ်။ မြန်မာတို့၏ အမြောက်ကျည်ဆန်သည် အင်္ဂလိပ်သင်္ဘောတစ်စင်းကို ထိမှန်သွား တယ်။ နစ်မြုပ်လုနီးနီး မှန်ခြင်း ဖြစ်တယ်။ ဒါကြောင့် နီးစပ်သည့်ကမ်းခြေသို့ ထိုးဆိုက်လိုက်ရတယ်။ မြန်မာတို့ အမြောက်ကြီးများနှင့် ပစ်ခတ်နေသည့်ကြားမှပင် အင်္ဂလိပ်ရေတပ်ဖွဲ့ကြီးသည် ခံတပ်ကို လွန်သွားတယ်။ အထက်ဘက်မှာရှိသည့် ကြည်းတပ်နှင့် ပူးပေါင်းမိသွားတယ်။

အထက်ဘက်တွင် အင်္ဂလိပ်ရေတပ်ဖွဲ့ တပ်စွဲနေသည်ကို ဗန္ဓုလသည် ရှင်းလင်းစွာ သိလိုက်တယ်။ ရေတပ်ဖွဲ့သည် ခံတပ်ကိုကျော်လွန်ပြီး

နန်းစံကြသူများ

ပါက ကြည်းကြောင်းချီတပ်များနှင့် တစ်လုံးတစ်စည်းတည်း ပူးပေါင်းသွားလိမ့်မည်ကို ကြိုတင်တွက်ဆထားချက်ဟာ မှန်ကန်သွားခဲ့ပြီ။

စစ်သူကြီးမဟာဗန္ဓုလသည် စစ်ပွဲ၏အခြေအနေကို မျက်ခြည်မပြတ်ဘူး။ သည်အတွေးအခေါ်တွက်ဆမှုကပင် သူ့အား တကယ်စစ်မှန်သော စစ်မှူးကြီးတစ်ဦးဖြစ်ကြောင်း ထင်ရှားစေတယ်။ ဒါကြောင့် အင်္ဂလိပ်တပ်များနှင့် ကောင်းစွာရင်ဆိုင်ဖို့ နောက်ဆုံးအခွင့်အရေးတစ်ရပ်ကိုလည်း ရရှိသွားတယ်။

ချက်ချင်းပဲ သူသည် သူ၏တပ်ကို လျှပ်တစ်ပြက် စုရုံးလိုက်တယ်။

များပြားလှသည့် သူ၏တပ်အချို့အား ခံတပ်၏အောက်ဘက်တံခါးမှ ထုတ်ယူလိုက်တယ်။ ပြီးတော့ အင်္ဂလိပ်ကြည်းတပ်၏စခန်းကို တိုက်ခိုက်စေတယ်။ ရှေ့ဆုံးမှာ တိုက်ဆင် ၁၇ စီး ချီတက်လာတယ်။ ဆင်တစ်စီးမှာ စစ်သည် ၅ ယောက် သို့မဟုတ် ခြောက်ယောက်ပါရှိတယ်။ သေနတ်နှင့် စိန်ပြောင်းများ ကိုင်စွဲထားတယ်။

အဲဒီစစ်တပ်များနောက်မှ မြင်းတပ်လိုက်ပါလာတယ်။ ပြီးမှ တိုက်စည်တိုက်မောင်းများ၊ အောင်လံတံခွန်များ လွှင့်ထူချီတက်လာသည့် ခြေလျင်တပ် ပါလာတယ်။ သူတို့ဟာ အင်္ဂလိပ်တို့၏ လက်ယာတောင်ပံဆီသို့ ဦးတည် ချီတက်သွားတယ်။ အင်္ဂလိပ်တပ်များကလည်း ပစ်ကွင်းကောင်းချိန်အထိ စောင့်နေသည်။

နီးကပ်လာမှ စတင်ပစ်ခတ်တော့တယ်။ အင်္ဂလိပ်အမြောက်တပ်သည် ရှေ့တန်းမှာထွက်ပြီး ပစ်ပေးနေတယ်။ ကာပစ် ပစ်တာပေါ့။ သည်တွင် မြင်းစီးတပ်ဖွဲ့က မြန်မာတို့၏ဆင်တပ်ကို ဝင်ရောက်တိုက်ခိုက်တယ်။ တိုက်ပွဲ၏မြင်ကွင်းမှာ အသစ်အဆန်းဖြစ်နေတယ်။

နှစ်ဘက်စလုံး ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြတယ်။ မြန်မာတို့၏ ဆင်စီးသူရဲအားလုံးနီးပါး ကျဆုံးကုန်တယ်။ ဦးစီးမရှိသည့်ဆင်များဟာ ခြေဦးတည့်ရာ လျှောက်ပြေးမနေဘူး။ တည်ငြိမ်စွာနဲ့ပဲ ခံတပ်ဆီသို့ ပြန်သွားကြတယ်။ အလွန်လိမ္မာသည့် ဆင်တွေပဲပေါ့။ အဲဒီတိုက်ပွဲမှာ မြန်မာတို့သည် အရေးနိမ့်တယ်။ ခံတပ်အတွင်းသို့ ပြန်ဝင်သွားကြတယ်။

www.foreverspace.com.mm



တကယ်တော့ သည်နေ့ဖြူတိုက်ပွဲသည် မဟာဗန္ဓုလ၏ နောက်ဆုံးတိုက်ပွဲဝင် ဖြစ်တော့တယ်။ သူဟာ သူ့ရဲ့စစ်သည်တွေကို စစ်စည်းကမ်းကျကျနနပဲ ရှိစေတယ်။ စစ်ကာလအတွင်းမှာ စစ်သည်များ လိုက်နာရမည့်သဘောသရုပ်ကို လက်တွေ့ပြခဲ့တယ်။ မဟာဗန္ဓုလအနေနှင့် သည်လိုပြခဲ့ခြင်းသည် မိမိ၏ဂုဏ်သိက္ခာကို ပြန်လည်ဖော်ကျူးလိုက်ခြင်းပင်။

ဖြစ်ရပ်က သည်လိုပါ။

အင်္ဂလိပ်ရေတပ်နှင့် အမြောက်ချင်းယှဉ်ပြိုင်တိုက်သည့်ဘက်တွင် ဖြစ်တယ်။ မြန်မာတပ်မှူးတစ်ဦးသည် အမြောက်တစ်လက်တွင် ဦးစီးပြီး ချိန် မှတ်ပေးနေတယ်။ အဲဒီတပ်မှူးသည် အင်္ဂလိပ်၏ အမြောက်ကျည်ထိပြီး ကျဆုံးသွားတယ်။ အဲဒီနေရာမှာပဲ ကျည်တွေထပ်ပြီး ကျလာတယ်။ ဒါကြောင့် ကျန်သည့်စစ်သည်များဟာ ထိုနေရာကို စွန့်လွှတ်ခဲ့ကြတယ်။ အန္တရာယ်များတယ်ပေါ့။

တာဝန်ရှိနေသည့် စစ်မှူးစစ်ကဲတို့သည် တာဝန်ကျရာနေရာသို့ ပြန်လာဖို့ ခေါ်ယူနေတယ်။ ဘယ်သူမှ မလာဘူး။ အကြောင်းအမျိုးမျိုးပြခေါ်တယ် . . . မရဘူး။ ငြင်းဆန်နေကြတယ်။ အမိန့်ကိုမနာခံဘဲ ရှိနေကြတယ်။ သည်အချိန်မှာ မဟာဗန္ဓုလ ရောက်လာတယ်။ အကျိုးအကြောင်းသိတာနှင့် တာဝန်ပျက်ကွက်သူနှစ်ဦးကို အရေးယူလိုက်တယ်။

သူတို့နှစ်ဦးစလုံးကို ဦးခေါင်းဖြတ်လိုက်တယ်။ အဲဒီဦးခေါင်းများကို အဲဒီနေရာမှာပဲ ချိတ်ဆွဲထားလိုက်တယ်။ သည်တွင်မှ ကျန်စစ်သားများလည်း သူတို့ အလိုအလျောက်တာဝန်ကို ဆက်လက် ထမ်းဆောင်နေကြတယ်။

သူ့အသက် ကိုယ့်အသက် လုရသည့်ပွဲပေမို့ ညှာတာမှု၊ စာနာမှုတွေ ထားဖို့ မလိုဘူး။ ရန်သူဟာ ရန်သူပဲပေါ့။ စစ်မြေပြင်မှာ စိတ်အားလျော့နေခြင်းသည် မိမိရဲ့အသက်ကို တစ်ဝက်လောက် သေခြင်းနှင့်အတူတူပဲ။

မဟာဗန္ဓုလသည် ခံတပ်၏ ပစ္စင်ရင်တားများသို့ ရွှေထီးဖြန့်ဆောင်းကာ လှည့်လည်ကွပ်ကဲနေတယ်။ အင်္ဂလိပ်ရေတပ်မှလည်း အမြောက်ကြီးများဖြင့် ခံတပ်သို့ တရစပ်ပစ်ခတ်နေတယ်။ မြန်မာတို့သည် အများအားဖြင့်

နန်းစံကြသူများ

www.foreverspace.com.mm

ညအခါတွင် ပိုမိုတိုက်ပွဲဆင်လေ့ ရှိသည်။ ဓနုဖြူခံတပ်ကိုလည်း အရံ အတား၊ အကာအကွယ်များ ပိုမိုခိုင်ခန့်အောင် ပြုလုပ်နေကြသည်။

မကြာပါဘူး။ နောက်ရက်အနည်းငယ်အတွင်းမှာပဲ မြန်မာတို့အတွက် ကြီးကျယ်သော ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပေါ်လာခဲ့သည်။ သည်ဆုံးရှုံးမှုဟာ ဘယ်လိုမှ အစားထိုးလို့မရဘူး။ အဲဒီတုန်းက ဓနုဖြူခံတပ်သည် အလူးအလဲ ခံနေရပြီ။ အင်္ဂလိပ်တို့၏ ကြည်းတပ်နှင့် ရေတပ်တို့သည် တရစပ်ပြင်းပြင်း ထန်ထန် ပစ်ခတ်နေတယ်။ လက်နက်အင်အားချင်းကလည်း မတူဘူး။ အင်္ဂလိပ်တို့၏ အဝေးပစ်အမြောက်ကြီးများသည် ပစ်မှတ်ကို တိုက်ခိုက်ထိမှန် စေတယ်။

ဒါကို မဟာဗန္ဓုလလည်း ကြံ့ကြံ့ခံနေတယ်။ နေပြည်တော်က စစ်ကူ လာမည့်တပ်များကို စောင့်မျှော်နေတယ်။ နေပြည်တော်မှ အတွင်းဝန်မဟာ ဥဇနာနှင့် ဗန္ဓုကျီတိုက်ဝန် မဟာမင်းခေါင်ရဲထင်တို့တပ်များကို စေလွှတ်စီစဉ် နေပြီ။ နောက်ဆုံးမတော့ သူတို့စဉ်းစားကြရပြီ။

မစဉ်းစား မကြံစည်လို့ကလည်း မဖြစ်တော့ဘူး။ သည်အတိုင်းပေပြီး အသတ်ခံမလား၊ လွတ်မြောက်မှုကို ကြိုးစားမလားပေါ့။

နောက်ဆုံးမှာ သူတို့ အဖြေတစ်ခုရတယ်။

နေပြည်တော်ကို လူလွှတ်ပြီး စစ်ကူတောင်းမယ်။ သည်ကြားထဲ မတော့ ရှိသည့်လူနှင့်ပဲ တိုက်ရမယ်ပေါ့။ ရန်သူကို ဆွဲပြီးတိုက်ရမယ်။ သည်တော့ နေပြည်တော်ကိုလွှတ်ဖို့ ဆက်သားနှစ်ယောက်ရွေးကြတယ်။ လက်ဝှေ့တော်သတ် သီဟကျော်ခေါင်နှင့် သီဟရဲထင်တို့ပဲ။ သူတို့နှစ်ဦးစလုံး က မဟာဗန္ဓုလကိုယ်တိုင် ရွေးထုတ်တာဖြစ်တယ်။ အရှင့်သစ္စာကို စောင့်ဖို့ အရှင်သခင်ရဲ့ ကျေးဇူးတရားကို မမေ့ဖို့ အမှာတော်ရှိလိုက်တယ်။

ညကား နက်လှပြီ။

လဆုတ်ရက်တို့၏ ထုံးစံအတိုင်း အမှောင်နှင့်အတိ။ လူ့လောကရဲ့ အိပ်စက်အနားယူမှု၊ ခေတ္တငြိမ်းအေးမှုကာလပဲ။ ခံတပ်၏အပြင်တစ်နေရာမှ မီးပေါက်ကျည်အချို့ရဲ့ အသံများဟာ မကြာခဏ ထွက်ပေါ်လာတယ်။ အသက်လုပွဲတွေ၊ အာဏာဖြန့်ကျက်မှုတွေရဲ့ အရိပ်လက္ခဏာတွေပဲ။

www.foreverspace.com.mm

တကယ်တော့ သူတို့ဟာ မိမိတို့တိုင်းပြည်အတွက် စစ်တိုက်နေကြတာပဲ။ မဟာဗန္ဓုလရဲ့ မယိမ်းမယိုင်ခုခံတွန်းလှန်မှုကို အင်္ဂလိပ်တို့ တွေ့မြင်နေရပြီ။ သူသည် သူ၏ဂုဏ်သိက္ခာကို ဆက်လက်ထိန်းသိမ်းထားဆဲ ရှိနေတယ်။

အင်္ဂလိပ်တို့၏တပ်များသည် ဓနုဖြူခံတပ်ကြီး၏ အပြင်ခံတပ်ငယ် အောက်နားမှာ ရပ်နားနေကြတယ်။ သူတို့သည် မဟာဗန္ဓုလအား လက်နက်ချရန် တောင်းဆိုလာတယ်။ ဒါကို မဟာဗန္ဓုလက ပြင်းပြင်း ထန်ထန်ပဲ ငြင်းပယ်လိုက်တယ်။ ရေကြောင်းချီတပ်ဖွဲ့သည် ကမ်းသို့တက်ပြီး မြန်မာတို့၏စစ်မျက်နှာကို ထောက်လှမ်းလေ့ရှိတယ်။ သင်္ဘောများနဲ့ ချီတက် စုံစမ်းကြတယ်။ ဒါကို ခံတပ်က အမြောက်ကြီးများဖြင့် ပစ်ခတ်နေတယ်။

ဆင်ခြေလျှောနေသည့် မြစ်ကမ်းဘေးမှာ ဓနုဖြူခံတပ်ကို တည် ဆောက်ထားတယ်။

အလျားတစ်မိုင်၊ မြေမျက်နှာပြင်လိုက်ပြီး ကိုက်ငါးရာမှ ကိုက်ရှစ်ရာ အထိ အနံ့ကျယ်ပြန့်တယ်။ ကျွန်းတိုင်ကြီးများကို တစ်ခုနှင့်တစ်ခု ပူးကပ်ပြီး မြေမှာ စိုက်ထားတယ်။ အမြင့်ကတော့ ဆယ့်ငါးပေမှ ဆယ့်ခုနစ်ပေအထိ ရှိတယ်။ သစ်တပ်ရဲ့နောက်မှာတော့ အတော်အတန်မြင့်သည့် အုတ်တံတိုင်း မြို့ရိုးဟောင်းတစ်ခု ရှိတယ်။

အဲဒီအုတ်တံတိုင်းမှာရှိသည့် ယက်မကြီးများသည် သစ်တပ်ကို ကန့်လန့်ကျားကန်ပေးသလို ရှိနေတယ်။ ဒါဟာ သစ်တပ်ကို ပိုမို တောင့်တင်း စေတာပဲ။ ပြီးတော့လည်း အဲဒီယက်မကြီးသည် ခုခံသူတို့အတွက် ခြေနင်း အဖြစ် ရထားတယ်။ နေရာကိုလည်း မြှင့်ပေးထားသလို ဖြစ်နေတယ်။

သစ်တပ်၏အပြင်ဘက်မှာ ကျုံးတစ်ခု ဖောက်ထားတယ်။ ဆယ့် ရှစ်ပေ ကျယ်တယ်။ ရှစ်ပေခန့် နက်တယ်။ ကျုံး၏မျက်နှာစာပတ်လည်မှာ ခံတပ်ရဲ့ အပြင်စောင်းရန်းတစ်ခုကို ပြုလုပ်ထားတယ်။ ကျုံးသည် ကျုံး ချောက်ဖြစ်တယ်။ ရေမရှိဘူး။ ကျုံးအတွင်းမှာ ဝါးချွန်များ၊ သံချွန်များ၊ ကျင်းကတုတ်၊ ဆင်ခလုတ်၊ မြင်းခလုတ်များကို ထူထပ်စွာ ချထားတယ်။ ဒါကြောင့် အဲဒီကျုံးကို ဖြတ်ကျော်ဖို့ မလွယ်ဘူး။ ခဲယဉ်းတယ်။

နန်းစံကြသူများ

ကျုံးရဲ့အပြင်ဘက်မှာ အပြင်ခံတပ်၊ စောင်းရန်းအရံအတားများကိုလည်း အဆင့်ဆင့်ပြုလုပ်ထားတယ်။ မြေပြင်မှ ငုတ်များ၊ ငြောင့်များ စိုက်ထားတယ်။ ဒါတွေအားလုံး၏ ရှေ့ဆုံးမှာတော့ သစ်ပင်ကြီးများကို လှဲချထားလိုက်တယ်။ သစ်ကိုင်းသစ်ချွန်တို့အပြင်မှာ လှည့်ထားလိုက်တာပေါ့။ အဲဒီအတားအဆီးဟာ ခံတပ်တစ်ခုလုံးကို ပိုမိုလုံခြုံစေတာပေါ့။

နက်ပြီး ရေစီးသန်သည့် ရောဝတီမြစ်သည် ခံတပ်၏မျက်နှာစာဘက်မှာ စီးဆင်းနေတယ်။ ဒါဟာ ခံတပ်အား လုံလောက်သည့်အရံအတားကို ပေးနိုင်သလိုပဲ ဖြစ်နေတယ်။ သည်တုန်းက မြစ်၏အကျယ်မှာ ကိုက်ခုနစ်ရာထက် မပိုဘူး။ ဒါကြောင့် မြစ်တွင်းရှိ ရေယာဉ်များသည် မြန်မာအမြောက်ကြီးများ၏ ပစ်ကွင်းအတွင်း ရောက်နေတယ်။

သည်ပစ်ကွင်းထဲမှလွဲပြီး ဖြတ်သန်းသွားလာလို့ မရဘူး။

ခံတပ်မကြီး၏ လက်ယာဘက်ကမ်းမှာလည်း အပြင်ခံတပ်ငယ်နှစ်ခုကို ခိုင်လုံစွာ ဆောက်လုပ်ထားတယ်။

ခံတပ်ပေါ်မှာ အမြောက်ပေါင်းတစ်ရာ့ငါးဆယ် တပ်ဆင်ထားတယ်။ သူတို့ဟာ လွယ်လင့်တကူ လှည့်၍ပစ်နိုင်သည့် အမြောက်တွေပဲ။ ကတုတ်ကျင်းများနှင့် တူးမြောင်းရှည်ကြီးများသည် အင်္ဂလိပ်တို့၏ ဗုံးနှင့် ကျည်ဆံများကို ကောင်းစွာ ကာကွယ်ပေးတယ်။

အပြင်မှာရှိသည့် ခံတပ်ငယ်နှစ်ခုအနက် တစ်ခုမှာ မြစ်ကမ်းပေါ်မှာ ရှိတယ်။

အဲဒီခံတပ်၏တံတိုင်းသည် စေတီတစ်ဆူကို ပတ်ရံပြီးဆောက်ထားတယ်။ အဲ့ဒီစေတီသည် ကျိုက်ကလွန်းပွန်းစေတီလို့ ခေါ်တယ်။ ဘုရားရင်ပြင်တော်နှင့် ပရဝုဏ်တံတိုင်းသည် အရံအတားဖြစ်နေတယ်။ ခံတပ်တစ်ခုကတော့ ခံတပ်ကြီးနှင့် ပိုပြီး နီးကပ်နေတယ်။ ခံတပ်ငယ်သုံးခုပါတယ်။ ရဲလောင်းများဖြင့် ဆက်သွယ်ထားပြီး တစ်ခုနှင့်တစ်ခု နီးကပ်စွာ ဆောက်လုပ်ထားတယ်။ အဲ့ဒါဟာ . . . ရှေ့တန်းခံစစ်ဖြစ်တယ်။

ခံတပ်များ၏ ရှေ့မှာ မြောင်းငယ်တစ်ခုရှိတယ်။

www.foreverspace.com.mm



ရောဝတီမြစ်ထဲကို စီးဝင်သည့် အဲဒီမြောင်းငယ်သည် ခံတပ်များကို အကာအကွယ် ပေးထားတယ်။ ခံတပ်နှစ်ခုစလုံးကား ခိုင်ခန့်စွာ တည်ဆောက်ထားခြင်းဖြစ်တယ်။ ခံတပ်ကြီးအတိုင်း ခင်းကျင်းထားခြင်း ဖြစ်တယ်။ ဆူးငြောင့်ခလုတ်များ ဆင်ထားတယ်။ ကျုံးချောက်များလည်း ရှိတယ်။ သစ်ပင်ကြီးများကို ခုတ်လှဲထားတယ်။ ရန်သူတို့ ချီတက်လာမည့် လမ်းမှန်သမျှကို ပိတ်ဆို့ထားတယ်။

ခံတပ်၏ နောက်တံခါး ပွင့်လာတယ်။

မြင်းစီးရဲမက်နှစ်ဦးသည် ဇက်ကိုလွှတ်ကာ အပြင်းစီးလိုက်တယ်။ တိတ်ဆိတ်နေသည့်ညမို့ မြင်းခွာသံများသည် ပြင်းပြင်းထန်ထန် ပေါ်လာတယ်။ ဒါဟာ အိပ်ပျော်နေသည့် လူများကို လှုပ်နှိုးလိုက်သလို ဖြစ်သွားတယ်။ သူတို့သည် အပြင်ဘက်တွင် ဝိုင်းရံထားသည့် အင်္ဂလိပ် ကြည်းတပ်ကို ဖောက်ထွက်ဖို့ ကြိုးစားနေခြင်း ဖြစ်တယ်။

အဲဒီကမှတစ်ဆင့် အင်းဝနေပြည်တော် အရောက်သွားမယ်၊ စစ်ကူတောင်းမယ်ပေါ့။

ဒါပေမယ့် ထင်သာထင် မဝင်တဲ့ကိန်းဆိုက်ပြီပေါ့။ တကယ်တော့ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်ဖြစ်ချင်သလို ဖြစ်မလာတာဟာ ဓမ္မတာပါပဲ။ ကိုယ်လုပ်တိုင်းသာဖြစ်မယ်ဆိုရင်တော့ ဒုက္ခဆိုတာရှိမယ် မထင်ဘူးပေါ့။ အခုလည်း သီဟကျော်ခေါင်တို့ကိုပဲ ကြည့် . . . ။

မိမိတို့ကိုယ်ကိုယ် ထင်တစ်လုံးနှင့် ထွက်လာကြသူများပေါ့။ ဟောအခုတော့ နေပြည်တော်ရောက်ဖို့ မဆိုထားနှင့်၊ ခံတပ်ရဲ့ နှစ်မိုင်လောက်တောင် မရောက်သေးဘူး။ အင်္ဂလိပ်တို့၏ ဖမ်းဆီးခြင်းကို ခံလိုက်ရပြီ။ အင်္ဂလိပ်တို့သည် သူတို့နှစ်ဦးအား စစ်မေးတယ်။ သူတို့က ဘူးခံတယ်။ သာမန်စစ်သားတစ်ယောက်သာ ဖြစ်တဲ့အတွက် ဘာကိုမျှ မသိပါဘူးလို့ ငြင်းတယ်။

ကွပ်ကွပ်ညှပ်ညှပ် စစ်မေးတယ် . . . မရဘူး။ မရသည့်အဆုံးမတော့ သူလျှိုအဖြစ်နှင့် အပြစ်ပေးတော့မည်လို့ ခြိမ်းခြောက်တယ်။ သတ်ပစ်တော့မယ်ပေါ့။ သည်တွင် သူတို့နှစ်ဦးဟာ များစွာ တုန်လှုပ်သွားတယ်။ ကြောက်

www.foreverspace.com.mm

ရှုံ့ခြင်းကြီးစွာ ဖြစ်ကြတာပေါ့။ မိမိအသက်ဘေးအတွက် ခံတပ်တွင်းရှိ လူအင်အား လက်နက်အင်အားကို စေ့စေ့ငင ပြောကြရတော့တယ်။ မဟာဗန္ဓုလ၏ သေလျှင်မြေကြီး ရှင်လျှင်ရွှေထီးသဘောထားကိုလည်း သိသွားခဲ့လေပြီ။

အဓိက, ကတော့ အင်္ဂလိပ်တို့သည် အင်းဝနေပြည်တော်မှ စစ်ကူများ မလာရောက်ခင် အပြတ်တိုက်ဖို့ပဲ။ သည်လိုက်တိုက်မှပဲ မြန်မြန်ဦးတော့ပေါ့။ ရန်သူကို အင်အားနည်းပါးတုန်းမှာ အပြတ်ချေမှုန်းကြမယ်ပေါ့။ တပ်ကူများရောက်လာမှဖြင့် အင်အားပိုတောင့်လာမယ်။ သည်တော့ မိမိတို့မှာ အရှုံးနှင့် ရင်ဆိုင်ရတော့မှာပဲ။

သည်တော့ စစ်ကူမရောက်ခင်မှာပဲ ခံတပ်ကို တိုက်ခိုက်ဖို့ ပြင်ဆင်ကြတော့တယ်။

မနက်ဝေလီဝေလင်းကတည်းက စိန်ပြောင်းနှင့် ဗုံးပျံတပ်တို့သည် တရစပ် ပစ်ခတ်နေတော့တယ်။ တစ်နေ့လုံး တစ်ညလုံးပဲ။ မြန်မာတို့ဘက်မှလည်း စိန်ပြောင်းနှင့် ဗုံးပျံတပ်စုဆီသို့ ပစ်ခတ်နေတယ်။ ခံတပ်၏ မြောက်ဘက်မှာရှိသော အင်္ဂလိပ်တို့၏ စစ်ကြောင်းဆီသို့လည်းကောင်း အမြောက်ကြီးများဖြင့် ပစ်ခတ်နေသည်။

အင်္ဂလိပ်တို့သည် စိန်ပြောင်းများ ဗုံးပုံများကို ပစ်သွင်းနေတယ်။ ပြီးတော့ မြို့ရိုးဖျက် အမြောက်ကြီးများကိုလည်း ပစ်ခတ်နေတယ်။ သူတို့သည် မဟာဗန္ဓုလနေထိုင်သည့်နေရာဆီကို တရကြမ်းပစ်ခတ်နေခြင်း ဖြစ်တယ်။ သူတို့ ဖမ်းဆီးထားသည့် မြန်မာစစ်သည်နှစ်ဦး၏ ပြောဆိုမှုကြောင့် မဟာဗန္ဓုလ၏နေရာကို သိသွားကြတယ်။ ဒါကြောင့် ဗုံးမိုးရွာနေတာပေါ့။

စိန်ပြောင်းများနှင့် ဗုံးများကလည်း မဟာဗန္ဓုလနှင့် မနီးမဝေးမှာ ကျနေတယ်။ ဒါကို တပ်မှူးများက ရှောင်တိမ်းဖို့ ပြောတယ်။ သင့်ရာလွတ်ကင်းသည့်နေရာမှ စီမံခန့်ခွဲဖို့ ပြောတယ်။ မဟာဗန္ဓုလအဖို့ အလေးမမူဘူး။ ဂရုမပြုဘူး။ ဒါကလည်း အကြောင်းရှိပါတယ်။ သူ ရှောင်တိမ်းနေပါက ရဲမက်ဗိုလ်ပါများ မတည်မတန့် မငြိမ်မဝပ်ရှိတော့မှာပေါ့။ ခေါင်းဆောင်

www.foreverspace.com.mm



လုပ်တယ်ဆိုတာ အကျပ်အတည်းကာလမှာ ကိုယ်တိုင်ရင်ဆိုင်ရဲရတယ်။ ပြေလည်အောင် ဖြေရှင်းနိုင်ရတယ်ပေါ့။

ဒါကြောင့် မဟာဗန္ဓုလအဖို့ သူ့တပ်မှူးများ၏စကားကို မနာယူဘူး။ မကြားချင်တော့။ မသိချင်ယောင်ဆောင်ခဲ့တာပေါ့။ ရွှေထီးဖြန့်ပြီး တပ်ကို ကွပ်မြဲကွပ်နေတယ်။ သူ့ရဲ့ ဟန်အမူအရာဟာတည်ငြိမ်နေတယ်။ စစ်ကဲတပ်မှူးတို့၏ စီစဉ်တိုက်ခိုက်ပုံကို အားရကျေနပ်မှု မရှိဘူး။ ဒါကြောင့် ကိုယ်ကိုယ်တိုင် ကြီးကြပ်နေတာ ဖြစ်တယ်။

စစ်သည်များကလည်း သည့်မျှ အမြောက်ဆန်၊ ဗုံးဆန်ကျနေတာကို ဂရုမပြုဘူး။ မင်းကြီးမဟာဗန္ဓုလကိုယ်တိုင် အနားမှာရှိနေတော့ သူတို့အဖို့ အားတက်နေတယ်။ မဟာဗန္ဓုလသည် သူတို့အဖို့ကိုးကွယ်ရာတစ်ခု မဟုတ်လား။

နံနက်ခင်း၏ နေရောင်ခြည်သည် ပူလောင်စပြုပြီ။

ခံတပ်အပေါ်တွင် တစ်နေရာမှတစ်နေရာသို့ ကူးသွားနေသည့် မင်းကြီး မဟာဗန္ဓုလကို မတွေ့ရပေမယ့် ရွှေထီးကို ကြည့်ခြင်းဖြင့် သိနိုင်တယ်။ ရွှေထီးရှိသည့်နေရာမှာ မင်းကြီးမဟာဗန္ဓုလရှိနေတာကို သူတို့သိသွားကြပြီး အဲဒီနေရာကို တရစပ်ပစ်ခတ်တော့တယ်။

အင်္ဂလိပ်တို့ပစ်လွှတ်လိုက်သည့် ဗုံးပျံတစ်ခုသည် ဗိုလ်မှူးကြီးမဟာဗန္ဓုလ၏အနီးမှာ ပြင်းထန်စွာ ပေါက်ကွဲလိုက်တယ်။ အဲဒီနေရာမှာပဲ ကျဆုံးသွားတော့တယ်။ ဗိုလ်မှူးကြီးမဟာဗန္ဓုလ ကျဆုံးသွားသည်နှင့် သူရဲ့ ညီတော်ဖြစ်သည့် မင်းထင်မင်းခေါင်ကို ဗိုလ်ချုပ်အဖြစ် တင်မြှောက်တယ်။

ကျန်ရှိနေသေးသည့် ရဲမက်များနှင့် ဆက်လက်ခုခံဖို့ပေါ့။ ဒါကို မင်းထင်မင်းခေါင်က လက်သင့်မခံဘူး။ စစ်တိုက်ဖို့ ရွံ့ကြောက်သွားခဲ့ပြီ၊ စစ်ရဲ့အနိဋ္ဌာရုံကိုလည်း မြင်တွေ့နေရပြီ။ သည်တော့ လူသတ်လက်နက်ကိုလည်း ရှောင်ဖို့ သူကြိုးစားတယ်။ တပ်တွင်းမှ လူအချို့ခေါ်ပြီး တိတ်တဆိတ်ထွက်ပြေးတော့တယ်။

ဒါပဲပေါ့... လူဆိုတာဟာ တစ်ဝမ်းတည်းပေါက်ပေမယ့် စိတ်ထားချင်းတူကြတာ မဟုတ်ဘူး။

## နန်းစံကြသူများ

www.foreverspace.com.mm

အစ်ကိုဖြစ်သူက သတ္တိအရာမှာရော မျိုးချစ်စိတ်ရှိတာမှာရော ဘာမှပြောဖို့ မလိုဘူး။ သည်အတိုင်း သူညီက ရှိနေမယ်လို့ ပြောလို့မရဘူး။ အခုလို တာဝန်ရှိသူအနေနှင့် မိမိရဲ့တပ်ကို စွန့်ပြီးပြေးခဲ့ခြင်းဟာ အလွန်ရှက်ဖို့ ကောင်းတာ။ အစ်ကိုဖြစ်တဲ့သူနှင့် သဘာဝဆန့်ကျင်ဘက်ပဲ။ အခုလို တပ်မှူးမင်းထင် မင်းခေါင်ရယ်လို့ ဖြစ်လာတာကလည်း သူ့စွမ်းရည်ကြောင့် ဟုတ်ဟန်မတူဘူး။

အစ်ကိုဖြစ်သည့်သူက စစ်သူကြီးဖြစ်နေတော့ ညီဖြစ်သူကိုကြည့်ရှုထားခြင်းပဲ ဖြစ်မယ်။ သူ့အရည်အချင်းနဲ့ဆိုရင်တောင် မင်းထင်မင်းခေါင်အဖို့ စစ်ထဲဝင်ဖို့ ဖြစ်မယ်မထင်ဘူး။ ခုတော့ . . . စိန်နားကပ်ကြောင့် ပါးပြောင်တဲ့ကိန်း ဆိုက်တာပေါ့။ ဒါပဲပေါ့ . . . အရည်အချင်း မရှိသည့်လူတွေကို နေရာပေးထားခြင်းဟာ မြန်မြန် ပျက်စီးစေတာပဲ။ ဒုက္ခမျိုးစုံ ကြုံတွေ့ရတာပဲပေါ့။

တကယ်တော့ မဟာဗန္ဓုအဖို့ ရက်စက်ခြင်း၊ မာန်မာနထောင်လွှားခြင်းဆိုတာ ရှိခဲ့မှာပါပဲ။ ဒါကို အပြစ်ပြောလို့ မဖြစ်ပါဘူး။ လူဆိုတာက ပုထုဇဉ်လူသား မဟုတ်လား။ ထိုက်သင့်သည့်အာဏာကလေးများ ရခဲ့ရင်တော့ ဘယ်သူပဲဖြစ်ဖြစ် ကျေနပ်နေမှာပဲ။ တစ်ခါတစ်ရံလောက် မိုးတက်ပြီး လက်သီးနှင့် ထိုးချင်သည့်စိတ်များ ပေါ်ပေါက်ခဲ့မှာပဲပေါ့။

လူရဲ့အရည်အချင်းဆိုတာ အဲဒီပေါ်မှာ မူမတည်ဘူး။

လူတစ်ယောက်ရဲ့ပင်ကိုယ်စရိုက်ဗီဇဟာ ဖျောက်ဖျက်လို့ မရဘူး။ မဟာဗန္ဓုလအဖို့ စစ်သုံ့ပန်းများအပေါ်မှာ ညှာတာစွာ ဆက်ဆံလေ့ရှိတယ်။ စစ်သုံ့ပန်းဆိုတာက သူ့လက်ထဲမှာ ရှိတာပဲ။ သေဆိုသေ ရှင်ဆိုရှင် မဟုတ်လား။ ဒါကို သူမတရားမလုပ်ဘူး။ ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်။

အောက်မြန်မာပြည်၏ ပြင်းထန်နေသည့် မိုးဥတုအတွင်းမှာ ရခိုင်စစ်မျက်နှာက တပ်မတော်တစ်ခုလုံးကို ရန်ကုန်စစ်မျက်နှာသို့ပြောင်းရွှေ့နိုင်ခဲ့တယ်။ ရက်အနည်းငယ်နှင့် ပြောင်းရွှေ့ခြင်းပဲ ဖြစ်တယ်။ ခိုင်ခန့်ကောင်းမွန်လှသည့် ဓနုဖြူခံတပ်ကို ရက်ပေါင်းသုံးဆယ်နှင့် အပြီးအစီး တည်ဆောက်ထားတယ်။

www.foreverspace.com.mm



အင်္ဂလိပ်တို့၏ လက်ယာဘက်စစ်ကြောင်းသည် အင်အားနည်းကြောင်း သိတယ်။ သိသိချင်းပဲ ရုတ်ချည်း ထိုးစစ်ဆင်ခဲ့တယ်။ ခံတပ်၏ အမြောက်ပစ်ကွင်းထဲမှ အင်္ဂလိပ်ရေတပ်ဖွဲ့ကြီး လွတ်မြောက်သွားခဲ့လျှင် နောက်တိုက်ရမည့်တိုက်ပွဲမှာ နောက်ဆုံးတိုက်ပွဲဖြစ်ကြောင်း ခန့်မှန်းထားနိုင်တယ်။

သည်လိုကြိုတင်တွက်ဆနိုင်ခြင်းတို့သည် မဟာဗန္ဓုလ၏ တကယ့်စစ်သားပီသသော အရည်အချင်းများလို့ ဆိုရမယ်။ သူ၏စိတ်သဘောထားမှာ ရက်စက်ခြင်းနှင့်ရက်ရောခြင်းတို့ ရောယှက်နေတယ်။

သူသည် အရည်အချင်းရှိသူတစ်ယောက်ဖြစ်တယ်။ မိမိကိုယ်,ကိုယ်လုံခြုံမှုအတွက် သတိထားတတ်တယ်။ သူ့ရဲ့သန္နိဋ္ဌာန်နှင့် သတ္တိတို့ဟာ သေသည်အထိ မယိမ်းယိုင်ခဲ့ဘူး။ တပ်သားများအပေါ်မှာ ထားရှိသည့် သူ၏အမိန့်သည် ပြောင်းလဲခြင်း မရှိဘူး။

စစ်ပွဲကာလအတွင်းမှာ တာဝန်ပျက်ကွက်သူအား ကိုယ်တိုင်ကိုယ်ကျအပြစ်ပေးလေ့ရှိတယ်။ ဒါပေမဲ့ သူ့ရဲ့ လက်အောက်ငယ်သားများမှာ သစ္စာရှိစွာနှင့် ခင်မင်မြတ်နိုးကြတယ်။ သူဟာ စစ်ဗိုလ်ချုပ်တစ်ဦး ရင်ဆိုင်ရမည့် အခက် အခဲနှင့် ချွတ်ယွင်းချက်တို့ကို ရင်ဆိုင်ခဲ့တယ်။ ရန်ကုန်တိုက်ပွဲများတုန်းက မဟာဗန္ဓုလအဖို့ အကာအကွယ်ထဲမှာပဲ နေခဲ့တယ်။ တစ်ခါမျှ အပစ်ခံရဖူးတယ်မရှိဘူး။

တကယ်တမ်း လိုအပ်လာသည့် အခြေအနေမှာတော့ ကျည်ဆန်များ ပတ်ပတ်လည်အုပ်မိလာခြင်းကို ဦးမလေးခဲ့ဘူး။ ဓနုဖြူခံတပ်မှာပင် ‘အောင်လျှင်အောင် မအောင်လျှင် အသေခံမည်’ . . . လို့ ကြေညာခဲ့တယ်။ တခြားစစ်သည်များအပေါ်မှာ ထားရှိစေလိုသည့် သူရဲ့သတ္တိမှာ ဘယ်လိုသတ္တိမျိုးဖြစ်ကြောင်းကို သိစေတယ်။ သူ့ရဲ့အသက်ဆုံးရှုံးရသည့် တိုင်အောင်ပြသခဲ့သည်။

မြန်မာတို့အားထားရာ စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးသည်နှင့် ဓနုဖြူခံတပ်မှာလည်း အင်္ဂလိပ်လက်တွင်းသို့ ရောက်ရှိသွားတော့သည်။

နန်းစံကြသူများ

www.foreverspace.com.mm

စစ်ပွဲကာလအတွင်းမှာ လက်လွတ်ထွက်ပြေးသွားသည့် မင်းထင်မင်းခေါင်ကို လိုက်ဖမ်းစေတယ်။

တာဝန်ရှိသူအနေနှင့် ခုလို စစ်မြေပြင်ကို စွန့်ခွာပြေးခြင်းဟာ အတော်အရုပ်ဆိုးတယ်။ သာမန်စစ်သားတွေတောင် မပြုလုပ်ရဲဘူး။ နောင်တော်ဖြစ်သူက ရဲရဲဝံ့ဝံ့သေပြသွားခြင်းကို သူဂုဏ်မယူရဲဘူး။ နေပြည်တော် ချီရာလမ်းခုလတ်မှာပဲ သွားမိတယ်။

စစ်ပြေးသူတို့တစ်တွေဟာ ခုမှ သေတွင်းနှင့် နီးကပ်နေပြီဆိုတာကို သိလာကြတယ်။

အခုမှတော့ ဘွာကြေးခတ်လို့ မရတော့ဘူး။ သေရမယ့်အတူတူ ခုလိုသေရမှာထက် တိုင်းပြည်အတွက် သေရတာမှ မြတ်တယ်၊ ပိုကောင်းတယ်ဆိုတာ သူတို့ သိကြပြီ။ ဒါပေမဲ့ အချိန်က နှောင်းခဲ့ပြီ။ သည်သတင်းကို ရတနာပူရနေပြည်တော်ကလည်း ကြားသိတော်မူသွားခဲ့ပြီ။

ဘကြီးတော်မင်းနှင့် နန်းမတော်ဖုရားတို့သည် လွန်စွာ ဒေါသဖြစ်ကြရတယ်။

သည်တော့ ဖမ်းမိလာသည့် မင်းထင်မင်းခေါင်နှင့် အပေါင်းပါများကို ကွပ်မျက်တော်မူတယ်။

ဓနုဖြူခံတပ်မှ ဆုတ်ခွာလာသည့် စစ်ကဲအတွင်းဝန်မင်းကြီး မဟာမင်းလှရာဇာနှင့် ပြည်မြို့တွင်းမှ ဆုတ်ခွာလာသည့် အတွင်းဝန်မင်းကြီး သတိုးမဟာရာဇာသေကြံ့န်တပ်များသည် ပြည်မြို့နှင့်မနီးမဝေးမှာ တပ်စွဲနေတယ်။ အဲဒီအရပ်ကနေပြီး အင်္ဂလိပ်များကို ပြန်ပြီး ထိုးစစ်ဆင်မှာပေါ့။ နေပြည်တော်မှလည်း ညီတော်မိုးနဲဗိုလ်မှူးဒွာရာဝတီမင်းသား သီရိမဟာဓမ္မရာဇာဦးစီးသည့် တပ်မကြီးသည် ဟံသာဝတီစစ်ကြောင်းအဖြစ် စစ်ကူချီတက်လာတယ်။

အင်အားဖြည့်တပ်မကြီးအဖြစ် စစ်ကြောင်းသစ်ဖွင့်ပြီး ချီတက်လာခြင်းဖြစ်တယ်။

www.foreverspace.com.mm



မြန်မာတပ်များသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်း မြေထဲမြို့မှာ တပ်စွဲထားတယ်။ မြစ်အနောက်ဘက် မြစ်ကျဉ်းအရပ်၊ မြေထဲမြို့ကျေးလက် မိုးကောင်းဂုံတောအရပ်မှာလည်း တပ်စွဲ၍နေသည်။

သည်လိုလုပ်လိုက်ခြင်းဟာ အင်္ဂလိပ်အဖို့ အံ့အားသင့်ဖို့ ဖြစ်လာတယ်။

သူတို့ထင်ထားတာက တစ်မျိုး၊ ခုဆိုရင် တိုက်ပွဲတိုင်းမှာလိုပဲ မြန်မာစစ်တပ်များသည် ရှုံးနိမ့်နေတယ်။ နောက်သို့ ထပ်တလဲလဲ ဆုတ်ခွာနေရပြီ။ ဒါ့ကြောင့် စစ်ပြေငြိမ်းချမ်းရေးစကား ကမ်းလှမ်းလာလိမ့်မယ်လို့ သူတို့ မှတ်ယူနေကြတယ်။ သည်လိုတပ်များ ထပ်ပြီး ပြင်ဆင်လာခြင်းသည် မြန်မာတို့အဖို့ စစ်ပွဲကို ရက်ရှည်ဆင်နွှဲလိမ့်ဦးမယ်ဆိုတာ သေချာနေပြီ။

အင်္ဂလိပ်တို့အဖို့ စစ်ကို ဆက်ပြီးမတိုက်ချင်တော့ဘူး။

အကြောင်းက ရှိတယ်။ ခုဆိုရင် မိုးကျပြီ။ မိုးတွင်းမှာ အင်္ဂလိပ်တို့သည် စစ်တိုက်ဖို့စိတ် လုံးဝမရှိတော့ဘူး။ စစ်အတွင်း ကုန်ကျသည့်စရိတ်ကလည်း မနည်းလှဘူး။ ခုဆိုရင် အိန္ဒိယအစိုးရ၏သဘောထားမှာ စစ်စရိတ်ကို သတ်မှတ်ပေးထားချက်ထက် ပိုမကုန်ချင်ဘူး။ ဒါကြောင့် အင်္ဂလိပ်ဗိုလ်ချုပ် ကင်းဘဲသည် မြန်မာတို့နှင့် စစ်ပြေငြိမ်းဖို့ ဆုံးဖြတ်လိုက်သည်။

သည်အရေးကို နေပြည်တော်ကလည်း စဉ်းစားကြရပြီ။

မစဉ်းစားလို့ကလည်း မဖြစ်တော့ဘူး။ ခုဆိုရင် အောက်မြန်မာပြည်တိုက်ပွဲမှာ မြန်မာတပ်များ ရှုံးနိမ့်နေပြီ။ အဓိကအားကိုးရသည့် မဟာဗန္ဓုလလည်း ဓနုဖြူခံတပ်မှာ ကျဆုံးခဲ့ပြီ။ မြန်မာတို့အဖို့ အရှုံးနဲ့ချည်း ရင်ဆိုင်နေရပြီ။ သည်ကြားထဲ ရွှေနန်းတော်အတွင်းရေးကလည်း ညီညွတ်မှုမရှိဘူး။

နန်းမတော်ဖုရားနှင့် သာယာဝတီမင်းသားတို့ကလည်း အားပြိုင်နေကြတယ်။

နယ်ချဲ့ရဲ့ခြေလှမ်းတွေဟာ ရွှေနန်းတော်ရဲ့ တံခါးဝမှာ ရောက်နေပြီ။ ဒါပေမဲ့ သူတို့ရဲ့ တစ်ဦးချင်းအာဏာရရေး၊ ချယ်လှယ်နိုင်ဖို့အတွက်ကိုတော့ ခုထိ မလျှော့ကြသေးဘူး။ ဘကြီးတော်မင်းကတော့ ဘာလုပ်လို့ ဘာကိုင်

နန်းစံကြသူများ

ရမှန်းမသိ ဖြစ်နေတယ်။ နန်းမတော်ဖုရားကတော့ အင်္ဂလိပ်တွေ နေပြည်တော်အထိ တတ်လာခဲ့ရင် ရွှေဘိုဘက်သို့တိမ်းရှောင်နေဖို့ ပြောနေတယ်။

လူဆိုတာကလည်း ခက်သားကလား။

သာတုန်းသာ နားချင်ကြတဲ့သူတွေ များတယ်။ တကယ်တမ်း ဒုက္ခရောက်ပြီး အကျဉ်းအကျပ်တွေ့ပြီဆိုမှဖြင့် ဝေးဝေးကရှောင်ကြတာပဲ။ ဖြစ်လာတဲ့ဒုက္ခကို ဝေမျှခံစားဖို့ မလိုပါဘူး။ အားပေးနှစ်သိမ့်မှုလောက်တော့ ပြုသင့်တာပေါ့။ ခုတော့ ဘယ်သူကမျှ သည်အရေးကိုခေါင်းခံပြီး မရှင်းရဲကြဘူး။

အခြေအနေက ကောင်းပါတယ်။

သည်တုန်းက အင်္ဂလိပ်တို့လည်း စစ်ကပန်းနေပြီ။ ကုန်ကျတဲ့စရိတ်ကလည်း မနည်းလှဘူး။ ဒါကြောင့် ဗိုလ်ချုပ်ကင်းဘဲက စာတစ်စောင်ရေးပြီး ဒွာရာဝတီမင်းသားထံ ပေးပို့လိုက်တယ်။ မြန်မာတပ်ကို ကြီးမှူးအုပ်ချုပ်သူက ဒွာရာဝတီမင်းသားဖြစ်တယ်။

ကင်းဘဲ၏စာက ရှင်းပါတယ်။

ဗြိတိသျှအစိုးရသည် စစ်အတွက် ကုန်ကျထားသော စစ်စရိတ်ငွေများကို လျော်ကြေးအဖြစ် ရရှိပါက ဤစစ်ပွဲကို အပြီးသတ်ပြေငြိမ်းရန် ဆန္ဒရှိကြောင်းကို ရေးလိုက်တယ်။ ရှင်းပါတယ် ... သူတို့လိုချင်တာ ဘာလဲဆိုတာ သိကြပြီပေါ့။ မြန်မာတို့ကလည်း စေ့စပ်ပြေငြိမ်းရေးကို လက်သင့်ခံလိုက်တယ်။

ဝန်ကြီးသတိုးမင်းကြီး မဟာမင်းခေါင်ဦးစီးသည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ချုပ်ကင်းဘဲဦးစီးသည့် ကိုယ်စားလှယ်တို့သည် ညောင်ပင်ဆိပ်ရွာမှာ တွေ့ကြတယ်။ စစ်ပြေငြိမ်းရေးအတွက် စကားပြောဆိုကြတယ်။

လွှတ်တော်သို့တင်ပြပြီးမှသာ ပြီးမြောက်မည့် နယ်မြေကိစ္စ၊ ငွေရေးကြေးရေးကိစ္စများ ပါနေတယ်။ ဒါကြောင့် သည်အရေးမပြီးမချင်း နှစ်ဦးနှစ်ဘက် အတိုက်အခိုက်ရပ်စဲထားဖို့ သဘောတူ သတ်မှတ်ကြတယ်။



www.foreverspace.com.mm

www.foreverspace.com.mm



မြန်မာတို့ဘက်က စစ်ပြေငြိမ်းရေးအတွက် နေပြည်တော်သို့ လူလွှတ်အစီရင်ခံနေတယ်။ လွှတ်တော်မှာ ဆွေးနွေးနေတယ်။ အဲဒီအတောအတွင်းမှာပဲ အင်္ဂလိပ်တို့ဘက်မှ စစ်မျက်နှာများ ပြင်ဆင်နေတယ်။ ဒါကလည်း အကြောင်းရှိပါတယ်... အင်္ဂလိပ်တို့သည် စစ်ပန်းလျက်ရှိကြပြီး နိုဝင်ဘာလအလယ်ထိ အဲဒီဒေသမှာ သွားရေးလာရေးခက်ခဲတယ်၊ တပ်များ သက်သက်သာသာ ချီတက်နိုင်မယ် မဟုတ်ဘူး။ ဒါကြောင့်လည်း မြန်မာတို့၏တောင်းဆိုချက်ကို လိုက်လျောခဲ့ရခြင်းဖြစ်တယ်။

စေ့စပ်ရေးပျက်ခဲ့ရင် မြန်မာတို့က စတိုက်ရင်တိုက် မတိုက်ခဲ့ရင် မြေထဲရှိ မြန်မာတပ်များကို အင်္ဂလိပ်တို့က သွားတိုက်နိုင်ဖို့ အသင့်ပြင်ထားခြင်း ဖြစ်တယ်။

စစ်ပြေငြိမ်းချမ်းရေး ဆွေးနွေးပွဲသည် ပျက်ပြားသွားခဲ့ပြီ။

မြန်မာတို့ဘက်မှ တစ်စုံတစ်ရာအကြောင်းမပြန်ကြားမီဘဲ အင်္ဂလိပ်တို့သည် တပ်များကို စစ်ပြေငြိမ်းချမ်းရေးမျဉ်းကြောင်းကို ကျော်လွန်ခဲ့တယ်။ အဲ့ဒီအထိ ကင်းလှည့်နေတယ်။ ဒါကြောင့် မြန်မာတပ်များကလည်း ပြန်လည် လှုပ်ရှားလာတယ်။ စစ်ပွဲကို နှစ်ဘက်စလုံး ဆက်လက်ဆင်နွှဲဖို့ ပြင်ဆင်နေကြတယ်။ မကြာပါဘူး အင်္ဂလိပ်တို့သည် ထိုးစစ်ဆင်လာခဲ့တယ်။

မြန်မာတို့နှင့် တိုက်သည့်တိုက်ပွဲများအနက် ဝက်ထီးကန်တိုက်ပွဲသည် အင်္ဂလိပ်တို့အဖို့ ပြောစမှတ်ဖြစ် ကျန်ရစ်ခဲ့တယ်။

ဗိုလ်မှူးအီးဗင်းသည် အမှတ် ၂၂ မဒရပ်တိုင်းရင်းသား ခြေလျင်တပ်ရင်းကို ဦးစီးရသူဖြစ်သည်။ ဝက်ထီးကန်ခံတပ်ကို ရှေ့တည့်တည့်မှနေပြီး တိုက်ခိုက်ဖို့ တာဝန်ပေးခြင်းခံရတယ်။ သူတို့သည် လမ်းပြ၏ အကူအညီနှင့် မြန်မာတပ်စခန်းနှင့် မနီးမဝေးမှာ ရောက်နေသည်။ မကြာပါဘူး၊ မြန်မာကင်းတပ်တစ်ခုနှင့် တွေ့ဆုံမိပြီး တိုက်ပွဲဖြစ်တယ်။

တိုက်နေရင်းပဲ အင်္ဂလိပ်တပ်သည် လက်ယာဘက်စစ်ကြောင်း ချီတက်သွားတယ်။ သစ်တော၏အလွန် ကွက်လပ်တစ်နေရာသို့ ရောက်တော့ မြန်မာတပ်၏ခြေမှုန်းခြင်းကို ခံရတယ်။ ပြင်းပြင်းထန်ထန်ပဲ။ အင်္ဂလိပ်

နန်းစံကြသူများ

www.foreverspace.com.mm

တပ်များ မြန်မာတို့၏ခံတပ်ဗဟိုစစ်ကြောင်းနှင့် ရင်ချင်းဟပ်မိနေသလို ဖြစ်နေတယ်။ ဒါကြောင့် မြန်မာတပ်၏ ပစ်ခတ်မှုများဟာ အထိရောက်ဆုံး ဖြစ်နေတယ်။ သူတို့အဖွဲ့ ခေါင်းငုံ့ခံရုံကလွဲပြီး ဘာမျှ မတတ်နိုင်တော့ဘူး။

ရှေ့ကိုတက်သွားသည့် အင်္ဂလိပ်တပ်မှာလည်း တပ်လုံးပြုတ်နီးပါး ဖြစ်နေတယ်။ တပ်ခွဲကို ဦးစီးသူများလည်း ဒဏ်ရာရနေကြပြီ။ တပ်သားများလည်း ကျဆုံးနေကြပြီ။ ဒါကြောင့် အင်္ဂလိပ်တို့သည် နောက်သို့ဆုတ်ခွာကြတော့သည်။

အဲဒီဝက်ထီးကန်တိုက်ပွဲသည် မြန်မာတို့၏ ကျဆင်းနေသည့် ဂုဏ်သိက္ခာကို ပြန်ဆယ်လိုက်နိုင်တယ်။ တပ်မကို ကြီးမှူးသည့် ဗိုလ်မှူးကြီးမက်ဒေါဝယ်မှာ ဦးခေါင်းတွင်ထိမှန်ပြီး ပွဲချင်းပြီးသေသွားခဲ့တယ်။ တခြားဗိုလ်သုံးယောက်မှာလည်း ဒဏ်ရာအပြင်းအထန် ရသွားခဲ့တယ်။

တစ်ဖက်စီးနင်း အချုပ်ခံလိုက်ရသော အောက်ပါ ရန္တပိုစာချုပ်ကို ကြည့်ပါတော့ . . .

(၁) အင်္ဂလိပ်မင်းနှင့် မြန်မာရှင်ဘုရင်တို့သည် စစ်ပြေငြိမ်း၍ မိတ်သဟာယ အစဉ်အဆက်ဖြစ်စေ။

(၂) မြန်မာရှင်ဘုရင်က အာသံပြည်မြို့ရွာ၊ အက္ကပတ်ပြည်၊ ဝေသာလီပြည်(Assam; Cachar Munnipure) တို့ကို အစိုးမပိုင်၊ နောက်တဖန် မစီရင်ရ၊ မဏိပူရမြို့မှာလည်း စန္ဒရဂန္ဓရှိန်တို့သည် မိမိပြည်သို့ပြန်၍ မင်းပြုလုပ်လိုလျှင် မြန်မာဘုရင်က အဆီးအတား အနှောင့်အယှက်မပြု နေရမည်။

(၃) နောက်တစ်ဖန် ပြည်ကြီးနှစ်ပြည် အပိုင်းအခြားကို ငြင်းခုံရန်မရှိရအောင် အင်္ဂလိပ်မင်းသည် တိုက်၍အောင်ခဲ့သော ရခိုင်၊ ရမ်းဗြဲ၊ မာန်အောင်၊ သံတွဲတည်းဟူသော ရခိုင်ပြည်ကြီးကို အစဉ်ယူ၍ မော်တင်စွန်းစေတီကြီးထိ စပ်ကြားအပိုင်းအခြားဖြစ်စေ၊ နောက်မှ အပိုင်းအခြား ငြင်းခုန်ရန်ရှိလျှင် အင်္ဂလိပ်မင်း မြန်မာမင်းက ခန့်ထားသောသူတို့သည် အထက် နယ်နမိတ်အတိုင်း မှန်ကန်အောင်

www.foreverspace.com.mm



စီရင်စေ၊ ခန့်ထားသောသူတို့လည်း အရာရှိမှူးမတ်သူကောင်း ဖြစ်စေရမည်။

(၄) မြန်မာရှင်ဘုရင်သည် အင်္ဂလိပ်မင်းကို ရေး၊ မြိတ်၊ ထားဝယ်၊ တနင်္သာရီမြို့မှာ နယ်နိမိတ်တော်ကမ်းကျွန်းများနှင့်တကွ အပိုင်ပေးသည်။ သံလွင်မြစ်အပိုင်းအခြား ဖြစ်ရမည်။ နောက်မှ အပိုင်းအခြားငြင်းခုံရန်ရှိလျှင် အထက်ဆိုခဲ့ပြီးသည့်အတိုင်း စီရင်စေ။

(၅) မြန်မာရှင်ဘုရင်သည် ပြည်ကြီးနှစ်ပြည် အစဉ်မိတ်သဟာ ဖွဲ့စေနိုင်သော စေတနာအလို ထင်ရှားရှိစေခြင်းငှာ အင်္ဂလိပ်က စစ်တိုက်၍ ကုန်စရိတ်အနက် အနည်းငယ်ပြေရအောင် ကျပ်သုံးဒင်္ဂါးပြားရေ တစ်ကုဋေ ပေးရမည်။

(၆) ယခု စစ်တိုက်ကြသည့်အတွင်း ကုလားဘက်သို့ဝင်စားသော မြန်မာရှင်ဘုရင့်ကျွန်၊ မြန်မာဘက်သို့ဝင်စားသော ကုလားတို့မှာ အလိုလိုဝင်စားသည် ဖြစ်စေ၊ အနိုင်ဝင်စားရသည် ဖြစ်စေ အဘယ်သူမျှ အဘက်ဘက်သို့ ဝင်စားသည့်အတွက် ရာဇဝတ်မခံ အနှောင့်အယှက် မရှိစေရ။

(၇) ပြည်ကြီးနှစ်ပြည် ယခုကဲ့သို့ မိတ်သဟာယမြဲစေခြင်းငှာ အင်္ဂလိပ်မင်း ခန့်ထားသော အရာရှိမင်းတစ်ယောက်၊ အဆွေအရံ လူ(၅၀)၊ လက်နက်ကိရိယာအစုံအလင်နှင့် မြန်မာမြို့တော်မှာ နေစေ။ မြန်မာမင်းခန့်ထားသော အရေးပိုင် အရာရှိမင်းတစ်ယောက်၊ အဆွေအရံ လူ(၅၀)၊ လက်နက်ကိရိယာအစုံနှင့် ကုမ္ပဏီဘုရင့်မြို့တော်မှာ နေစေ။ ကုလားပြည်မှာနေသော မြန်မာမင်း၊ မြန်မာပြည်မှာနေသော ကုလားမင်းတို့သည် မိမိတို့နေဖို့ အတော်အသင့်တိုက်အိမ်ကို ဝယ်လိုလျှင် ဝယ်၍နေစေ၊ အသစ်တည်လုပ်လျှင်လည်း တည်လုပ်စေ။ ၎င်းနိုင်ငံနှစ်ပါး အကျိုးစီးပွားဖြစ်ထွန်းစေခြင်းငှာ ရွှေလမ်းငွေလမ်းဖွင့်၍ အချင်းချင်း ဖောက်ကားရောင်းဝယ်ခြင်း အမှုအရေးများနှင့်ဆိုင်သောစာချုပ်ကို ထပ်၍လုပ်စေရမည်။

နန်းစံကြသူများ

(၈) စစ်မရှိ မတိုက်မီ ကြွေးဟောင်းမြီးဟောင်းရှိသမျှ မင်းအရာရှိဆိုင်သည်ဖြစ်စေ၊ ဆင်းရဲသားဆိုင်သည် ဖြစ်စေ သစ္စာရှိသည့်အတိုင်း ကုန်စင်အောင် ဆပ်ပေးစေရမည်။ ကြွေးတင်သည့်နောက်ဖြစ်သည်ဆို၍ မကပ်မခိုစေရ။ သူ့ဥစ္စာကို အသိမ်းအယူ မရှိစေရ။ အင်္ဂလိပ်နှင့် ဘုရင့်ကျွန် ဖြစ်သူတို့သည် မြန်မာနိုင်ငံတွင် သေ၍အမွေခံမရှိလျှင် ကျန်ရစ်သော ဥစ္စာပစ္စည်းရှိသမျှကို မြန်မာနိုင်ငံတွင်နေသော အင်္ဂလိပ်အရေးပိုင်လက်သို့ ကုလားဖြူ ထုံးစံအတိုင်း အပ်ရမည်။ ထိုနည်းအတူ မြန်မာမင်းကျွန် ဖြစ်သူတို့သည် အင်္ဂလိပ်မင်းနိုင်ငံတွင် သေ၍ အမွေခံမရှိလျှင် ကျန်ရစ်သော ဥစ္စာပစ္စည်းရှိသမျှကို အင်္ဂလိပ်နိုင်ငံတွင်နေသော မြန်မာမင်းအရေးပိုင်အရာရှိလက်သို့ အပ်ရမည်။

(၉) အင်္ဂလိပ်သင်္ဘောများကို မြန်မာမြို့ဆိပ်သို့ ဝင်ရောက်လျှင် တက်မမချွတ်၊ အမြောက်မချဘဲ နေသကဲ့သို့ အင်္ဂလိပ်မြို့ဆိပ်သို့ ဝင်ရောက်သော မြန်မာသင်္ဘောသည်လည်း အနှောင့်အယှက်မရှိဘဲ နေရမည်။

(၁၀) အင်္ဂလိပ်မင်းနှင့် မိတ်သဟာယဖွဲ့သော ယိုးဒယားရှင်ဘုရင်သည် အင်္ဂလိပ်ဘက်သို့ စစ်ကူ၍ ဝင်စားလာသည်မှာ ယခုလုပ်ကြသော မိတ်သဟာယစာချုပ်အပါအဝင် ဖြစ်သည်ဟု မှတ်ရမည်။

(၁၁) ယခုလုပ်သော မိတ်သဟာယစာချုပ်ကို မြန်မာဘုရင်ခန့်ထားတော်မူသော အရေးပိုင်သံတမန်တို့သည် လက်မှတ်တံဆိပ် ခတ်နှိပ်ရမည်။ အချုပ်ခံရသော အင်္ဂလိပ် အမေရိကန် အစရှိသော ကုလားဖြူ ကုလားနက် ရှိသမျှတို့ကို အင်္ဂလိပ်အရေးပိုင်သံတမန်တို့လက်သို့ အပ်ရမည်။ ၎င်းအိန္ဒိယတိုင်းကို အစိုးရသော ကုမ္ပဏီရှင်ဘုရင်သည် ခံဝန်၍ လက်မှတ်တံဆိပ်ခတ်သော စာချုပ်ကို ၎င်းလအတွင်း မြန်မာရှင်ဘုရင်လက်တော်သို့ ပြန်၍ ပေးလိုက်မည်။ အင်္ဂလိပ်မင်း ချုပ်ထားသည့် မြန်မာလူရှိသမျှတို့ကို အင်္ဂလိပ်ပြည်မှ အလျင်အမြန်ခေါ်ခဲ့၍ မြန်မာမင်းလက်အပ်ရမည်။



www.foreverspace.com.mm

www.foreverspace.com.mm



တစ်ရှိန်ထိုး ဖိလာသည့် အင်္ဂလိပ်တပ်ကို မြန်မာတို့ ရပ်တည်မနေနိုင်ဘူး။

ခုဆိုရင် မြန်မာတပ်များအားလုံးသည် မြေထဲမြို့အထိ ဆုတ်ခွာပေးနေရပြီ။ မြေထဲမြို့ကနေပြီး ပြလို့ရွာအထိ ရှည်လျားသော ခံကတုတ်များကို တည်ဆောက်ထားတယ်။ အင်္ဂလိပ်တို့ကလည်း မြေထဲမြို့အထိ စစ်ကြောင်းသုံးကြောင်း ခွဲချီတက်လာတယ်။

မြန်မာတို့ဘက်မှ ကြိုတင်သတင်းရထားတယ်။

ဒါကြောင့် မြေထဲမြို့တစ်ဝိုက်မှာ တပ်ဖြန့်ထားသည့် ကင်းဝန်မင်းကြီး၏တပ်များကို မလွန်စစ်မျက်နှာသို့ လာရောက်ပူးပေါင်းဖို့ ဆင့်ခေါ်လိုက်တယ်။ မြန်မာတပ်ပေါင်းစုကား မလွန်မြို့တွင် စုရုံးရပ်ခံလျက်ရှိတယ်။ အင်္ဂလိပ်တို့လည်း ဆင်ပေါင်ဝဲအထက်မှာရှိသည့် အလွန်ဆီသို့ ဆိုက်ရောက်လာတယ်။ အင်္ဂလိပ်တို့သည် စစ်ကို ဆက်လက်မတိုက်ဘဲ စေ့စပ်ပြေငြိမ်းလိုလားနေပြန်တယ်။

ဒါကြောင့် မြန်မာဘာသာတတ်ကျွမ်းသည့် ရာဇဂုရုအမည်ရှိသော ပုဏ္ဏားတစ်ဦးကို ဘင်္ဂလားမှ ခေါ်ဆောင်ခဲ့သည်။ အဲဒီပုဏ္ဏားဟာ မြန်မာနန်းတော်တွင်းက မင်းခစားတစ်ဦးဖြစ်တယ်။ ပဒုံမင်းတရားလက်ထက်က လျှို့ဝှက်ကိစ္စတစ်ခုဖြင့် ဘင်္ဂလားသို့ စေလွှတ်ခဲ့တယ်။ ဒါကို အင်္ဂလိပ်တို့က သိပြီး ဖမ်းဆီးထားခြင်း ခံနေရသူဖြစ်တယ်။

အခု မြန်မာပြည်၏ အရေးကိစ္စများအတွက် ခေါ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ရန္တပိုရွာသည် ရတနာပူရအင်းဝမှ မိုင်ငါးဆယ်မျှ ဝေးကွာသည်။

၁၈၂၆ ခု ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် စစ်ပြေငြိမ်းစာချုပ်ကို ချုပ်ဆို လက်မှတ်ရေးထိုးကြတယ်။ မြန်မာတို့ဘက်မှ လယ်ကိုင်းမြို့စားဝန်ကြီးမင်းကြီး မဟာမင်းလှကျော်ထင်၊ ကျီဝန်အတွင်းဝန် မင်းကြီးမဟာမင်းလှသီဟသူတို့က လက်မှတ်ရေးထိုးသည်။

နန်းစံကြသူများ

အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ချုပ် အာချီဘော်ကင်းဘဲ၊ အုပ်ချုပ်ရေးမင်းကြီး မစ္စတာသောမတ်ကင်းဘဲရောဘတ်သန်၊ ရေတပ်ဦးစီးကပ္ပတိန်ချတ်တို့က လက်မှတ်ရေးထိုးသည်။

ရန္တပိုစာချုပ်အရ မြန်မာတို့က အင်္ဂလိပ်တို့ကို စစ်စရိတ်ငွေ တစ်ကုဋေပေးရတယ်။

ရခိုင်၊ တနင်္သာရီ၊ မဏိပူရနယ်များကို လွှဲပြောင်းပေးရတယ်။ ဒါဟာ ရှေးဦးစွာသော မြန်မာတို့၏ ကျွန်ဖြစ်ဖို့ ကြုံလာသည့် အရေးအခင်းတွေပဲ။ ထွန်းထွန်းပပ တောက်ပြောင်လာခဲ့သည့် မြန်မာတို့၏ ရာဇဝင်တစ်လျှောက်မှာ တိုင်းတစ်ပါးသို့ မိမိပိုင်နယ်မြေခွဲဝေပေးရခြင်းမှာ သည်အကြိမ်သည် ရှေးဦးစွာသော အကြိမ်ဖြစ်တယ်။

စစ်စရိတ်လျော်ကြေးငွေများ ပေးရခြင်း၊ မြန်မာတို့ပိုင်သည့်နယ်မြေအချို့ကို ခွဲပေးရခြင်းတို့သည် နစ်နာခြင်းများစွာ ဖြစ်ရတယ်။ မြန်မာတို့အဖို့ ဂုဏ်သိက္ခာအများကြီး ကျဆင်းရတယ်။

စည်းလုံးညီညွတ်မှု မရှိခြင်း၊ တစ်ဦးချင်း အာဏာရယူလိုမှု စသည့် အဖြစ်တွေကြောင့် မြန်မာတို့၏နယ်မြေများသည် တစ်စစီကျိုးပဲ့ခဲ့ချေပြီ။ နိုင်ငံတော်မှာ စစ်ငွေ့က ပြယ်စပြုပြီ။ ဒါပေမဲ့ စစ်၏ဒဏ်ကို ပြည်သူတွေဟာ အလူးအလဲခံခဲ့ရတယ်။

သားကွဲမယားကွဲ အငတ်ငတ်အပြတ်ပြတ် ဘေးဒုက္ခများကို ရင်စည်းခံခဲ့ရပြီ။ ပြည်သူနှင့်နိုင်ငံတော်သည် တစ်သားတည်းကျနေတယ် မဟုတ်လား။ နိုင်ငံတော်၏အရေးသည် ပြည်သူတွေရဲ့အရေးပဲ။ နိုင်ငံတော်ကို ထိပါးပုတ်ခတ်သည့်သူမှန်သမျှကို ပြည်သူတွေက တွန်းဖြိုရမည် မဟုတ်လား။

အားလုံးက တစ်စိတ်တည်း တစ်ဝမ်းတည်း ရှိနေကြရမှာပဲပေါ့။

ဒါပေမဲ့ အသားထဲကလောက်ထွက်ဆိုသည့် ဖြစ်ရပ်တွေကလည်း ရှိခဲ့တာပဲ။ အခုလည်း ကြည့်လေ . . . လက်ရှိ အာဏာရထားသည့် နန်းမတော်ဖုရားနှင့် စလင်းမင်းသားကြီးတို့က အကောက်ဉာဏ် ကြံနေကြ

www.foreverspace.com.mm



ပြန်ပြီ။ သူတို့အဖို့ သာယာဝတီမင်းသားသည် ဆူးငြောင့်ခလုတ်ဖြစ်နေတယ်။

ရွှေနန်းတော်တစ်ခုလုံးတင် မကဘူး။ နေပြည်တော်တစ်ခွင်လုံးကပါ ခန့်ညားနေရသည့် သူတို့မောင်နှမကို အလေးမမူသည်က သူပဲ မဟုတ်လား။ သည်တော့ သည်တစ်တောရှင်းသွားရင် သူတို့လုပ်ချင်ရာကို လုပ်နိုင်တော့မှာပဲ ဖြစ်တယ်။

အင်္ဂလိပ်တို့ကို စစ်စရိတ်ငွေတစ်ကုဋေကို လေးဆိုင်းခွဲပြီး ပေးရမယ်။

ပထမအဆိုင်းမှာပဲ ဗြိတိသျှတို့ကိုပေးဖို့ ငွေ မလုံလောက်ဘူး။ သည့်အတွက် နန်းမတော်ဖုရားပိုင်သည့် ရွှေငွေများကို စုဆောင်းပေးလိုက်ရတယ်။ အဲဒီစစ်ပွဲကြောင့်ပင် ရွှေနန်းတောအတွင်းမှာ ပိုပြီးစိတ်ဝမ်းကွဲလာရတယ်။

ဘကြီးတော်မင်းအဖို့လည်း မထွေးနိုင် မအံနိုင် ဖြစ်နေရှာတယ်။

နဂိုက အေးအေးဆေးဆေးနေတတ်သည့် ဘကြီးတော်မင်းအဖို့ ပူပင်သောကမှုတွေ ဖြစ်နေတယ်။ စစ်ရှုံးသည့် အရိပ်ကလည်း သူ့နောက်မှာ ထက်ကြပ်ပါနေပြီ။ နိုင်ငံတော်အရေးဟာ ကမောက်ကမ ဖြစ်နေရတယ်။ သည့်အထဲ မယားနှင့် ညီတော်မင်းသားတို့၏ ပြဿနာကလည်း မငြိမ်ဘူး။

ပြီးပြတ်မှု မရှိဘူး။

သည်တော့ ဘကြီးတော်မင်းအဖို့ မယားလည်း ကြည်သာအောင် ပြောရ၊ ညီဖြစ်သူကိုလည်း နှစ်သိမ့်ရဆိုတော့ စိတ်ညစ်ရှာတော့မပေါ့။ သည်အိမ်တွင်းရေးကိုမှ သင့်တင့်အောင် မစီမံ မအုပ်ချုပ်တတ်သည့် ဘုရင်မင်းတရားကြီးအဖို့ နိုင်ငံတော်အရေးဆိုတော့ ပြောဖို့မလိုဘူးပေါ့။ ဘုရင်ရဲ့သား၊ ဘုရင်မင်းတရားက ချီးမြှောက်လို့သာ ရွှေထီးရွှေနန်း ရာဇပလ္လင်ကို ရခဲ့သူဆိုတော့ ဒုက္ခဆိုတာ ဘာမှသိတာ မဟုတ်ဘူး။

တ,တိုင်းရ စေတိုင်းဖြစ်သည့် ဘဝဆိုတော့ ပူပင်သောကမှုဆိုတာ မရှိခဲ့ဘူး။ ဟော . . . အခုလို နိုင်ငံအချင်းချင်းစစ်ပွဲမှာ ရှုံးနိမ့်လာရတော့ ပူပင်သောကမှုကို စပြီးကြုံတွေ့ရပြီ။ သည်ကြားထဲမယားရဲ့ တစ်သြဇာတစ်မိန့်ကို ပြန်ပြီးနာခံနေရသည့်သဘော ဖြစ်နေတော့ သူလုပ်ချင်ရာ

www.foreverspace.com.mm

လုပ်လို့မရ ဖြစ်နေတယ်။ တစ်ဘက်ကလည်းညီ၊ တစ်ဘက်ကလည်း မယားဆိုတော့ ဘကြီးတော်မင်းအဖို့ ကြားနေရုံပဲ ရှိတာပေါ့။

ဒါပေမဲ့ တို့ဘုရင်က မယားဘက် ခပ်ပါပါလောက်တော့ ရှိမှာပေါ့။ ဒါကလည်း တစ်ခါတစ်ရံလောက်ဖြစ်မှာပါ။ ညီအရင်းဖြစ်ပေမယ့် အတူနေရတာ မဟုတ်ဘူး။ ဒီမှာက မယားဖြစ်တဲ့ နန်းမတော်ဖုရားနှင့် ကစားအတူတူ၊ အိပ်အတူတူ မဟုတ်လား။

ဘကြီးတော်မင်းအဖို့ သိက္ခာကျခဲ့ပြီ။

အလောင်းမင်းတရားကြီး တည်ထောင်ခဲ့သည့် နိုင်ငံတော်သည် သူ့လက်ထက်တွင် ပဲ့ထွက်ခဲ့ချေပြီ။ ဒါဟာ ကောင်းသည့် လက္ခဏာမဟုတ်ဘူး။ နိုင်ငံတော် ကျဉ်းမြောင်းသွားခြင်းသည် ဘုရင်မင်းတရားကြီး၏ အာဏာစက် ကျဉ်းမြောင်းသွားတာပဲပေါ့။ သည့်အတွက် ပိုပြီး သူ့စိတ်ထဲမှာ ခံစားနေရတယ်။ နန်းမတော်ဖုရားကလည်း မောင်တော်ဘုရင်က သူ့ကို မြတ်နိုးချစ်ခင်အောင် ကြိုးစားနေတာပဲ။ သည်လိုချစ်ခင်လာက သူ့ကို အလိုလိုက်မည်၊ သူကြိုက်နှစ်သက်ရာ စီမံချယ်လှယ်နိုင်မည်ပေါ့။ ဘကြီးတော်မင်းကို မီးသေအောင် ပြုလုပ်ထားခြင်းသည် အခွင့်အရေးမှန်သမျှ အကုန်ရတော့မှာပေါ့။

❐ ❐ ❐

# မိန့်တော်စာနှင့် အာဏာတော်ခွန်း ကြိုင်ရိပ်ရှုန်းသည်

♦

သည့်အချိန်မှာ သာယာဝတီမင်းသားအဖို့ အိမ်ရှေ့အရာကို ရထားပြီး ဖြစ်တယ်။

ဘကြီးတော်မင်းကလည်း အရေးပေးထားတယ်။ နန်းမတော်ဖုရားတို့ မောင်နှမက မျက်ခြည်မပြတ် ကြည့်နေတယ်။ သာယာဝတီမင်းသားသည် ထက်ထက်မျက်မျက်ရှိသည့် မင်းသားပဲ။ နောင်တော်ဖြစ်သည့် ဘကြီးတော်မင်းအဖို့ နန်းမတော်ဖုရားရဲ့ ရုပ်သေးရုပ်ဖြစ်နေခြင်းကို မမြင်ချင်ဘူး။ ခံပြင်းလှတယ်။

ရွှေနန်းတော်အတွင်းမှာကလည်း တီးတိုးသတင်း လွင့်နေတယ်။

ကွဲအက်နေပြီဖြစ်သည့် အပိုင်းနှစ်ပိုင်းကပေါ့။ သာယာဝတီမင်းသားကြီးသည် လူဆိုးမွေးတယ်။ နိုင်ငံတော်အတွင်း လုယက်တိုက်ခိုက်နေသည့် မကောင်းမှုကိစ္စရပ်များကို ဦးစီးဦးရွက်လုပ်နေတယ်လို့လည်း ပါးစပ်သတင်း လွင့်နေတယ်။ ဘကြီးတော်မင်းအဖို့လည်း နာမကျန်းဖြစ်နေတော်မူတယ်။

သာယာဝတီမင်းသားသည် လက်နက်အင်အား၊ လူအင်အားကို စုစည်းနေတယ်။

www.foreverspace.com.mm



ဒါကို စလင်းမင်းသားကြီးတို့က ပေါ့ပေါ့ဆဆ မနေတော့ဘူး။ သာယာဝတီမင်းသား၏ အင်အားကြီးမားမှုကို လျစ်လျူရှုလို့ မဖြစ်တော့ဘူး။ သူပြုတ်ကိုယ်ပြုတ်မချလို့ မဖြစ်တော့ဘူး။ ငံ့ညှာနေလို့ မဖြစ်တော့ဘူး။ ကြာရှည်ကတည်းက အမြစ်တွယ်ခဲ့သည့် အဲဒီပြဿနာကို သည်တစ်ခါတော့ အပြတ်ရှင်းရတော့မပေါ့။

သာယာဝတီမင်းသား၏ အခြေအနေကို စလင်းမင်းသားကြီးက မပြတ်စောင့်ကြည့်နေတယ်။ မကြည့်လို့ကလည်း မဖြစ်ဘူး။ တစ်ချက်မှားသွားရင် တစ်ချက်မှားသလို အရေးယူဖို့ စောင့်နေတာပဲ။ ရန်သူမှန်း သိရက်နှင့် အခြေအနေမပေးလို့ ကြည့်နေရတယ်။ ဒုက္ခပေးချင်တာ ကြာလှပြီပေါ့။

အခြေအနေဆိုတာကလည်း အမျိုးမျိုးရှိတယ်။

ဘကြီးတော်မင်း၏ ညီတော်လည်းဖြစ်ပြန် ရွှေနန်းတော်အတွင်းမှာလည်း ဓားကထက်လှဆိုတော့ မတတ်သာသေးဘူးပေါ့။ ဟော... ခုဆိုရင် မထင်မှတ်သည့်နေရာက အခြေအနေပေးလာပြီ။ သည်တော့ ပေးလာတဲ့ ဖြစ်ရပ်ကို အမိအရ ဆုပ်ကိုင်တော့တာပဲ။ အပြစ်ဆိုတာ ရှာရတာ လွယ်ပါတယ်။

ပြဿနာကတော့ ပုဂံမင်းသမီးက စတာဖြစ်တယ်။

ပုဂံမင်းသမီးဆိုတာက သာယာဝတီမင်းသားကြီး၏ နှမတော်ဖြစ်တယ်။ သည်တုန်းက ငစဥ့်ကူအုံမြို့သူကြီးဟာ ငရေးဆိုတာပဲ။ သူ့ကို ပုဂံမင်းသမီးက ဝန်စာရေးအဖြစ် ခန့်အပ်လိုက်တယ်။ စလင်းမင်းသားကြီးတို့ဘက်က မြို့သူကြီးငရေးကို အမြင်မရှင်းဘူး။

သူ့အိမ်မှာ လူဆိုးသူဂုဏ်များက ဝင်ထွက်သွားလာနေတယ်။

လူဆိုးလူသွမ်းတွေကို ပူးပေါင်းလက်ခံနေတယ်လို့ ထင်နေတယ်။ အဆိုးဆုံးကတော့ သူဟာ သာယာဝတီမင်းသားရဲ့ ကျွန်ယုံတော်တစ်ဦးဖြစ်ခြင်းပဲ။ သည်တစ်စကို ဆွဲထုတ်လိုက်ရင် ကျန်တာတွေအားလုံး ပေါ်လာမယ်။ သည်တော့မှ ချက်ပိုင်ပိုင် ဖမ်းမယ်ပေါ့။ သည်တော့ ငရေးကို စစ်မေးဖို့ခေါ်တယ်။ သာယာဝတီမင်းသားမှ တစ်ဆင့် ခေါ်ယူခြင်းပဲ။

နန်းစံကြသူများ

www.foreverspace.com.mm

ဒါကို သာယာဝတီမင်းသားက ခါးခါးသီးသီး ငြင်းပယ်တယ်။

လုံးဝမပေးဘူး။ လွှတ်လည်း မလွှတ်နိုင်ဘူးပေါ့။ တာဝန်ရှိသည့် သာယာဝတီမင်းသားကြီးလည်း မတတ်သာဖူးပေါ့။ မနိုင်တော့ နိုင်ရာတိုင် ရမှာက ထုံးစံမဟုတ်လား။ သည်တော့ စလင်းမင်းသားကြီးက ဘကြီးတော် မင်းထံ လျှောက်ထားတယ်။

သည်တော့ ဘကြီးတောင်မင်းလည်း မနေသာတော့ဘူးထင်ရဲ့။ ဖြတ်ပိုက်သံတော်ဆင့် သီရိကျော်ထင်နော်ရထာကို သာယာဝတီမင်းသားရဲ့ အိမ်တော်ကို လွှတ်လိုက်တယ်။ ဝှက်ထားတဲ့ မြို့သူကြီးငရေးကို ပေးအပ်ဖို့ ရာဇသံဟာ ရာဇသံပဲ။ မရှိတဲ့လူကို မပေးနိုင်ဘူးလို့ ပြန်ပြောလိုက်တယ်။

ဘယ်လိုရာဇသံနဲ့ပြောပြော မရဘူး။

သည်တုန်းက ရတနာပူရ အင်းဝရွှေမြို့တော်အတွင်းမှာ ဓားပြတိုက် မှုတွေ ဖြစ်ပေါ်နေတယ်။

အင်းဝရွှေမြို့တော်၏ အနောက်ပိုင်း ဓာတ်နန်းရပ်ကွက်မှာပဲ။ မင်း နေပြည်တော်မှာ ဖြစ်နေတော့ မြို့တော်ဝန်အဖို့ သိက္ခာကျတာပေါ့။ မဟာ အရှက်တော်ရတယ်ပေါ့။ အထက်အရာရှိများ၏ ပြစ်တင်ကြိမ်းမောင်းခြင်းကို ခံရတယ်။ ဒါကြောင့်မို့ ရွှေမြို့တော်ဝန်မင်းက ကြိုးစားပမ်းစား ဖမ်းတယ်။ မရဘူး။

သူတင်မကဘူး။ ထောင်မှူး၊ မြို့စာရေး၊ မြင်းဝန်တို့ကလည်း လိုက်ဖမ်းတာပဲ။ ဓားပြတွေက ပညာအတော်လျင်တယ်။ တစ်နေရာကို အရိပ်အရောင်ပြပြီး စျေးချိုတော်ရပ်မှာ တိုက်တာပေါ့။ ယုန်တောင်ပြေး ခွေးမြောက်လိုက် ဖြစ်နေတာပေါ့။ လိုက်ဖမ်းသည့် အမှုထမ်းတွေလည်း အရူးမီးဝိုင်းသလို ဖြစ်လာတယ်။

ကြာတော့ စလင်းမင်းသားကြီးလည်း ဒေါသဖြစ်လာတယ်။

သည်တော့ ဘုရင်မင်းကြီး၏ အမိန့်တော်ခံယူပြီး အာဏာပြတော့ တာပဲ။ သာယာဝတီမင်း၏ အိမ်တော်ဝန်၊ အတွင်းဝန်စာရေးကြီးတို့ကို ခေါ်ယူလိုက်တယ်။ အကြောင်းပြချက်ကတော့ မြို့သူကြီးငရေးနဲ့ ပတ်သက် လို့ ဆွေးနွေးစရာရှိတယ်ဆိုတာပဲပေါ့။

www.foreverspace.com.mm



ဒါနဲ့ ဘုရင်မင်းတရားကြီးရဲ့ အမိန့်တော်ဆိုတော့ ဘယ်သူမှ မနေသာ ဖူးပေါ့။

အိမ်တော်ဝန် နေမျိုးသီဟကျော်စွာ၊ အတွင်းဝန် နေမျိုးသီဟစည်သူ၊ စာရေးကြီး သီဟကျော်ထင်နော်ရထာတို့ ဖြစ်တယ်။ နမတော် ပုဂံမင်းသမီး ၏ ဝန်စည်သူရာဇကျော်၊ စာရေးကျော်ထင်သူရိန်တို့ကိုလည်း ဆင့်ခေါ်လိုက်တယ်။

ဘုရင့်အမိန့်တော်ဆိုတော့ လာကြတာပေါ့။

စလင်းမင်းသား၏အိမ်တော်ရောက်ပြီး လူစုံသလောက်ရှိတော့ အားလုံးကို ဖမ်းဆီးလိုက်တယ်။ သူတို့အားလုံးကို လက်မရှို့ထောင်ထဲမှာ ထိပ်တုံးရိုက်ပြီး ထည့်ထားလိုက်တယ်။ ဒါကတော့ စလင်းမင်းသားကြီးရဲ့ လုပ်ရပ်ပဲ။ ပထမတော့ သူတို့အားလုံးက အံ့အားသင့်နေကြတယ်။

ဘာလုပ်တာပါလိမ့်ပေါ့။ နောက်မှ ယောက်ဖလုပ်သည့် ဘုရင်မင်းတရားကြီးကို ခါးပိုက်ဆောင်ထဲ ထည့်ထားပြီး သူလုပ်ချင်ရာလုပ်နေဖို့ စလင်းမင်းသားကြီး၏လုပ်ကွက်ဆိုတာ သူတို့သိသွားကြတယ်။ မြို့သူကြီး ငရေးနှင့် သူတို့အားလုံးကို အလဲအလှယ်လုပ်တာပေါ့။

သူတို့အားလုံးကို လွှတ်စေချင်ရင် ငရေးကို အပ်ပါလို့ သာယာဝတီမင်းသားထံ အကြောင်းကြားစေတယ်။ ဘာဆိုင်သတုန်း။ ဒါဟာသက်သက်မဲ့ ရန်ရှာတာပဲ။ တမင်ရန်စသလို ဖြစ်မနေဘူးလား။ နေပြည်တော်မှာ ဓားပြတိုက်တာနဲ့ ဒီငရေးနှင့် ဘာဆိုင်သလဲ။ ငရေးတိုက်တယ်ဆိုရင် ငရေးကိုပဲ အမိဖမ်းဖို့ကောင်းတာပေါ့။

ကိုယ့်ဘာသာကိုယ် အုပ်ချုပ်ရေးညံ့ဖျင်းလို့ ဖြစ်ချင်တိုင်း ဖြစ်နေတာကို မဆိုင်တာတွေ မလုပ်သင့်ဘူးပေါ့။ ဘာနှင့်တူနေသလဲဆိုတော့ လင်ကောင်မဖော်နိုင်လို့ မှီရာယောက်ျား ဖမ်းယူလိုက်ရသည့်ကိန်း ဆိုက်နေတာပဲ။ သူတို့အဖို့မှာက စည်းစိမ်အပြည့်ခံစားတယ်။ သူတို့ကိုယ်ကျိုးကိုပဲ ရှေ့တန်းတင်နေကြတယ်။

ဘကြီးတော်မင်းမှာလည်း အမည်သာရှိတော့တယ်။

နန်းစံကြသူများ

နိုင်ငံတော်ကို လက်တွေ့ကျကျ အုပ်ချုပ်နေသူကတော့ နန်းမတော်ဖုရားတို့ မောင်နှမဖြစ်တယ်။ သည်တော့ သူတို့ဘာလုပ်သလဲ။ သူတို့ရပ်ရွာဖြစ်သည့် ဖလံခုံရွာမှာရော တခြားဆွေမျိုးတွေရှိသည့်ရွာက အမျိုးအဆွေတွေကောင်းစားရေးကို လုပ်တော့တာပဲ။

နယ်စားပယ်စားတွေခန့်ပြီး သူကောင်းပြုတယ်။ ဒါကတော့ အင်အား စုနည်း တစ်မျိုးပေါ့။ သူတို့အမျိုး စုစည်းပါမှ နေရာရမယ်ဆိုတာ သိနေ တယ်။ ဒါကြောင့် အရေးဟဲ့ဆိုရင် ကျောချင်းကပ်ရအောင် သင့်တော်သည့် နေရာတွေမှာ ဆွေမျိုးတစ်စုကို ထည့်ထားနေတာပဲ။ သူတို့အဓိကထားသည့် ပစ်မှတ်ကတော့ သာယာဝတီမင်းသားကြီးပေါ့။ အပါးနပ်ဆုံး၊ အထက်မြက် ဆုံးသူကို ဖိထားနိုင်မှ မိမိတို့လုပ်ချင်ရာကို လုပ်လို့ရမယ်မဟုတ်လား။

ရွှေနန်းတော်အတွင်းမှာ တင်းမာမှုအရိပ်များ ယှက်သန်းနေတယ်။

နှစ်ဖက်စလုံးက ဩဇာအာဏာကြီးတယ်။ အရှိန်အဝါမြင့်မားသည့်လူတွေပဲ။ ခုထိ မြို့သူကြီးငရေး၏ အရေးအခင်းဟာ မပြီးပြတ်သေးဘူး။ ဘကြီးတော်မင်းအဖို့ မယားစကားကို နားထောင်နေတယ်။ နန်းမတော်ဖုရားရဲ့ လူလုံးလုံးဖြစ်နေတယ်။ ဒါပေါ့ လင်နှင့်မယားဆိုတာ တစ်သားတည်းပေါ့။ ဘကြီးတော်မင်းအဖို့ ယောက်ဖနှင့်မိန်းမဖြစ်သူတို့ ပူးပေါင်းလုပ်ကြံနေတယ်ဆိုတာကိုလည်း သတိမူဟန်မတူဘူး။

ပြဿနာဟာ ကြီးသထက်ကြီးလာပြီ။

ထိန်းမရတော့ဘူး။ အခြေအနေကား မကောင်းတော့ဘူး။ ဆိုးဝါးနေပြီပေါ့။ ဒါဟာ သက်သက်မဲ့ ရန်ရှာနေတာပဲဆိုတာ သိတယ်။ သာယာဝတီမင်းသားအဖို့ သိပေမယ့် သည်းခံနေတယ်။ တတ်နိုင်သမျှ လိုက်လျောမှုပေးတယ်။ သူစိမ်းမကောင်းပေမယ့် အစ်ကိုဖြစ်သည့်သူက ရှိသေးတယ်မဟုတ်လား။ တစ်ယောက်ခေါင်းတစ်ယောက်နင်းပြီး ဆင်းလာခဲ့သည့်သူတွေမို့ ညှာတာမှုရှိရမယ်။ အတတ်နိုင်ဆုံး ပြေပြေလည်လည်ဖြစ်ဖို့ ကြိုးစားရမှာပေါ့။

ပြီးတော့လည်း ကိုယ်က အငယ်မဟုတ်လား။

အစ်ကိုကြီးတော့ အဖအရာဆိုသည့်ထုံးကိုလည်း နှလုံးမူရမယ်လေ။

www.foreverspace.com.mm



သည်တော့ဖြစ်လာသည့် ပြဿနာမူရင်းအမြစ်ကို လှန်ရတော့မယ်။ ဒါကလည်း ကြားကသူတွေကို ပြောခိုင်းလို့ရမယ် မထင်ဘူး။ အကြောင်းက ရှိပါတယ်။ သည်ပြဿနာ စဖြစ်ကတည်းက ကိုးကွယ်တော်မူရင်းဖြစ်တဲ့ သဲအင်းဆရာတော်ကို သာသနာပြုဆရာတော်ထံ လျှောက်ကြားစေတယ်။

ဒါပေမဲ့ သာသနာတော်ပိုင်ဆရာတော်က ဤကိစ္စသည် လူမှုလူရာနှင့်စပ်လျဉ်းသော စကားဖြစ်တယ်။ ဒါကြောင့် မပြောပိုင်လို့ ဆိုတယ်။ နောက်တစ်ယောက်ကိုလည်း ကြားဝင်ပေးဖို့ ကြိုးစားခဲ့သေးတယ်။ မရဘူး။ သူကတော့ တခြားသူမဟုတ်ဘူး။ နန်းမတော်ဖုရား၏ အရီးတော်ဖြစ်သည့် ပေါင်းတည်မြို့စားမယ်ပုထံပေါ့။

ပေါင်းတည်စားမယ်ပုကို အဖိုးများမှာစွာ ထိုက်တန်သည့် လက်စွပ်တော်ပေးပြီး ပြောခိုင်းတာပဲ။ နောင်တော်မင်းတရားမှာ ဟုတ်မှန်သည့် အတိုင်း သိစေအောင် လျှောက်ထားခိုင်းခြင်းပဲ။ ဒါကို ပေါင်းတည်စားမယ်ပုက ကြိုးစားသေးတယ်။ မရဘူး။ တကယ်တော့ ဒီကိစ္စဟာ ရိုးရိုးသားသား ဟုတ်ချင်မှဟုတ်မှာပါ။ အကြောင်းက ရှိပါတယ်။ သာယာဝတီမင်းသား စေလွှတ်သည့် ပေါင်းတည်မြို့စားမယ်ပုဟာ နန်းမတော်ဖုရား၏ အရီးတော်ဖြစ်နေတယ်။ သည်တော့ ပေါင်းတည်စားအဖို့ ပါချင်ပါရင် တူမဘက်ပဲ ပါတော့မပေါ့။

ခက်တာက ဘကြီးတော်မင်းပဲ။

အင်္ဂလိပ်တို့ကို စစ်ရှုံးပြီးကတည်းက အတွင်းတော်ထဲက သိပ်ပြီး ထွက်တော်မမူတော့ဘူး။ ဘယ်သူ့ကိုမှလည်း မတွေ့တော့ဘူး။ ကိစ္စရပ်အားလုံးကို နန်းမတော်ဖုရားတို့မောင်နှမကသာ ဦးဆောင်နေတယ်။ ဒါကြောင့် သာယာဝတီမင်းအဖို့ ဘကြီးတော်မင်းတရားကြီးကို ဖြစ်ရပ်မှန်လျှောက်တင်ဖို့ ဝေးကွာနေတယ်။

နိုင်ငံတော် ဘုရင်မင်းတရားကြီးကို ဖူးတွေ့ဖို့ဆိုတာ မလွယ်ဘူး။

အခေါ်တော်ရှိမှ သွားတွေ့ရတာပဲ။ ကိုယ်က တွေ့ချင်တိုင်းတွေ့လို့ မရဘူး။ ခုလို ညီတော်ရင်းကတောင် တွေ့ခွင့်မရတာ တခြားဘယ်သူကရော လွယ်ပါ့မလား။ သည်လိုဖြစ်အောင်လို့လည်း နန်းမတော်ဖုရားတို့က လုပ်

www.foreverspace.com.mm

ထားဟန်တူရဲ့။ ဘုရင်မင်းတရားကြီးနဲ့ ဘယ်သူနဲ့မှ ပေးမတွေ့စေဘဲ သူတို့ လုပ်ချင်ရာ လုပ်နေတာပေါ့။

သူ့လိုပဲ ဒီအရေးကို စိုးရိမ်သောကဖြစ်နေသည့်သူက ရှိတယ်။

နမတော် ပုဂံမင်းသမီးပဲ။ သူကစပြီး ယှက်နွယ်လာသည့် ပြဿနာ ဆိုတော့ သူစိုးရိမ်တာ မဆန်းဘူးပေါ့။ ရှေ့မှာဖြစ်လာတော့မယ့် အရေး အခင်းတွေကိုလည်း သူတွက်ကြည့်မိတယ်။ မျှော်ကြည့်မိတယ်ပေါ့။ ရွှေ နန်းတော်ရဲ့ကြမ်းပြင်မှာ သွေးအလျှင်ဟာ စီးဆင်းနေတယ်။ လူတွေအားလုံး ဟာ သွေးချင်းချင်းနီနေတယ်။

သည်ကိစ္စရပ်ကို အစပျိုးလာသည့် မိမိနှင့် သာယာဝတီမင်းသား ကြီးအဖို့ ရာဇဝတ်တော်နှင့် နီးကပ်နေပြီဆိုတာ အလိုလိုသိနေပြီ။ တစ်ခုခု တော့ လုပ်ကြမှာပဲ။ ဘယ်သူ့ကိုမျှမယုံရသည့် ရွှေနန်းတော်အတွင်းမှာ လျှို့ဝှက်ကြံစည်မှုဆိုတာ လုပ်နိုင်ပါ့မလား။

ဘူးတစ်ရာ အပေါက်ပိတ်နိုင်ပေမယ့် လူ့ပါးစပ်အပေါက်တစ်ခုကို တော့ ပိတ်နိုင်ဖို့ဆိုတာ ဝေးလွန်းလှတယ်။ မဖြစ်နိုင်ဘူးပေါ့။ စလင်းမင်းသား ကြီးရဲ့အင်အားကလည်း ကြီးမားလှသည်။ အချိန်မရွေး ဒုက္ခပေးလာနိုင် တယ်။ ပြီးတော့လည်း ခုအရေးဟာ သာယာဝတီမင်းသားကြီးတစ်ပါးတည်း ရဲ့ အရေးမဟုတ်ဘူး။

သူနှင့်ဆက်နွယ်နေသည့် မိဖုရား သားတော် သမီးတော်များ၏ အရေးလည်းဖြစ်တယ်။ အမှုထမ်း ကျွန်တော်မျိုးတို့၏အရေးလည်း ဖြစ် တယ်။ နောင်တော် ဘကြီးတော်မင်း၏ကျေးဇူးဟာ ကြီးမားတယ်။ သစ္စာ တော်လည်း ထားရှိရမယ်။ တော်လှန်ပုန်ကန်မှုဆိုတာ လုံးဝမလုပ်သင့်ဘူး။ ရာဇပလ္လင်အတွက်တော့ ဝေးလာဝေးပေါ့။

အခုဆိုရင် အင်္ဂလိပ်တို့နှင့် စစ်ပွဲပြီးတာကမှ မကြာသေးဘူး။ ခု တစ်ခါထပ်ပြီး တော်လှန်မှုတွေဖြစ်လာဦးမယ်ဆိုရင်တော့ ပြည်သူတွေအဖို့ ပင်ပန်းတော့မယ်။ ဒုက္ခတွေ ထပ်တလဲလဲရောက်ကြတော့မယ်။ အခုတော့ ပိုဆိုးတဲ့ကိန်းဆိုက်နေပြီ။ ဘကြီးတော်မင်းတရားဟာ နာမကျန်းဖြစ်နေတယ်။

www.foreverspace.com.mm

သည်သတင်းဟာ အတွင်းတော်ထဲက လွင့်ပျံထွက်လာတယ်။

ဘုရင်မင်းတရားကြီး နာမကျန်းဖြစ်တော်မူလို့ ဘယ်သူနှင့်မျှ တွေ့ခွင့် မပေးဘူးဆိုတာလည်း ထပ်ပြီးကြားရပြန်တယ်။ ခက်ကြပြီပေါ့ . .. ခုဆိုရင် နန်းမတော်ဖုရားတို့၏လုပ်ရပ်တွေဟာ ပီပီပြင်ပြင် ဖြစ်လာတယ်။ နန်းမတော် ဖုရား၏ တစ်စင်းတည်းသောဓားဟာ ထက်ထက်မြက်မြက်ရှိနေပြီ။

ဒါကို သာယာဝတီမင်းသားကြီးတို့က လျင်တယ်လို့ ပြောရမယ်။

ရန်သူရဲ့လက်ဦးမှုကို ရှောင်တိမ်းလိုက်တယ်။ မဝေးကွာတော့သည့် အနာဂတ်ခရီးဟာ သေတစ်လမ်း ရှင်တစ်လမ်းဆိုတာ သူနှလုံးပိုက်ထားမိပြီ။ အများ၏အရေးဆိုတော့ ပြတ်သားရတော့မပေါ့။

တကယ်တော့ သာယာဝတီမင်းသားသည် ဘကြီးတော်မင်းတရား ကို ခမည်းတော်ကဲ့သို့ လေးစားသူဖြစ်တယ်။ နောင်တော်၏ ကျေးဇူးတရား ကို အမြဲသိနေသူဖြစ်တယ်။ အမူတော်ကိုလည်း သစ္စာရှိရှိနှင့် ထမ်းရွက် နေတယ်။ အခုဖြစ်သည့်ကိစ္စရပ်မှာလည်း နောင်တော်နှင့် ဖြစ်ရခြင်းမဟုတ်။ စလင်းမင်းသားကြီးနှင့်ဖြစ်ရသော ကိစ္စပဲ။ လောလောဆယ် ဘာမဆိုလုပ်ပိုင် ခွင့်ရှိနေတာက သူတို့မောင်နှမဖြစ်တယ်။

နောင်တော်မင်းတရား၏သစ္စာကို စောင့်ပြီးနေမည်ဆိုက သေဘေး နှင့်ကြုံဖို့ နီးတော့တယ်။ မင်းတို့အရေးဆိုသည်ကလည်း တိမ်တောင်ကြက်ဥ သဖွယ် အလွန်သိနိုင်ခဲ့တယ်။ သည်ကတည်းက သာယာဝတီမင်းသားအဖို့ သတိထားပြီးနေခဲ့တယ်။ သူ့ဘက်က အများမရှိအောင် စတင်ပြီးရန်မမူဘူး။

စလင်းမင်းသားအုပ်စုဘက်မှ ရန်ပြုလာလျှင် ဆီးဆို့ရပ်ခံဖို့ ကြံစည် ကြတယ်။

သူ့မှာရှိသည့် ကျွန်တော်မျိုး လူလေးရာကျော်တို့ကို ဝင်းတော် အတွင်းအပြင်မှာ အရံသင့်ရှိစေတယ်။ စံရာတံခါးလမ်း၊ ပန်းတိမ်တန်းလမ်း၊ ညောင်ပင်ဈေးလမ်းများမှာ သေနတ်ကိုင်လူအစောင့်အနေ ထားတော်မူ တယ်။

ဒါပဲပေါ့... ပြဿနာတစ်ခုကို ဖြေရှင်းသည့်နေရာမှာ ကိုယ့်အလွန် မဖြစ်စေဘူး။ အထူးသဖြင့် ဒီအရေးက ညီတော်နောင်တော်အရေးမဟုတ်ပေ

www.foreverspace.com.mm

မယ့် ဘေးက သူစိမ်းတစ်ရံတွေက ဦးဆောင်နေတယ်။ သည်တော့ ကိုယ့်ဘက်က အမှားမပါရအောင် ကြိုတင်ကာကွယ်ထားတာပဲ။

မတော်လို့ လာတိုက်ရင် အဆင်သင့်ဖြစ်တာပေါ့။

သည်အချိန်မှာ စလင်းမြို့စားမင်းသားကလည်း ဘကြီးတော်မင်းကို လျှောက်ကြားနေတယ်။ ငရေးကို သာယာဝတီမင်းသားထံတောင်းရာ မပေးမအပ်ဘူးပေါ့။ ဒါကို ဘကြီးတော်မင်းက ချက်ချင်းပဲ အမိန့်တော်ထုတ်ပြန်လိုက်တယ်။

ငရေးကို မပေးမအပ်နေလျှင် ညီတော် သာယာဝတီမင်းဝင်းနှင့် နှမတော်ပုဂံမင်းသမီးဝင်းများသို့ စေလွှတ်ရှာဖွေရမည်ဆိုတာပေါ့။ တကယ်တော့ ဒါတွေဟာ သင်ခန်းစာယူဖို့ကောင်းတယ်။ အဲဒီတုန်းက ဘုရင်မင်းတရားကြီးတွေဟာ သင့်မသင့် မှန်မမှန်ကို ဘယ်တော့မှ မစဉ်းစားဘူး။ အနားမှာကပ်နေသည့် သူတချို့၏ လျှောက်တင်စကားကို တကယ်မှတ်ယူတာပဲ။ အခုလည်း ကြည့်လေ… ဘကြီးတော်မင်းအဖို့ ညီရင်းတစ်ယောက်ကို ယုံကြည်ဟန်မတူတော့ဘူး။ ယောက်ဖ၏စကားက နားဝင်နေပြီမဟုတ်လား။ သည်တော့ ညီထက် ယောက်ဖကို အလေးပေးနေပြီ။

စလင်းမင်းသားက မြို့လတ်ဝန်မင်းကြီး မဟာမင်းလှမင်းခေါင်ကျော်နှင့် မြောက်ထားဝယ်ဗိုလ်မင်းလှမဟာသီဟသူတို့အား အမှုထမ်းလူနှစ်ရာနှင့် စေလွှတ်လိုက်တယ်။ သူတို့က လူနှစ်စုခွဲပြီး သွားကြတယ်။ သာယာဝတီမင်းဝင်းနှင့် နှမတော်ပုဂံမင်းသမီးဝင်းဆီသို့ပဲ။

မြို့လတ်ဝန်နှင့် မြောက်ထားဝယ်ဗိုလ်တို့က အမှုထမ်းလူတစ်ရာ့ငါးဆယ်နှင့် သာယာဝတီမင်းဝင်းသို့ သွားတယ်။ မြဲတိုက်သံဆင့် သီရိကျော်ထင်နော်ရထာက မြောက်မာရဘက်အမှုထမ်း လူငါးဆယ်နှင့် ပုဂံမင်းသမီးဝင်းသို့ သွားကြတယ်။

သာယာဝတီမင်းဝင်းကို သွားကြည့်သူတို့နှစ်ဦးသည် လူစုခွဲလိုက်ပြန်တယ်။ မြို့လတ်ဝန်မင်းက စံရာတံခါးလမ်းမအတိုင်းအနောက်သို့ သွားတယ်။ ဝင်းကိုပတ်ပြီး ဝင်းတော်နောက်တံခါးက ဝင်မယ်ပေါ့။ မြောက်ထား

www.foreverspace.com.mm

ဝယ်ဗိုလ်ကမူ စံရာတံခါးအပြင် ကျုံးထိပ်ကမြောက်ဘက်သို့သွားတယ်။ ပြီးမှ ဝင်းရှေ့တော်တံခါးက ဝင်မယ်ပေါ့။

ဒါကို သာယာဝတီမင်းသားက ကြိုပြီး သတင်းရထားတယ်။ ဒါကြောင့် အစောင့်အနေအထားမှန်သမျှတို့ကို အုပ်စည်းမပျက် ရှိနေစေတယ်။ ဇာတ်လမ်းက စကြပြီ။ မြောက်ထားဝယ်ဗိုလ်ဟာ အမှုထမ်းရှစ်ဆယ်နှင့် ဝင်းတော်ကိုပတ်ပြီး လာနေတယ်။ သူ့ရဲ့ရှေ့ပြေးအဖြစ် သွေးသောက်ကြီးငခိုဟာ ဝင်းတော်အနောက်ကနေပြီး ရှေ့ပြေးအဖြစ် ရောက်လာတယ်။ သူနှင့်အတူ ရဲမက်ငါးဦးလည်းပါတယ်။

သူတို့ရဲ့ဟန်တွေမှာ ဆောင့်ကြွားကြွား ရှိနေတယ်။

ဘုရင်မင်းတရားကြီးရဲ့ အမိန့်တော်နှင့်လာသူတွေဆိုတော့ ဘယ်သူ့ကိုမှ ဂရုစိုက်ချင်ဟန်မတူဘူး။ ခါတိုင်းဆိုရင် သာယာဝတီမင်းသားဟေ့ဆိုရင် ဒူးတုန်နေရသည့်အဖြစ်၊ အခုတော့ ဘုရင့်အမိန့်တော်ကို ဦးထိပ်ရွက်လာသူတွေပေါ့။ သူတို့လုပ်ချင်ရာလုပ်မယ်ပေါ့။

ဝင်းတော်ဝင်လာကတည်းက ဟိတ်နှင့်ဟန်နှင့်။ ဟိန်းလိုက်ဟောက်လိုက် လုပ်နေတယ်။ ဒါကို သာယာဝတီမင်းသားရဲ့ အတွင်းဝန် နေမျိုးဗန္ဓုကျော်က တွေ့မြင်တယ်။ အကျိုးနှင့်အကြောင်းနှင့် ကောင်းကောင်းမွန်မွန် ပြောပြတယ်။ တစ်ဦးနှင့်တစ်ဦး ရည်ရည်မွန်မွန်ဆက်ဆံဖို့ တခြားလူတွေကို အလေးမမူရင်နေပါ။ သာယာဝတီမင်းသားကြီးကိုတော့ ဂရုပြုဖို့ကောင်းတယ်လေ။

ဒါကို သွေးသောက်ကြီးငခိုတို့က ဟားတိုက်ရယ်တယ်။

သည်တွင် ဗန္ဓုကျော်လည်း ဓားလွတ်ဆွဲပြီး ပိုင်းလိုက်တော့တယ်။ လုံးဝမထင်ဘူး။ သည်လို အာခံရဲမယ်လို့ မမှတ်ယူခဲ့ဘူး။ ဘကြီးတော်မင်းတရားရဲ့အမိန့်တော်ကြောင့် သူတို့အားလုံး ပြားပြားဝပ်ရှိနေမယ်လို့ သူထင်ထားတယ်။ ခုတော့ သည်လိုမဟုတ်တော့ဘူး။ သွေးသောက်ကြီးငခိုအဖို့ အံ့အားသင့်ချိန်တောင်မှ မပြယ်သေးဘူး။ ဗန္ဓုကျော်ရဲ့ဓားချက်နှင့် အသက်ထွက်တော့တယ်။

www.foreverspace.com.mm

## နန်းစံကြသူများ

သူနှင့်အတူပါလာသည့် ရဲမက်ငါးဦးလည်း ပြေးသူကပြေး မြေမှာ လဲသူလဲနှင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့တယ်။ သည်အချိန်မှာ မြို့လတ်ဝန်လည်း ဝင်းတော်အဝ ရောက်နေပြီ။ ဝင်းတော်ထဲမှာ ရုန်းရင်းဆန်ခတ်ဖြစ်နေတာကို တွေ့ရတယ်။ ဝင်းအပြင်သို့လည်း ရဲမက်အချို့ပြေးလာသည်ကို တွေ့ရတယ်။

သည်တော့ သူဘာလုပ်သလဲ ... စီးလာသည့်မြင်းဇက်ကို နောက်ပြန်လှည့်ပြီး ပြေးတော့တယ်ပေါ့။ ဒါပါပဲ သက်ဦးဆံပိုင်ခေတ်ရဲ့ ပြကွက်ကလေးတွေ။ အရည်အချင်းမရှိသည့်သူတွေသာ ကြီးစိုးသည့်ဘကြီးတော်မင်းအဖို့ အနှုတ်လက္ခဏာပြနေပြီ။ လိုရင် လိုသလို၊ မလိုရင် မလိုသလို လုပ်တတ်သည့် စလင်းမင်းသားကြီး၏ ကျွန်ယုံတွေ မဟုတ်လား။

အစကတည်းက ကြိုတင်ပြင်ဆင်ထားပြီးဖြစ်သည့် သာယာဝတီမင်းသားလည်း တနင်္သာရီတံခါးက ထွက်တော်မူတယ်။ ရွှေတုံးလှေတော်နှင့် ဧရာဝတီမြစ်မြောက်ဘက်သို့ ကူးတော်မူတယ်။ တကယ်တော့ သာယာဝတီမင်းသားကြီးသည် သတ္တိဗျတ္တိရှိသူဖြစ်တယ်။ ရာဇဝတ်၊ ဓမ္မဝတ်၊ လောကဝတ်များကိုလည်း ကျွမ်းကျင်တယ်။

ရွှေနန်းတော်၏ အတွင်းရေးမှန်သမျှကို စေ့ငစွာ သိသူဖြစ်တယ်။ သူ့မှာ အထောက်တော်များလည်း မပြတ်ရှိတယ်။ နားမျက်စိကို ဖွင့်ထားသူဖြစ်တယ်။ သည်အရေးတော်မှာ အပြစ်မကြီး၊ ကြီးအောင် သည်အထိဖြစ်လာဖို့ အဓိကကြိုးစားသူဟာ စလင်းမင်းသားကြီးပဲဆိုတာ သူသိတယ်။

စလင်းမင်းသားကြီးရဲ့လက်ပါးစေတွေဖြစ်သည့် ကင်းဝန် ဦးကြွယ်ဝ၊ ကျီဝန်ဦးပါရောက်၊ မြို့လတ်ဝန်မောင်ရေး၊ ဝန်ထောက်မောင်ကံရေး၊ ဗိုလ်ကျွန်း၊ မောင်ကံပေါ်၊ ဒလဗိုလ်တို့လည်းပါရှိကြောင်း သိတယ်။ ဒါကတော့ ရှင်းပါတယ် . . . သက်ဦးဆံပိုင်ခေတ်ဆိုတာက မင်းလိုလိုက် မင်းကြိုက်ခစားရမှာပဲပေါ့။ တာဝန်ရှိသည့်အထက်အရာရှိတစ်ယောက်က ကိစ္စတစ်ရပ်ကို ကြည့်လုပ်လိုက်ပါကွာဆိုတာကို သူတို့လုပ်ချင်သလို လုပ်လိုက်တာပဲ။

www.foreverspace.com.mm



သေးငယ်သည့် အမှုကိစ္စတွေကိုဆိုရင်လည်း သူတို့လိုရင် လိုသလို ဆွဲဆန့်တော့တာပဲ။

သေးငယ်သည့်အမှုတွေကို ကြီးအောင်လုပ်ပြီး လာဘ်ပေးလာဘ်ယူ တွေလုပ်တယ်။ တခြားမတော်သည့် ဒုစရိုက်တွေကိုလည်း လုပ်ကြတယ်။ မဆန်းပါဘူး။ သက်ဦးဆံပိုင်ခေတ်မှာ လူဖြစ်ကျိုးမနပ်ရသည့်လူတွေ မနည်း ဘူးပေါ့။

သာယာဝတီမင်းသားသည် နောက်ပါကျွန်တော်မျိုး ခုနစ်ရာကျော်တို့ နှင့် ရွှေဘိုကို ချီတော်မူပြီ။ သာယာဝတီမြို့က ဆက်သထားသည့် ရွှေတုံး လှေတော်စီးပြီး ဗညားဆိပ်ကမ်းသို့ အရောက်သွားကြတယ်။ ရှေ့နောက် ဝဲယာတို့မှ ကျေးတော်မျိုး၊ ကျွန်တော်မျိုး၊ အကြီးတော်၊ အကြီးစာရေး၊ အကြီးအအုပ်များကို အစုခွဲတယ်။ တိုက်လူများကို စည်းကြပ်စေတယ်။

ဒါတွေကို ရွှေနန်းတော်က သိသွားခဲ့တယ်။

စလင်းမြို့စားမင်းသားနှင့် မှူးတော်မတ်တော်များလည်း အတွင်း တော်မှာ ခစားနေကြတယ်။ သားတော်ညောင်ရမ်းမင်းသား၊ ဘိုးတော်မင်း တရား၏သားတော် မလွန်မင်းသား၊ မြင်ကွန်းမင်းသား၊ သံတွဲမင်းသား၊ မင်းတုံးမင်းသား၊ ပင်းတလဲမင်းသား၊ သီပေါမင်းသား၊ စလေမင်းသားများ လည်း အတွင်းတော်သို့ ဝင်နေရတယ်။

ရတနာပူရမြို့တော် အတွင်းမြို့ကလေး တံခါးကိုးရပ်ကိုလည်း ပိတ်လိုက်တယ်။ မြောက်မျက်နှာ အနောက်မျက်နှာများမှာ အမှုထမ်းမြို့စီး ပြစီး အပြည့်တင်ထားတယ်။ အဲဒီနေ့မှာပဲ ထောင်တွင်းမှာ အကျဉ်းထားသည့် သာယာဝတီမင်း၊ ပုဂံမင်းသမီးတို့၏ ဝန်စာရေးကြီးတို့ကို ကွပ်မျက်လိုက် တယ်။

ပုဂံမင်းသမီး၊ ဘိုးတော်မင်းတရား သမီးတော်၊ ကွပ်ရွာမင်းသမီး၊ ဝန်ကြီးဟောင်း သတိုးမင်းရဲရာဇာ၊ မော်သီမြို့စား လင်းဇင်းသေနတ်ဝန် မဟာသီဟသူတို့ကို ထောင်မှာ ထည့်ထားတယ်။ သူတို့အားလုံးဟာ သာယာ ဝတီမင်းသားကြီးနှင့် ပတ်သက်နေသည့် သူတွေပဲ။

www.foreverspace.com.mm

နန်းစံကြသူများ

တစ်နွယ်ငင်တစ်စင်ပါသည့် သူတွေအားလုံးကို ရှင်းပစ်ရမယ် မဟုတ် လား။ သည်တော့ သတ်တန်သတ်၊ ထောင်ထဲထည့်တန် ထည့်ရတော့မပေါ့။ ဒါမှလည်း အခြေအနေအရပ်ရပ်ကို စိတ်ချရမယ်။ သည်လို အပြတ်ရှင်းတာ တောင် တော်ရုံမကျဘူး။ အနီးမှာကပ်နေသည့် ရန်သူတွေလည်း မရှိဘူးလို့ မပြောနိုင်ဘူး။

ရွှေဘိုဆိုတာက အောင်မြေမဟုတ်လား။

ကုန်းဘောင်ခေတ်ကို အစပျိုးခဲ့သည့် အလောင်းဘုရားအောင်မြေ ဟာ ရွှေဘိုပဲ။ သာယာဝတီမင်းသားလည်း သည်အောင်မြေမှာ ဗိုလ်ဝင်ခံ နေတယ်။ လူ့လောကဟာ အလွန် ဆန်းကြယ်တယ်။ ကိုယ်ဖြစ်ချင်သလို ဖြစ်မလာတတ်သည့် သဘာဝတရားပဲ။ အဲဒီထဲက တစ်ခါတစ်ရံတော့ အဆိုးဘက်မှ အကောင်းကလေးတွေ ဖြစ်လာတတ်တယ်။ ပထမဆုံးတော့ ဒုက္ခဆိုသည့် အရင်းအနှီးကို ပေးရစမြဲပဲ။

စီရင်စုလေးဆယ့်ခြောက်ခေါင်း၊ မြင် မြေ ကျေးရွာများက အလို အလျောက် ဝင်လာတယ်။ သာယာဝတီမင်းအဖို့ လက်နက်လူသူအင်အား တောင့်တင်းလာပြီ။ မြို့သူကြီး မဟာဇေယျဗိုလ်ကို မြို့ဝန်ခန့်တယ်။ ငရွှေဦး ကို မဟာမင်းလှမင်းခေါင်ကျော်ဘွဲ့ ချီးမြှင့်တယ်။ ဗိုလ်မှူးခန့်တယ်။ အမှု ထမ်းခန့်တယ်၊ အမှုထမ်းရဲမက် လူနှစ်ထောင်ကျော်၊ မြင်းတစ်ရာကျော် ပေးအပ်တယ်။ ပုံ့ပွက်ရွာမှာ တပ်ချရပ်ပြီး နေစေတယ်။ ရတနာပူရက ချီတက်လာမည့် ကင်းဝန်တပ်ကို ဆီးဆို့ဖို့ပဲဖြစ်တယ်။

သည်အချိန်မှာ ကင်းဝန်မင်းကြီး မဟာမင်းလှကျော်စွာ အုပ်ချုပ် သည့်တပ်မကြီးဟာ အပြင်းချီလာနေပြီ။ လူနှစ်ထောင်၊ သေနတ်ကိုင်ခုနစ် ရာ့ငါးဆယ်။ တပ်ပေါင်း ငါးတပ်နဲ့ပေါ့။ ရတနာသိင်္ခမြို့တော်နှင့် ခရီးသုံးတိုင် အကွာမှာ သူတို့ ဆုံမိကြတယ်။ သာယာဝတီမင်းသားရဲ့တပ်များသည် အင်အားနည်းပါးတယ်။ ဒါပေမယ့် စစ်ဆင်ရေးမှာ ကြွယ်ဝလှတယ်။

တကယ်တော့ စစ်တိုက်တယ်ဆိုတာဟာ အနဋ္ဌာရုံတွေချည်းပဲ။

တစ်ဦးတစ်ယောက်ကောင်းစားဖို့အတွက် ပြည်သူတွေ အသက်သေ ပေးရတယ်။ နယ်ချဲ့တွေကို တိုက်ရမယ့်လက်နက်တွေဟာ အချင်းချင်းပြန်

www.foreverspace.com.mm



တိုက်နေရပြီ။ နေပြည်တော်က တပ်များသည် တစ်စတစ်စနှင့် နောက်ဆုတ်နေရပြီ။ သာယာဝတီမင်း၏တပ်များက တစ်ဆင့်ပြီးတစ်ဆင့် အောင်ပွဲခံနေပြီ။

နေပြည်တော်မှတပ်များသည် ကျဆုံးခြင်းများစွာနှင့် ဆုတ်ခွာနေရတာပဲ။

သာယာဝတီမင်း၏တပ်များလည်း အောင်ပွဲရမှုများကြောင့် အင်အား တိုးသည်ထက် တိုးလာတယ်။ မကြာပါဘူး ရွှေမြို့တော်က အကြံအစည် တစ်မျိုး ထုတ်လာတယ်။ ညီတော်နောင်တော်တို့အကြား ပြေရာပြေကြောင်း ဖြစ်စေဖို့ ကြားဝင်စေခြင်းပဲ။ ဒါကြောင့် အဲဒီတုန်းက နေပြည်တော်မှာ ရောက်နေသည့် အင်္ဂလိပ်သံအမတ် ဘာနေးကို ကြားဝင်စေတယ်။ သာယာ ဝတီမင်းထံသွားရောက်ပြီး စေ့စပ်တယ်။ မရဘူး။

သာယာဝတီမင်းက ငြင်းပယ်တော်မူတယ်။

နောင်တော်မင်းတရားကို ခမည်းတော်ကဲ့သို့ မှတ်ယူပါတယ်။ ဒါကြောင့် နောင်တော်၏သစ္စာတော်ကို စောင့်သိရိုသေခဲ့တာပဲ။ သည်လို တော်လှန်ပုန်ကန်ရခြင်းဟာလည်း နောင်တော်၏ထီးနန်းကို မက်မောလို့ မဟုတ်ဘူး။ နန်းမတော်ဖုရားတို့ မောင်နှမနဲ့ မှူးမတ်အချို့ရဲ့ အန္တရာယ်ပေးခြင်းကြောင့် ဖြစ်တယ်။ သည်အရေးဟာ ငါတို့နောင်တော်ညီတော်ရဲ့ အရေးဖြစ်တယ်။ သင်တို့ ဝင်မပါလာနဲ့လို့ ပြတ်ပြတ်ပဲ မိန့်ကြားတော်မူလိုက်တယ်။

ဒါပဲပေါ့ . . . မြန်မာတို့၏ပြည်တွင်းရေးမှာ အင်္ဂလိပ်တို့ဟာ ပါမိအောင် ပါခဲ့သေးတယ်။ သည်အချိန်မှာ သာယာဝတီမင်းရဲ့ သားတော်မင်းရဲ့ ကျော်ထင်ဟာ စစ်ကိုင်းဘက်ရောက်နေပြီ။ အင်းဝဘက်ကို မကူးသေးဘဲ စစ်ကိုင်းမှာ တပ်စွဲထားတယ်။ ဘကြီးတော်မင်းလည်း နာမကျန်းဖြစ်နေတယ်။

သာယာဝတီမင်းထံမှ အရေးမထင်ကြောင်း သူသိသွားပြီ။ အကောင်းဆုံးဖြစ်ဖို့ မှူးမတ်များနဲ့ တိုင်းပင်တော်မူတယ်။ သည်လိုစစ်ပွဲတွေ ဖြစ်နေခြင်းဟာ အဓိပ္ပာယ်မရှိဘူး။ ပြည်သူတွေအဖို့ ဒုက္ခကြီးစွာ ကျရောက်နေတာပဲ။ နဂိုကတည်းက ညီတော်ကို အပြစ်မမြင်ခဲ့ဘူး။ တခြားဆက်နွယ်

www.foreverspace.com.mm

နေတဲ့သူတွေကြောင့်သာ ခုလို ကြီးကြီးကျယ်ကျယ် ဖြစ်ကြရတယ်။ ဒါကြောင့် သင့်လျော်တဲ့ ပြေငြိမ်းမှုများရအောင် ကြံဆောင်ကြလို့ အမိန့်တော်ထုတ်လိုက်တယ်။

သာယာဝတီမင်းရဲ့ သားတော်ဖြစ်သည့် သတိုးမင်းဖျားတပ်လည်း ရွှေကြက်ယက်အရပ်မှာ ရပ်နေတယ်။ အနောက်ဘက်ကြောင်းမှာ တပ်စွဲထားတဲ့ ညီတော်သတိုးမင်းစောဟာ မိမိရဲ့တပ်ကို အင်းဝဘက်ကူးစေတယ်။ အင်းဝမြို့ကို ဝိုင်းရံထားတယ်။ ခုဆိုရင် သာယာဝတီမင်းရဲ့တပ်များဟာ ရွှေမြို့တော်ကို ပတ်ပြီး ရပ်နေတယ်။ သို့အတွက် အကျပ်အတည်းနဲ့ ရင်ဆိုင်နေရပြီ။

သည်တစ်ခါတော့ ဘကြီးတော်မင်းအဖို့ ပြတ်သားရတော့မယ်။

စစ်မက်အင်္ဂါကြာရှည်လျှင် နွားကွဲ ကျားဆွဲတော့မပေါ့။ နိုင်ငံခြားပယောဂများ ဝင်လာတော့မှာ မလွဲတော့ဘူး။ အဓိကဖြစ်စေဖို့ကတော့ အကျိုးမသက်ရောက်တော့ပြီဖြစ်တဲ့ စစ်ပွဲကို ရပ်ဆိုင်းရမယ်။ ဒုက္ခရောက်နေတဲ့ ပြည်သူတွေကို ကယ်တင်ရမယ်။

သည်အရေးဟာ နိုင်ငံတော်ရဲ့ အရေးဆိုတော့ ပြတ်သားရမယ်။ မပြတ်သားခဲ့ရင်တော့ အားလုံး ဒုက္ခရောက်ကုန်တော့မယ်။

သည်တော့ ညီတော်အလိုရှိသည့် မင်းညီမင်းသား၊ မှူးတော်မတ်တော်များကို ပေးအပ်ရမယ်။ ပြီးမှ ရွှေနန်းတော်တစ်ခုလုံးကို သာယာဝတီမင်းထံ ပေးအပ်ရမယ်ပေါ့။ ညီလာခံသဘင်တစ်ခုလုံး တိတ်နေတယ်၊ ငြိမ်နေတယ်၊ လှုပ်ရှားမှုဆိုတာ လုံးဝမရှိဘူး၊ မတုန်မလှုပ် ငြိမ်သက်နေကြတယ်။

သီဟာသနပလ္လင်ပေါ်မှာ မင်းနှစ်ပါး စံမြန်းနေတယ်။

ဘကြီးတော်မင်းရဲ့ အသွင်ဟာ အေးအေးဆေးဆေးပဲ။ မကျန်းမာနေတဲ့ သူ့အသွင်ဟာ ညှိုးလျော်နေတယ်။ ဘဝရဲ့ အတိမ်အနက်ကိုလည်း သိနေပြီ။ လူ့လောကရဲ့ ဖြစ်တတ်တဲ့ သင်္ခါရတရားကိုလည်း ဆင်ခြင်နေမိဟန်တူရဲ့။ ဆိုးဝါးလာမယ့် အနာဂတ်ကို ရဲဝံ့စွာဖြင့်ငံ့လင့်နေတယ်။

နန်းမတော်ဖုရားရဲ့ အသွင်ကလည်း မထိတရီ။

www.foreverspace.com.mm



မတုန်မလှုပ်ထိုင်နေရင်းက ရှေ့တည့်တည့်ကို စူးစိုက်ကြည့်နေတယ်။ ရွှေရောင်များဖြင့် ဝင်းလက်နေသည့် နန်းတော်တိုင်များကို အဓိပ္ပာယ်မရှိ စိတ်ထဲမှာ ရေတွက်နေတယ်။ ဘယ်သူတွေ ဘာတွေပြောပြော ဝင်မထောက် ဘူး။ ကောင်းတယ်ဆိုးတယ်များကိုလည်း မဝေဖန်တော့ဘူး။

သူ့အဖို့ ရှေ့မှာဘာတွေဖြစ်လာမယ်ဆိုတာလည်း အလိုလိုသိနေတယ်။ အခုနေကတော့ အားမတန်လို့ မာန်လျှော့ချရဦးမှာပဲ။ ဒါပေမဲ့ တစ်နေ့တော့ အခွင့်တော့ အခွင့်ကြုံဦးမှာပေါ့။ လူ့လောကရဲ့ သဘာဝတရားဟာ လွန်ဆန်လို့ မရဘူး။ ဖြစ်ချိန်ပျက်ချိန်မှာ ဖြစ်လာတာကိုရင်ဆိုင်ရဲဖို့က အဓိကပဲ။ လူ့လောကမှာ အရှုံးအနိုင်နဲ့ အောင်ပွဲဆိုတာ အမြဲရှိနေတာပဲ။

မကြာခင်မှာပါပဲ သာယာဝတီမင်း အလိုရှိတဲ့သူတွေကို ပေးပို့လိုက်တယ်။

စလင်းစားမင်းသား၊ ပင်းတလဲစား၊ ဆောမြို့စား အတွင်းဝန်ဝန်ထောက်မင်းကြီး မဟာစည်သူ၊ မြို့လတ်ဝန်ကြီး မဟာမင်းလှမင်းခေါင်ကျော်၊ ကင်းဝန်မင်းကြီး မဟာမင်းလှကျော်စွာ၊ ကျီဝန်အတွင်းဝန်မင်းကြီး မဟာသီဟသူတို့ကို ပေးအပ်စေတယ်။ အဲဒီအထဲက ဆောမြို့စား မဟာနန္ဒသကြ်န်နဲ့ မင်းကြီးမဟာစည်သူတို့ကို ပြန်လွှတ်လိုက်တယ်။ သူတို့နှစ်ဦးဟာ စလင်းစားနှင့် တိုင်ပင်ပါဝင်သူ မဟုတ်ဘူး။

အတွင်းတော်မှာရှိတဲ့ အမြောက်၊ စိန်ပြောင်၊ ဓားလှံသေနတ်များကို သိမ်းဆည်းစေတယ်။ ဘဏ္ဍာတော်စာရင်းနဲ့ ရွှေတိုက်စာရင်း အသီးသီးကို ပြုစုပေးပို့တယ်။ သားတော်များရဲ့ ပင့်လျှောက်မှုကြောင့် သာယာဝတီမင်းလည်း စစ်ကိုင်းမြို့ကို ကြွချီတော်မူလာတယ်။ ခုဆိုရင် နှစ်ဘက်စလုံးမှာ ပြေငြိမ်မှုတွေ ရနေပြီ။ သာယာဝတီမင်းလည်း စစ်ကိုင်းမြို့စံနန်းတော်မှာ ခေတ္တစံနေတယ်။ အဲဒီစံနန်းတော်ဟာ ဘိုးတော်ပဒုံမင်းတရား တည်ဆောက်ခဲ့တာပဲ။

နောက်တစ်ရက်မှာ ရတနာပူရအင်းဝစံနန်းတော်ကို ကြွချီတော်မူ

www.foreverspace.com.mm

တယ်။ နောင်တော်ဘကြီးတော်မင်းလည်း မင်းညီမင်းသားဆွေတော်မျိုးတော်များဖြင့် ခြံရံပြီး ကြိုဆိုတယ်။ ထီးနန်းသိမ်းယူပွဲပေါ့။ ဘကြီးတော်မင်းသည် ရွှေနန်းတော်မြောက်ဘက်မုခ်က ဆင်းတော်မူလာတယ်။ ဝေါယာဉ်တော်စီးပြီး နန်းမြို့တော် အနောက်တံခါးက ထွက်တယ်။ သူနဲ့အတူ နမတော်တောင်တွင်းကြီး မင်းသမီး၊ ပုဂံမင်းသမီး၊ ရမည်းသင်းမင်းသမီး၊ သမီးတော်၊ ကိုယ်လုပ်တော်များလည်း တစ်ပါတည်း ပါလာတယ်။

သူတို့ကို သာယာဝတီမင်းတရားကြီးရဲ့သားတော် သတိုးမင်းဖျားက လိုက်ပို့တယ်။ ကြွချီတဲ့အရပ်ကတော့ မဟာသကျသီဟဘုရားအနီးမှာ ဆောက်လုပ်ထားတဲ့ စံနန်းတော်ကို ဖြစ်တယ်။ ဘကြီးတော်မင်းအား ပြုစုရန်အတွက် မိဖုရားခေါင်ကြီး မယ်နု၊ သမီးတော်ငယ်၊ မိတ္ထီလာမြို့စားဟောင်း၊ ကနောင်မြို့စားဟောင်း၊ ဓနုဖြူမြို့စားဟောင်းတို့ အပါအဝင် ကိုယ်လုပ်မောင်းမမိဖုရား ဆယ့်ခုနှစ်ဦးတို့အား အပါးတော်မှာ ခစားစေတယ်။

သည်သို့အားဖြင့် ဘကြီးတော်မင်းနှင့် နန်းမတော်ဖုရားတို့ဟာ အိမ်နိမ့်စံအဖြစ် ရောက်သွားတယ်။

စလင်းမင်းသားကြီးနှင့် အပေါင်းအပါများကိုတော့ လက်မရွံ့ထောင်အတွင်းမှာပဲ ချုပ်နှောင်ထားစေတယ်။

ဒါပဲ . . . ကာလဝိပါက် နောက်ပိုးတက်ဆိုတာ။

လက်မရွံ့ထောင်ထဲမှာ စလင်းမင်းသားကြီးတို့ကို အကျဉ်းချလိုက်ခြင်းအားဖြင့် နန်းမတော်ဖုရားတို့ရဲ့ အင်အားကို ဖြိုခွဲပစ်လိုက်တယ်။ တကယ်တော့ နန်းမတော်ဖုရားဟာ အကြံကြီးတယ်။ သူ့စိတ်ကူးထဲမှာ ပေါ်လာတဲ့ အကြံအစည်များအတိုင်း လက်တွေ့လုပ်ကိုင်တက်တယ်။

သူဟာ ရွှေနန်းတော်ကို ဘယ်သူ့မှ မပေးလိုဘူး။

အဓိကရည်မှန်းထားတာကတော့ မောင်တော်ရင်းဖြစ်တဲ့ စလင်းမင်းသားကိုပဲ။ လုပ်သလိုမဖြစ်ရင် ဖြစ်သလိုလုပ်မယ်ဆိုတဲ့ စိတ်အလျဉ်ဟာလည်း သူ့မှာရှိနေတယ်။ ဒါကလည်း ဓမ္မတာပါပဲ။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်လင်သားကလွဲရင် ကိုယ့်မောင်ဘွားဆွေတော်မျိုးတော်များပဲ ကောင်းစားစေချင်တာပေါ့။

www.foreverspace.com.mm



တကယ်တမ်းဆိုရရင် ညောင်ရမ်းမင်းသားကလေးကလည်း ဘကြီး တော်မင်းရဲ့ သားတော်လေးမဟုတ်လား။ တစ်ပါးတည်းသော သားတော် လေးပေါ့။ သည်တော့ သူလည်း ထီးနန်းကို ဆက်ဆံခွင့်ရှိတဲ့ မင်းသား တစ်ပါးပဲ ဖြစ်တယ်။ သူ့ကိုတောင်မှ နန်းမတော်ဖုရားက ရာဇပလ္လင်နဲ့ ဝေးအောင် လုပ်ပစ်ခဲ့သေးတာပဲ။

သည်လိုနှင့် သက္ကရာဇ် ၁၁၉၉ ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့ တနင်္ဂနွေနေ့မှာပဲ သာယာဝတီမင်းဟာ ရတနာပူရ အင်းဝနေပြည်တော်ကို သိမ်းပိုက်စိုးစံတော်မူတယ်။

ရွှေဘိုမှ အောင်မြင်တော်မူတဲ့အတွက် သာယာဝတီမင်းကို ရွှေဘိုမင်း လို့လည်း ခေါ်ကြတယ်။ ကုန်းဘောင်မင်းလို့လည်း ခေါ်ကြတယ်။ နောင်တော် ဘကြီးတော်မင်းကို နန်းကျဘုရင်အဖြစ် ဖျောက်ဖျက်ခြင်း မပြုဘူး။ နောင်တော်မင်းတရားကို ခမည်းတော်မင်းကဲ့သို့ ပြုစုတော်မူတယ်။

တကယ်တော့ သူ့ဘဝဟာ အတိုက်အခံ အပြိုင်အဆိုင်တွေနဲ့ ပြည့် နေခဲ့တာပဲ။

အဲ့ဒါတွေကြားထဲမှာ အံခဲပြီး သတ္တိဖွဲ့နဲ့ ရုန်းကန်ခဲ့ရတယ်။ သူဟာ မင်းသားဘဝကတည်းက ပြဿနာမျိုးစုံကို ရင်ဆိုင်လာရသူဖြစ်တယ်။ သူ့မှာ ညီအစ်ကိုမောင်နှမတွေ အများကြီးရှိတယ်။ ဖအေတူ မအေကွဲတွေ ပေါ့။ တခြားညီတော်တွေဟာ သူ့လိုပဲ အဆင့်မြင့်မင်းသားတွေပဲ။ သူတို့ အားလုံးဟာ မင်းညီမင်းသားဆိုတဲ့ စည်းစိမ်ထဲမှာ နစ်မျောနေကြတယ်။ ဘယ်အရေး ဘယ်ကိစ္စကိုမျှ ဦးဆောင်ဦးရွက် မလုပ်ခဲ့ကြဘူး။

သူတစ်ယောက်ကသာ မဟုတ်မခံ၊ ရဲရဲတောက်လုပ်ခဲ့တယ်။ ပြဿနာ ကြီးမှ အသေးအဖွဲ့ကိစ္စရပ်တွေအထိ ကြည့်မနေခဲ့ဘူး။ အားလုံးကို သူ တစ်ယောက်တည်း ဒိုင်ခံဖြေရှင်းခဲ့တာပဲ။ မယားပြောတိုင်းပြီးခဲ့ရတဲ့ ဘကြီး တော်မင်းလက်ထက်မှာ နိုင်ငံတော်အဖို့ ဆုံးရှုံးမှုတွေ များစွာဖြစ်ခဲ့ရတယ်။

သာယာဝတီမင်းဟာ ညောင်ရမ်းမင်းသားကို သူ၏သားတော်များ နှင့်မခြား ဆက်ပြီး ချီးမြှင့်မြှောက်စားတော်မူတယ်။ သူ၏သားတော်ကြီးများ ဖြစ်တဲ့ ပြည်မင်းသား၊ ပခန်းမင်းသားတို့နှင့်အတူ မင်းသားကြီးတို့ အဆောင်

www.foreverspace.com.mm

အရွက်ဖြစ်တဲ့ ဘောင်းကတ္တီပါနီ၊ နဖူးစည်းစတဲ့ အဆောင်အယောင်များ ချီးမြှင့်ခဲ့တယ်။

ဒါဟာ ညောင်ရမ်းမင်းသားအဖို့ တူတော်ဆိုပေမယ့် သားတော်ရင်းနှင့်မခြား ချစ်ခင်တော်မူလို့ ခုလိုအရည်တူ ချီးမြှင့်ခြင်းပေါ့။ သာယာဝတီမင်းသည် ရတနာပူရအင်းဝမှာ ရာဇဘိသိက် ခံယူတော်မမူဘူး။ အဲဒီနှစ်ထဲမှာပဲ အမရပူရမြို့တော်ကို အသစ်တစ်ဖန်ပြုပြင်တော်မူတယ်။

ရွှေမြို့တော် ရွှေနန်းတော်ကြီးမှ စပြီး ခုနှစ်ဌာနကို တစ်ပြိုင်တည်းတည်ထောင်လုပ်တော်မူတယ်။

နန်းမြို့တော်အမည်ကို အောင်မြေစံရာ၊ ရွှေနန်းပြာသာဒ်တော်ကြီးမှာ အောင်နန်းသာစံလို့ ကမ္ပည်းတော်တပ်မှတ်တယ်။ သက္ကရာဇ် ၁၂၀၂ ခု ဝါဆိုလဆန်း (၁၀) ရက် ဗုဒ္ဓဟူးနေ့မှာ ရဇ္ဇာဘိသေက မုဒ္ဓါဘိသိက်ကို ခံတော်မူတယ်။

သည်တုန်းက အနောက်နန်းမိဖုရား မမြကြုတ်ခေါ်တဲ့ မမြကလေးဟာ နန်းရမိဖုရားကြီးတစ်ပါး ဖြစ်နေပြီ။ သာမာန်အရပ်သူဘဝကနေပြီး အနောက်နန်းမိဖုရားအရာကို ချီးမြှောက်ခြင်းဟာလည်း သာယာဝတီမင်းရဲ့ ချစ်မြတ်နိုးမှုကို ဖော်ပြနေတယ်။ သီရိမဟာ သုရတနာစန္ဒာဒေဝီအမည်နှင့် ရွှေဘွဲ့ချီတော်မူတယ်။

ရွှေလောင်းတိုက်ကို မြို့စားပေးသနားခဲ့တယ်။ တောင်နန်းစံမိဖုရားခေါင်ကြီးကလွဲရင် မြောက်နန်းမိဖုရား၊ အလယ်နန်းမိဖုရား၊ အနောက်နန်းမိဖုရားတို့ဟာ အတူတူဖြစ်တယ်။ မိဖုရားမမြတ်လေးနဲ့ သာယာဝတီမင်းတို့ဟာ အသက်အရွယ်ချင်း မမျှဘူး။

သည်လို အသက်အရွယ်မမျှလို့လည်း ချစ်ခင်ယုယမှုတွေဟာ အရင်ကလောက် ရှိပုံမရတော့ဘူး။ သာယာဝတီမင်းအဖို့ အသက်တော်ကလည်းကြီးလာပြီ။ မင်းသားဘဝတုန်းကလောက် အားအင်က မရှိတော့ဘူး။ ပြီးတော့လည်း နယ်စားပယ်စားတွေထဲက သမီးတော်များကလည်း မပြတ်ဆက်နေတယ် မဟုတ်လား။ ပြီး . . . ဘဝရှင် မင်းတရားကြီးတို့၏ တာဝန်ဝတ္တရားတွေကလည်း မအားလပ်အောင် ရှိရတယ်။

www.foreverspace.com.mm



သည့်လို အဆောင်တော်ကူးကြဲရခြင်းကို မမြကလေးက ကျေနပ်ဖွယ် ရှိဟန် မတူဘူး။

မကျေနပ်လို့လည်း ဘာတတ်နိုင်မတဲ့တုန်း။ ဘာမျှပြောခွင့်ပိုင်ခွင့် မရှိတဲ့ မိဖုရားအဖြစ်ကိုတောင် စိတ်ပျက်ချင်သလိုလို ဖြစ်မိသားပေါ့။ သည်တော့ ဘာလုပ်သလဲ။ စိတ်ပြေရာကို တစ်ခုခုလုပ်ရမှာပါပဲ။ ဒါပဲပေါ့ လူဆိုတာ ကစိတ်ချမ်းသာဖို့အဓိကပဲ။ စိတ်ချမ်းသာအောင် စိတ်ရဲ့ထွက်ပေါက် ကို ရှာကြံရတော့တာပဲ။

မမြလေးအဖို့ ငယ်ရွယ်သူပီပီ စိတ်ကူးယဉ်ချင်တယ်။ ချစ်သူရဲ့ ယုယမှုကို မပြတ်ခံယူချင်တယ်။ သည်းခံသူကို အမြဲ နွဲ့ဆိုးချင်တယ်။ ချစ်သူရဲ့ရင်ခွင်ထဲမှာ အိပ်စက်လဲလျောင်းလိုတဲ့ ဆန္ဒလေးတွေ ရှိတာပဲ။ သည်လိုဖြစ်မလာတော့ သူ့ရဲ့စိတ်အလျဉ်ကို အနုပညာဘက်မှာပဲ လွှင့်ထား ရတော့တယ်။

သည်တုန်းက အမရပူရရွှေနန်းတော်အတွင်းမှာ မြဝတီမင်းကြီး၊ ပြင်စည်မင်းသားနဲ့ အနောက်နန်းမိဖုရားတို့ရဲ့ သီချင်း၊ ကဗျာ၊ ဂီတအဖွဲ့ အနွဲ့များဟာ ပျံ့လွင့်နေတယ်။ သူတို့နှင့်အတူ ပြည်မင်းသားရဲ့ တေးသီချင်း ကလည်း ထွက်ပေါ်လာခဲ့တယ်။ ပြည်မင်းသားဟာ သာယာဝတီမင်းရဲ့ သားတော်ကြီး ဖြစ်တယ်။ သာယာဝတီမင်းရဲ့ အားအကိုးရဆုံး အားအထား ဆုံးသားတော်ကြီးပဲ။

သာယာဝတီမင်းဟာ ပြည်မင်းသားကို လွန်စွာပဲ ချစ်မြတ်နိုးတော် မူတယ်။

ဒါကြောင့် သားတော်ကြီးကို နာမည်မခေါ်ဘူး။ 'အစ်ကိုကြီး' လို့သာ ချစ်စနိုး ခေါ်တော်မူတယ်။ ပြည်မင်းသားဟာ ကဗျာဂီတဘက်မှာ မွေ့လျော် တော်မူတယ်။ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်ဝကုံလုံတဲ့ မင်းသားကြီး ပေါ့။ သည်တော့ သူတော်ချင်း သတင်းလွေ့လွေ့ ဖြစ်ကြတာပေါ့။

တကယ်တော့ မမြကလေးနဲ့ ပြည်မင်းသားတို့ဟာ စာဆိုဖော်ချင်း ဆိုတော့ တစ်ဦးနဲ့တစ်ဦး ဆက်ဆံမှုတွေ ရှိမှာပေါ့ပဲ။ မမြကလေးဟာ ခမည်းတော် သာယာဝတီမင်းရဲ့ နန်းရမိဖုရားတစ်ပါး ဖြစ်နေတယ်။ အသက်

နန်းစံကြသူများ

အရွယ်ကလည်း ရွယ်တူဆိုတော့ တစ်ဦးနဲ့တစ်ဦး ပြစ်မှားချင်တဲ့ စိတ်က ရှိနေမှာပါပဲ။

ဒါပေမဲ့ ပြည်မင်းသားအနေနဲ့ မိထွေးတော်ဖြစ်နေတဲ့ မမြကလေးကို မငုံ့မရဲဘဲ ရှိနေမှာပါပဲ။ တကယ်တော့ မမြကလေးတို့နေတဲ့ အနောက်ဆောင်တော်ဟာ စည်းကမ်းစနစ်သိပ်ကြီးတယ်။ ရွှေနန်းတော်ရဲ့ စည်းကမ်းအကြီးဆုံး အကျပ်တည်းဆုံးနေရာပဲ။ ဘုရင်ရဲ့မိဖုရားတွေ ကိုယ်လုပ်တော်တို့ မောင်းမတို့နေထိုင်တဲ့ အရပ်ဆိုတော့ စည်းကမ်းကြီးတာတောင်မှ တော်ရုံ မကျချင်ဘူး။

အဲဒီအနောက်ဆောင်တော်ကို အနောက်ဝန်မင်းက အုပ်ချုပ်တယ်။ ပြီးမှ မိန်းမစိုး၊ သူငယ်တော်စတဲ့ အစောင့်အရှောက်တွေ ရှိတယ်။ ရွှေနန်းတော်ရဲ့ ထုံးစံအတိုင်း မင်းယောက်ျားများနှင့် ကူးလူးယှက်နွယ်မှု လုံးဝမရှိရဘူး။ ပေါင်းသင်းဆက်ဆံမှုကို သီးသန့်ပိုင်းခြားထားတယ်။ ဒါကြောင့် အရောတဝင်နီးစပ်ခင်မင်ဖို့အကြောင်း လုံးဝမရှိဘူး။

ဘုရင်မင်းတရားကြီး၏ မိဖုရားဖြစ်ပြီး သာမန်အရပ်သူတွေလောက်မှ လွတ်လပ်မှုမရှိဘူးပေါ့။

ထီးနန်းလွှဲပြောင်းယူလိုက်ရတဲ့ သာယာဝတီမင်းဟာ ပြဿနာပေါင်းစုံ ဖြေရှင်းနေရတယ်။

အင်္ဂလိပ်သံအဖွဲ့နှင့် မြန်မာဘုရင်အစိုးရ၏ ဆက်ဆံရေးမှာ ပြေပြစ်ကျနမှု မရှိလာဘူး။ အကြောင်းကရှိတယ်။ အစကတည်းက နိုင်ငံခြားသားများအပေါ်မှာ သာယာဝတီမင်းဟာ ကြည့်မရခဲ့ဘူး။ မင်းသားဘဝကတည်းက မုန်းပင်ပွားလာခဲ့တယ်။ နောင်တော်ဘုရင် ဘကြီးတော်မင်းလက်ထက်က ချုပ်ဆိုခဲ့သည့် ရန္တပိုစာချုပ်ကိုလည်း ဂရုမပြုဘူး။

အဲဒီစာချုပ်ကိုလည်း အသိအမှတ်မပြုဘူး။

အင်္ဂလိပ်သံတမန် ကာနယ်ဘာနေးက သံတမန်နည်းပရိယာယ်များကို သုံးခဲ့တယ်။ မကြာခဏပဲ ရန္တပိုစာချုပ်ကိုပြပြီး အရေးဆိုခဲ့တယ်။ ဒါကို သာယာဝတီမင်းက ခတ်ပြတ်ပြတ်ပဲ မိန့်ဆိုခဲ့တယ်။ အဲဒီစာချုပ်နဲ့ ပတ်သက်ပြီး ပြောဖို့မလိုဘူး။



www.foreverspace.com.mm

www.foreverspace.com.mm



အနိုင့်အထက်ချုပ်ဆိုထားတဲ့ အဲဒီစာချုပ်ကိုလည်း အသိအမှတ်မပြု ကြောင်း၊ စာချုပ်ကိုကိုင်ပြီး ပြောဆိုနေခြင်းမှာ မကောင်းကြောင်း၊ စိတ်ဝမ်းကွဲဖို့ ဖြစ်စေကြောင်း၊ ဒါကြောင့် အကောင်းဆုံးနည်းလမ်းမှာ အဲဒီစာချုပ်ကို ဘေးဖယ်ထားဖို့လိုကြောင်း ပြောခဲ့တယ်။

တကယ်တော့ စစ်ရှုံးထားရတဲ့ မြန်မာတို့အဖို့ ကျားနာဖြစ်နေတယ်။

သာယာဝတီမင်းအဖို့ ရန္တပိုစာချုပ်ကို လုံးဝမကျေနပ်ဘူး။

အဲဒီစာချုပ်မှာပါတဲ့ အချက်များဟာ အင်္ဂလိပ်များအတွက်သာ အကျိုးသက်ရောက်စေတယ်။ မြန်မာတို့အတွက် အရှုံးချည်းပဲ။ အချက်အလက်အားလုံးဟာ မြန်မာတို့အတွက် ပြင်းထန်လွန်းတယ်။

နောင်တော်ဘကြီးတော်မင်း အစိုးရက အဲဒီစာချုပ်ကို သူ့ကို ပြသခြင်း မရှိခဲ့ဘူး။ အသိမပေးခဲ့ဘူး။ အင်္ဂလိပ်တို့ စစ်နိုင်ခြင်းသည် ဘကြီးတော်မင်းကို နိုင်ခြင်းသာ ဖြစ်တယ်။ မိမိကိုနိုင်ခြင်း မဟုတ်ဘူး။ ဒါကြောင့် အဲဒီစာချုပ်ကို အသိအမှတ်မပြုခဲ့ခြင်းဖြစ်တယ်။

သည်ကိစ္စကို ညီလာခံမှာ သာယာဝတီမင်းက အတိအလင်း ကြေညာခဲ့တယ်။

နောင်တော်ဘကြီးတော်မင်းနှင့် အင်္ဂလိပ်တို့ သဘောတူချုပ်ဆိုခဲ့သော စာချုပ်များကို ဘာမျှပြောဆိုရန် မရှိဘူးလို့ပဲ။ အင်္ဂလိပ်သံတမန် ကာနယ်ဘာနေးက သာယာဝတီမင်းထံ အခစားဝင်တယ်။ စစ်နိုင်သူက စစ်ရှုံးသူအပေါ်မှာ စာချုပ်ချုပ်ဆိုခြင်းမှာ ထုံးစံဖြစ်ကြောင်း၊ ဘုရင်မင်းမြတ်အဖို့ စာချုပ်ပါ အချက်အလက်များကို ပြင်ဆင်လိုပါက မြန်မာသံအဖွဲ့ကို ဘင်္ဂလားသို့ စေလွှတ်ပြီး အရေးဆိုသင့်ကြောင်း လျှောက်တင်တယ်။

ထက်ထက်မြက်မြက်ရှိတဲ့ သာယာဝတီမင်းက သည်လို ပြန်ပြောတယ်။

ဘင်္ဂလားကို ဘာကြောင့် သံတမန်စေလွှတ်ရမည်နည်း။ လွှတ်ချင်းလွှတ်ရင် အင်္ဂလန်ရှင်ဘုရင့်ဆီကိုပဲ လွှတ်မယ်။ အိန္ဒိယဘုရင်ခံချုပ်ကို ကျွန်ုပ်မသိ။ အသိအမှတ်လည်း မပြုဘူး။ သူဟာ လခစားဘုရင်ခံဖြစ်တယ်။ ကျွန်ုပ်ကဲ့သို့ ရှင်ဘုရင်မဟုတ်ဘူး။ ကိစ္စကြီးငယ်ရှိလို့ စာရေးဆက်သွယ်ရင်

www.foreverspace.com.mm

ကျွန်ုပ်ရဲ့လက်အောက်ရှိ ရန်ကုန်မြို့ဝန်နှင့်သာ စာရေးဆက်သွယ်ပါစေ။ ကျွန်ုပ်ထံ ဆက်သွယ်ခြင်းကို လုံးဝ လက်သင့်မခံဘူး။

သည်လို ပြဿနာတွေက ဆက်ဆံရေးကို မပြေမလည် ဖြစ်လာတယ်။

ဒါကြောင့် ကာနယ်ဘာနေးဟာ သူ့ရဲ့သံအဖွဲ့ကို ရန်ကုန်သို့ပြောင်းရွှေ့ဖို့ ဖြစ်လာတယ်။ ပြောင်းရွှေ့ဖို့လည်း စီစဉ်တယ်။ သူ့ရဲ့အစီအစဉ်ကို အိန္ဒိယဘုရင်ခံချုပ်ထံ တင်ပြလိုက်တယ်။ ဆောင်ရွက်ခွင့်ကို တောင်းဆိုထားတယ်။ သူ့ရဲ့အကြောင်းပြချက်ကတော့ သင်းလှတယ်။

အခု နောက်ထပ်တက်လာတဲ့ သာယာဝတီမင်းနှင့် သူ၏မှူးကြီးမတ်ကြီးအရာရှိများသည် စစ်တိုက်ခိုက်ရန် လိုလားသော ရည်ရွယ်ချက်ရှိကြတယ်၊ ခုဆိုရင် မင်းပြောင်းမင်းလွှဲ အရေးတော်ပုံကြောင့် အုပ်ချုပ်ရေးအစီအစဉ်များ ပရမ်းပတာ ဖြစ်နေတယ်၊ ကူးသန်းရောင်းဝယ်ရေးများ မကောင်းမွန်ဘူး၊ ဒါကြောင့် သံရုံးကို ဆက်လက်ထားရှိခြင်းဟာ အကျိုးဖြစ်ထွန်းဖွယ်မမြင်ဘူး၊ သာယာဝတီမင်းသည် ရန္တပိုစာချုပ်ကို အသိအမှတ်မပြုတဲ့အပြင် အင်္ဂလိပ်တို့အား ရန်ရှာလိုတဲ့ဆန္ဒ ရှိနေတယ် . . . စတဲ့အချက်များကြောင့် သံရုံးကို ရန်ကုန်သို့ပြောင်းရွှေ့ခြင်းကို တင်ပြတယ်။

မကြာခင်ပဲ ကာနယ်ဘာနေးဟာ သူ၏သံအဖွဲ့ကိုခေါ်ပြီး ရန်ကုန်ကို ထွက်သွားတော့တယ်။

တကယ်တော့ သည်အရေးကို သာယာဝတီမင်းက ဂရုမစိုက်ဘူး။ နောင်တော်ဘုရင်စစ်ရှုံးခြင်းဟာ သူနဲ့မဆိုင်ဘူး၊ သူစစ်ရှုံးခြင်းမဟုတ်ဘူး။ ဒါဟာ ရဲရင့်တဲ့ မင်းတို့ လုပ်ရိုးလုပ်စဉ်ပဲ။ မြန်မာ့မြေပေါ်မှာ အတင်းဓမ္မလက်နက်ပြပြီး ကျူးကျော်နေတဲ့ အင်္ဂလိပ်တို့ကို သူ ကြည့်မရတာ ကြာပြီ။ သည်တော့ သူ့အဖို့ ရင်ထဲမှာ ခံစားရချက်တွေကို သည်နည်းနဲ့ တုံ့ပြန်လိုက်ခြင်းပဲ။

သာယာဝတီမင်းအဖို့ သောကဗျာပါဒပရိဒေဝမီးတွေ ဝိုင်းနေတယ်။

ရွှေနန်းတော်အတွင်းမှာရှိတဲ့ လူတွေအားလုံးလိုလိုကို သူ မယုံကြည်ဘူး။ သူ့ရဲ့အပြုအမူဟာ အင်းဝမြို့တော်ကို တည်ခဲ့တဲ့ သတိုးမင်းဖျား

www.foreverspace.com.mm



နှင့်တူတယ်။ အမှုကိစ္စရပ်များကို သူကိုယ်တိုင်စီရင်လေ့ရှိတယ်။ သည်လို မယုံကြည်မှုတွေရှိနေလို့ သတိထားနေခဲ့တယ်။

ဟော… အခု ထီးနန်းကို လုပ်ကြံမှု၊ ကြံစည်မှုတစ်ခု ဖြစ်ပေါ်လာခဲ့တယ်။

နောင်တော်ဘကြီးတော်မင်းရဲ့သား ညောင်ရမ်းမင်းသားကလေးပေါ့။ အသက်အရွယ်ငယ်သေးတဲ့ သူ့ကို ဘေးက အားပေး အားမြှောက်တွေ ရှိနေတယ်။ လက်ဝဲဝင်းမှူး၊ မင်းကျော်သီဟ၊ ခံဆံရှည်ဗိုလ် ငရေးနဲ့ တောင်ကြီးဗိုလ် ငမြတ်ရာတို့ပဲဖြစ်တယ်။

သူတို့ဟာ ဘာတစ်ခုမှ မစီစဉ်ရသေးဘူး။

ဘုရင်မင်းတရားကြီးက စေလွှတ်ထားတဲ့ အထောက်တော်များရဲ့ တင်လျှောက်ချက်အရ ကြိုတင်သိရခြင်း ဖြစ်တယ်။ သည်တုန်းက အဝေးမြို့မှာရော ရာဇဌာနီမှာပါ အထောက်တော်များ ထားရှိတယ်။ အထင်အရှားရှိတဲ့ အထောက်တော်နှင့် လျှို့ဝှက်ထားတဲ့ အထောက်တော်များရှိတယ်။

လျှို့ဝှက်ထားတဲ့ အထောက်တော်များကြောင့် ညောင်ရမ်းမင်းသားတို့ရဲ့ လှုပ်ရှားမှုကို သိသွားခဲ့တယ်။

သာယာဝတီမင်းအဖို့ တုန်လှုပ်သွားတယ်။ ဘယ်လိုမှ မထင်တဲ့ဘက်က ခေါင်းထောင်လာလို့ပဲ။ မိမိရဲ့တူတော်ကို သားတော်ကြီးများနှင့် မခြားချီးမြှင့်မြှောက်စားခဲ့တယ်။ မင်းသားကြီးတို့၏ အဆောင်အယောင် မှန်သမျှကို ပေးအပ်ခဲ့တာပဲ။ ဒါကိုမှ တူတော်မောင်က ကျေးဇူးမသိတတ်လေခြင်းရယ်လို့ သာယာဝတီမင်းမှာ စိတ်အနှောင့်အယှက်ဖြစ်ရတယ်။

သူ အင်မတန်ချစ်ရတဲ့ တူတော်ကိုမှမယုံရရင် တခြား ဘယ်သူ့ကို ယုံရမလဲဆိုတဲ့ အစွဲကြီးကလည်း စွဲကပ်နေခဲ့တယ်။ ခုဆိုရင် ညောင်ရမ်းမင်းသားနဲ့ အပေါင်းအပါများကို ချုပ်နှောင်ထားလိုက်ပြီ။ သူနှင့်အတူ နှမတော် မြတောင်မင်းသမီးလည်း သည်အကြံအစည်မှာ ပါရှိတယ်။

သည်ကြံစည်မှုမှာ မိန်းမယောက်ျား လူပေါင်းလေးဆယ် ပါတယ်။ သူတို့ကို တောင်ဥယျာဉ်တော်အတွင်းမှာ ခေါ်ယူစစ်ဆေးတယ်။ အားလုံးက ဟုတ်မှန်ကြောင်း အစစ်ခံတယ်။

နန်းစုံကြသူများ

ညောင်ရမ်းမင်းသားကလည်း မကွယ်ထောက်ဘူး။ မင်းသွေးဟာ ရဲတယ်ပေါ့၊ သတ္တိအရာမှာလည်း သာတယ်ပေါ့။

မြတောင်မင်းသမီးကလည်း တစ်သဘောတည်းပဲ။ သူတို့အသွင်ဟာ ရဲရဲဝံ့ဝံ့ရှိနေတယ်။ အတွင်းတော်က သူတို့အားလုံးကို အပြစ်ဒဏ်ချမှတ်လိုက်တယ်။ ညောင်ရမ်းမင်းသားနဲ့ မြတောင်မင်းသမီးကို ထုံးစံအတိုင်း စီရင်စေတယ်။ ထုံးစံအတိုင်းဆိုတာက ရေမှာဖျောက်တော်မူခြင်းပဲ။ ကြံရာပါ လူလေးဆယ်ကိုတော့ သုသာန်ထုတ် ဓားနဲ့ခုတ်သတ်စေတယ်။ မင်းသွေးမင်းသက်ဆိုတာက မြေမကျရဘူး။ အသက်ကို ညင်ညင်သာသာ ထွက်စေရတယ်။ ဒါကြောင့် ရေမှာဖျောက်ခြင်းပဲ ဖြစ်တယ်။

သာယာဝတီမင်းလက်ထက်မှာ ထီးနန်းအတွက် စိုးရိမ်စရာတွေက ထပ်တလဲလဲဖြစ်ပေါ်နေတယ်။

ရာဇပလ္လင်အတွက် အတွင်းမီးတွေဟာ တောက်လောင်နေတယ်။ တစ်ခုက ဖြစ်လာနေတယ်။ နေပြည်တော်ရဲ့ အနီးတစ်ဝိုက်မှာ တော်လှန်ပုန်ကန်မှုများ ဖြစ်ပေါ်နေတယ်။

အဲဒီပုန်ကန်မှုရဲ့ခေါင်းဆောင်က ရွှေထားမင်းသားပဲ။ ငဇင်းငယ်လို့လည်း ခေါ်တယ်။ လူမျိုးစုံပါတဲ့ အဲဒီသူပုန်တပ်ဟာ အင်အားနှစ်ထောင်လောက်ရှိတယ်။ ဗိုလ်ခေန်းကျော်နဲ့ ဗိုလ်ငရွှေမောင်တို့ကတပ်ကို ဦးစီးတယ်။

သူတို့ဟာ ရှေ့ဦးစွာ မတ္တရာကို ဝင်တိုက်တယ်။

မြို့စောင့်တပ်က ပြန်ခုခံတယ်။ ရဲမက်ငါးရာနဲ့ ခုခံတာပဲ။ ဒါပေမဲ့ တိုက်လာသူနဲ့ ခုခံသူတို့ဟာ အင်အားမယှဉ်သာဘူး။ အင်အားများတဲ့ သူပုန်တပ်က ဖိတိုက်လာတယ်။ မြို့စောင့်တပ်အဖို့ မခံမရပ်နိုင်တော့ဘူး။ နောက်ကို ဆုတ်ခွာရတော့တယ်။

သူပုန်တို့ဟာ အတင်းဝင်တယ်။ မြို့တွင်းရောက်တော့ နီးစပ်ရာအိမ်များကို မီးရှို့ကြတယ်။ မြို့တွင်းသားများကို သစ္စာခံယူစေတယ်။ နောက်ဆုံးမှာ မတ္တရာမြို့ကို သူပုန်တို့ စီးမိကြတယ်။

သူပုန်များဟာ တောင်ကြပ်ကုန်းအရပ်မှာ အလံပန်းကုံး စိုက်ထားကြတယ်။

www.foreverspace.com.mm



နေပြည်တော်ကလည်း စစ်သည်နှစ်ထောင်နဲ့ မတ္တရာက ဆုတ်ခွာလာတဲ့တပ်များနှင့် နေပြည်တော်က တပ်များဟာ လွန်တောင်းအရပ်မှာ ဆုံမိကြတယ်။ သူတို့နှစ်တပ်ပူးပေါင်းပြီး မတ္တရာကို ပြန်တိုက်ကြတယ်။

ကြက်ကုန်းအရပ်မှာ စွဲထားတဲ့ သူပုန်တပ်ဟာ အကြီးအကျယ် ခုခံ တယ်။ သည်ပွဲမှာလည်း သူပုန်တို့ နိုင်တယ်။ သည်ကြီးကျယ်တဲ့တိုက်ပွဲမှာ နေပြည်တော်က အမြောက်အများကျဆုံးတယ်။ အပြင်းဆုတ်ခွာကြရတယ်။ သူပုန်တပ်ကလည်း နောက်က လိုက်တိုက်တယ်။ နေပြည်တော်တပ်ဟာ သရက်ကန်ရွာမှာ ရပ်ထားတယ်။

နေပြည်တော်တပ်များ ဆုတ်ခွာနေရကြောင်းကို အတွင်းတော်က သိခဲ့တယ်။ ဒါကြောင့် နောက်ထပ် စစ်ကူပို့တယ်။ အမှုထမ်းငါးထောင်နဲ့ မြင်းတပ်နှစ်ထောင်တို့ပဲ။ အဲဒီတပ်ဟာ ငါးတပ်ခွဲပြီး တောင်ပြုံးအရပ်ကို ချီစေတယ်။

သည်တိုက်ပွဲဟာလည်း ကြီးကျယ်တယ်။

နှစ်ဘက်စလုံးပဲ ကျဆုံးမှုတွေ များပြားတယ်။ အင်းအားချင်းက သသုံးဆတစ်ဆလောက် ရှိနေပြီမို့ သူပုန်တို့မှာ ဆုတ်ခွာနေရပြီ။ လူပေါင်းစံပါတဲ့ သူပုန်တပ်ဟာ စည်းကမ်းနားမလည်ဘူး။ ရှေ့တပ်ပြိုတာနဲ့ နောက်တပ်လည်း ခြေဦးတည်ရာ ပြေးတော့တာပဲ။

ထိန်းကွပ်လို့လည်း မရတော့ဘူး။

ဖရိုဖရဲနဲ့ ကစဥ့်ကရဲ ထွက်ပြေးကြတာပဲ။ သည်တိုက်ပွဲမှာ နေပြည်တော်တပ်က သရဖူဆောင်းခဲ့နိုင်တယ်။ ပုန်ကန်တဲ့ အကြီးအကဲ သုံးဦးကိုလည်း မိခဲ့တယ်။ သည်တင်မှပဲ သည်အရေးကို အဓိကဦးဆောင်တဲ့ ခေါင်းဆောင်ပိုင်းကို သိရတော့တယ်။

သူတို့ကတော့ တခြားသူမဟုတ်ဘူး... နန်းမတော်ဖုရားနဲ့ စလင်းမင်းသားကြီးတို့ ဖြစ်တယ်။ ဒါတွေအားလုံးကို သံတော်ဆင့် ငရွှေသားက ဖော်ကောင်လုပ်တော့တယ်။ နန်းမတော်ဖုရားရဲ့ အတွင်းရေးလုပ်ရပ်များကို အကုန်လျှောက်ကြားတာပဲ။

## နန်းစံကြသူများ

သည်ပွဲဟာ မရီးတော်နဲ့ မတ်တော်တို့ရဲ့ နောက်ဆုံးပွဲပဲ။

သာယာဝတီမင်းဟာ နန်းမတော်ဖုရားတို့နဲ့ ဆက်နွယ်နေတဲ့ ဆွေမျိုးသားချင်းတွေကို အပြတ်ရှင်းစေတယ်။ ဒါကို အမိအရ အဓိက ရှေးဦးစွာ လုပ်တော်မူတယ်။ သည်တုန်းက နန်းမတော်ဖုရားရဲ့ ဆွေတော်မျိုးတော်များဟာ နေရာအနှံ့အပြားမှာ ရှိနေတယ်။

နေပြည်တော်မှာရော ဖလံခုံရွာအထိမှာရောပေါ့။ သူတို့အားလုံးကို ဖမ်းဆီးစေတယ်။ ကျူပင်ခုတ် ကျူငုတ်တောင် မချန်တော့ဘူး။ ဟုတ်တာပေါ့ . . . သက်ဦးဆံပိုင်ခေတ်အတွင်းမှာ ရန်သူဆိုရင် အပြတ်ရှင်းရမှာပဲ။ ရန်သူရဲ့ အင်အားတောင့်တင်းရာ မြို့ရွာများကို မြေလှန်စနစ် သုံးရမှာပဲပေါ့။

ဒါမှသာ ရန်သူရဲ့ခြေလက်များကို ရိုက်ချိုးသလိုရှိမယ်။ ရန်သူကို ရန်သူလိုပဲ မြင်ရမယ်၊ သုတ်သင်သတ်ဖြတ်တဲ့နေရာမှာ ရက်စက်ရမယ်၊ သတိရှိရမယ်၊ ဖမ်းဆီးမိရသမျှ ကလေးလူကြီးအားလုံးကို ထုံးစံအတိုင်း သတ်ဖြတ်ရမယ်၊ မီးလောင်တိုက်သွင်းတန် သွင်းရမယ်၊ တစ်စုံတစ်ဦးတစ်ယောက်ကိုမှ ချမ်းသာခွင့် မပေးရဘူး။

တကယ်တော့ အဲဒီအဆွယ်အပွားတွေဟာ မီးပွားနဲ့တူတယ်။ သည်တော့ သူတို့ကို သနားဖို့မလိုဘူး။ သည်လိုလုပ်တာဟာလည်း ရက်စက်တယ်လို့ ပြောလို့မရဘူး။ သူတို့ဟာ ဘုန်းတော်ကြီးမြတ်တဲ့ ဘုရင်မင်းမြတ်ကိုတောင် အာခံဝံ့တဲ့သူတွေ မဟုတ်လား။ သည်တော့သူတို့ကို အကြီးဆုံးရန်သူတော်အဖြစ် သတ်မှတ်ထားရမယ်။ သူတို့ကို သုတ်သင်ခဲ့တယ်။

မိန်းမယောကျ်ား ကလေးသူငယ်မရွေးဘဲ ရက်ရက်စက်စက်ကြီး သတ်ဖြတ်ခဲ့တာပဲ။

နန်းမတော်ဖုရားမယ်နုကို ရေမှာချပြီး ကွပ်မျက်တယ်။ စလင်းစားငယ်နှင့် မယားသမီးနှစ်ယောက်တို့ကိုလည်း ကွပ်မျက်တယ်။ အတွင်းဝန်ငပါရောက်၊ မြေလတ်ဝန် ငရေ၊ ဖော်ကောင် သံတော်ဆင့် ငရွှေသား၊ ပခန်းပိုလ် ငရန်မင်း၊ စားရေးကြီး ငပျို၊ တောင်ငူဝန်ငကူး၊ အဆောင်မြဲ ငထွန်းညိုတို့ကိုလည်း တစ်ပါတည်း ကွပ်မျက်လိုက်တယ်။

www.foreverspace.com.mm



နန်းမတော်ဖုရားနဲ့ ပတ်သက်တဲ့သူမှန်သမျှကို သုတ်သင်ရှင်းလင်းပစ်တယ်။ သည်လိုမလုပ်လို့လည်း မဖြစ်ဘူး။ သူတို့ကို ညှာတာထောက်ထားခဲ့ပါမူ မိမိရဲ့ရာဇပလ္လင်ကို ထိခိုက်လာမှာ သေချာတယ်။ ဒါပဲပေါ့ . . . ရန်သူကိုနှိမ်နင်းတဲ့နေရာမှာ လက်တွန့်နေလို့မဖြစ်ဘူး။

သူကမဦးခင် ကိုယ်ကဦးထားရတယ်၊ လက်ဦးမှုကို ရယူရတယ်။ ဒါမှလည်း ရန်သူရဲ့ဦးကျိုးမှာပေါ့။ သည်ဖြစ်ရပ်တွေဟာလည်း သာယာဝတီမင်းရဲ့စိတ်တော်ကို ကြီးစွာအနှောင့်အယှက် ဖြစ်တော်မူတယ်။ သူ့ရဲ့အမူအရာတွေဟာ တစ်စတစ်စနဲ့ ပြောင်းလဲလာတယ်။

အရင်လို သိမ်သိမ်မွေ့မွေ့မရှိတော့ဘူး။

ကြမ်းကြမ်းတမ်းတမ်းရှိတယ်။ အရာရာကို အပြစ်ချည်းပဲ မြင်တယ်။ သူ့အဖို့မှာ စိတ်ဒွိဟသောကတွေ ရောက်နေတယ်။ ပြည်မင်းသားနဲ့ မမြကလေးကိစ္စပဲ။ သားတော်ပြည်မင်းသားနဲ့ မြကလေးတို့ဟာ ရွယ်တူဖြစ်တယ်။ အခုဆိုရင် တစ်ဦးနဲ့တစ်ဦး ပုရပိုက်အပေး အယူကလေးတွေ ရှိနေတယ်။ ဂီတမွေ့ထုံတဲ့သူချင်းမို့ဆိုပြီး ခွင့်လွှတ်တော်မူခဲ့တယ်။

ဒါပေမဲ့ စိတ်တော်က မကြည်သာဘူး။ သားတော်များထဲမှာက ပြည် မင်းသားကို အချစ်ဆုံးဖြစ်တယ်။

အခုဆိုရင် မြကလေးမှာ 'အဖွားကြီး' လို့ခေါ်တဲ့ လှိုင်မြို့စား သမီးတော်ကလေး ရရှိထားခဲ့ပြီ။ သာယာဝတီမင်းဟာ ခရီးယာယီ အလွန်များတဲ့ မင်း ဖြစ်တယ်။ အမရပူရနန်းတော်သစ်ကြီး တည်ဆောက်တုန်းကလည်း ကျောက်မြောင်း၊ ရွှေဘို၊ စစ်ကိုင်းစတဲ့ မြို့တော်တွေမှာ တစ်လှည့်စီ နန်းစံခဲ့သေးတယ်။

အမရပူရနန်းတော်သစ်ကြီးပြီးတော့ရော စိတ်အေးရသလား . . . လုံးဝ မအေးရဘူး။ ညောင်ရမ်းမင်းသားရဲ့ ပုန်ကန်မှု၊ နန်းမတော်ဖုရား မောင်နှမတို့ရဲ့ ပုန်ကန်မှုများကို ရင်ဆိုင်ရပြန်တယ်။ သည့်အတွက် တိုက်ရခိုက်ရ နှိမ်နင်းရ လူတွေသေကြေမှုများနဲ့ ကြုံခဲ့ရပြန်တယ်။

ဒါတွေဟာ အရေးကြီးတဲ့ ထီးနန်းအန္တရာယ်တွေပဲ။

နန်းစံကြသူများ

www.foreverspace.com.mm

သူပုန်ကိစ္စတွေပြီးတော့ နိုင်ငံတော်အဖို့ ခေတ္တ ငြိမ်းအေးလာတယ်။ သည်တော့မှ သာယာဝတီမင်းတရားကြီးသည် ရန်ကုန်သို့ ရေတပ်ကြီးနှင့် တခမ်းတနား စုန်တော်မူတယ်။ အဲဒီ ရန်ကုန်စံနန်းတော်မှာ စံနေတဲ့ကာလ အတွင်းမှာပဲ စိတ်အေးသက်သာ ရှိဟန်တူတယ်။

မဟာတိဘဒ္ဒဂဏ္ဍာမည်တဲ့ ခေါင်းလောင်းကြီးသွန်းလုပ်ကာ ရွှေတိဂုံ စေတီတော်မှာ လှူဒါန်းခဲ့တယ်။ ခေါင်းလောင်းရဲ့အမြင့်က ၉ တောင် ၁ မိုက် ၃ သစ် ရှိတယ်။ အချင်း ၅ တောင်၊ လုံးပတ် ၁၅ တောင်၊ ထုမိုက် ၄ သစ်၊ ပိဿာချိန် ၂၆၀၀၀ (၄၂ တန်) ခန့်ရှိတယ်။ မင်းကွန်း ခေါင်းလောင်းတော်ကြီးကလွဲရင် အကြီးဆုံးဖြစ်ခဲ့တယ်။

ဒဂုံဆံတော်ရှင်ဖူးပြီး နေပြည်တော်ကို ပြန်ကတည်းက သာယာဝတီ မင်းအဖို့ စိတ်တော်ကယောက်ကယက် ဖြစ်ခဲ့ဟန်ရှိတယ်။ သည်တုန်းက သားတော်ကြီးဖြစ်တဲ့ ပြည်မင်းသားဟာ ရှေ့ဆုံးက ချီလာတာပဲ။ ဒဂုံဆံတော် ရှင်က ဘုရားဖူးပြန်လာခဲ့တဲ့ သာယာဝတီမင်းတရားကြီးဟာ ရွာသာရွာမှာ ခေတ္တစခန်းချတယ်။

ရွာသာရွာဆိုတာက ရွှေစက်တော်ဘုရားနဲ့ အနီးဆုံးနေရာဖြစ်တယ်။

သည်မှာတင် ကံကြမ္မာရဲ့အလှည့်အပြောင်းက ကြုံလာပြီ။ ပြည်မင်းသားဟာ ရွှေစက်တော်ဘုရားကို ညတွင်းချင်းပဲ ကြွချီတော်မူတယ်။ အမှန်ဆိုရရင် ဘုရားဖူးသွားတာပဲ . . . တာဝန်ရှိတဲ့ သူတစ်ယောက်အနေနဲ့ ဖခမည်းတော်ကို အကျိုးသင့်အကြောင်းသင့်တော့ ပြောပြဖို့ကောင်းတာပေါ့။

ခုတော့ သည်လိုမဟုတ်ဘူး . . . သူ့အပေါ်ချစ်တဲ့ ဖခမည်းတော်ကို မူချင်နွဲ့ချင်ဟန်တူရဲ့။ သည်လောက်နဲ့တော့ ကိစ္စမကြီးတန်ရာဘူးဆိုပြီး ရွှေစက်တော်ကိုထွက်ခဲ့ခြင်း ဖြစ်ဟန်တူတယ်။ အသွားတုန်းက အဆင်ပြေ ပေမယ့် အပြန်ခရီးမှာတော့ ပြည်မင်းသားဟာ နှောင့်နှေးခဲ့တယ်။

နောက်တစ်နေ့မနက်မှာပဲ သာယာဝတီမင်းက သိတော်မူခဲ့တယ်။ သည်မှာတင် အရင်က တောင်တောင်အီအီ တွေးထင်ထားတဲ့အယူဟာ ကြီးရင့်လာတယ်။ သင်းတို့ ငါ့ကို ပုန်စားပုန်ကန်ဖို့ လူသူသွားစုဆောင်းတာ

www.foreverspace.com.mm



ဖြစ်မှာပဲဆိုတဲ့အတွေးက ရုတ်ခြည်းပေါ်လာတယ်။ တကယ်တမ်း ဘုရားဖူး ဆိုရင် ငါ့ကို ပန်ကြားပြီးမှ သွားသင့်တယ်။ ခုတော့ ရိုးဟန်မတူဘူးပေါ့။

ဒါနဲ့ပဲ သားတော်ပြည်စားကို အရာမှ နုတ်သိမ်းလိုက်တယ်။

ပြည်မင်းသားရဲ့ဝန်အရာရှိအမှုထမ်းအားလုံးကို လေ့တပ်မှာ အချုပ်အနှောင်နဲ့ နေပြည်တော်အရောက် ခေါ်ဆောင်လာစေတယ်။ ပြည်မင်းသားကိုတော့ ပခန်းမင်းသားထံ အကျယ်ချုပ်နဲ့ ခေါ်ဆောင်လာစေတယ်။ တကယ်တော့ သည်ကိစ္စဟာ နုတ်ပစ်တင်ရုံနဲ့ပဲ ပြီးစီးစေတာပါပဲ။

ပြည်မင်းသားဟာ အကြီးဆုံးသားတော် ဖြစ်တယ်။

သာယာဝတီမင်းရဲ့ ချစ်ခင်ယုယမှုကိုလည်း အများဆုံးရသူဖြစ်တယ်။ မြှောက်စားမှုသည်လည်း အထိပ်အဖျားရောက်တယ်။ စားရသော မြို့မှာ လည်း ပြည်မြို့ကြီးဖြစ်တယ်။ သူ့ရဲ့တန်ခိုးအာဏာဟာ အိမ်ရှေ့မင်းသား တမျှ ကြီးမားလှတယ်။ ပြည်မင်းသားမှာ သားမြေးမြို့ရွာနဲ့ ရဲမက်အင်အားက လည်း ကြီးမားတယ်။

သာယာဝတီမင်းအဖို့ မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်း ငြိနေပြီ။

သည်လို အပြစ်ပေးလိုက်ခြင်းဟာလည်း သူ့ရဲ့ရင်တွင်းမှ သံသယမကင်းမှု အစွဲအလမ်းလေးတွေကြောင့်လည်း ဖြစ်မှာပါပဲ။ ငယ်ရွယ်လှပတဲ့ မိဖုရားမြကလေးနဲ့ ပြည်မင်းသားတို့ ပုံသဏ္ဌာန်ဟာ သူ့ရဲ့စက္ခုအာရုံမှာ ပေါ်နေတယ်။ သင်းတို့ ဘယ်အထိ ရင်းနှီးကြပလဲဟဲ့ဆိုတာလည်း မခန့်မှန်းတက်အောင် ဖြစ်နေတယ်။

ရင်ထဲကချစ်တဲ့အချစ်ရဲ့ဒေါသဟာ တခြားဒေါသနဲ့ မတူဘူး။

အကြီးမားဆုံးသော အမျက်ဒေါသပဲ။ ဘယ်သူ့အပေါ်မှာပဲဖြစ်ဖြစ် အပြစ်နည်းနည်းရှိလျှင် ရာဇဒဏ်ကြီးကြီးပေးချင်တဲ့စိတ်က စောနေတယ်။ သူ့ရဲ့ စိတ်ဝေဒနာဟာ သည်မှာအမြစ်ခံတာပဲလို့ ထင်ရတယ်။ အချစ်ကြီးရင် အမျက်ကြီးရတာပဲ။ သည်တော့ အချစ်ကြီးချစ်ရတဲ့ သားတော်နဲ့ မမြကလေးအပေါ်မှာ သာယာဝတီမင်းအဖို့ အပြစ်မြင်လာမှာ ဓမ္မတာပဲပေါ့။

www.foreverspace.com.mm

သူ့နှုတ်တော်ကဖြင့် ဘာမျှ ဖွင့်ဟမပြောဘူး။

စိတ်တော်ထဲမှာကတော့ ငါမြတ်နိုးလွန်းလို့ အနောက်နန်းတော် မိဖုရားကြီးအဖြစ် ချီးမြှင့်ထားတယ်။ ဒါကို သင်းက သစ္စာမစောင့်၊ အဖြောင့် မကြံဘဲ စိမ်းကားရက်တယ်လို့ တစ်ရှူးထိုးမျက်တော်မူနေမှာပါပဲ။ ဒါကြောင့် ရန်ကုန်မှအပြန်ကတည်းက မမြကလေးအပေါ် ခပ်တန်းတန်း ဆက်ဆံခဲ့ တယ်။

ပြည်မင်းအဖို့မှာတော့ အံ့သြလို့မဆုံး ဖြစ်နေတယ်။

ရွှေစက်တော်ဘုရားဖူးထွက်ခြင်းဟာ သာမညအလုပ်ပဲ။ ခမည်းတော် မင်းကို ပြန်ပြီးလုပ်ကြံတာမှ မဟုတ်ဘဲ။ သည်မျှ အပြစ်တော်ကြီးတာမှ မဟုတ်ဘဲပေါ့။ ရာဇဝတ်ကောင်ဖြစ်ရတဲ့ သူ့ဘဝကိုလည်း အောချနေတယ်။ သူတင်မကဘူး အားလုံးကပါပေါ့။

တကယ်တော့ သည်အခြေက ကျားသနားမှ နွားချမ်းသာမယ့်ကိန်းပဲ။

မျက်နှာတော်ကြည့်နေရတဲ့သူတွေ မဟုတ်လား။ ဘုရင်မင်းမျက်နှာ တော် မသာပါက တုတ်တုတ်တောင် မလှုပ်ရဲကြဘူး။ ဘယ်သူကရော ကံဆိုးသူမောင်ရှင်အဖြစ် ခံဝံ့ပါအံ့နည်း။ ထားရာနေ စေရာသွားရတဲ့ဘဝ၊ ကိုယ့်ခန္ဓာကိုယ်မှ ကိုယ်မပိုင်တဲ့ဘဝပေမို့ သွားသတိ စားသတိနဲ့ နေနေရပြီ ပေါ့။

သည်အချိန်မှာ သားတော်ရွှေတောင်မင်းဟာ ပုဂံမြို့ကို စားနေရပြီ။

ဒါကြောင့် ပုဂံမင်းသားလို့ ခေါ်ကြတယ်။ အိမ်ရှေ့မင်းသားအဖြစ် တစ်ပြေးနေခဲ့တဲ့ ပြည်မင်းသားဟာ စည်းစိမ်မပျက်ဘဲ စားကြေးမြို့ရွာများကို ဆက်စားစေတယ်။ ဒါပေမဲ့ လွှတ်တော်တက်မင်းသားအဖြစ်တော့ မရတော့ ဘူး။ ဒါကြောင့် မိဖုရားခေါင်ကြီးမှမွေးတဲ့ ပုဂံမင်းသားဟာ အိမ်ရှေ့မင်း အလောင်းအလျာ ဖြစ်လာခဲ့ပြီပေါ့။

ပုဂံမင်းသားဟာ တိုင်းရေးပြည်ရေး တရားရေးများမှာ အလေ့ အလာ မရှိဘူး။

အရွယ်ကလည်းငယ်၊ မိဖုရားခေါင်ကြီးရဲ့သားတော်လည်း ဖြစ်နေတာ ကြောင့် အပျော်အပါးကစားခုန်စားမှာ ဝါသနာကြီးခဲ့တယ်။ ရွှေနန်းတော်

www.foreverspace.com.mm

အတွင်းမှာက ဘုရင်မင်းတရားကြီးကလွဲရင် မိဖုရားခေါင်ကြီးဟာ အရေးပါသူ ဖြစ်တယ်။ သည်တော့ သူ့သားတော်ပုဂံမင်းသားအဖို့ တွင်ကျယ်နေတာပေါ့။

ပုဂံမင်းသားရဲ့ ဝါသနာဟာ လောင်းကစားသမားဉာဉ်ပဲ။

သူ့အိမ်တော်မှာ တိရိစ္ဆာန်တွေကို မွေးတယ်။ ချိုးခါကြက်ငှက်များကို အိမ်ကလေးများနဲ့ ထားတယ်။ ချိုးတည်ခြင်း၊ ခါတည်ခြင်း၊ တောကြက်တည်ခြင်းများကို ဝါသနာပါတယ်။ မကြာခဏပဲ တောထွက်ပြီး ချိုးဖမ်း၊ ကြက်ဖမ်း၊ ခါဖမ်းခြင်းကို ပြုလေ့ရှိတယ်။ အရှင်သခင်လုပ်သူက သည်လိုဖြစ်နေတော့ အိမ်တော်သားများကလည်း ဂျိုးတည်ရာမှာ အလွန်တရာ ကျွမ်းကျင်နေကြတယ်။

ဖမ်းမိလာတဲ့ ကြက်ငှက်ချိုးခါများကို တိုက်ကစားတယ်။

သည်တော့ ကြက်တိုက်ကောင်းတဲ့သူများက ပုဂံမင်းသားရဲ့ လူပျိုတော်များ၊ လက်စွဲတော်များ ဖြစ်လာကြတယ်။ အထူးအဆန်းတိုက်ပွဲတွေကိုလည်း ပြုလုပ်လာတယ်။ လိပ်ချင်းတိုက်တယ်၊ ပုတ်သင်ညိုချင်း တိုက်တယ်၊ ပုစွန်လုံးချင်းတိုက်တယ်။

သည်အကြောင်းတွေကို ခမည်းတော်မင်းတရားကြီးထံ ဘယ်သူမျှ မလျှောက်တင်ဝံ့ကြဘူး။

ပုဂံမင်းသားကလည်း လည်တယ်၊ လျင်တယ်။ သည်လိုမကောင်းမှုတွေကို ပြောင်ကျကျလုပ်နေခြင်း မဟုတ်ဘူး။ သိုသိုသိပ်သိပ်လုပ်နေခြင်း ဖြစ်တယ်။ အဲဒီကတည်းက သူ့မှာ စိတ်ကူးပြီးသားပဲ။ တစ်နေ့ ငါ ဘုရင်မင်းတရားဖြစ်ခဲ့ရင် ဒါမျိုးတွေ အားပါးတရလုပ်မယ်ပေါ့။

အခုအခြေအနေမတော့ သူလည်းဟန်ဆောင်နေရတယ်။

မိမိရဲ့ဝါသနာကို ရှက်အုပ်သီးလုပ်ထားရတယ်။ မင်းသားကြီးတို့ရဲ့ ဂုဏ်အင်္ဂါနဲ့ ဟန်ဆောင်နေခဲ့ကြတယ်။ ဒါပဲပေါ့ ခုအချိန်အခါမှာတော့ ကိုယ်လုပ်ချင်သလိုလုပ်လို့ မဖြစ်တဲ့ကာလ မဟုတ်လား။ သည်တော့ အရာရာကို အောင့်အည်းသည်းခံရမှာပဲပေါ့။

နန်းစံကြသူများ

အသက်ကြီးလာမှ ဘုရင်မင်းတရားကြီးဖြစ်လာရတဲ့ သာယာဝတီမင်းဟာ စိတ်အေးချမ်းဖို့ရာ နည်းပါးလှတယ်။ သူ့လက်ထက်မှာ အမှုကလည်း အတော်ပွေခဲ့တယ်။ ကြမ်းကြမ်းတမ်းတမ်းဖြတ်သန်းလာရတဲ့ သူ့ဘဝဟာ သူ့ကို သင်ခန်းစာအတော်ပေးခဲ့တယ်။

မကြာပါဘူး . . . သာယာဝတီမင်းအဖို့ ပရိဒေဝသောကမီးဟာ ကပ်ရောက်ခဲ့ရပြန်တယ်။

သားတော် မိုးနည်းဗိုလ်မှူး ပခန်းမင်းသားကို ပြည်မင်းသားကဲ့သို့ ချစ်မြတ်နိုးတယ်။ သားတော်ကြီးပြည်မင်းသားကို စိတ်ကွက်နေတုန်းမှာ သားတော်ပခန်းမင်းသားကို လွန်စွာအားကိုးတော်မူတယ်။ ခုတော့ သူ အားထားအားကိုးတဲ့ သားတော်ပခန်းမင်းသားဟာ အသက်ပျောက်ခဲ့ပြီ။

ညဥ့်တွင်းချင်းပဲ ရှောင်တခင် လေရောဂါနှိပ်စက်ပြီး သာယာဝတီမင်းရဲ့ လက်တော်ပေါ်မှာပဲ ကံတော်ကုန်ခဲ့ခြင်းဖြစ်တယ်။ သည်ဖြစ်ရပ်ဟာ သာယာဝတီမင်းရဲ့စိတ်တော်ကို ကြီးစွာ ထိခိုက်စေတယ်။ ပခန်းမင်းသားဟာ ရှောင်တခင်ရောဂါနဲ့ ကွယ်လွန်တဲ့အတွက် ရွှေနန်းတော်ထုံးစံအတိုင်း အခမ်းအနား မလုပ်ရတော့ဘူး။

ရွှေချထားတဲ့ခေါင်းထဲထည့်ပြီး ရွှေသံလျင်နဲ့ ထမ်းယူတယ်။ ပြီးမှ ပခန်းမင်းသားရဲ့ ဝင်းတော်အတွင်းမှာပဲ ချက်ချင်းသင်္ဂြိုဟ်ရတယ်။ ဒါတွေဟာ သာယာဝတီမင်းအဖို့ မခံချိစရာအကွက်တွေပေါ့။ ခုဆိုရင် သူ့အဖို့ အားကိုးရာမဲ့ချေပြီ။ သူ အလွန်ချစ်ရတဲ့သားတော်ကြီး ပြည်မင်းသားလည်း စိတ်ဝမ်းတော် မချရဘူး။

ပြည်မင်းသားနောက် အားထားရတဲ့ သားတော် ပခန်းမင်းသားလည်း လတ်တလော ကံတော်ကုန်သွားခဲ့ချေပြီ။

သည်ကတည်းက သာယာဝတီမင်းရဲ့စိတ်တော်ဟာ မမှန်တော့ဘူး။ အမျက်တော်ရှိရင်လည်း သိမ်းသိမ်းဆည်းဆည်း မပြုနိုင်ဘူး၊ လွန်ကုန်တယ်။ သူ့စိတ်တော်ကို သူ မနိုင်တော့ဘူး။ ပိုဆိုးစေတာက သူ့ရင်မှာစွဲငြိနေတဲ့ ချစ်သဝန်တိုနေမှုတွေဟာ သူ့ကို ပိုပြီးနှိပ်စက်နေတာပဲ။

www.foreverspace.com.mm



တကယ်တော့ ဘုရင်မင်းမြတ်ဆိုတာက တစ်တိုင်းတစ်နိုင်ငံလုံးရဲ့ အရှင်သခင်ဖြစ်တယ်။

သည်တော့ နိုင်ငံတော်ရဲ့ဖြစ်ရပ်တွေကို ကိုင်တွယ်ဖြေရှင်းရတယ်။ အဲဒီထဲမှာ ပါလာတဲ့ခပ်သိမ်းကုန်သော အနိဋ္ဌာရုံက္ကဋ္ဌာရုံများကို မတုန်မလှုပ် ခံနိုင်ရည်စွမ်း ရှိရမယ်။ ပြဿနာအရပ်ရပ်တွေကို နည်းလမ်းမှန်ကန်စွာနဲ့ ဖြေရှင်းပေးနိုင်ရမယ်။

သာယာဝတီမင်းအဖို့မှာတော့ သည်လိုမဟုတ်ဘူး။

သူ့အနေနဲ့ စိတ်ဝေဒနာ အစပြုလာသူတစ်ဦး ဖြစ်နေပြီ။ သည် တော့ဖြစ်လာတဲ့ကိစ္စရပ်များတွေဟာ သူ့ရဲ့စိတ္တဇနာကို လှုံ့ဆော်ပေးနေတာ ပဲ။ သည်အသက်အရွယ်အထိ တွေ့ကြုံခဲ့ရသမျှတို့ဟာလည်း အကြီးဆုံး သော တိုက်ပွဲများနဲ့သာ ရင်ဆိုင်ခဲ့ရတယ်။

သဘာဝတရားဆိုတာက ပူပင်သောကဗျာပါဒတရား ရှိတယ်။ ဒုက္ခ ဒေါမနဿတရားလည်း ရှိတယ်။ အဲဒါတွေဟာ လူရဲ့စိတ်ဓာတ်ကို ရိုက်သတ် နှိုးကြွစေတယ်။ တကယ်တော့ အတွင်းမှာဖြစ်တဲ့ စိတ်ရောဂါဟာ နုနယ် တယ်။ နုစ ဖြစ်ခါစဆိုရင် ဘယ်သူမှ အကဲခတ်လို့မရဘူး။

လူနာရှင်ဖြစ်တဲ့ မိမိကိုယ်,ကိုယ်ကလည်း မသိနိုင်ဘူး။ အချိန်ကြာလို့ ဖောက်ပြန်လာမှပဲ တခြားလူတွေက သိရတယ်။ အခုတော့သာယာဝတီ မင်းဆိုတာက ပြည်သူတွေ ဦးညွှတ်ရတဲ့ ဘုရင်မင်းမြတ်ဖြစ်နေတယ်။ ဒါ ကြောင့် အသိအမြင်ဟာ ခက်လှတယ်။ ယဉ်ယဉ်ကလေး စွဲကပ်နေတဲ့ ရောဂါဗီဇအနသန္ဓေကို မည်သူတွေက အကဲခတ်ရဲမှာတဲ့လဲ။ ဖြစ်ခဲ့တဲ့ အနိဋ္ဌာရုံတွေအားလုံးဟာ သာယာဝတီမင်းကို မီးလောင်ရာလေပင့်သလို ဖြစ်နေတယ်။

ငိုချင်လျက်လက်တို့မိ ဆိုသလိုပဲ သာယာဝတီမင်းရဲ့ဝေဒနာဟာ စိတ်တော်ကို နှံ့စေတယ်။ ကိုယ်တော်ကို ချုံးကျုစေတယ်။ ကိုယ်တော် ချုံးကျုခြင်းဟာ ကျန်းခန့်တော်မမူဘူးဆိုပြီး သမားတော်များက ဆေးဝါးဆက် သရတယ်။ ပြီးတော့လည်း ဗေဒင်ကိန်းခန်းအရနေပြည်တော်မှ မြောက် အရပ်သို့ ပြောင်းရွှေ့စံနေတော်မူတယ်။

www.foreverspace.com.mm

အဲဒီအရပ်ကတော့ မတဲဒေးဝန်းရပ်ပဲပေါ့။

သာယာဝတီမင်းသည် မတဲဒေးဝန်းစံနန်းတော် ရောက်ကတည်းက တိုင်းပြည်ရေးရာများကို မှူးကြီးမတ်များနဲ့ပဲ လွှဲထားတယ်။ သူ့ဘာသာသူပဲ စိတ်လက်အေးချမ်းစွာ စံနေတယ်။ ဒါကိုတာဝန်ရှိတဲ့ မှူးကြီးမတ်ကြီးအချို့တို့က စားပေါက်ထွင်လာကြတယ်။ မတော်မတရားလာဘ်စားမှုတွေ ကြီးနိုင်ငယ်ညှင်းမှုတွေဟာ တရစပ်ပေါ်လာခဲ့တယ်။

မင်းမြှောင်ကပ်ပါးတွေသာ ကြီးစိုးနေတယ်။ သည်အကြောင်းတွေကို သာယာဝတီမင်းတရားထံ ဘယ်သူကမှ မလျှောက်ပံ့ကြဘူး။ စိုးရွံ့နေကြတယ်။ ဒါပေမဲ့ မကောင်းမှုတို့မည်သည်မှာ ကြာရှည်ဖုံးကွယ်လို့ မရပါဘူး။ တစ်နေ့မှာ အတွင်းတော်အထိ ကြားသိသွားခဲ့တယ်။

အဲဒီအမှုက လာဘ်စားမှုပဲ။

လာဘ်စားမှုထဲမှာပါတဲ့သူတွေဟာ အဓိကလူတွေချည်းပဲ။ တော်ရုံတန်ရုံ မထင်နိုင်တဲ့လူတွေချည်းပဲ။ ရွှေမြို့တော်ဝန်၊ ရွှေပြည်ရန်အောင် မြင်းဝန် မင်းကြီးမဟာသီရိသီဟသူတို့ပဲ။ သူတို့ရဲ့ လက်အောက်ခံ တပည့်မင်းမှုထမ်းများဟာ လာဘ်သပ်ပကာယူခဲ့တယ်။

သူတို့ထံ လာရောက်တဲ့သူတွေဆီက ငွေကြေးတံစိုးလာဘ်စားတယ်။ လက်အောက်ငယ်သားများကို နှိပ်စက်ညှင်းပန်းတယ်။ သည်ကိစ္စရပ်တွေကို အတွင်းတော်က အမိန့်နဲ့ လွှတ်တော်ကို အပ်ပြီးစီရင်စေတယ်။ သည်တုန်းက လွှတ်တော်မှာတိုင်ပြီး စီရင်နေတဲ့သူတွေကတော့ ဘထွေးတော်မက္ခရာမင်းကြီးနဲ့ ကောင်းတုံမြို့စားတို့ ဖြစ်တယ်။

တကယ်တော့ အဲဒီတုန်းက နေပြည်တော်မှာ ဖြစ်နေတာက သည်အမှုတစ်ခုတည်း မဟုတ်ဘူး။ အများကြီးပဲ။ ဒါတောင်မှ တစ်ပြည်လုံးနှံ့ပြီး နားမဆံ့မှ သာယာဝတီမင်းထံ ရောက်လာရတဲ့ အမှုပဲ။ ဒါကို အားလုံးက နားစွင့်နေကြတယ်။ အတွင်းတော်ကတောင် သိသွားပြီဆိုတော့ သည်အမှုဟာ မလွယ်ဘူး။ ရာဇဒဏ်ပြင်းပြင်းချမှတ်မှာပဲလို့ ထင်နေကြတယ်။

ဒါပေမဲ့ တကယ်တမ်းကျတော့ ထင်သလိုဖြစ်မလာဘူး။

www.foreverspace.com.mm



လာဘ်စားတဲ့ ရွှေဘိုမြို့တော်ဝန်နဲ့ မြင်းစုဝန်တို့အား လေးနက်မှုမရှိဘူး၊ အပြစ်မရှိဘူးဆိုပြီး လွှတ်ပစ်လိုက်တယ်။ တကယ်တော့ ဒါတွေဟာ သူတို့အချင်းချင်း ရှိင်းပင်းကြတာပဲ။ ပြီးတော့လည်းဝန်မင်းဘုရားက မယားဘက် ခပ်ပါပါဆိုတဲ့ကိန်း ဆိုက်နေတာပေါ့။

အဲဒီကိစ္စကို သာယာဝတီမင်းက ကြားသိတော်မူခဲ့တယ်။

ပြင်းစွာသော အမျက်တော် ထွက်တော်မူတယ်။ နေပြည်တော်မှာ ခိုးသားဓားပြ မရှိစေရဘူး။ ငြိမ်ဝပ်ပိပြားစေရတယ်။ ရွှေလွှတ်တော်ဆိုတာက တရားသဖြင့် အုပ်ချုပ်ဖို့ထားတဲ့နေရာပဲ။ တရားနဲ့အညီ စီရင်ဖို့ လွှဲအပ်ထားတဲ့ မဏ္ဍလာမင်းသားနဲ့ ကောင်းတုံမြို့စားဝန်ကြီးတို့ဟာ ထင်ရှားနေတဲ့အမှုကို သက်ညှာစွာ စီရင်ခဲ့တယ်။

ရွှေမြို့တော်ဝန်၊ မြင်းစုဝန်တို့ကဲ့သို့ ရာထူးအဆင့်မြင့်သူအပေါ်မှာ လာဘ်စားမှုဟာ ထင်ရှားတယ်။ ဒါကို သက်ညှာစွာ စီရင်ခြင်းဟာ တာဝန်ကို လေးစားမှုမရှိဘူး။ ဒါကြောင့် တရားလွှတ်တော်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတာပေါ့။ သည်တော့ တာဝန်ရှိတဲ့ မဏ္ဍလာမင်းသားနဲ့ ကောင်းတုံမြို့စားတို့ကို ရာထူးနှုတ်သိမ်းလိုက်တယ်။

ဒါပဲပေါ့ နိုင်ငံတော်အုပ်ချုပ်တဲ့ ဘုရင်မင်းမြတ်ဆိုတာက ပြည်သူတွေ ကို ရင်ဝယ်သားကဲ့သို့ ကြင်နာရတယ်၊ ကိုယ်ချင်းစာတရား ထားရတယ်။ ငါကအမြင့်မှာနေတာပဲ ငါလုပ်ချင်တိုင်း လုပ်မယ်။ တရားတာရော မတရား တာရောဆိုတဲ့ သဘောမထားရဘူး။ သည်ဖြစ်ရပ်ဟာ သက်ဦးဆံပိုင်မှာ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်တစ်ခုပဲ။

အဲ့ဒီတုန်းက မတရားမှုတွေ ပေါများနေတဲ့ ကာလမဟုတ်လား။

သားတော်ပုဂံမင်းနဲ့ သားတော်မင်းတုန်းမင်းသားတို့ကို တရားနဲ့အညီ ရွှေလွှတ်တော်သို့ တတ်ရောက်စီစဉ်စေတယ်။ ပုဂံမင်းသားအဖို့ တိရစ္ဆာန်များနဲ့ ပျော်မွေ့ရာက လွှတ်တော်တက်မင်းသားကြီးရယ်လို့ မားမားမတ်မတ်ဖြစ်လာခဲ့ပြီပေါ့။

သူ့ဘေးမှာ အလိုလိုက်အကြိုက်ဆောင်ခဲ့ကြတဲ့ လူပျိုတော်သားများဟာ အားကောင်းလာတယ်။

နန်းစံကြသူများ

www.foreverspace.com.mm

အဲ့ဒီထဲမှာ ဇေဗာရီကုလားတစ်ဦးဟာ ပုဂံမင်းရဲ့ မျက်နှာသာပေးမှုကို ထူးထူးခြားခြား ခံရတယ်။ သူဟာ ကြက်ငှက်ချိုးခါအကြောင်း ကျွမ်းကျင်သူ ဖြစ်တယ်။ တခြားတော့ မဟုတ်ဘူး . . . ဘိုင်ဆပ်ဆိုတာပဲ။ ဖုံးအိုးရွာမိသားစုက ပေါက်ဖွားခဲ့သူဖြစ်တယ်။

ဖုံးအိုးရွာဆိုတာက ကုလားသုံ့ပန်းများ နေတဲ့ရွာဖြစ်တယ်။ အဲ့ဒီမှာ အမှုထမ်းကုလားများ နေထိုင်ကြတယ်။ အဲ့ဒီရွာသားတွေဟာ ချိုးခါစတဲ့ ငှက်တိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ရောင်းစားတဲ့အလုပ်ကို လုပ်ကိုင်အသက်မွေးကြတယ်။ တခြား နွားမွေး၊ ဆိတ်မွေးအလုပ်များကို လုပ်ကိုင်စားသောက်ကြသေးတယ်။

သူများတွေထက် နားလည်တတ်ကျွမ်းကျင်တဲ့ ဘိုင်ဆပ်ဟာ ပုဂံမင်းသားရဲ့ လက်ပါးစေတစ်ဦးအဖြစ် တွင်ကျယ်လာခဲ့တယ်။ သူဟာပုဂံမင်းသားရဲ့ အကြိုက်ကို အကင်းပါးနပ်စွာ သိတယ်။ လူပါး လူလယ်ပေါ့။ ဒါပဲပေါ့ သက်ဦးဆိုင်ပိုင်ခေတ်အတွင်းမှာတော့ လူလည်မသားတွေ ကြီးစိုးတာ မဆန်းပါဘူး။ မင်းညီမင်းသားဆိုတာကလည်း ပုထုဇဉ်လူသား မဟုတ်လား။ သူတို့ကို မြှောက်ပင့်ပြောဆိုလို့ ပြောမှန်းမသိတတ်တဲ့ လူတွေပဲ။

သည်လို မင်းလိုလိုက် မင်းကြိုက်ခစားတတ်တဲ့လူတွေနဲ့ ဘဝင်မြင့်နေတဲ့ အရှင်တွေကြောင့် သက်ဦးဆိုင်ပိုင်ခေတ်မှာ ပြည်သူတွေ ဒုက္ခရောက်ကြတာပဲ။ တိုင်းပြည် မငြိမ်မသက် ဖြစ်ကြတာပဲ။ လူဆိုတာကလည်း ခက်သားကလား . . . နိမ့်နေတုန်းမှာပဲ ငြိမ်နေပြီး နည်းနည်းနေရာရလာခဲ့ရင် ဘဝကို မေ့တတ်ကြတယ်။

ခက်တာက လွှတ်တက်မင်းသားကြီးတို့ရဲ့ ကိစ္စရပ်တွေပဲ။

ခုဆိုရင် ပုဂံမင်းသားနဲ့ မင်းတုန်းမင်းသားတို့ဟာ လွှတ်တက်မင်းသားကြီးအဖြစ် ရှိနေတယ်။ ဒါပေမယ့် မင်းတုန်းမင်းသားတစ်ပါးသာပဲ လွှတ်တော်မှာ တာဝန်ကျေတယ်။ ပုဂံမင်းသားကတော့ လွှတ်တော်ကို တက်ချင်မှ တက်လာတတ်တယ်။ သည်တော့ တာဝန်နဲ့အားဟာ မင်းတုန်းမင်းသားအဖို့ မမျှဖြစ်နေတယ်။ ဒါကြောင့် ပြည်မင်းသားကို လွှတ်တက်မင်းသားနေရာမှာ ထပ်ပြီး ခန့်အပ်ဖို့ အလိုရှိနေကြတယ်။

www.foreverspace.com.mm



ပြည်မင်းသားရဲ့ ပညာကို သိထားကြတဲ့ မှူးမတ်များအဖို့ အားမလို အားမရ ဖြစ်နေကြတယ်။

တကယ်တော့ ပြည်မင်းသားဟာ အရင်တုန်းက လွှတ်တက်မင်းသား ကြီးပေါ့။ ခုတော့ မင်းသားတို့ အဆောင်အယောင် ပြန်ရပေမယ့် လွှတ်တက် မင်းသားရဲ့အာဏာကိုတော့ မရတော့ဘူး။ ဒါဟာ ပြည်မင်းသားအဖို့ မခံချင် စရာအကြောင်းတစ်ရပ် ဖြစ်လာခဲ့တယ်။

သူ့အဖို့ကလည်း သည်အချိန်မှာ တစ်မျိုးတွေးမှာက သေချာနေပြီ။

သူ့ရဲ့အနာဂတ်ကိုလည်း ကြိုပြီး မျှော်ကြည့်ရတော့မယ်။ မကြည့်လို့ မဖြစ်တဲ့ကိန်းက ဆိုက်နေပြီ။ အကြောင်းက ရှိပါတယ်။ ခုဆိုရင် မိမိအဖို့ လွှတ်တော်မင်းသားအရာ ပယ်ခဲ့ပြီ။ မိမိထက်ငယ်တဲ့ ညီတော်နှစ်ပါးက လွှတ်တက်မင်းသားဖြစ်နေတယ်။ ဒီလို မိမိကိုကျော်ပြီး ခန့်ထားခြင်းဟာ အနာဂတ်ရဲ့ အခြေအနေမှာ မကောင်းဘူး။ လောလောဆယ်ကတော့ သိက္ခာကျနေပြီ။

သူ့ကို အလွန်ချစ်ပါတယ်ဆိုတဲ့ ခမည်းတော်ရဲ့ စေတနာကိုလည်း မျက်ဝါးထင်ထင် တွေ့နေရပြီ။

သူတို့အဖို့မှာ ရွှေဘုံနန်း မင်းခမ်းမင်းနားနဲ့ အငြိမ့်သားနေရပေမယ့် စိတ်မောလူမောနေရတဲ့ ကာလပဲ။ ဘယ်နေ့မှာ ဘယ်လိုဖြစ်လာမလဲလို့ လည်း တွေးနေရတယ်။ မင်းခယောက်ျား ကမ်းနားသစ်ပင်ဆိုသလိုပေါ့ . . . . အချိန်မရွေး ဒုက္ခရောက်နိုင်တယ်။

ရွှေနန်းတော်အတွင်းမှာ ဒီလိုစိတ်ဒုက္ခတွေ ရောက်နေသလိုပဲ။ နိုင်ငံ တော်ရဲ့ အစွန်အဖျားမှာ ပြည်သူတွေဟာ ကာယဒုက္ခကို ခံစားနေရတယ်။ ခုဆိုရင် နယ်စွန်နယ်ဖျားကို ဇင်းမယ်တို့က ထိပါးနှောင့်ယှက်လာခဲ့တယ်။

ဒါကို အင်းဝမြို့ဝန်မင်းကြီး မဟာမင်းလှမင်းခေါင်ကျော်ဗိုလ်ချုပ်ခန့် ထားပြီး မိုးနဲကြောင်း ချီစေတယ်။ လက်ဝဲကြောင်းကို သေနတ်ဗိုလ် မဟာ မင်းလှတန်ဆောင်က အုပ်ချုပ်တယ်။ လက်ယာကြောင်းကိုတော့ မဟာမင်း ခေါင်သူရိန်က ကြပ်မတ်တယ်။

နန်းစံကြသူများ

အခု အမှုထမ်း သေနတ်ကိုင်နှစ်ထောင့်ငါးရာကျော် မြင်းနှစ်ရာကျော်တို့နဲ့ ချီတက်တယ်။

တစ်ချိန်တည်းမှာပဲ ရှမ်းပြည်နယ်တောင်ပိုင်းကလည်း လှုပ်ရှားလာပြန်တယ်။ လှုပ်ရှားတယ်ဆိုတာက ဘုရင်မင်းမြတ်ကို ထောင်ထား ခြားနားတာပဲ။ ဒါကြောင့် နေပြည်တော်ကတပ်ကို ထပ်ပြီး လွှတ်ရတယ်။ အမှုထမ်းလူနှစ်ထောင့်ကိုးရာနဲ့ တောင်ပိုင်မြို့ကို စေလွှတ်လိုက်တယ်။ အဲဒီတပ်မကြီးကို တောင်ကန်သေနတ်ဗိုလ် နေမျိုးမင်းလှရဲထင်က အုပ်ချုပ်တယ်။

ယောမြို့နယ်ကလည်း ထပ်မံ လှုပ်ရှားလာပြန်တယ်။

ဖြစ်ပုံက သည်လိုပါ . . .

ယောနယ်သားများကို အသုံးပြုကိစ္စရှိသဖြင့် အမိန့်တော်နဲ့ဆိုင်ရာက ဆင့်ခေါ်မြဲခေါ်တယ်။ အဲဒီတုန်းက မင်းတုန်းမြို့ဝန်ဟာ မောင်ရွှေတုတ်ပဲ။ သည်လို နေပြည်တော်က ဆင့်ခေါ်တာကို မောင်ရွှေတုတ်ရဲ့တပည့်တွေက နှောင့်ယှက်တယ်။

မင်းမှုထမ်းများကို တားဆီးချုပ်နှောင်ထားတယ်၊ မင်းမှုထမ်းတို့မှာပါတဲ့ လက်နက်များ ငွေကြေးများကို သိမ်းယူတယ်။ ဒါကို နေပြည်တော်က သိတော့ မင်းတုန်းမြို့ဝန် မောင်ရွှေတုတ်ကို ခေါ်ယူစစ်ဆေးတယ်၊ နှောင့်ယှက်တဲ့ လက်သည်တရားခံများကို တောင်းဆိုတယ်။

ဒါကို မင်းတုန်းမြို့စား မောင်ရွှေတုတ်က တရားခံတွေကို ပေးအပ်ခြင်းမပြုဘူး။ သည်တော့ တာဝန်ရှိတဲ့ မင်းတုန်းမြို့ဝန်ကို ရာဇဒဏ်သင့်စေတယ်။ ဒါပဲပေါ့ . . . ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်နဲ့ တာဝန်ထမ်းဆောင်တဲ့ အမှုထမ်းတွေကို နှောင့်ယှက်ခြင်းဟာ ဘုရင်မင်းမြတ်ကို အာခံတာပဲပေါ့၊ မရှိမသေ မလေးမစားလုပ်တာပဲပေါ့။

အဲဒီတရားခံတွေကို သိရက်နဲ့ ဖော်ထုတ်မပေးခြင်းဟာလည်း ဘုရင်မင်းမြတ်ရဲ့အာဏာကို ဖီလာဆန့်ကျင်ပြုတာပဲ။ ဒါကြောင့် အပြစ်ကြီးတယ်၊ အပြစ်အလျောက် ရာဇဒဏ်သင့်စေတယ်ပေါ့။ အဲဒီအရေးဟာ မတရားဘူးလို့ထင်တဲ့သူတွေက ရှိနေတယ်။



www.foreverspace.com.mm

www.foreverspace.com.mm

သူတို့က တခြားသူတွေ မဟုတ်ဘူး။

မောင်ရွှေတုတ်ရဲ့ အမျိုးအဆွေတွေပဲ။ သည်တုန်းက မင်းတုန်းမြို့ဝန်ရဲ့ ဦးရီးဟာ ဗန့်ကျီတိုက်ဝန်မင်း––– မဟာသီဟသူရ ဖြစ်တယ်။ သူ့ရဲ့သား ဖြစ်တဲ့ တလုပ်မြို့ဝန် သေနတ်ဗိုလ် မင်းလှသီဟသူနဲ့ညီ မင်းလှဇေယျသူတို့ပဲ။ သူတို့ဟာ အဲဒီကိစ္စရပ်ကို မကျေနပ်နိုင်ကြဘူး။ ဒါကြောင့်ပဲ တိတ်တဆိတ် ရွှေမြို့တော်က ထွက်ခွာသွားကြတယ်။

သူတို့ပိုင်စိုးတဲ့ စီရင်စုအတွင်းမှာရှိတဲ့ အမှုထမ်း အရာထမ်းများကို အပြင်းကွပ်ညှပ်စည်းရုံးတယ်။ မြန်မြန်ထက်ထက် အားချင်း စုရုံးတာပေါ့။ အမှုထမ်း လူခုနစ်ထောင်ရတယ်။ အဲဒီနယ်တစ်ဝိုက်ကနေပြီး သာယာဝတီမင်းကို ထောင်ထားခြားနားတယ်။

သူတို့ဟာ ဆားလင်းကြီးမြို့ကို ခံတပ်တည်ပြီးနေတယ်။

ပခန်းကြီးမြို့ အမြင့်မြို့များကိုပါ တိုက်ခိုက်လာတယ်။ ဒါကို သာယာဝတီမင်းတရားက ကြားသိတော်မူခဲ့ပြီး ဘုရင်တို့ ဘုန်းမိုးသို့ချုန်းဆိုသလိုပဲ လက်ဝဲဝင်းတော်မှူးမင်းကြီး မဟာကျော်ခေါင်ကို အလုံစီရင်စုနယ်အတွင်းရှိ အမှုထမ်းလက်နက် လူသူတို့ကို သိမ်းကျုံးစည်းကြပ်ရမယ်လို့ စေတော်မူတယ်။

ပခန်းကြီးမြို့၊ တလုပ်မြို့၊ အမြင့်မြို့ အလ္လကပ္ပမြို့များသို့လည်း စစ်သည်ရဲမက်အမြောက်အမြား စေလွှတ်လိုက်တယ်။ ခုချိန်မှာ သာယာဝတီမင်းအဖို့ ပူပင်သောက အရောက်ရဆုံးအချိန်ပဲ။ မင်းသားဘဝကတည်းက အေးအေးဆေးဆေးမနေခဲ့ရတဲ့ သူ့အဖို့ သောကမီးကို ခါးစည်းခံနေရရှာတယ်။

ပုန်ကန်ခြားနားတဲ့ ဗန့်ကျီတိုက်ဝန်ဟောင်းဟာ ဆားလင်းကြီးမြို့က အပြင်းအထန် ခုခံနေတယ်။ သူတို့ကို နေပြည်တော်က တပ်သုံးစုခွဲပြီး အပြင်းလုပ်ကြံရတယ်၊ အားသွန်ခွန်စိုက် ကြိုးစားရတယ်။ နှစ်ဦးနှစ်ဘက်ရဲ့ အကျအဆုံးဟာ များပြားလှတယ်။

သည်တုန်းက ပြည်သူတွေဟာ စစ်ပွဲကာလတွေနဲ့ချည်းပဲ ဆုံခဲ့ရတယ်။

နန်းစံကြသူများ

အိုးပစ်အိမ်ပစ်နဲ့ ကာလပျက် ခေတ်ပျက်လို ဖြစ်နေတယ်။ တကယ်တော့ သူပုန်ဘက်က စစ်သည်များဟာလည်း နေပြည်တော်က စစ်သည်တွေပဲ။ ခေါင်းဆောင်လုပ်တဲ့သူက သူပုန်ထနေလို့ ကျန်တဲ့ငယ်သားတွေလည်း သူပုန်ဖြစ်ကုန်တာပေါ့။

တိုက်ပွဲစတယ်ဆိုရင်ပဲ နှစ်ဦးနှစ်ဘက်စလုံး အားညီနေတယ်။

ဇန့်ကျီတိုက်ဝန်ဟောင်းရဲ့ စစ်သည်များဟာလည်း နေပြည်တော်က လေ့ကျင့်ပြီးသား စစ်သည်တွေ မဟုတ်လား။ စစ်အတွေ့အကြုံကလည်း ရှိပြီးသား၊ စစ်ရည်ကလည်း ဝပြီးသားဆိုတော့ လက်အားညီနေတာပေါ့။ ဝါးလုံးထိုးဆင်လာတဲ့ နေပြည်တော်က စစ်သည်များကို ဟန့်တားထားနိုင်းတယ်။

ပြီးတော့လည်း ဇန့်ကျီတိုက်ဝန်ဟောင်းနဲ့ သူ့သားတွေဟာ တိုက်ရည်ခိုက်ရည်နဲ့ ပြည့်ဝပြီးသားသူတွေပဲ။ သည်တော့ သိပ်မှုစရာမလိုဘူးပေါ့။ တိုက်ပွဲရဲ့ ဟိန်းဟိန်းထနေတဲ့အသံတွေဟာ ကြောက်ခမန်းလိလိပဲ။ အသက်လုပွဲ မဟုတ်လား။ သည်တော့ ကိုယ့်အသက်ရှင်ရေးအတွက် တစ်ပါးသူရဲ့အသက်ကို သတ်ရမှာပဲပေါ့။

တိုက်ပွဲဟာ တစ်နေ့နဲ့တစ်ည ကြာတယ်။

နောက်ဆုံး နေပြည်တော်က သုံးစုခွဲပြီး လုပ်ကြံတယ်။ နောက်တစ်နေ့အရုဏ်လင်းမှာပဲ ဆားလင်းကြီးမြို့ရဲ့ သစ်တပ်ဟာ ကျိုးပေါက်သွားတယ်။ ဇန့်ကျီတိုက်ဝန်ဟောင်းတို့သားအဖလည်း မြို့ထဲက လက်လွတ်ထွက်ပြေးတော့တယ်။ သူတို့ဟာ ပျက်ပြားသွားတဲ့တပ်မကိုလည်း အုပ်ထိန်းနိုင်ခြင်း မရှိတော့ဘူး။

သူပုန်တပ်အချို့ဟာ နေပြည်တော်ကတပ်များနဲ့ သွားပြီး ပူးပေါင်းတယ်။

ဇန့်ကျီတိုက်ဝန်သားအဖတို့ဟာ ကန္ဒီမြို့ရဲ့ တောလက်များမှာ ပြေးရှောင်နေတယ်။ အဲ့ဒီကတစ်ဆင့် ပြာပုံတောင်မှာ ဝင်ပုန်းနေပြန်တယ်။ သူပုန်များကို နေပြည်တော်တပ်က လိုက်လံရှင်းလင်းတယ်။ ဇန့်ကျီတိုက်ဝန်တို့သားအဖတစ်တွေဟာ လူခွဲပြီး ပြေးကြတယ်။

www.foreverspace.com.mm



ဗန်ကျီတိုက်ဝန်နဲ့ နောက်ပါအချို့တို့ဟာ ပြာပုံတောင်ရဲ့ တောနက်ရာကို ဝင်ပြေးကြတယ်။ သူ့သားနှစ်ယောက်ကတော့ ထီးလင်းနယ်ထဲ ဝင်ပြေးကြတယ်။ ကာလဝိပါက် နောက်ပိုးတတ်တယ်လို့ ဆိုရမလား၊ ကျေးဇူးရှင်ကို ကျေးစွပ်လို့ ခံရတာပဲဆိုမလား . . . ဗန်ကျီတိုက်ဝန်ဟောင်းဟာ အဲဒီအရပ်မှာပဲ အသတ်ခံရတယ်။

ဘုမသိဘမသိနဲ့ ရာဇဏ်သင့်တဲ့ နောက်ပါအချို့ဟာ ဗန်ကျီတိုက်ဝန်ဟောင်းကို မကျေနပ်ကြဘူး။ သူတို့ဟာ ဘုရင်မင်းမြတ်ကိုအာခံပြီး ပြေးနေရတော့ သားတကွဲ မယားတကွဲနဲ့ ဖြစ်နေကြတယ်။ သားတကွဲမယားတကွဲဖြစ်တာထက် ကျီးလန့်စာစားဘဝကို ပိုပြီးရွံရှာတယ်။ သည်ဘဝက လွတ်မြောက်လိုတယ်။

သည်တော့ ဘာလုပ်ကြမလဲ... အခွင့်သာအောင် စောင့်ကြည့်ရုံပေါ့။

အားလုံးညှိပြီး ဗန်ကျီတိုက်ဝန်ဟောင်းကို ဝိုင်းပြီးခုတ်သတ်လိုက်ကြတယ်။ ပြီးမှ ဗန်ကျီတိုက်ဝန်ဟောင်းရဲ့ အဆောင်ဆေးများ၊ ရွှေထည်ငွေထည်ပစ္စည်းများကို တောင်တွင်းကြီးမြို့ဝန်ထံ သွားအပ်ကြတယ်။ သာယာဝတီမင်းက သူကောင်းပြုပေးသနားထားတဲ့ ကျောက်စီစားလည်း ပါတယ်။

အဲဒီ လာရောက်အပ်နှံတဲ့သူအားလုံးကို သူပုန်ထမှုက လွတ်ငြိမ်းခွင့်ပေးလိုက်တယ်။

သည်အရေးကို ကျေကုန်အောင် ထမ်းဆောင်တဲ့ ဝင်းတော်မှူးနဲ့ တောင်တွင်းကြီးမြို့ဝန်တို့ကို ဆုတော်ငွေ ပေးသနားတယ် . . . ။ ကျောက်နီလက်စွပ်တစ်ကွင်း ငွေခုနစ်ပိဿာတို့ပဲ။ အဲဒီ ပုန်ကန်ခြားနားမှုကြောင့် လူတွေအတော်များများ အဖမ်းဆီးခံရတယ်။

ဗန်ကျီတိုက်ဝန်ဟောင်းနဲ့ နီးစပ်တဲ့သူမှန်သမျှ ဆွေမျိုးသားချင်းတွေ အားလုံးဟာ လက်လွတ်ထွက်ပြေးကြတယ်။ အိုးပစ်အိမ်ပစ်ပေါ့။ ရန်သူဆိုကျူပင်ခုတ် ကျူငုတ်တောင်ချန်မထားတဲ့ သက်ဦးဆံပိုင်ခေတ်မို့ အသက်ကို လုပြေးကြရတာပဲ။

တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသလိုပဲ... ကိုယ်နဲ့ မသင့်မတင့်ရှိတဲ့သူမှန်သမျှကို ဖမ်းဆီးတယ်။ သူပုန်အဖြစ် သတ်မှတ်တယ်

www.foreverspace.com.mm

ပေါ့။ သည်တော့ တချို့လူတွေလည်း ဘာမဆိုင်ညာမဆိုင် ပါကြရတာပေါ့။ တောင်းပန်တိုးလျှိုးလို့လည်း မရဘူး။ နောက်မှ ကြည့်ရှင်းကြပေါ့။

ပုန်ကန်ခြားနားမှုမှာ ပါဝင်သူများဆိုပြီး လူသုံးရာကျော်လောက် ဖမ်းဆီးတယ်။ သူတို့ကို ရှေ့ဝင်းတော်မှူးနဲ့ တောင်တွင်းကြီးမြို့ဝန်တို့က စစ်ဆေးတယ်။ သေသေချာချာ ဆန်ကာတင်စစ်ဆေးတာပေါ့။ မိန်းမ ယောကျ်ား လူသုံးရာကျော်အနက်က လူလေးဆယ်ပဲ သည်အမှုနဲ့ အကျုံး ဝင်နေတယ်။

ကျန်တဲ့သူအားလုံးကို ပြန်လွှတ်လိုက်တယ်။

အဓိက အပြစ်ရှိတဲ့သူတွေကတော့ ဗန့်ကျီတိုက်ဝန်ရဲ့သားတွေပဲ။ တလုပ်မြို့ဝန် သေနတ်ဗိုလ်မင်းလှသီဟသူ၊ မင်းလှဇေယျသူ စတဲ့သူတွေပဲ။ သူတို့နှင့်အတူ လူလေးဆယ်ကို သုသာန်ထုတ် ဓားနဲ့ခုတ်သတ်လိုက်တော့ တယ်။

သာယာဝတီမင်းအဖို့ စိတ်အေးစရာ တစ်ကွက်မှမရှိဘူး။

ဇင်းမယ်သားတို့ လာရောက်ထိပါးမှု၊ တော်ပိုင်စော်ဘွားရဲ့ တောင် ထားမှု၊ ဗန့်ကျီတိုက်ဝန်သားအဖတွေ့ရဲ့ ပုန်ကန်ခြားနားမှုတွေဟာ ဘုရင် မင်းမြတ်ရဲ့ စိတ်တော်ကို အကြည်လင်စေဘူး။ အသက်အရွယ်ကလည်း ထောက်လာပြီ။ အုပ်ချုပ်ရေးကိုလည်း ပုဂံမင်းသားနဲ့ မင်းတုန်းမင်းသား တို့ကို လွှဲအပ်ထားတယ်။ မှူးကြီးမတ်ရာများက ထိန်းထိန်းသိမ်းသိမ်း ရှိစေ တယ်။

နောက်ဆက်ခံမယ့် ပုဂံမင်းသားဟာ အရည်အချင်းရှိတာ မဟုတ် ဘူး။

❒ ❒ ❒

www.foreverspace.com.mm

# ကျင့်ရည်တခြား၊ မျိုးသီကြားသည့်
## စကားမညီ မရှိဓလာ

♦

အချိန်ရရင် ရသလို ကြက်တိုက်နေမှာပဲ။

သည်အတိုင်းသာသွားရင် နိုင်ငံတော်ဟာ ကြာရှည်ခံမယ်မဟုတ်ဘူး။ တိုင်းပြည်မှောက်ဖို့သာ ရှိတော့တယ်။ သူ့ကျွန်အဖြစ် နှံ့နစ်တော့မယ်ဆိုတဲ့ အတွေးများဟာ အမြော်အမြင်ရှိတဲ့သူတွေက သိနေကြတယ်။ တကယ်တော့ နိုင်ငံတော်ရဲ့ ဆိုးကျိုးကောင်းကျိုးဟာ သာယာဝတီမင်းမြတ်ရဲ့အပေါ်မှာ တည်နေတယ်။

ခုတော့ ဘုရင်မင်းမြတ်က ကျန်းမာတော်မမူဘူး။

ဒါကြောင့် တိုင်းပြည်အကျိုးကိုလိုလားတဲ့ ဝန်ကြီးမှူးကြီးအချို့ဟာ ပြည်မင်းသားထံ အဝင်အထွက်ပြုကြတယ်။ တိုင်းရေးပြည်ရေး ဆွေးနွေးကြတယ်။ နိုင်ငံတော် တိုးတက်ဖို့ ဘယ်ပုံပြုကြမယ်ဆိုတာ ပြောဆိုကြတယ်။ သည်တုန်းက ပြည်မင်းသားကို အတွင်းတော် ဘုရင်မင်းမြတ်က စိတ်တော်ကွက်ခြင်းကို ခံထားနေရဆဲပဲ။

ပြည်မင်းသားထံ ဝင်ထွက်သွားလာကြတဲ့သူတွေထဲမှာ ယင်းတောဝန်ကြီးလည်း ပါတယ်။ ယင်းတောဝန်ကြီးဟာ ရေနံချောင်းမြို့ကို စားရသူ

www.foreverspace.com.mm



ဖြစ်တယ်။ သာယာဝတီမင်းမြတ်ရဲ့ အိမ်တော်ပါ ငယ်ကျွန်တစ်ဦးပဲ။ ဘုရင်မင်းမြတ်ရဲ့ အထူးယုံကြည်အားထားမှုကို ခံယူရသူ ဖြစ်တယ်။

စကားအရာမှာ ပွင့်လင်းစွာ ပြောတတ်တယ်၊ မဟုတ်မခံ ဆတ်ဆတ်ကြဲသမားပဲ။ ဟုတ်တာပြောလွန်းလို့ လူမုန်းများတယ်၊ တည့်မတ်သောခိုင်မာသောစိတ်ရှိတယ်။ တိုင်းပြည် သူ့ကျွန်ဖြစ်တော့မယ့် အရိပ်မြင်လာတော့ သူလည်း မနေသာဘူး။ ဒါကြောင့် ပြည်မင်းသားနဲ့ တိုင်ပင်ကြတယ်။

သူ့လိုပဲ ပြည်မင်းသားအိမ်တော်မှာ ဝင်ထွက်သူ ရှိနေတယ်။

ဆင်ဝန်မင်းပဲ။ ဆင်ဝန်မင်းနဲ့အတူ အင်းဝမြို့ဝန်မင်းလည်း ပါလာတတ်တယ်။ ရွှေနန်းတော်အတွင်းက တခြားအရာရောက် အရေးပါတဲ့သူတွေများလည်း မကြာခဏ လာရောက်လေ့ရှိတယ်။ သူတို့ပြောဆိုတဲ့အထဲမှာ မင်းတရားကြီး ကျန်းခံ့တော်မမူကြောင်း၊ ဒုစရိုက်မှုနှင့် မွေ့လျော်နေတဲ့ ပုဂံမင်းသားအကြောင်း စသည်များကို ထွေရာလေးပါး ပြောကြတယ်။

ပြည်မင်းသားအိမ်တော်ကို လာရောက်သူတွေထဲမှာ အလွှာအသီးသီးက ပါတယ်။ ရာထူးပြုတ်တွေလည်း ပါတယ်။ သူတို့ လာရောက်ခြင်းဟာလည်း အမှီသစ်ရှာကြံတာပဲပေါ့။ ပြည်မင်းသားရှေ့တော်မှာ မိမိတို့ခံစားရချက်များကို ဖွင့်အံကြတယ်။ ခုချိန်မှာ တိုင်းပြည်ကို ထိန်းသိမ်းပဲ့ကိုင်နိုင်မယ့်သူက ပြည်မင်းသားကြီးတစ်ယောက်ပဲရှိတယ်လို့ သူတို့မြင်နေကြတယ်။

ဒါကြောင့် ယင်းတော၀န်ကြီးအပါအဝင် လူအများဟာ ပြည်မင်းသား ကိုပဲ ထီးနန်းရစေချင်နေကြတယ်။

အမှန်ဆိုရရင် ယင်းတောဝန်ကြီးနဲ့ ဘုရင်မင်းမြတ်ဟာ လွန်စွာရင်းနှီးတယ်။

ကိုယ့်လက်အောက်ငယ်သားဖြစ်ပေမယ့် ဘုရင်မင်းမြတ်က သူငယ်ချင်းပေါင်း ပေါင်းတယ်။ နှစ်ဦးချင်း ဆုံတွေ့ကြလျှင် အလွှာမရှိတော့ဘူး။ အရောတဝင်နေကြ ပြောကြတယ်။

ယင်းတောဝန်ကြီးက ဘုရင်မင်းမြတ်နဲ့ ပတ်သက်လို့ လျှောက်တင်စရာများကို ရဲရဲဝံ့ဝံ့ တင်လေ့ရှိတယ်။

နန်းစံကြသူများ

www.foreverspace.com.mm

ယင်းတောဝန်ကြီးအဖို့ သာယာဝတီမင်းတရားကြီးအပေါ်မှာ ယုံကြည် စိတ်ချခဲ့တယ်။

ဘုရင်မင်းမြတ်ကလည်း စိတ်ချနေခဲ့တယ်။ သူ့အပေါ် မဟုတ်မတရား ကြံစည်လိမ့်မယ်မထင်ဘူး။

သည်လို ပြည်မင်းသားအိမ်တော်ကို ဝင်ထွက်သွားလာနေတဲ့ အကြောင်း အတွင်းတော်က သိခဲ့ပြီ။ ဘာကြောင့် သွားလာနေကြတာလဲ၊ ဘာကိစ္စတွေများ အထူးအထွေ ရှိနေကြပါလိမ့်၊ ငါ့ကို ပြန်ပြီး ပုန်ကန်ဖို့ ကြံစည်နေကြတာလားဆိုပြီး သာယာဝတီမင်းရဲ့ စိတ်ထဲမှာ ဖြစ်နေတယ်။

နဂိုဓာတ်ခံကမှ စိတ်တော်မကြည်ရတဲ့အထဲ ခုလိုဖြစ်လာတော့ ဘုရင်မင်းမြတ်အဖို့ ပိုဆိုးတော့တာပေါ့။ သည်တုန်းက သာယာဝတီမင်းဟာ မတဲဒေဝန်းအရပ်မှာ ယာယီစံနန်းတော်နဲ့ နေနေတယ်။ မင်းနားတစ်ထောင် မင်းမြောင်တစ်သိန်းဆိုတာ ရှိတယ်မဟုတ်လား။

သည်တော့ သည်မင်းလက်ထက်မှာ ကြီးပွားနေတဲ့သူတွေကတော့ အရှုပ်အရှင်းမှန်သမျှ ဘာကိုမှ မလိုလားဘူး။ အခုလို ပြည်မင်းသား အိမ်တော်မှာ အဝင်အထွက်များနေတာကိုလည်း မကြည့်လိုကြဘူး။ ဒါဟာ ကောင်းတဲ့အသွင် မရှိဘူး၊ ဆိုးဝါးလာမယ့် အခြေအနေတွေပဲလို့ သူတို့ ထင်မှတ်ကြမယ်။

သည်တော့ သည်အကြောင်းတွေကို အတွင်းတော်အထိ ကြားသိစေတယ်။

အထောက်တော်များရဲ့ ထောက်လှမ်းမှုများကလည်း ပိုတင်းလာတယ်။ အထူးသဖြင့် ပြည်မင်းသားအကြောင်းဟာ အတွင်းတော်မှာ အပြောများလာတယ်။ အထောက်တော်တွေရဲ့ သတင်းပေးပို့ချက်တွေမှာလည်း နေ့စဉ်လို ပါရှိလာတယ်။

အထူးသဖြင့် ယင်းတောဝန်ကြီးကိုယ်တိုင်က ပြည်မင်းသားနဲ့ အဆက် အသွယ် ပြုနေတာပဲ။

ဒါကို ကြားသိတဲ့ ဘုရင်မင်းမြတ်အဖို့ အံ့အားသင့်စေတယ်။ ရာဇမာန် လည်း ရှတော်မူတယ်။ ဒါပေမယ့် သင်းတို့အကဲကို ဖမ်းဦးမဟဲ့ဆိုတဲ့ အတွေး

www.foreverspace.com.mm

နဲ့ ဘာမျှမပြောသေးဘူး။ အခြေအနေအရပ်ရပ်ကို ငုံ့လင့်ကြည့်နေတယ်။ သည်တုန်းက ပြည်မင်းသားရဲ့အိမ်တော်မှာ ထမ်းရွက်တဲ့အမှုထမ်းများက မနည်းလှဘူး။

လက်စွဲတော်သားများ၊ အဆောင်ကိုင်များ၊ ဘဏ္ဍာစိုး၊ ဘဏ္ဍာထိန်း၊ အသုံးစာရေး၊ ရှေ့တော်ပြေးများ၊ ဝေါတော်ထမ်းများ၊ ဆင်ထိန်း၊ မြင်းထိန်း၊ တံမြက်လှည်း၊ ဆီမီးထွန်း၊ ပန်းပင်ရေလောင်း။ ပွဲတော် စားဖိုမှူးများပေါ့။

မိဖုရားခဲပေါင်ထိပ်ထားမှာလည်း ခစားကြတဲ့သူ အတော်များတယ်။

အိမ်တော်လက်ပါးစေများ၊ ရံရွေတော်များ၊ အပျိုတော်များ၊ အထိန်း တော်ကြီးများ၊ နို့ထိန်းများ၊ ဝတ်လဲတော်သိမ်းများ၊ ခေါင်းတော် ယပ်မွေးခပ် ပေးရသူ၊ ဝတ်လဲတော်ဆက်သူ၊ ပန်းနံ့သာဆက်သသူ၊ ချိုးရေတော်ဆက် ရသူ၊ ထီးတော်မိုး၊ ဖိနပ်တော်ထိုးများ ရှိနေတယ်။

ဒါတွေဟာ မင်းညီမင်းသားတိုင်း မိဖုရားများ၊ ညီမတော် သမီးတော် ကြီးများရဲ့ အိမ်တော်တိုင်းမှာ မထားမဖြစ်တဲ့ အခြွေအရံတွေ ဖြစ်တယ်။ ဒါပဲပေါ့ . . . မင်းမျိုးမင်းဆက်ဆိုတာက ဘယ်ကိစ္စမဆို ကိုယ်ကိုယ်တိုင် မလုပ်တတ်ဘူး၊ တခြားသူများကို ခိုင်းစေတယ်။

တကယ်တော့ မဟာမျိုး မဟာနွယ်ဆိုတာက လူပေါ်ကြော့တွေ၊ ငွေအင်အားနဲ့ အရှိန်အဝါကို အသုံးပြုပြီး လက်ကြောမတင်းတဲ့ လူတန်းစား တွေပဲ။

မကြာပါဘူး . . . ။ ရှေ့တော်ပြေးအဖြစ်နဲ့ လူအချို့ကို အတွင်းတော်က ဖမ်းစေတယ်။

ဘယ်သူဘယ်သူတွေဟာ ပြည်မင်းသားအိမ်တော်မှာ အဝင်အထွက် များနေတယ်ဆိုတာကို သိထားပြီးဖြစ်တယ်။ ဒါကြောင့် အဲဒီစာရင်းအရ ဖမ်းစေတာပဲ။ သူတို့ကို စစ်ဆေးတယ်။ နည်းအမျိုးမျိုးနဲ့ စစ်ဆေးတာပဲ။ နေလှန်းတယ်၊ ထိပ်တုံးခတ်တယ်၊ ရိုက်နှက်ညှဥ်းပန်းတယ်၊ ပထမတော့ အားလုံးက ဘူးခံကြတာပဲ။

ကြာလာတော့ နှိပ်စက်မှုတွေများလာတော့ မခံနိုင်ကြတော့ဘူး။ မဟုတ်တာကို အဟုတ်လုပ်ပြီး ပြောရတော့သည်။ တကယ်တော့ သူတို့ဟာ

နန်းစံကြသူများ

ပြည်မင်းသားနဲ့ စိတ်ဝမ်းတူညီတဲ့သူတွေ ရှိချင်ရှိမယ်။ အများကတော့ သာမန်ချစ်ခင်မှုရိုးရိုးကြောင့် အဝင်အထွက်ပြုမိကြခြင်း ဖြစ်တယ်။

ထင်းထင်းကြီးပေါ်လာတဲ့ ခေါင်းဆောင်လုပ်သူတွေကတော့ ယင်းတောဝန်ကြီး၊ ဆင်ဝန်၊ အင်းဝမြို့ဝန်တို့ဖြစ်တယ်။ ဒါပေမယ့် ခုချိန်အထိတော့ ဘုရင်မင်းမြတ်က သားတော်ကြီးပြည်မင်းသားကို အပြစ်မယူသေးဘူး။

မိဘတို့၏ ချစ်ခြင်းမေတ္တာအဟုန်ကား သားတော်အပေါ်မှာ ရှိနေသေးတယ်။ အခြားသူများကို ဖမ်းဆီးနေတယ်။ ထောင်သွင်း အကျဉ်းချထားတဲ့အချိန်မှာ ပြည်မင်းသားဟာ စည်းစိမ်မပျက်ဘဲ အိမ်တော်မှာ ချမ်းသာစွာစံနေရဆဲဖြစ်တယ်။

သာယာဝတီမင်းအဖို့ သားတော်ကြီးအပေါ်မှာ ချစ်တဲ့ဇောကများနေတယ်။

ဒါကြောင့် သည်ဖြစ်ရပ်ကို ရပ်တန်းက ရပ်စေတယ်။ ပြီးပြီးပျောက်ပျောက် စိတ်နှလုံးမှတ်မှာ ထားချင်တယ်။ အခုဆိုရင် အဲဒီအတွက်ကြောင့် ထောင်သွင်းအကျဉ်းခံရသူတွေလည်း မနည်းဘူး။ မပြီးပြတ်သေးတဲ့သူတွေကိုလည်း ဆက်လက်စစ်ဆေးနေဆဲပဲ။ သည်တော့ တစ်နွယ်ငင်တစ်စင်ပါမယ့်အရေးကို ရှောင်ကွင်းပြေးကြသူတွေကလည်း မနည်းဘူး။

အဲဒီအရေးနဲ့ ပတ်သက်ပြီး အရာမှကျနေတဲ့ ဆောအတွင်းဝန်ဟောင်း၊ ဦးရစ်၊ သံတော်ဆင့်လက်ဝဲတို့နှစ်ဦးမှာ ကွပ်မျက်ခံရတယ်။ သူတို့နှင့်အတူ သားမယားတွေလည်း အဆုံးစီရင်ခြင်းခံရတယ်။ သည်အရေးမှာ ရှေးဦးဆုံး သတ်ပစ်ခံရတဲ့သူတွေပဲ။

ဒါဟာလည်း သက်ဦးဆံပိုင်ခေတ်ရဲ့ ဆိုးကွက်တွေပဲ။

တကယ်တမ်းဖြစ်သင့်တာက လက်ညှိုးမကောင်း လက်ညှိုးပဲ ဖြစ်သင့်တာပေါ့။ ဆောအတွင်းဝန်မကောင်းရင် သူ့ပဲ အဆုံးစီရင်ဖို့သင့်တာပေါ့။ ခုလိုသူ့သားမယားတွေကို အဆစ်ပါဖို့မကောင်းဘူးပေါ့။ ဒါပေါ့လေ . . . အဲဒီခေတ်ကာလဆိုတာက သူ . . . ဘုရင်၊ သူ . . . မင်းပဲ သူလုပ်ချင်ရာလုပ်လို့ ဖြစ်နေတာပေါ့၊ တင့်တယ်နေတာပေါ့။

www.foreverspace.com.mm



တခြားဖမ်းဆီးခြင်းခံနေရတဲ့သူတွေမှာလည်း မိမိတို့အလှည့် ဘယ်နေ့ ကြုံမလဲဆိုတာပဲ တထိတ်ထိတ်ရှိနေကြတယ်။ သူတို့အဖို့ လွတ်လမ်းက မမြင်တော့ဘူး။ ထောင်ကျမိန့်နဲ့ သေမိန့်က တစ်ခုခု သေချာနေပြီလေ။

ဒါကို ပြည်မင်းသားကလည်း ကြိုတင်သိနေတယ်။

မိမိအလှည့် ဘယ်နေ့ကြုံမလဲဆိုတာ ငံ့လင့်နေတယ်။ ငံ့လင့်ခြင်းနဲ့ အတူ လုပ်ရမယ့်အလုပ်တွေကိုလည်း သိုသိုသိပ်သိပ်နဲ့ လုပ်နေတယ်။ ရာဝတ်ဘေးကျခဲ့သော် အဖမ်းမခံဘူး၊ လက်လွတ်ထွက်ပြေးမယ်ပေါ့။ သည် အတွက် ကိုယ်နဲ့မကွာ ထားရှိအပ်တဲ့ပစ္စည်းများကို စုဆောင်းနေတယ်။

သတိဆိုတာ ပိုတယ်မရှိဘူးပေါ့။

လွယ်မယောင်နဲ့ ခက် တိမ်မယောင်နဲ့ နက်တတ်တဲ့ မင်းတို့သဘော ဟာ နားလည်ဖို့ခက်တယ်။ သည်တော့ အိမ်တော်ရဲ့အစောင့် အနေများကို ခါတိုင်းထက်ပိုပြီး ခန့်ထားတော်မူတယ်။ ဒါကလည်း ပြည်မင်းသားရဲ့ အကြံအစည်ပဲ။ ဟုတ်တာပေါ့ . . . ။ လူဆိုတာက မသေမချင်း တတ်နိုင်ဖျား ရောက်တဲ့သူတွေပဲ။

ဖြစ်လာတဲ့ ရာဇဝတ်ဘေးကို လည်စင်းမခံချင်ဘူး။

လွယ်လွယ်ကူကူနဲ့ အဖမ်းမခံချင်ဘူး။ တစ်နေရာမှာ ရှောင်နေခြင်း ဟာ မိမိအတွက် လုပ်ရည်ကြံရည်ရှိပါက အထွတ်အထိပ်ရောက်နိုင်တယ်။ ခမည်းတော်မင်းတရားအပေါ် ပြစ်မှားစိတ်မရှိပေမယ့် လောလောဆယ် အခြေအနေက ဖြစ်နေတော့ မတတ်သာဘူးပေါ့။

ပြည်မင်းသားအဖို့ ခမည်းတော်အပေါ် အနည်းနဲ့အများတော့ စိတ် ကွက်မိမှာပဲ။

ခုဆိုရင် လွှတ်တက်မင်းသားဘဝကနေပြီး သာမန်မင်းသားကြီး ဘဝ လျှောကျနေရပြီ။ သူ့ထက်ငယ်တဲ့ ပုဂံမင်းသားနဲ့ မင်းတုန်းမင်းသားတို့ ကို လွှတ်တက်မင်းသားကြီးအဖြစ် ခန့်အပ်ထားတယ်။ ဒါဟာ သူ့အတွက် ကောင်းတဲ့အခြေမဟုတ်ဘူး။ တစ်နေ့မဟုတ် တစ်နေ့မှာ ရာဇဒဏ်သင့်မှာ သေချာနေပြီ။

www.foreverspace.com.mm

နန်းစံကြသူများ

ခုဆိုရင် ပြည်မင်းသားဟာ အစစအရာရာကို အဆင်သင့်ပြင်ထားပြီး ဖြစ်နေတယ်။

နေကား မင်းဝံတောင်ရိုးကို မေးတင်ထားချေပြီ။

တစ်နေ့တာရဲ့လည်ပတ်မှုဟာ ကုန်ဆုံးတော့မယ်။ လေအဝှေ့မှာ ယိမ်းကနေတဲ့ ပန်းပွင့်များဟာ စည်းချက်ညီညီ ရှိနေတယ်။ တသင်းသင်း မွှေးကြိုင်နေတဲ့ ပန်းရနံ့များဟာလည်း ဟိုမှာဒီမှာ ပျံ့ဝဲနေတယ်။ ဟိုအဝေးမှာ သင်္ဘောချောင်းကလည်း တသွင်သွင်စီးဆင်းနေတယ်။

သင်္ဂဇာချောင်းရဲ့ ကမ်းနဖူးမှာ စေတီနှစ်ဆူဟာ တစ်ဖက်တစ်ချက်စီ တည်နေတယ်။

ချမ်းသာကြီးဘုရားနဲ့ ချမ်းသာရဘုရားများပဲ။ အဲဒီက ဆည်းလည်းသံများဟာ ဒေးဝန်းစံနန်းတော်အထိ လွင့်ပျံ့လာနေတယ်။ ငှက်ကျေးတိရစ္ဆာန်များအဖို့လည်း ပူပင်သောကမရှိဘဲ ပြေးလွှားနေကြတယ်။ နေဝင်ချိန်ကား နီးလာပြီ။ ရွှေနန်းတော်ရဲ့ဝန်းကျင်မှာ တိတ်ဆိတ်နေတယ်။

နေရာကား စံနန်းတော်ဦးရဲ့ မြောက်ဘက်လှေကားမှာပဲ။

ယင်းတောဝန်ကြီးဟာ ပျပ်ဝပ်စွာနဲ့ ရှိနေတယ်။ ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်နဲ့ အခစားဝင်နေတာပဲ။

သာယာဝတီမင်းဟာ ယင်းတောဝန်ကြီးကို စူးစူးစိုက်စိုက်ကြည့်နေတယ်။ လွန်စွာ အားကိုးတကြီးပြုခဲ့ရတဲ့သင်းဟာ မသင့်တဲ့အကြံများကို ကြံစည်နေသလား၊ သားတော်ကြီးကို အားပေးအားမြှောက်ပြုတာ ဟုတ်ရဲ့လား၊ သူများတွေကိုကျော်ပြီး မျက်နှာတော်ပေးခဲ့တဲ့ ငါ့ကို အလိုလိုက်လို့ အမိုက်စော်ကားလေသလားလို့ တွေးနေတယ်။

ဘုရင်မင်းမြတ်နဲ့ မနီးမဝေးမှာတော့ လက်သုံးတော် လုံကိုင်ရဲမက်ဟာ ခစားနေတယ်။

တခြားအမှုထမ်းများကလည်း သင့်တင့်ရာမှာ ခစားနေကြတယ်။ ခုဆိုရင် ဘုရင်မင်းမြတ်ရဲ့ရှေ့တော်မှောက်မှာ ယင်းတောဝန်ကြီးတစ်ဦးသာ အနီးဆုံး ခစားနေတယ်။

www.foreverspace.com.mm

ယင်းတောဝန်ကြီးအဖို့လည်း လိမ်လည်ပြောရမှာ အလွန်ရွံ့ရှာတယ်။ ဘုရင်မင်းမြတ်ဟာ နိုင်ငံတော်ကို ဆက်လက်အုပ်ချုပ်သွားဖို့ မလွယ်တော့ဘူးဆိုတာလည်း သိထားတယ်။ သည်တော့ သူ သင့်တော်မယ်ထင်တဲ့ ပြည်မင်းသားကို ခစားတာဖြစ်တယ်။

သာယာဝတီမင်းဟာ ယင်းတောဝန်ကြီးရဲ့ ရိုးသားမှုအလုံးစုံကို သိတယ်။

သည်အရေးမှာတော့ ပါဝင်ခဲ့စေကာမူ ငြင်းပယ်စေချင်တယ်။ အရာရာကို ဘူးကွယ်စေချင်တာပေါ့။ မဟုတ်ပါ ဘုရား၊ မသိတော်မူပါ ဘုရားရယ်လို့ ငြင်းကွယ်ခဲ့ရင်တော့ နူတ်တော်နဲ့ပဲ အပြစ်တင်မယ်ပေါ့။ ရှိထားတဲ့ အရာမှ မချဘူး၊ ရှိမြဲရှိစေမယ်ပေါ့။

ဒါနဲ့ပဲ ဘုရင်မင်းမြတ်က အမေးတော်ရှိလိုက်တယ်။

သားတော်ပြည်မင်းသားနဲ့ ပူးပေါင်းပြီး ငါ့ရဲ့ထီးနန်းကို လုယူဖို့ ကြံစည်နေတာ ဟုတ်သလားလို့ မေးလိုက်တယ်။ ဒါကို ယင်းတောဝန်ကြီးက ဟုတ်မှန်ကြောင်း၊ အရှင်ကလွဲရင် နိုင်ငံတော်ကို ထိန်းသိမ်းနိုင်မယ့်သူဟာ ပြည်ကိုယ်တော်ပဲရှိကြောင်းကို လျှောက်တင်တယ်။

သည်တွင် သာယာဝတီရဲ့အတွင်းစိတ်ဟာ ဝုန်းခနဲ ကွဲသွားတယ်။

သူ့အဖို့ ဘာကိုမျှ မမြင်တော့ဘူး။ ခုလို ယင်းတောဝန်ကြီးက တင် လျှောက်လိုက်ခြင်းဟာ သူ့ကို စော်ကားတာ မထီမဲ့မြင်ပြုတယ်လို့ ယူဆ လိုက်တယ်။ ချက်ချင်းပဲ သူ့မျက်နှာပြင်ဟာ နီယောင်သန်းလာတယ်။

သူ့ရဲ့ မတည်ငြိမ်တဲ့စိတ်ကို အစိုးမရတော့ဘူး။

အနားမှာရှိတဲ့ လှံတော်ကိုင်ဆီက လက်သုံးတော်လှံကို ယူလိုက်တယ်။ ပြီးမှ ငါရှိလျက်နဲ့ ဒီလိုမသင့်တင့်တဲ့အကြံ ကြံစည်ခြင်းဟာ ငါကိုယ်တော်ကို မကြောက်လို့လားလို့ မေးလိုက်တယ်။ ဘုရင်မင်းမြတ်အဖို့ တုန်တုန်ယင်ယင် ဖြစ်နေပြီ။

လှုပ်ရှားနေတဲ့အတွင်းစိတ်ကို ချုပ်တီးလို့ မရတော့ဘူး။

သည်တွင် ယင်းတောဝန်ကြီးကလည်း မခံဘူး။ စိတ်ထဲရှိရာကို ပြောချလိုက်တယ်။ သူ့အဖို့ရာက အရင်တုန်းကလို ပြောရိုးပြောစဉ် ပြော

www.foreverspace.com.mm

လိုက်တာပဲ။ 'အရှင့်လုံတော်ထက် တိုင်းပြည်ကျွန်ဖြစ်မှာကို ပိုပြီး ကြောက် မိပါတယ် ဘုရား' လို့ ပြောလိုက်တယ်။

သည်တုန်းက သူ့အသွင်ဟာ ရဲရင့်နေတယ်။ သူ့အဖို့ လုပ်ချင်တဲ့ အလုပ်တစ်ခုကို လုပ်ရလို့ ကျေနပ်နှစ်သိမ့်နေတဲ့ ပုံစံပဲ။ ဘာဆိုဘာမှ မမြင်တော့ဘူး။ ဘယ်အထိဖြစ်သွားသလဲဆိုရင် ပျပ်ဝပ်စွာခစားနေရာက ကိုယ်ကိုမတ်လိုက်တယ်။ ပြီးတော့ ရင်ကိုကော့ထားလိုက်တယ်။

သည်တွင် သာယာဝတီမင်းရဲ့စိတ်တော်ဟာ ဟုန်းခနဲ ကြွတော့ တာပဲ။

ယင်းတောဝန်ကြီးရဲ့ ပြတ်သားလှတဲ့ အဖြေအဆုံးမှာပဲ ဘုရင် မင်းမြတ်ရဲ့ လက်သုံးတော်လှံဟာ ရင်ဝကို တည့်တည့်မတ်မတ် ဝင်သွား တော့တယ်။ ရင်ကော့လိုက်တဲ့အချိန်နဲ့ ပစ်လွှတ်လိုက်တဲ့လှံတော်ရဲ့အရှိန်ဟာ ချိန်ကိုက်ဖြစ်သွားတယ်။

သို့အတွက် ယင်းတောဝန်ကြီးအဖို့ တစ်ချက်တည်းနဲ့ နောက်ကို ပက်လက်ကျသွားရတော့တယ်။ လှံတော်ဟာ နှလုံးတည့်တည့်ကို စိုက်မိ သွားတယ်။ သွေးတို့ဟာ ပန်းပြီးထွက်နေတယ်။ ကြမ်းပြင်အနှံ့မှာလည်း ရဲရဲနီနေတယ်။ သွေးစက်တို့ဟာလည်း မနည်းဘူး။

ချက်ချင်းပဲ အမှုတော်ထမ်းများဟာ ယင်းတောဝန်ကြီးကို သယ်ယူ သွားကြတယ်။

လက်ဝဲဝင်းတံခါးအပြင်ရောက်တာနဲ့ ယင်းတောဝန်ကြီးလည်း အသက်ပျောက်တော့တယ်။

ဒါကို ယင်းတောဝန်ကြီးက ဂရုမစိုက်ဘူး။

ငါ ဟုတ်တာလုပ်တာပဲ၊ ဟုတ်တာပြောတာပဲ ဘယ်သူ့ကိုမှ ဂရုစိုက် ဖို့ မလိုဘူးပေါ့။ သည်အတွေးဟာ သူ့မှာ အမြဲရှိနေတာ။ သည်ဖြစ်ရပ်ရဲ့ မြစ်ဖျားခံတာကလည်း နိုင်ငံတော်အတွက်ပါပဲ။ သာယာဝတီမင်းပြီးရင် နိုင်ငံတော်ကို အုပ်ချုပ်နိုင်မယ့် မင်းလျာကို သူ မမြင်ဘူး။

သူတွေ့ထားတာက ပြည်မင်းသားပဲ။

www.foreverspace.com.mm



လုပ်ရည်ကြံရည်နဲ့ ပြည့်စုံတဲ့ အဲဒီမင်းသားကို မင်းအဖြစ်တင်မယ် ပေါ့။ ပြီးတော့လည်း အကြောင်းက ရှိပါတယ်။ သူနဲ့ ဘုရင်မင်းမြတ်ဟာ အလွန်တရာ ရင်းနှီးတဲ့သူတွေ မဟုတ်လား။ သည်တော့ မှန်ရာပြောလို့ လည်း အခုလို အသက်ကြွေရတဲ့အထိ ဘယ်သူကရော လုပ်ရက်မှာလဲပေါ့။

အမှန်ပါပဲ။ ယင်းတောဝန်ကြီးနဲ့ ဘုရင်မင်းမြတ်ဟာ ချစ်ခင်ကြတယ်။ ယင်းတောဝန်ကြီးအပေါ်မှာ နောက်နောက်ပြောင်ပြောင် ရှိခဲ့တယ်။ အထူး သဖြင့်ကတော့ ဝန်ကတော်ဒေါ်ကြင်ဥနဲ့ ပတ်သက်လို့ပဲ။ ဝန်ကတော်ကြီးဟာ ယင်းတောဝန်နဲ့ဆိုရင် အိမ်ထောင်ဆက်လေးဆက်ပေါ့။

ယင်းတောဝန်ကြီးက နောက်ဆုံးအိမ်ထောင်ဖြစ်တယ်။

ဒါကို ဘုရင်မင်းမြတ်က မကြာခဏ ရယ်သွမ်းသွေးကျီစယ်တော်မူ လေ့ရှိတယ်။ ဝန်ကတော်ကြီးနဲ့လည်း ရင်းနှီးခင်မင်သူ ဖြစ်တယ်။

ဒါကြောင့်လည်း ယင်းတောဝန်ကြီးဟာ ဘုရင်မင်းမြတ်ကို ပွင့်ပွင့် လင်းလင်း ဆက်ဆံဝံ့တာပေါ့။

သည့်နောက်ပိုင်းမှာ သာယာဝတီမင်းရဲ့ ဝေဒနာတော်ဟာ ပိုပြီး ဆိုးဝါးလာတယ်။

အနားမှာရှိတဲ့ အမှုထမ်းများကို တွေ့ကရာနဲ့ ကောက်ပေါက်နေ တယ်။ ကြမ်းကြမ်းရမ်းရမ်း ဆဲဆိုမြည်တွန်နေတယ်။ သူ့အဖို့ ရာဇဏ္ဍန္တြေ ဆိုတာ မရှိတော့ဘူး။ ဒါကြောင့်ထင်ရဲ့။ တချို့အမှုထမ်းတော်များဟာ နာဟန်ပြုကြတယ်။ ရှေ့တော်ကို အခစားမဝင်ရဲကြတော့ဘူး။

သည်အချိန်မှာပဲ ယင်းတောဝန်ကြီး သေဆုံးသွားပြီဆိုတာကို ပြည် မင်းသား သိရှိသွားခဲ့ပြီ။

သည်တော့ ငါ့အလှည့်ရောက်ဖို့ပဲ ရှိတော့တယ်။ မိမိအလှည့်ကြုံရင် လည်း သက်သာဖွယ်မမြင်တော့ပြီဆိုတဲ့ အတွေးများ တရစပ်ဝင်လာတယ်။ ယင်းတောဝန်ကြီး အနိစ္စရောက်ခြင်းဟာလည်း အားလုံးက ပုံ့နှံ့ကြားသိသွား ခဲ့ပြီ။

ဒါပဲပေါ့ . . . ။ လူ့လောကမှာ ကောင်းသတင်းဟာ ချက်ချင်းမကျော် ဘူး။

နန်းစံကြသူများ

www.foreverspace.com.mm

မကောင်းသတင်းဟာ တောမီးလိုပဲ ချက်ချင်း ပျံ့နှံ့သွားတတ်တယ်။ မကြာပါဘူး။ အတွင်းတော်အမိန့်နဲ့ လာရောက်ခေါ်ယူတော့တယ်။ စံအိမ်တော်ဝင်းအနောက်ဘက်မှာ အမှုထမ်းလေးရာကို ရွှေတောင်မြို့ဝန်က ကြီးကြပ်အုပ်ချုပ်တယ်။

စံအိမ်တော်ဝင်းအရှေ့မျက်နှာနဲ့ တောင်ဘက်မျက်နှာများမှာ အမှုထမ်း ငါးရာ စောင့်ကြပ်နေတယ်။ ဒါကို မြောက်ထားဝယ်ဗိုလ်မင်းကြီး မဟာ မင်းလှမင်းခေါင်တင်နဲ့ တောင်မာရဘင်သေနတ်ဗိုလ်မင်းကြီး မဟာမင်းခေါင် နော်ရထာတို့က ကြီးကြပ်တယ်။

သာယာဝတီမင်းတရားကြီးဟာ သူ့သားတော်ကို ယုံကြည်မှုကင်းမဲ့သွားပြီ။ ယုံကြည်တော်မမူလို့ပဲ သည်မျှကြီးသော တပ်တော်များနှင့် စေလွှတ်ခေါ်ယူခြင်း ဖြစ်တယ်။

ပြည်မင်းသားအဖို့မှာတော့ အိမ်တော်အပြင်မှာရှိနေတဲ့ တပ်တော်ကို တစ်ချက် လှမ်းကြည့်လိုက်တယ်။ သည်မျှကြီးမားသော တပ်တော်နဲ့ လာခေါ်ခြင်းဟာ သူ့အတွက် ရာဇဝတ်ဘေး အလွန်ကြီးပြီဖြစ်ကြောင်း သိနေတယ်။ အိမ်တော်မှာကလည်း ကြိမ်မီးအုံးတမျှ ဖြစ်နေရပြီ။ ချောက်ချားနေကြရပြီပေါ့။

သူတို့မျှော်လင့်ထားခဲ့တဲ့ ရာဇဝတ်ဘေးဟာ သင့်ပြီပေါ့၊ ရောက်ခဲ့ပြီပေါ့။

ခမည်းတော်ခေါ်ရာကို လိုက်မလား၊ လွတ်မြောက်ရာလမ်းကို ရှာမလားဆိုတာ သူတွေးနေတယ်။ သည်ပုံအတိုင်းဆိုရင် ခမည်းတော်ဆီရောက်လည်း အသက်ခန္ဓာ စဲရမယ်။ ခမည်းတော် အလွန်တရာ အားကိုးယုံကြည်ရတဲ့ သူ့အဖို့မှာ ခုဆိုရင် အားကိုးဖွယ်မမြင်တော့ပြီ။

တကယ်ဆိုရရင် ယင်းတောဝန်ကြီးဟာ ခမည်းတော် အလွန်ယုံကြည်ကိုးစားရတဲ့သူပဲ။

သူ့ကိုတောင် ကိုယ်တော်တိုင် လှံတော်နဲ့ သတ်ပစ်ခဲ့သေးတာပဲ။ မိမိအဖို့မှာတော့ သည်ကိစ္စမှာ ထိပ်ဆုံးကလူဖြစ်နေတော့ လုံးဝ သက်ညှာ

www.foreverspace.com.mm



မယ် မထင်ဘူး။ ရာဇဝတ်တော်သင့်မှဖြင့် ဘာမှမဆိုင်တဲ့မိဖုရားများနဲ့ သားတော် သမီးတော်ကလေးများပါ အသက်သေရတော့မှာပဲ။

သည်တော့ အားလုံးလွတ်ကြောင်းရှာမှပဲ။

ဒါပဲပေါ့. . . ။ အသေခံရချင်းအတူတူ စွန့်စားမှုနဲ့ အသေခံရတာက မြတ်တယ်မဟုတ်လား။ မစွန့်စားလို့ကလည်း မဖြစ်တော့ဘူး။ နောက်ရက် ဆိုရင် ခမည်းတော်ရှေ့မှောက် အခစားဝင်ရတော့မယ်။ သည်တော့ လက်ဦး မှုကို ရယူရတော့မှာပဲ။

ကိုယ်က မဦးရင် သူက ဦးတော့မယ့်အခြေမှာ နီးကပ်နေပြီ။

သားအဖချင်းဖြစ်ပေမယ့် တကယ်အရေးဆိုရင် မိမိကိုယ်ကို အဓိက ထားတတ်ကြတာပဲ။

ပြည်မင်းသားဟာ ကြိုတင်လုပ်ထားတဲ့ အစီအစဉ်အတိုင်း အားလုံး အဆင်သင့်ဖြစ်နေစေတယ်။

အိမ်တော်အမှုထမ်းများဟာ ဝင်းတော်အတွင်းမှာ စုပြီးသား အသင့် ရှိနေတယ်။ စံအိမ်တော်ကို ဝိုင်းရံထားတဲ့ တပ်တော်များဟာ လေးဘက် လေးတန် ဝိုင်းထားတာပဲ။ ဒါပေမယ့် မြောက်ဘက်မျက်နှာတော်ဟာ အင်အားနည်းပါးပုံရတယ်။

သည်တော့ အဲဒီမျက်နှာကို ဆင်တော်နဲ့ ထိုးဖောက်ပြီး ထွက်မယ် ပေါ့။

သူ့ရဲ့အိမ်တော်သူ အိမ်တော်သားနဲ့ တခြား ပတ်သက်တဲ့သူတွေက မနည်းလှဘူး။ သည်တော့ မိန်းမသားများ လွယ်လွယ်ကူကူ ထွက်နိုင်စေဖို့ တိုက်ပွဲဆင်ပြီး ထွက်မှဖြစ်မယ်။ ဒါမှလည်း အချိန်ရပြီးနောက်တပ်တွေ လိုက်မလာနိုင်ခင်မှာ အိမ်သူအိမ်သားတွေ လွတ်မြောက်မှာပေါ့။

ညကား ဝင်းပနေတယ်။

လဆုတ်ရက်ဖြစ်ပေမယ့် ဝိုင်းဝန်းသော လရဲ့နဂိုရ်ဟာ မပျက်သေး ဘူး။ ခဲဖြူရောင်လွှမ်းထားတဲ့ အလင်းရောင်ဟာ ဒေးဝန်းတစ်ရပ်လုံးကို ဖြန့်ကျက်ထားတယ်။ စံအိမ်တော်ရဲ့ လေးဘက်လေးတန်မှာ မီးရောင်များဖြင့် လင်းနေတယ်။

နန်းစံကြသူများ

www.foreverspace.com.mm

အပြင်ဘက်မှာ စောင့်ကြပ်နေတဲ့ နေပြည်တော်တပ်မှ မီးပုံတွေပဲ။

လူသံများဟာ တိတ်ဆိတ်နေပြီ။ တစ်ခါတစ်ရံဟာ မြင်းဟီသံများက ထွက်ပေါ်လာတတ်တယ်။ ညကား တစ်ချက်တီးပြီ။ စံအိမ်တော် တစ်ခုလုံး ဟာ လှုပ်လှုပ်ရွရွရှိနေတယ်။ တစ်ညလုံး ဘယ်သူမျှအိပ်စက်ခဲ့ကြ ဟန် မတူဘူး။

မကြာပါဘူး . . . ။ စံအိမ်တော်ထဲက စစ်ချီသံများဟာ ထွက်ပေါ် လာခဲ့တယ်။

ဒါနဲ့အတူပဲ အရှေ့မြောက်ဝင်းထရံဟာ လဲပြိုကျသွားတယ်။ ရှေ့ဆုံး က ဆင်တော်ဟာ ပြေးဝင်လာတဲ့ ရဲမက်များကို ခြေဖြင့်နင်းသတ်နေတယ်။ နှာမောင်းဖြင့် ရိုက်နှက်နေတယ်။ အပြင်က ပြေးဝင်လာတဲ့ စစ်သည်တော် များဟာ တန့်သွားတယ်။

သည်အချိန်မှာ အိမ်တော်အမှုထမ်းများက တရကြမ်းဝင်တိုက်တော့ တယ်။

တိုက်ပွဲဆိုတာက လူသေရမှာပဲ။ လူသေတာ မဆန်းဘူး။ တစ်ဦး တစ်ယောက်ကောင်းစားဖို့အတွက် တခြားသူတွေ သေပေးရတာကလည်း သက်ဦးဆံပိုင်ခေတ်ရဲ့ ဓမ္မတာပဲ။ သည်တိုက်ပွဲကို အိမ်တော်အတွင်းဝန်နှင့် မြို့ဝန်လက်စွဲခေါင်း မင်းလှမင်းထင်နော်ရထာက ဦးစီးတယ်။

သူ့တပ်သားများနဲ့ အတွင်းတော်က ရဲမက်များကို ခုခံတယ်။

ပြည်မင်းသားနောက်သို့ တိုက်ရိုက်မလိုက်နိုင်အောင် အချိန်ဆွဲထား ခြင်း ဖြစ်တယ်။ သည်လိုဖြစ်နေတဲ့ကာလမှာ တခြားမျက်နှာက စောင့်နေတဲ့ ရဲမက်တွေ ချက်ချင်းရောက်မလာဘူး။ သူတို့တပ်ကို သူတို့ လုံခြုံအောင် ကာကွယ်နေရတယ်။

ဒါကြောင့်လည်း ပြည်မင်းသားနဲ့ အိမ်သူအိမ်သားများဟာ မတ္တရာ ဘက်ကို စောစွာရောက်သွားတာပဲ။ ခရုမှာလည်း အဆံနဲ့၊ လူမှာလည်း အကြံနဲ့ဆိုသလို ပြည်မင်းသားရဲ့ ပွဲဦးထွက်ဟာ လှလှပပဖြစ်ခဲ့တယ်။ သူ့အဖို့ လှလှပဖြစ်နေပေမယ့် ဇာတ်သိမ်းမလှတဲ့သူတွေက ရှိနေတယ်။

www.foreverspace.com.mm



အဝမြို့ဝန်၊ ညောင်ပင်ကြီးဗိုလ်၊ စစ်ကိုင်းဗိုလ်၊ ဗိုလ်နက်ကျော်နဲ့ ဆင်ဝန်တို့ဖြစ်တယ်။

သည်လို အိမ်တော်ဝင်းထရံကို ဆင်တော်နဲ့တိုက်ပြီး ထွက်ပြေးကြောင်းကို အတွင်းတော်က သိသွားခဲ့တယ်။ ဒါကြောင့် ပြည်မင်းသားနဲ့ ယှက်နွယ်မှုရှိနေတဲ့သူတွေကို ချက်ချင်းဖမ်းဆီးစေတယ်။

ဖမ်းဆီးထားဆဲဖြစ်တဲ့ ဆင်ဝန်၊ အဝမြို့တော်ဝန်နဲ့ ငါးဦးကို ချက်ချင်း ကွပ်မျက်သုတ်သင်စေတယ်။ သူတို့ဟာ ဘုရင့်ကျေးဇူးသစ္စာကို မစောင့်ထိန်း ကြဘူး။ မဖြောင့်မမှန်ကြသူများဖြစ်တယ်။

နောင်ကိုလည်း အဖြောင့်အမှန်ရမယ့်သူတွေ မဟုတ်ဘူး။

သည်တော့ အားလုံးကို သုတ်သင်စေတာပေါ့။ သည်အချိန် သည်ကာလမှာ သာယာဝတီမင်းအဖို့ ကြမ်းချင်တိုင်းကြမ်း ရမ်းချင်တိုင်းရမ်းနေတော့တယ်။ သူကိုယ်တိုင်က ဘကြီးတော်မင်းကို ပုန်ကန်ပြီး တက်လာရသူ မဟုတ်လား။

သည်တော့ ပုန်ကန်မှုနဲ့ပတ်သက်လို့ ဘယ်သူ့ကိုမှ ချမ်းသာမပေးဘူး။

ခုလည်း ကြည့်လေ . . . ။ သူ အလွန်တရာ ချစ်မြတ်နိုးရတဲ့ သားတော်ပြည်မင်းသားကို သုတ်သင်ဖို့ နေပြည်တော်ကတပ်များကို စေလွှတ်နေပြီ။ အဲဒီပြည်မင်းသားနဲ့ ပတ်သက်ပြီး အသက်သေရတဲ့သူတွေဟာလည်း မနည်းလှဘူး။

ခုလည်း သေဆဲ၊ နောက်မှာလည်း သေကြရဦးမယ်။

တောင်မာရဘင်သေနတ် ဗိုလ်လေးဗိုလ်ကို အမှုထမ်း လူသုံးရာကျော်နှင့် အပြင်းချီစေတယ်။ သူ့နောက်က မြောက်ထားဝယ်ဗိုလ် တောင်တွင်းကြီးမြို့ဝန်အား အမှုထမ်းသုံးရာနဲ့ တပ်ဖြည့်အဖြစ် လိုက်ပါစေတယ်။

မင်းကြီးမဟာမင်းခေါင်ရာဇာအား အမှုထမ်းသုံးရာနဲ့ တပ်ကူလိုက်စေတယ်။ ပုဂံမင်းသားကို မတ္တရာကြောင်း တပ်ဖြည့်ချီတက်စေတယ်။ မတ္တရာမြို့မှာ ရပ်နေစေတယ်။ ပန်းတိမ်မင်းသားနဲ့ မင်းတပ်မင်းသားတို့ကို ပုဂံတပ်မှာ လိုက်ပါ အမှုထမ်းစေတယ်။

နန်းစံကြသူများ

www.foreverspace.com.mm

ရှေ့ကြောင်းချီ သုံးတပ်ဟာ ပြည်မင်းသားနောက်ကို ထက်ကြပ်မကွာ လိုက်စေတယ်။ သူတို့ဟာ စစ်ကြောင်းသုံးကြောင်းခွဲပြီးလိုက်ကြတာပဲ။

ပြည်မင်းသားတို့ဟာ မိုင်းလုံနယ်ထဲသို့ ဝင်ရောက်နေပြီ။

ဒုတိယစစ်ကြောင်းချီတဲ့ မြောက်ထားဝယ်ဗိုလ် တောင်တွင်းကြီး မြို့ဝန်ဟာ ဖြည်းဖြည်းနဲ့မှန်မှန်ပဲ ချီတက်နေတယ်။ ပထမစစ်ကြောင်း လောက် လောမကြီးဘူး။ ပထမစစ်ကြောင်းချီတပ်ဟာ ရှေ့ကို အပြင်းပဲ ချီတက်နေတာ။

သားတော် သမီးတော်တွေ များပြားတဲ့ ပြည်မင်းသားတို့မှာလည်း ခပ်ဖြည်းဖြည်းပဲ သွားနေရတယ်။

ဒုတိယစစ်ကြောင်းချီလာတဲ့ တောင်တွင်းကြီးမြို့ဝန်မှာ အကြောင်းရှိ တယ်။

ခုလို ဖြည်းဖြည်းဆေးဆေးလုပ်နေခြင်းဟာ ပြည်မင်းသားအတွက် လွတ်လွတ်ကျွတ်ကျွတ် ဖြစ်စေချင်တယ်။ တကယ်တော့ ပြည်မင်းသားကို သူလည်း လိုလားတာပဲ။ ဝေဒနာခံစားနေရပြီဖြစ်တဲ့ ဘုရင်မင်းတရားဟာ နိုင်ငံတော်ကို မအုပ်ချုပ်နိုင်တော့ဘူး။ သားတော်ဖြစ်တဲ့ ပြည်မင်းသားတစ်ဦး သာ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးမှာ ဦးဆောင်နိုင်မှာ ဖြစ်တယ်။

သည်တော့ လွတ်မြောက်ရာလွတ်မြောက်ကြောင်း ထွက်ပြေးတဲ့ ပြည် မင်းသားကို အချိန်ရစေဖို့ လွှတ်ပေးနေတာပဲ။ ဒါကြောင့် မိမိရဲ့တပ်ကို ခပ်အေးအေးပဲ ချီတက်ခဲ့တယ်။ စခန်းကိုလည်း ခဏခဏ နားတယ်။ သည်လို တပ်မကို ခဏခဏ နားနေခြင်းဟာ သူ့အဖို့ ဒုက္ခပေွတော့မယ် ဆိုတာ မသိဘူး။

သူ ရှေ့ချီသွားတဲ့ လေးဗိုလ်တပ်မဟာ တရကြမ်းပဲ ချီတယ်။

ထွက်ပြေးသွားတဲ့ ပြည်မင်းသားဟာ အရင်တုန်းက အရှင်သခင် ဖြစ်တယ်။ ခုတော့ ရာဇဝတ်ဘေးသင့်နေတဲ့သူ ဖြစ်တယ်။ ဒါကြောင့် ခုနေ ပြည်မင်းသားကို အမိဖမ်းခဲ့နိုင်ပါက ဘုရင်မင်းမြတ်ရဲ့ မျက်နှာတော် ရမယ်။ ဆုတော်လာဘ်တော်ရမယ်။ ရာထူးတိုးမြှင့်ခံရမယ်။

www.foreverspace.com.mm

သည်တော့ ရာဇဝတ်ဘေးသင့်နေတဲ့ ပြည်မင်းသားကို အမိဖမ်းဖို့ အရေးကြီးတယ်ပေါ့။ သည်လို အမျှော်အမြင်နဲ့ တပ်ကိုအပြင်းချီလာတဲ့ လေးဗိုလ်တပ်မဟာ ပြည်မင်းသားတို့ကို မီလုမီခင်ရောက်နေပြီ။ ဒါပဲပေါ့ မင်းခစားယောကျာ်းဆိုတာက ကိုယ်အရှင်သခင်ရဲ့အမိန့်တော်ကို ဦးထိပ်ရွက် ပန်ဆင်ရမယ်ပေါ့။

ဘုရင်မင်းမြတ်စေခိုင်းတာကို ဦးလည်မသုန် ဆောင်ရွက်ရမည်။

နှောင့်နှေးမှု ကြန့်ကြာမှုတွေ လုံးဝမရှိဘူး။ ဘုရင်မင်းမြတ်က သေဆို သေ ရှင်ဆိုရှင် ရမှာပေါ့။ တောင်တွင်းကြီးမြို့ဝန်ဟာ တိုင်းပြည်အကျိုးကို များစွာ လိုလားသူဖြစ်တယ်။ အခုလို သားအဖတစ်တွေ ဖမ်းဟယ်ဆီးဟယ် ကိုလည်း မမြင်လိုဘူး။ သတ်ဟယ် ဖြတ်ဟယ်ကိုလည်း မကြည့်လိုဘူး။

ဒါကြောင့်မို့ စဉ်းစဉ်းစားစား ဆောင်ရွက်နေတာပဲ။ သူဖမ်းမယ်ဆိုရင် ပြည်မင်းသားအိမ်တော်ဝင်းကို ဆင်တော်နဲ့ ထွက်ကတည်းက ဖမ်းလို့ရတာပဲ။ နေရာကောင်းရဖို့ အရှိန်အဝါကြီးဖြစ်ဖို့အတွက် လေးဗိုလ်တပ်ကတော့ အပြင်းချီနေတယ်။

ပုဂံမင်းသားဟာ မတ္တရာမြို့မှာ တပ်စွဲထားတယ်။

စစ်ရေးအရလည်း အေးအေးပဲရှိတာ။ ဒါကြောင့်မို့ သူ့ရဲ့ဝါသနာ ကြီးတဲ့အလုပ်ကို ဆက်လုပ်နေတယ်။ မတ္တရာနယ်ဘက်မှာရှိတဲ့ ချိုး၊ ခါ၊ ကြက်ငှက်များကို ဖမ်းဆီးစုဆောင်းတယ်။ ဒီတိရစ္ဆာန်တွေကို တိုက်တယ်။ လောင်းကစားပွဲတွေ ကျင်းပနေတာပေါ့။

သူ့ရဲ့ လက်စွဲတော်ကြီးဖြစ်တဲ့ ဘိုင်ဆပ်ကလည်း အားကိုးရတယ်။

လျင်တယ်၊ ကွက်ကျော်မြင်တတ်တယ်ပေါ့။ ဒါပဲပေါ့ . . . ။ ခေတ်ရဲ့ ရေစီးကြောင်းအတိုင်း မျှောလိုက်တတ်ရင် ကြီးပွားတာပဲ။ အထူးသဖြင့် ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ထုံး နှလုံးမူတတ်ဖို့လိုတယ်။ အဲဒီလိုပဲ မဟုတ်တာများများ လုပ်ရဲရတယ်။ သည်လိုမှပဲ ဂုဏ်ဒြပ်နဲ့ နေနိုင်တာပေါ့။

သူဟာ မတ္တရာရွာဘက်မှာ တိုက်ကြက်ကောင်းတွေကို စုဆောင်း ပေးတယ်၊ ရှာဖွေပေးတယ်၊ ခါတည်ခြင်း၊ ချိုးထောင်ခြင်းများကိုလည်း ပြုလုပ်ပေးတယ်။ သည်ကိစ္စတွေက နေပြည်တော်မှာကတည်းက လုပ်ခဲ့

www.foreverspace.com.mm

တာပဲ။ ဒါပေမယ့် ခိုးကြောင်ခိုးဝှက်လုပ်ခဲ့ရတယ်၊ အတွင်းတော်က မသိအောင် လုပ်ခဲ့ရတယ်။

ခုတော့ မတ္တရာမှာ မဟုတ်လား။

နေပြည်တော်နဲ့ကလည်း အလှမ်းဝေးတယ်၊ ကိုယ့်မင်းကိုယ့်ချင်း နေနိုင်သလိုနေနိုင်တော့ လုပ်ချင်သလို လုပ်လို့ဖြစ်နေတယ်။ နေပြည်တော်မှာလို လူသိမှာ မစိုးရဘူး။ ပုဂံမင်းသားအဖို့ သည်မှာက ပိုပြီး အခြေအနေကောင်းနေတယ်။ လွတ်လွတ်လပ်လပ်နေရတဲ့အချိန်လည်း ဖြစ်တယ်။

သည်တုန်းက မတ္တရာနယ်တစ်ခွင်ဟာ ပျော်ရွှင်စရာ အတိပြီးတယ်။

ဥယျာဉ်ခြံမြေများ ပေါများတယ်။ စိမ့်ကြီးမြိုင်ကြီးသဖွယ် အုပ်အုပ်ဆိုင်းဆိုင်းရှိနေတယ်၊ ကြည့်လိုက်တိုင်း ကွမ်းပင်၊ အုန်းပင်များဟာ လေထဲမှာ တလွင့်လွင့်ရှိနေတယ်၊ ငှက်ကျေးတိရစ္ဆာန်များကလည်း ပေါတယ်၊ ထန်းပင်များကလည်း ဒုစရိုက်သမားများအတွက် အထောက်အကူပေးနေတယ်။

ပုဂံမင်းသားရဲ့လက်စွဲတော်၊ လူပျိုတော်သားများဟာ ဒုစရိုက်သမားတွေချည်းပဲ။

သည်တော့ အစစအရာရာ ပြည့်စုံကြွယ်ဝနေတဲ့ သည်အရပ်ကို ဖယ်မခွာချင်ကြဖူးပေါ့။ လူမိုက်ဆိုတာကလည်း ဒုစရိုက်ထဲမှာ မွေ့ပျော်ချင်ကြတာကလား။ ထန်းရည်သောက်ရင်းနဲ့ ကြက်တိုက်ရတာဟာ စည်းစိမ်အရှိဆုံးပေါ့။ ကြောက်ရမယ့်သူ မရှိတဲ့အရပ်မှာ ထင်တိုင်းကြဲရတာဟာ အရသာအရှိဆုံးပဲ။

ဒုတိယတပ်ကို အုပ်ချုပ်လာတဲ့ တောင်တွင်းကြီးမြို့ဝန်ဟာလည်း ခုထိ ဘာလုပ်ရမယ်ဆိုတာ မသိသေးဘူး။

သူဟာ ခုထိ ဘုရင်မင်းမြတ်ရဲ့ ကျေးဇူးတရားကို စောင့်သိနေတုန်းပဲ။ မင်းတုန်းမြို့ဝန်ဟောင်းနဲ့ ဗန့်ကျီတိုက်ဝန်ဟောင်းတို့ ပုန်ကန်ထကြွတဲ့ အမှုတုန်းက ဦးဆွေးဆံမြည့် ဆောင်ရွက်ခဲ့တာပဲ။ အသက်နဲ့ရင်းပြီး နှိမ်နင်းခဲ့ရတာပဲ။ ဒါကို ဘုရင်မင်းမြတ်ကည်း အသိသားပဲ။

www.foreverspace.com.mm

ခုအရေးမှာတော့ သူ့အဖို့ ပြည်မင်းသားဘက်ကို ခပ်ပါပါ ဖြစ်နေပြီ။

ဒါကြောင့် မိမိရဲ့တပ်ကို နှောင့်နှောင့်နှေးနှေး လုပ်နေတာပဲ။ သူ့အဖို့ သည်လိုလုပ်နေခြင်းဟာ မကောင်းတဲ့အနိဋ္ဌာရုံကို အစပျိုးပေးလိုက်တာပဲ။ ခုဆိုရင် သူ့ရဲ့တပ်မ,ဟာ နောက်မှာ အများကြီးကျန်ရစ်ခဲ့ပြီ။ လေးဗိုလ်တပ်ဟာ ပြည်မင်းသားတို့ကို မီလုမီခင် ဖြစ်နေပြီ။

ကြုံတောင့်ကြုံခဲသည့် သည်အရေးကို ခုတုံးလုပ်ပြီး နေရာမြင့်ဖို့ ကြိုးစားနေသူတွေက သူတို့ပဲ။ ဖအေနဲ့သားဆိုတာကို ဘေးချိတ်ထားတယ်။ ဘုရင်မင်းမြတ်ရဲ့အမိန့်တော်ကို ဦးထိပ်ပန်တယ်။ တာဝန်ကို ကျေပွန်တယ် ဆိုတဲ့ နာမည်ရဖို့ ကြိုးစားနေတာပဲ။

လူလူချင်း သတ်ဖို့ဖြတ်ဖို့ မနုဿသားကောင် တောလိုက်ခံနေရသလိုပေါ့။

လူလူချင်း အမဲလိုက်ခံရတဲ့သဘောပဲ။ လူ့ငရဲသားတွေပေါ့။ လူ့ဘဝ လူလာဖြစ်တယ်။ ပြီးတော့ ချစ်ခြင်းမေတ္တာ၊ သနားခြင်း ကရုဏာတွေ ညှာတာမှု စာနာမှုတွေ ကင်းမဲ့တယ်။ သူတစ်ပါးအသက်ကိုသတ်ဖို့ ကြိုးစားနေကြတယ်။ ဒါဟာ လူတွေရဲ့ အရှင်လတ်လတ် ငရဲခံနေရတာပဲ။

တကယ်တော့ လူတွေဟာ ပုထုဇဉ်တွေပဲ။

ပုထုဇဉ်ဆိုတာဟာ အရူးတွေချည်းပေါ့။ အရူးလေးနဲ့ အရူးကြီးပဲ ကွာတယ်။ လူအချင်းချင်း ဒုက္ခဖြစ်စေတယ်။ သူတို့ ချမ်းသာကြွယ်ဝစေတယ်။ သူတစ်ပါးဒုက္ခရောက်မှ ကိုယ်ချမ်းသာရခြင်းဟာ လူစစ်လူမှန်လူမြတ်တွေရဲ့ လက္ခဏာမဟုတ်ဘူး။ သူယုတ်တို့ရဲ့အကျင့်ပဲ။

လူစစ် လူမှန် လူမြတ်တို့ဆိုတာက မိမိရဲ့အကျိုးကို သိတယ်။

မကောင်းမှုမှ ရှက်ကြောက်တယ်။ ဟီရိဩတ္တပ္ပတရား ပြည့်စုံတယ်။ ချစ်ခြင်းမေတ္တာ သနားခြင်းကရုဏာတို့နဲ့ ပြည့်စုံတယ်။ မကောင်းမှု အကုသိုလ်ဒုစရိုက် ဒုရာဇီဝတရားတို့ကို လွတ်ကင်းအောင် ရှောင်ကြဉ်တယ်။

ကောင်းမှုကုသိုလ် သုစရိုက်တရားတို့ကို ပြုလုပ်အားထုတ်တယ်ပေါ့။

ဒါပဲပေါ့ . . . ။ လူသားဖြစ်နေပြီး လူလူချင်း အမဲလိုက်ခံရတဲ့ဘဝဟာ နာကြည်းဖို့ကောင်းတယ်။ ပြည်မင်းသားရဲ့ နောက်ချန်တပ်နှင့် လေးဗိုလ်

www.foreverspace.com.mm

တပ်များဟာ တိုက်ပွဲစဖြစ်နေပြီ။ မကြာပါဘူး… တောင်တွင်းကြီး မြို့ဝန်ဟာ သူ မမျှော်လင့်တဲ့သတင်းတစ်ခုကို ကြားသိလိုက်ရတယ်။

ပြည်မင်းသားမိသားစုအားလုံးကို လေးဗိုလ်တပ်က ဖမ်းဆီးရပြီ ဆိုတာပဲ။

တောင်တွင်းကြီးမြို့ဝန်အဖို့ တပ်ကို နားထားလိုက်တယ်။ ရှေ့ ဘာလုပ်ရမလဲဆိုတာ စဉ်းစားရပြီ။ နေပြည်တော်ကလည်း မကြာခင် အခေါ် တော်ရှိတော့မယ်။ သည်လို တပ်တော်ကို နှောင့်နှေးအောင်လုပ်နေခြင်းဟာ အတွင်းတော်က သိဟန်မတူဘူး။ သိခဲ့ရင်လည်း အကြောင်းအမျိုးမျိုးပြပြီး ပြောလိုက်လို့ရပါတယ်။

သူချီတက်ရတဲ့စစ်ကြောင်းက တောင်ထူထပ်တယ်၊ တောကြီးတယ်၊ မြစ်ချောင်းတွေကို အများကြီး ဖြတ်ရတယ်ပေါ့။ ဒါက သူ့အတွေးပဲ။ အပြစ် ပေးရင်လည်း အရင် အမှုတော်ထမ်းရွက်ခဲ့တာတွေကိုကြည့်ပြီး သက်ညှာ ကောင်းရဲ့လို့ ထင်နေတယ်။ သူ့အဖို့ အကောင်းဆုံးပဲ တွေးနေတယ်။ ဆိုးဆိုးဝါးဝါးကို မတွေးမိဘူး။

အတွင်းတော်ကို အပြေးအလွှား သံတော်ဦးတင်ရသူက မြေနုပဲ့နင်း ဗလကျော်ထင်ဖြစ်တယ်။

စစ်ချီတပ်မသုံးခုရဲ့ အကွာအဝေး၊ လှုပ်ရှားမှုအပေါင်းကိုလည်း စေ့စုံ အောင် တင်လျှောက်ရတယ်။ မကွယ်မဝှက် အလုံးစုံကို လျှောက်တင်ရ တယ်။ သည်တော့ တောင်တွင်းကြီးမြို့ဝန်ရဲ့ အမှုတော်ထမ်းပုံဟာ ကွက်ကွက် ကွင်းကွင်းကြီးပေါ်လာတယ်။

လေးဗိုလ်တပ်ဟာ စေသောကျွန် ထွန်သောနွားကဲ့သို့ အမှုတော် ထမ်းရွက်သည်မှာ ကျေပွန်လှတယ်။ ဒါကို သာယာဝတီမင်းဟာ ပြင်းပြစွာ ရာဇမာန်ရှတော်မူတယ်။ တောင်တွင်းကြီးမြို့ဝန်၊ မင်းကြီးမဟာ မင်းလှ မင်းခေါင်ထင်ဟာ အမှုတော်ကို လေးလေးစားစား မထမ်းရွက်ဘူး။

ဖင့်နွှေးလေးလံနေတယ်။

ပြည်စားကို အမီလိုက်ဖမ်းရမှာကို မဖမ်းဘဲ တမင် နှောင့်နှေးနေ တယ်။ တခြားသော အကြံအစည်ရှိနိုင်တယ်။ ပြည်စားနဲ့ ပူးပေါင်းတာလည်း

www.foreverspace.com.mm



ဖြစ်နိုင်တယ်။ ရန်သူအားပေးတဲ့ သင်းကို အရှင်မထားရဘူး။ ဓားပွားသတ်ရမယ်ပေါ့။

ဓားပွားသတ်တယ်ဆိုတာက တောင်တွင်းကြီးမြို့ဝန်ကို ပေးသနားထားတဲ့ ကျောက်စီဓားနဲ့ပဲ စီရင်ရမယ်ပေါ့။

သည်အရေးကို ပန်းတဉ်းဝန်ရွှေလုံ့ဗိုလ်က ဆောင်ရွက်ရတယ်။ ဒါပဲပေါ့။ အာရုံမပြတ်တဲ့ တောင်တွင်းကြီးမြို့ဝန်ဟာ ရာဇဝတ်သားလုံးလုံး ဖြစ်ရတော့တယ်။ သက်ဦးဆံပိုင်ခေတ်ဆိုတာကလည်း ခက်သားကလား။ အရှင့်အမှုတော်ကို သေလုမခန်း ထမ်းရွက်ခဲ့ပါစေ ဘုရင်မင်းမြတ် မကြည်သာပါက ခေါင်းနဲ့ကိုယ် အိုးစားကွဲရတာပဲ။

သူတို့မှာ ကျေးဇူးတရားဆိုတာ လုံးဝမသိဘူး။

မကျေနပ်ရင် မကျေနပ်သလို ပြုမူတတ်တယ်။ တစ်မိန့် တစ်အာဏာနဲ့ပဲ အုပ်စိုးတယ်။ သည်ဖြစ်ရပ်တွေကြောင့် ပညာရှိလူတော် လူကောင်းတွေ မသေသင့်ဘဲ သေဆုံးခဲ့ရတယ်။ ဒါတွေဟာ နိုင်ငံတော်အတွက် ကောင်းတာတွေမဟုတ်ဘူး၊ ဆိုးကျိုးတွေ ဖြစ်လာတယ်။

နိုင်ငံတော်ဟာ ကျွန်ဖြစ်ဖို့ ကြုံလာရတယ်။

ပြည်မင်းသားကို မိပြီးတာနဲ့ အားလုံးဟာ ကိစ္စပြီးသွားတော့တယ်။ တပ်တော်ကြီးတွေကိုလည်း နေပြည်တော်ကို ပြန်ချီလာစေတယ်။ သူတို့ကို ပုဂံမင်းသားက အအုပ်အထိန်းလုပ်ပြီး ပြန်ခဲ့ရတာပဲ။ ပုဂံမင်းသားဟာ နောင်တော် ပြည်မင်းသားကို နေပြည်တော်သို့ ယူဆောင်လာခဲ့တယ်။ တောင်တွင်းကြီးမြို့ဝန်မှာကား သူ့ရဲ့ကျောက်စီဓားနဲ့ပဲ ပြန်ပြီး အဆုံးစီရင်ခြင်းခံခဲ့ရတယ်။

ဒါဟာ ပြည်မင်းသားအရေးမှာ ယင်းတောဝန်ကြီးနောက် တောင်တွင်းကြီးမြို့ဝန် ရာဇဝတ်သင့်ရပြန်တာပဲ။ တကယ်တော့ ယင်းတောဝန်ကြီးမြို့ဝန်ကြီးနဲ့ တောင်တွင်းကြီးမြို့ဝန်တို့ဟာ ဘုရင်မင်းမြတ်ရဲ့ အားထားမှုကို ခံယူရတဲ့သူတွေပဲ။ ပြီးတော့လည်း နိုင်ငံတော်ရဲ့ အားကိုးရတဲ့ လူတော်လူကောင်းတွေပဲ။ သူတို့ကို သုတ်သင်လိုက်ခြင်းဟာ နိုင်ငံတော်ရဲ့အနာဂတ်အဖို့ ကြေကွဲဝမ်းနည်းစရာတွေနဲ့ တွေ့ကြုံရတော့တာဖြစ်တယ်။

နန်းစံကြသူများ

တကယ်တော့ ပြည်မင်းသားရဲ့အဖြစ်ဟာ ကြေကွဲစရာပဲ။

ကံမရှိရင် ဉာဏ်ရှိတိုင်း မအောင်မြင်နိုင်တဲ့ သူ့အဖြစ်ဟာ ခံပြင်းစရာကောင်းလှတယ်။ လွတ်ရာလွတ်ကြောင်း ထွက်ပြေးလွတ်နေပြီးမှ ပြန်မိရတယ်။ ငါညံ့လို့ပဲဆိုပြီး မကျေမနပ်ဖြစ်နေတယ်။ တောက်တစ်ခေါက်ခေါက်နဲ့ ရှိနေတယ်။ ခုဆိုရင် ရာဇဝတ်သင့်တဲ့သူများ ဖြစ်နေပြီ။ ဒါကြောင့် တခြားစီသီးသန့်ခွဲပြီး ချုပ်နှောင်ထားတယ်။

အခန်းငယ်အတွင်းမှာ စကြံလျှောက်နေတဲ့ ပြည်မင်းသားဟာ တောက်ခေါက်နေမိတယ်။ သူ့ရဲ့ကံကြမ္မာဟာ ကောင်းမယ့်အနေမှာ မရှိဘူး။ သူတိုက်ကိုယ်တိုက်နဲ့ တိုက်ပွဲမှာ သေဖို့ပဲကောင်းတယ်။ ခုလို ကြက်ကလေး ငှက်ကလေး သတ်သလို သတ်ချင်တဲ့အချိန်မှာ ခေါ်သတ်ခံရတယ်။

နာကြည်းဖို့ ကောင်းတယ်ပေါ့။

တကယ်တမ်းဆိုရင် သူ့အဖို့မှာ ဘုရင်မင်းမြတ်ရဲ့ ရာဇဝတ်တော်ဘေးကို ကြောက်ရွံ့လို့ ပြေးခဲ့တာပဲ။

ပုန်ကန်ခြားနားဖို့အတွက်က ဘာဆိုဘာမှ မလုပ်ရသေးဘူး။ စံအိမ်တော်ကိုလာတဲ့သူအချို့နဲ့တော့ ပြောမိကောင်း ပြောမိမှာပဲ။ အဲ့ဒီပြောတာလေးနဲ့တော့ အသက်ကို မသေစေကောင်းဘူးပေါ့။ ဘာပဲဖြစ်ဖြစ်လေ ဘုရင်ဆိုတာက သူလုပ်ချင်တိုင်း ဖြစ်နေတယ်မဟုတ်လား။

သည်အရေးတွေကြောင့် ထင်ရဲ့ . . . ။

သာယာဝတီမင်းတရားကြီးဟာ ပိုပြီး ကျန်းခံ့တော်မမူဘူး။ သူ့ဝေဒနာက တိုးလာခဲ့ပြီ။ မရှိကို အရှိထင်တယ်။ အရှိကို မရှိထင်ပြီး လုပ်ချင်ရာ လုပ်နေတယ်။ ခက်တာက ဘုရင်မင်းမြတ်ဆိုတော့ သူ ဘာပဲလုပ်လုပ် ဘယ်သူကမှပြောရဲကြတာ မဟုတ်ဘူး။

ယင်းတောဝန်ကြီးကိစ္စနဲ့ ပြည်မင်းသားတို့ကိစ္စဟာ မင်းတရားကြီးရဲ့ ဝေဒနာကို ပိုပြီးဆိုးဝါးစေတယ်။

ပြည်မင်းသားအရေးကို ပုဂံမင်းသားက ဦးဆောင်စစ်ဆေးရတယ်။ သည်တွင် ပြည်မင်းသားနဲ့အတူ ကြံစည်သူတွေ တတန်းကြီးပေါ်လာခဲ့တယ်။ အဲဒီထဲမှာ သူတို့လုံးဝထင်မထားတဲ့ သူတစ်ယောက်လည်း ပါတယ်။ သူက

www.foreverspace.com.mm



ဘုရင်မင်းမြတ်ရဲ့ အထူးချစ်ခင်ယုယမြတ်နိုးမှုကို ခံယူနေရတဲ့ အနောက်နန်း မိဖုရားမမြကလေး ဖြစ်တယ်။

သည်တုန်းက မမြကလေးဟာ အနုပညာဂုဏ်သတင်း ပျံ့နှံ့နေတယ်။

အလှဂုဏ်ကလည်း လျှံတတ်နေတယ်။ ဒါကြောင့် မင်းကြီးရဲ့မြတ်နိုးမှု ခံယူရတယ်။ ဒါကို တခြားမိဖုရားတွေက ကျေနပ်မယ်မထင်ဘူး။ မနှစ်မြို့ကြဘူးပေါ့။ သည်တော့ အခွင့်သာဖို့ ချောင်းနေကြတယ်။ ခုတော့ ဘုရင်မင်းမြတ်ကလည်း စိတ်ကွက်နေတယ်။ ပြည်မင်းသားအရေးကလည်း ရှိလာနေတော့ မြေနိမ့်ရာမှာ လှံစိုက်လိုသူတွေ ပေါ်လာတော့တာပေါ့။

ဒါကြောင့်လည်း ပြည်မင်းသားတို့အရေးတော်မှာ မမြကလေးကို ဆွဲထည့်တော့တာပဲ။

တကယ်တော့ သည်အရေးဟာ ဘုရင်မင်းမြတ်ကို ပုန်ကန်တဲ့ ရာဇဝတ်တော်ကြီး ဖြစ်တယ်။ သည်အရေးထဲ ထည့်လိုက်ပါက တွင်ကျယ်နေတဲ့ မမြကလေးအဖို့ ဇာတ်သိမ်းသွားမယ်ပေါ့။ ဒါကို ကြည့်နေတဲ့သူတွေက အတတ်သိတယ်။

ဒါကြောင့် ပြည်မင်းသားအရေးမှာ အနောက်နန်းတော် မိဖုရားမမြကလေးပါကြောင်းကို သတင်းလွှင့်ကြတယ်။ သည်အချိန်မှာ ဘုရင်မင်းမြတ်မှာလည်း ဝေဒနာပြင်းစွာ ခံစားနေရတယ်။ စိတ်တော်နဲ့ ကြပ်မတ်ကုသနေရတယ်။

အတွင်းတော်ကို ဘယ်သူမှ အဝင်မခံဘူး။

တစ်နေ့က ဖြစ်တဲ့ကိစ္စပဲ ကြည့်လေ . . . သာယာဝတီမင်းဟာ အိမ်သာတော်ဝင်တယ်။ သူ့နောက်ပါးမှာ ဗိုလ်မောင်ဆိုင်နဲ့ မိန်းမစိုးတို့ ပါတယ်။ သူတို့က အပြင်မှ ဝပ်ပြီးခစားနေတယ်။ မကြာပါဘူး ဘုရင်မင်းမြတ်ဟာ အိမ်သာတော်ထဲက ထွက်တော်မူလာတယ်။

ထွက်ထွက်ချင်းပဲ အပြင်မှာ ခစားနေတဲ့ မိန်းမစိုးနဲ့ ဗိုလ်မောင်ဆိုင်တို့ကို ဓားနဲ့ခုတ်သတ်တယ်။ ပါးစပ်တော်မှလည်း . . .

'ရန်သူတော်တွေ ကွပ်မျက်မဟဲ့' လို့ မြည်တမ်းနေတယ်။

www.foreverspace.com.mm

သည်ကတည်းက ဘုရင်မင်းမြတ်ရဲ့ စိတ်တော်ဟာ မမှန်တော့ဘူးဆိုတာ သိကြပြီပေါ့။

ဒါကြောင့် မပြလေးအဖို့ အတွင်းတော်ဝင်ဖို့ အခွင့်မသာဘူး ဖြစ်နေတယ်။

ခက်တာက ရွှေနန်းတော်မှာ စည်းကမ်းက အလွန်များတယ်။ အရေးကြီးလို့ ကိုယ့်လင်ကိုယ့်သားဆိုပြီး ဘုရင်မင်းမြတ်နဲ့ တွေ့ချင်တိုင်း တွေ့လို့မရဘူး။ သူက အခေါ်တော်ရှိမှ လိုချင်တာကလေးရှိမှ သွားရတာပဲ။ အတွင်းတော်မှာ မိဖုရားခေါင်ကြီးတစ်ပါးပဲ ရှိနေတယ်။

သည်တုန်းက ဘုရင်မင်းမြတ်တွေက နံနက်ငါးနာရီခွဲမှာ စက်တော်မှ ထတယ်။

ရွှေနန်းတော်မှာ စက်တော်ခေါ်လေ့ ရှိတယ်။ မှန်နန်းတော်ရဲ့ မြောက်ဘက်အဆောင်သည် ရွှေနန်းတော်ဖြစ်တယ်။

ရွှေနန်းတော်အနောက်ပိုင်းမှာ နန်းမတော်ဖုရားခေါင်ကြီး အခန်း ရှိတယ်။

များသောအားဖြင့် နန်းတော်မိဖုရားကြီးဟာ နန်းမတော်ဆောင်မှာပဲ စံနေလေ့ရှိတယ်။ တစ်နေ့မှ တစ်ခါပဲ ရွှေနန်းတော်သို့ အခစားဝင်တယ်။ ဘုရင်မင်းမြတ်တော် နန်းဆောင်ကူးတဲ့အခါမှာ မလိုက်ပါဘူး။ တစ်ခါတစ်ရံပဲ လိုက်ပါတတ်တယ်။ ဘုရင်မင်းမြတ်ဟာ တောင်နန်းဆောင်မှာ စာကြည့်လေ့ရှိတယ်။

အနောက်ပိုင်းနဲ့ဆိုင်တဲ့ ရွှေငွေအထည်ပစ္စည်းထားတဲ့ ဘဏ္ဍာခန်းလည်း ရှိတယ်။ အဲဒီပစ္စည်းတွေကိုကိုင်တဲ့ ဘဏ္ဍာစိုးမိဖုရားအခန်းလည်း သီးသန့်ထားတယ်။ သူက မိဖုရား၊ သားတော်သမီးတော်များရဲ့ စာရင်းကိုလည်း ကိုင်ရတယ်။ တခြားမိဖုရားတွေလို နေရင်းအဆောင်မပြန်ရဘူး။

အပါးတော်မှာ ခစားရတယ်။

ညအခါ ရှင်ဘုရင်စက်တော်ခေါ်တဲ့ သလွန်တော်ခြေရင်းမှာ အိပ်ရတယ်။ ရှင်ဘုရင်မင်းမြတ်ရဲ့ ဝတ်လဲတော်အခန်းနဲ့ စက်တော်ခေါ်တဲ့အခန်းဟာ ရွှေနန်းတော်မှာရှိတယ်။ တောင်နန်းတော်ဆိုတာက မှန်နန်းတော်ရဲ့

www.foreverspace.com.mm

တောင်ဘက်မှာရှိတယ်။ ရွှေဆောင်တော်ဆိုတာက တောင်နန်းတော်ဦးက အဆောင်ကို ခေါ်တယ်။

အဲဒီနန်းတော်များမှာ အိမ်သာတော်များထားတယ်။

နန်းတော်ဆောင်တိုင်းမှာ အရှေ့ပိုင်း အနောက်ပိုင်း ခွဲခြားထားလေ့ရှိတယ်။ ဘုရင်မင်းမြတ်ဟာ နံနက် ငါးနာရီခွဲမှာ နိုးတော်မူတယ်။ ဒါပေမဲ့ အခန်းတော်ပြင်ကို မထွက်သေးဘူး။ အလှည့်ကျမိဖုရားများက ခြံရံတော်တွင်း ဝင်ရတယ်။ သလွန်တော်အောက်ကနေပြီး လိမ်းတော်ဆီများနဲ့ သုတ်လိမ်းပွတ်သပ်ကြတယ်။

ဆီမှာလည်း နှစ်မျိုးခွဲထားတယ်။

ကိုယ်လိမ်းတော်ဆီနဲ့ ခေါင်းလိမ်းတော်ဆီပေါ့။ အဲဒီဆီတွေဟာ စပယ် မုလေးဆီတွေပဲ။ မွှေးပျံ့သင်းကြိုင်နေတာပဲ။ ဘုရင်မင်းမြတ်ဟာ ချိုးရေတော် သုံးခြင်း မလုပ်ဘူး။ ကြီးကျယ်တဲ့ မလွှဲမကင်းသာတဲ့ အခြေမှသာ ပြုတယ်။ ကျန်တဲ့အချိန်များဆိုရင် ရေအစားဆီကိုပဲ အသုံးပြုတယ်။

ချေးညှော်နဲ့ မကင်းတဲ့အနံ့အသက်များကို ဆီနဲ့ပဲ ပွတ်လိမ်းသုတ်သင် တယ်။

ပထမဦးဆုံး လိမ်းတော်ဆီများနဲ့ သုတ်သင်ပွတ်သပ်စေတယ်။ ပြီးမှ ကိုယ်ပွတ်တော်မှုန့်များနဲ့ တစ်ကိုယ်လုံး စေ့နှံ့အောင် ပွတ်သပ်သုတ်လိမ်းပေးတယ်။ ကတိုးမှုန့်၊ ပန်းပေါင်းမှုန့်များကို ကိုယ်ပွတ်တော်မှုန့်လို့ ခေါ်တယ်။ ပြီးမှ အနှိပ်တော်များက အလှည့်ကျ အနှိပ်တော်ဆက်ရတယ်။

အနှိပ်တော်ဆက်ပြီးတာနဲ့ အိမ်သာတော်ဝင်လေ့ရှိတယ်။

အိမ်သာတော်ဝင်တဲ့အခါ အလှည့်ကျမိဖုရားများက လိုက်ပါရတယ်။

အိမ်သာတော်ထဲမှာ နေရာတော်၊ အုံးတော်၊ မျက်နှာကျက်တော်များ သီးခြားထားတယ်။ ကိုယ်လက်သန့်စင်တဲ့အပေါက်နဲ့ နေရာတော်ထားတဲ့ နေရာမှာ ဆယ်ပေလောက်ကွာတယ်။ ထောက်လှမ်းချက်ရသမျှကို အဲဒီမှာ လျှောက်တင်ရတယ်။

သည်တော့ ပြည့်မင်းသားနဲ့ ပုဂံမင်းသားတို့ဟာ နောင်တော် ညီတော်ဖြစ်တယ်။ ဖအေတူ မအေကွဲပဲ။ ပုဂံမင်းသားဟာ နန်းမတော် မိဖုရား

www.foreverspace.com.mm

ခေါင်ကြီးမှမွေးတဲ့ သားတော်ကြီးပဲ။ ဒါကြောင့် ထီးမွေ နန်းမွေဆက်ခံဖို့ များနေတယ်။ ဒါပေမဲ့ နောင်တော်ပြည်မင်းသားဟာ သူ့ထက် ထက်ထက် မြတ်မြတ်ရှိတယ်။ ဒီအတွက် ထီးနန်းရရှိရေးမှာ အနှောက်အယှက် ဖြစ်မှာပဲ လို့လည်း တွေးမိဟန်ရှိတယ်။

သည်တုန်းက ရွှေပွင့်ဆိုတာက ဇလွန်မြို့သူကြီးဖြစ်တယ်။

သူဟာ ပုဂံမင်းရဲ့ အမှုတော်ထမ်းတစ်ဦးပဲ။ ပြည်မင်းသားနဲ့ မမြကလေးတို့ကို တစ်စိတ်တစ်ဝမ်းတည်း ကြံစည်နေတယ်လို့ သတင်းလွှင့်သူထဲမှာ သူလည်းပါတယ်။ အပြစ်ကို မကြီးကြီးအောင် ဆင်ကြတာပေါ့။ ဒါမှလည်း တစ်ဘက်ကလူတွေမှာ သူတို့လုပ်ချင်ရာလုပ်နိုင်မယ်ပေါ့။

မကြာပါဘူး . . . အတွင်းတော်က အမိန့်တော်ထွက်လာတယ်။

ပြည်မင်းသားနဲ့ သားတော်လေးပါးတို့ကို ပုန်စားပုန်ကန်ပြုမှုအတွက် ထုံးစံနဲ့အညီ စီရင်စေဆိုတာပဲ။ သူတို့သားအဖတစ်တွေကို ရေမှာ ဖျောက်ဖျက် ကွပ်မျက်လိုက်ကြတယ်။ အပြစ်အလျှောက် ရာဇဝတ်ပြစ်ဒဏ်ကို အသက်နဲ့ခံယူရသူများလို့ သတ်မှတ်ရတယ်။

အနောက်နန်းမိဖုရား မြကလေးလည်း ပြည်မင်းသားနဲ့ နှလုံးစိတ်ဝမ်း မကွဲဘဲ တရောတယှက်တည်း ပါဝင်သူဖြစ်တယ်။ ဒါကြောင့် မိဖုရား မြကလေးနဲ့ မယ်တော်မယ်အိတို့အား ထုံးစံနဲ့အညီ စီရင်စေလို့ အမိန့်တော် ချမှတ်လိုက်တယ်။ တကယ်တော့ မမြကလေးအဖို့ မိဖုရားဖြစ်လာရခြင်းဟာ ကံဆိုးမှုတစ်ခုပဲပေါ့။

လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေဆိုတာ ရှိတယ်။

ဒါပေမဲ့ မိဖုရားမမြကလေးရဲ့ သောကမီးကို ဘယ်သူက လိုက်မီမယ် မထင်ဘူး။ လူ့လောကရဲ့ အမြင့်ဆုံးကို ရရှိထားခဲ့ပေမယ့် မင်းရဲ့အပြစ်ဒဏ်ကြောင့် အသက်သေခဲ့ရတယ်။ သူတင်မဟုတ်ဘူး။ သူ့မယ်တော်ပါ အဆစ်ပါခဲ့ရတယ်။ လိုချင်ရင်လိုသလို မလိုရင်မလိုသလို လုပ်တတ်တဲ့ ဘုရင်မင်းမြတ်တွေကြောင့် နိုင်ငံတော်ရဲ့ လူတော်လူကောင်းတွေ ဆုံးရှုံးခဲ့ရတယ်။

ဘုရင်မင်းမြတ် အပါးကပ်ပြီး အကြိုက်လိုက်နေတဲ့ အမှုထမ်းတွေကလည်း မနည်းဘူး။ တကယ်တော့ ဘုရင်မင်းမြတ်ဆိုတာက ပုထုဇဉ်

www.foreverspace.com.mm

လူသားပဲ။ သူတို့တစ်တွေကြောင့် ဘုရင်မင်းမြတ်လည်း မြောက်လို့ မြောက်မှန်းမသိတဲ့ ကိန်းဆိုက်ကြတာပေါ့။ ဘာပဲဖြစ်ဖြစ်ပေါ့ လူဆိုတာ လူအသိတော့ ရှိသင့်တာပေါ့။

မိမိနဲ့ မတည့်တိုင်း အရေးယူ အပြစ်ပေးနေတာတော့ မကောင်းပါဘူး။

တစ်ခုတော့ ရှိတယ်လေ... သာယာဝတီမင်းအဖို့ နာမကျန်းဖြစ်နေတယ်။ သည်တော့ အဲဒီတုန်းက အရေးတွေကို မိဖုရားခေါင်ကြီးနဲ့ သားတော်ပုဂံမင်းသားတို့ကပဲ ဦးဆောင်နေကြတာပဲ။ သည်တော့ ပြည်မင်းသားနဲ့ အနောက်နန်းမိဖုရားအရေးတို့မှာ သူတို့သားအမိရဲ့ လက်ချက်မပါဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ။

တကယ်တော့... အနောက်နန်းမိဖုရားမမြကလေးဟာ ကံမကောင်းအကြောင်းမလှလို့ အကောက်ခံခဲ့ရတာပဲ။ သူ့ရဲ့ ရူပါရုံက သူ့ကို နှိပ်စက်ခဲ့တာပဲ။ အချစ်နဲ့သစ္စာအပေါ်မှာ သာယာဝတီမင်းရဲ့ အကြင်နာ နည်းပါးမှုကို ခံရတယ်။ ခံစားရုံသာမကဘူး . . . အသက်ပါ ပေးဆက်ခဲ့ရတယ်။

သူဟာ စာပေအခြေခံ ရင့်ကျက်တယ်။

ကဗျာဉာဏ် ရင့်သန်တယ်၊ ထက်မြက်တယ်၊ အတွေးပိုင်းမှာ နှံ့စပ် တယ်။ သူ့ဘဝတစ်လျှောက်လုံးမှာ အဆင့်မြင့်မြင့်နေခဲ့ရပေမယ့် လောကဓံ ကို ကြိတ်မှိတ်ခံစားခဲ့ရရှာတယ်။ သူ့ရဲ့ခံစားချက်တွေဟာ ဂီတ ကျန်ရစ် ခဲ့တယ်။

ပြည်မင်းသားဟာ သာယာဝတီမင်းရဲ့ အလယ်နန်းမိဖုရားတောင်ပိုင်မြို့စားမှ မွေးဖွားတယ်။

ငယ်အမည် မရွှေဦးခေါ်တယ်။ မိဖုရားဘွဲ့ကတော့ သီရိမဟာစန္ဒာဘိရတနာဒေဝီလို့ တွင်တယ်။ ပြည်မင်းသားငယ်အမည်မှာ မောင်ဖေပု ဖြစ်တယ်။

သည်လိုအားဖြင့် အရည်အချင်းရှိတဲ့ မင်းညီမင်းသားတွေဟာ လမ်းခု လတ်တင်ပဲ ဘဝဆုံးကြရတယ်။

www.foreverspace.com.mm

နန်းစံကြသူများ

သက္ကရာဇ် ၁၂၀၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်မှာ သာယာဝတီမင်းဟာ နတ်ရွာစံတော်မူတယ်။ သူချစ်ခဲ့တဲ့ သားတော်ပြည်မင်းသားနဲ့ မိဖုရားမပြုကလေးတို့နဲ့ နောက်တစ်နှစ်ပဲကြာတယ်။ ဒါပဲပေါ့ ဘုရင်မင်းမြတ်ဆိုတာကလည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲ။ ကိုယ်ခန္ဓာရဲ့ ဖြစ်ပျက်မှုအပေါ်မှာ တည်တာပဲ။ ဘုရင်မင်းမြတ်ဆိုပြီး သေချင်တိုင်းသေ၊ နေချင်တိုင်းနေလို့ မရပေဘူး။

ခမည်းတော်နတ်ရွာစံတာနဲ့ ပုဂံမင်းသားဟာ မင်းဖြစ်တော်မူတယ်။

သက္ကရာဇ် ၁၂၀၈ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်နေ့တွင် ရွှေထီး ရွှေနန်းကို သိမ်းယူမင်းလုပ် စိုးစံတော်မူတယ်။ မိဖုရားခေါင်ကြီးမှာ မက္ခရာမင်းရဲ့ သမီးတော်ဖြစ်တယ်။ သီရိဆုရတနာပဘာဒေဝီလို့ ခေါ်တယ်။ ပုဂံမင်းဟာ သီရိသုဓမ္မတိလောကဝရမဟာရာဇမည်တဲ့ နာမတော်ကို ခံယူတယ်။

အဲဒီနေ့မှာ နိုင်ငံတော်အတွင်းမှာရှိတဲ့ ထောင်ကျဉ်းကျခံနေရသူတွေကို လွှတ်တယ်။

လျောင်ထားတဲ့ သားငှက်တိရစ္ဆာန်များကို အမိန့်တော်အတိုင်း ဘေးမဲ့ ပေးတယ်။ မင်းတုန်းမင်းသားက သီရိသုဓမ္မတိလောကဓရမဟာရာဇ အမည် ရှိတဲ့ ဘွဲ့ရွှေပြားကို ဆက်ရတယ်။ ကနောင်မင်းသားက မိဖုရားခေါင်ကြီး၏ ဘွဲ့ရွှေပြားကို ဆက်ရတယ်။

အဲ့ဒီမင်းသားနှစ်ပါးဟာ သာယာဝတီမင်းရဲ့ တောင်ဆောင်တော် ကျောက်မော်မြို့စားမိဖုရားမှ ဖွားမြင်တဲ့သားတော်တွေ ဖြစ်တယ်။

ပုဂံမင်းဟာ ထီးနန်းရပြီးတာနဲ့ အိမ်တော်ပါအမှုထမ်းတွေကို တိုးမြှင့်ပေးတော့တယ်။ တကယ်တော့ သူ့ရဲ့အိမ်တော်ပါများက ခိုတိုက် ကြက်တိုက်တတ်ကြတဲ့ သူတွေချည်းပဲ။ ဒုစရိုက်သမားတွေပေါ့။ သည်ဒုစရိုက်သမားတွေကို မြှောက်စားလိုက်တဲ့အတွက် နေပြည်တော်မှာ ဖြစ်ချင်သလို ဖြစ်နေတော့တယ်။

တကယ်ဆိုတော့ ပုဂံမင်းဟာ ရွှေနန်းတော်အတွင်းမှာ နေတာပဲ။

တိုင်းပြည်ကို ထိထိတွေ့တွေ့နဲ့ အုပ်ချုပ်နေရတာက သူ့လက်အောက်ခံအရာရှိတွေပဲ။ သည်တော့ သူခန့်အပ်ထားလိုက်တဲ့ အမှုထမ်းတွေ

www.foreverspace.com.mm

ဟာ မကောင်းမှုပြုကြတာပေါ့။ နဂိုကတည်းက ဒုစရိုက်သမားဆိုတော့ မကောင်းမှုကို ပြုဖို့ရာ ဝန်မလေးဘူးပေါ့။

ပုဂံမင်းဟာ အိမ်တော်ပါငယ်ကျွန် ဘိုင်ဆပ်ကို မြို့တော်ဝန်အဖြစ် ခန့်အပ်လိုက်တယ်။

သူဟာ မြို့တော်ဝန်ဖြစ်တာနဲ့ နေပြည်တော်မှာ ဝက်သားမပေါ်ရဘူးလို့ အမိန့်ထုတ်တယ်။ အဲ့ဒီတုန်းက သူ့တန်ခိုးဟာ အင်မတန်ထက်တယ်။ တံစိုးလက်ဆောင်စားခြင်း၊ အမှု မတရားစီရင်ခြင်း၊ သားပျိုသမီးပျိုများကို ဖျက်ဆီးခြင်း လုပ်တော့တယ်။ ဘယ်လိုပဲ မတရားလုပ်ပေမယ့် မော်မကြည့်ဝံ့ကြဘူး။

မင်းတရားကြီးကိုယ်တိုင်က မြှောက်စားထားတယ် မဟုတ်လား။

အိမ်တော်ပါကျွန်ကလည်း ဖြစ်နေတယ်။ သူနဲ့အတူ ဆိုးသွမ်းနေတဲ့ လူကတော့ ငပိန်ဆိုတာပဲ။ သူဟာရွှေမြို့တော်ဝန်ရဲ့ စာရေးပဲ။ တကယ်တော့ သူတို့နှစ်ဦးတည်းဆိုတော့ မထောင်းတာလှုပါဘူး။ သူတို့ရဲ့တပည့် တပန်းတွေက အနိုင့်အထက် လုယက်တယ်။ ဥစ္စာပစ္စည်းများကို အဓမ္မသိမ်းယူတယ်။

အဲဒီကရတဲ့ ပစ္စည်းတွေကို မြို့ဝန်ဘိုင်ဆပ်ကို ပေးအပ်တယ်။ မြို့စာရေး ငပိန်ကို ပေးကြတယ်။ မပေးလို့ကလည်း မဖြစ်ဘူးလေ။ သည်လိုပေးနိုင်ကမ်းနိုင်မှ လုပ်ချင်ရာကို လုပ်လို့ဖြစ်တာပဲ။ အထူးသဖြင့်ကတော့ မကောင်းမှုတွေများများပေါ့။ တကယ်တော့ ရွှေမြို့တော်ဝန်လုပ်တယ်ဆိုတာက တော်ရုံတန်ရုံအရည်အချင်းနဲ့ လုပ်လို့ရတာ မဟုတ်ဘူး။

နိုင်ငံတော်ရဲ့ အချက်အချာ အာဏာပိုင်မင်းနေပြည်တော် မဟုတ်လား။

သည်တော့ မြို့တော်ဝန်လုပ်သူဟာ အရည်အချင်းအပြည့်အဝရတယ်၊ လုပ်ရည်ကိုင်ရည်ရှိသူ ဖြစ်ရတယ်။ နေပြည်တော်မှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူများကို ရင်ဝယ်သားကဲ့သို့ အရာထားရမယ်။ နိုင်ငံတော်ကို အုပ်ချုပ်တဲ့ ဘုရင်တစ်ပါးပဲပေါ့။ မင်းတရားကြီးရဲ့ ကိုယ်စားပေါ့။

နန်းစံကြသူများ

သူဟာ ရာဇဝတ်မှုခင်းများကို စီရင်ရတယ်။ ဓမ္မဝတ်၊ ရာဇဝတ်၊ လောကဝတ်အကြောင်းသုံးပါးကို ကျွမ်းကျင်သိနားလည်ရမယ်။ ပစ္စုပ္ပန် သံသရာအကျိုးနှစ်ပါးကို ထောက်ထောက်ထားထားရှိမယ့်သူကိုပဲ ရွေးချယ် ခန့်ထားရတယ်။

နေပြည်တော်မြို့တွင်း မြို့ပြင်မှစပြီး နယ်လေးရပ်စလုံးမှာ မြဲမြဲခိုင်လုံ အောင် မပြတ်စစ်ရတယ်။ နေပြည်တော်အနှံ့မှာ ရောင်းဝယ်ဖောက်ကား နေတဲ့ ကုန်သည်ပွဲစားများရဲ့ အလေးတင်းတောင်းများ မှန်ကန်မှု ရှိမရှိ စစ်ဆေးပေးရမယ်။ တံစိုးလက်ဆောင် မယူရဘူး။

ရွှေမြို့တော်ရဲ့ တံခါးဆယ့်နှစ်ရပ်ကို မြဲမြဲလုံခြုံအောင်ထားရမယ်။

ပြင်ပမှ လူစိမ်းသူစိမ်းများရဲ့ အဝင်အထွက်ကို ဂရုတစိုက်ထားပြီး ကြည့်ရှုတတ်ရမယ်။ အစောင့်အနေအမှုထမ်းများကို ကြီးကြပ်လုပ်ဆောင်နိုင် တတ်ရမယ်။

ရွှေမြို့တော်ကြီးနှင့်တကွ ဆင်ခြေဖုံးအရပ်များအထိ ရာဇဝတ်ကြီး ငယ်ရှိပါက ကိုယ်တိုင်ကွပ်ကဲပြီး စီရင်တတ်ရတယ်။

ရွှေမြို့တော်တစ်ခုလုံးမှာ လောင်းကစားမှု မရှိရဘူး။

ဘိန်း ကင်း အရက်၊ ထန်းရည် မသောက်စားစေရဘူး။ ဘုရင် မင်းမြတ် ထွက်တော်မူလျှင် လမ်းပြင်ရတယ်။

ရွှေမြို့တော်ဝန်ရဲ့ လက်အောက်မှာ လေးပြင်ထောင်မှူး၊ ရုံးထိုင်မြို့ စာရေး၊ ထောင်စာချီအရာရှိ ဆိုတာများလည်းရှိတယ်။ ရွှေမြို့တော်ဝန် ဘိုင်ဆပ်နဲ့ သူ့ဝန်စာရေး မောင်ဝန်တို့ဟာ သူတော်ချင်း သတင်းလွှေ့လွှေ့ က ဖြစ်နေကြတာပေါ့။

သည်တုန်းက နေပြည်တော်မှာ ချိုးတည်ခြင်း၊ ကြက်တိုက်ခြင်း၊ ခါလိုက်ခြင်း စတဲ့အတတ်ပညာများကို လူတိုင်းလိုလို တတ်ကျွမ်းတယ်။ မတတ်ကျွမ်းတဲ့သူဟာ မင်းတရားကြီးအနားမှာ ခစားဖို့မရဘူး။ အနားတော် မသီရဘူးပေါ့။

သည်တော့ မတတ်ကျွမ်းလို့ မဖြစ်ဘူးလေ။



www.foreverspace.com.mm

www.foreverspace.com.mm



ပုဂံမင်းကိုယ်တိုင်က နှစ်လိုအားပေးနေတော့ မျက်နှာလိုမျက်နှာရ လုပ်ကြရတာပေါ့။ ဒါကြောင့် ရွှေမြို့တော်မှာရှိတဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းများ၊ မှူးကြီးမတ်ကြီးများက ကြက်တိုက်ခြင်း၊ ခါလိုက်ခြင်း အတတ်ပညာနဲ့ ထင်ပေါ်ကျော်ကြားမှုကို ရယူနေကြတယ်။

အပြိုင်အဆိုင် လုပ်နေကြတယ်။

ကြက်တိုက်ခြင်း၊ ခါလိုက်ခြင်းပညာကို တတ်ကျွမ်းလို့ ဘိုင်ဆတ်က မြို့တော်ဝန်ဖြစ်လာတယ်။ သူ့လက်ထက်မှာ အိမ်တွေမှာရှိတဲ့ ဝက်ကောင်တွေကို ဘေးမဲ့ပေးစေတယ်။ သတ်ဖြတ်ခြင်း လုံးဝမပြုရဘူး။ ပြည်သူတွေအဖို့ တစ်သက်လုံးစားလာတဲ့ ဝက်သားကို လုံးဝ မစားသောက်ရဘူး။

မကြာပါဘူး . . . မထင်မှတ်တဲ့၊ ဘယ်လိုမှ ကြံစည်လို့မဖြစ်တဲ့ ပြဿနာတစ်ခုက ပေါ်လာခဲ့တယ်။ သည်လိုမတရားမှုတွေလုပ်တဲ့ မြို့တော်ဝန်ဘိုင်ဆပ်ကို ပြန်ပြီးကလဲ့စားချေတာပဲ။ ချေပုံချေနည်းကလည်း သင်းလှပါတယ်။

တစ်နေ့တော့ သူ့ရပ်ရွာဖြစ်တဲ့ ဗုံးအိုးရွာမှာ ပွဲလမ်းသဘင် ကျင်းပတယ်။

ပျော်ပွဲရွှင်ပွဲ လုပ်တာပေါ့။ အဲ့ဒီပွဲမှာသူ့ရဲ့အိမ်သားတွေလည်း လာကြ တယ်။ သည်တုန်းက သူ့မှာ သမီးတစ်ယောက်ရှိတယ်။ ဘိုင်ဆပ်ဟာ သူများသားသမီးပျိုတွေအပေါ်မှာ ဖျက်လိုဖျက်ဆီး လုပ်ခဲ့တယ်။ သူ့သမီးကျတော့ အိမ်ထဲကအိမ်ပြင်တောင် မထွက်စေရဘူး။

ဒါကိုလက်တုန့်ပြန်ဖို့ အလစ်ချောင်းနေတဲ့သူတွေ ရှိနေတယ်။

သည်တော့ အဲ့ဒီအခွင့်အရေးဟာ ရခဲ့တယ်။

ပွဲကြည့်နေတဲ့ ဘိုင်ဆပ်သမီးရဲ့ အရိပ်အခြည်ကို စောင့်နေတယ်။ ညဥ့်နက်လို့ ငိုက်သူငိုက်နေတဲ့အချိန်မှာ အတင်းဆွဲပြေးသွားတယ်။ လူစုလူဝေးနဲ့အငိုက်မှာ လုပ်ကြတာပဲ။ တောင်သမန်အင်းကိုဖြတ်ပြီး အနောက်ဘက်ကမ်းကို ပြေးကြတာပဲ။

ဗုံးအိုးပွဲဟာ ပျက်လုမခန်းပဲ။

နန်းစံကြသူများ

အတင်း ရှာကြဖွေကြတယ် . . . မတွေ့ဘူး။ ဘိုင်ဆပ်အဖို့ ခံပြင်းခြင်း၊ နာကြည်းခြင်းတို့ဟာ ဖြစ်နေတယ်။ တစ်ညလုံး မအိပ်နိုင်ဘူး။

နောက်နေ့မနက်ကျမှပဲ ရွှေမြို့တော်ရဲ့ တောင်ပြင်ဇရပ်တစ်ဆောင်မှာ သွားတွေ့တယ်။

အဲဒီအချိန်ကျတော့ ဘိုင်ဆပ်သမီးတော်ဟာ မေ့မျောနေပြီး ဝတ်ထား တဲ့ အဝတ်တွေဟာလည်း လုံလုံခြုံခြုံမရှိတော့ဘူး။ စုတ်ပြဲနေပြီ။ ဘိုင်ဆပ် အဖို့ ဆွေ့ဆွေ့ခုန်တော့တာပေါ့။

ဒါဟာ မတရားလုပ်နေတဲ့ သူကို ခံရတဲ့သူက လက်တုံ့ပြန်တာပဲ၊ လက်စားချေတာပဲ၊ အဲဒီအမှုဟာ လုံးဝမေးမြန်းလို့မရဘူး . . . ဘယ်သူ့ကို ထင်ရမှန်းလည်း မသိဘူးပေါ့။

နိမိတ်အင်းလို့ခေါ်တဲ့ တောင်သမန်အင်းဟာ အလွန်ကျယ်ပြောတယ်။

အရှေ့ထိပ်မှာရှိတဲ့ တောင်သမန်ရွာကိုရောက်ဖို့ မလွယ်ဘူး။ သည်တော့ မြို့စာရေး ငပိန်က အကြံရလာတယ်။ ဘုရင်မင်းမြတ်ကို ခုတုံးလုပ်ပြီး သူ့နာမည်ကောင်းရဖို့အတွက်ပေါ့။

တောင်သမန်အင်းကိုဖြတ်ပြီး တံတားဆောက်ဖို့ပဲ။

သည်တုန်းက အင်းဝမြို့တော်ဟောင်းမှာ နန်းတော်ဟောင်းတွေ ရှိတယ်။ စစ်ကိုင်းမြို့လေးမှာလည်း ရှိတယ်။ အဲဒီတိုင်တွေကို သယ်ယူစေတယ်။

အဲဒီနန်းတော်ဟောင်းများက သစ်သားများက အပိုဖြစ်နေတယ်။

ဘာကိုအသုံးချရမယ်ဆိုတာလည်း မသိကြဘူး။ မှူးကြီးမတ်ရာတို့ကလည်း မစဉ်းစားမိကြဘူး။ ဒါကို ကြံကြံစည်စည်ကို ချက်ချင်း အကောင်အထည် ဖော်တာဖြစ်တယ်။

မြို့စာရေးငပိန်ဟာ အတွင်းတော်က အမိန့်တော်ကျကျချင်းပဲ တံတား ကို ကိုယ်တိုင် ကြီးကြပ်ဆောက်လုပ်တယ်။ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေကို ဆင့်ဆိုတယ်။

လုပ်ခ တစ်ပြားမှ မပေးဘူး။

www.foreverspace.com.mm

www.foreverspace.com.mm

သူ့ရွာနဲ့သူ့အလှည့် သူ့ရပ်ကွက်နဲ့သူ့အလှည့်ကျ လုပ်ဆောင်ပေးကြရတယ်။ မလုပ်လို့ကလည်း မရကြဘူး။ မင်းမိန့်အာဏာနဲ့ ခိုင်းစေတာဖြစ်တယ်။ ပြီးတော့လည်း မင်းတရားကြီးရဲ့ အရေးပေးခံရတဲ့သူ မဟုတ်လား။

တောင်သမန်တံတားဆောက်တာ နှစ်,နှစ်ကြာတယ်။ ကြီးကြပ်ဆောက်လုပ်တဲ့ငပိန်ကို အစွဲပြုပြီး ငပိန်တံတားလို့ ခေါ်ကြတယ်။

ဖြစ်သင့်တာကတော့ တောင်သမန်အင်းကိုဖြတ်ပြီး တောင်သမန်ရွာအထိ ဆောက်လုပ်ထားလို့ တောင်သမန်တံတားလို့ပဲ ဖြစ်သင့်တာပေါ့။

တကယ်တော့ ပဒေသရာဇ်ခေတ်ဟာ သခင်လည်းယစ် ကျွန်လည်းယစ်တဲ့ခေတ်ပဲ။

တောင်သမန်တံတားကို ၁၂၁၁ ခုနှစ်မှာ စပြီး ဆောက်လုပ်တယ်။ နဝအဋ္ဌဇယမောင်ပိန်ဆိုတဲ့အတိုင်း တိုင်ပေါင်း ၉၈၄ တိုင်ရှိတယ်။ ခရီးသွားနားနေဖို့ ဇရပ်လေးဆောင်ရှိတယ်။ အဲဒီဇရပ်လေးဆောင်မှ တိုင်တွေပါထည့်ရေတွက်ရင် တိုင်ပေါင်း ၁၀၈၆ တိုင်ရှိတယ်။ ဖောင်ကြောင်း ကိုးခု၊ အခန်းပေါင်း ၄၈၂ ခန်း အခန်းကြမ်းပြင်မှာ ခင်းထားတဲ့ ပျဉ်ကိုးချပ်ရှိတယ်။

တံတားပေအရှည် ၃၉၆၇ ပေရှိတယ်။

မြို့ဝန်ဘိုင်ဆပ်၊ မြို့စာရေး ငပိန်တို့လိုပဲ ဓားထက်နေတဲ့ မင်းသားတစ်ပါးရှိတယ်။ မင်းသားမောင်ကျောက်လုံးဆိုတာပဲ။ ပုဂံမင်းရဲ့ သီပေါမြို့စား မြောက်နန်းတော်မိဖုရား သီရိမဟာရတနာဒေဝီက မောင်ကျောက်လုံးရဲ့ နှမတော်အရင်းဖြစ်တယ်။

နှမကောင်းစားတော့ မောင် အိမ်ဦးခန်းပေါ့။ သူဟာ သာမန်အရပ်သားတစ်ဦးပဲ။ ဒါပေမယ့် ဘုရင်မင်းမြတ်က မြှောက်စားတော့ မောင်ကျောက်လုံးက မင်းသားအဆောင်အယောင်ရတော့တာပဲပေါ့။

ခုဆိုရင် သူလည်း နေပြည်တော်မှာ လုပ်ချင်တာလုပ်လို့ရတဲ့ မင်းသားဖြစ်နေပြီ။

## နန်းစံကြသူများ

ပုဂံမင်းကို နမပေးထားပြီး သူလည်း သူ့နည်းသူ့ဟန်နဲ့ ဆိုးသွမ်းခဲ့သူတစ်ဦး ဖြစ်တယ်။ မင်းသားမောင်ကျောက်လုံးဟာ မိန်းမတွေရဲ့ ကောင်းကြောင်းကို ရေးခဲ့တယ်။ အဲဒါကတော့ ဖရုဿဝါစာမေတ္တာစာခေါ်တယ်။

*လျော်သစ်နီတံ၊ ကသိုဏ်းပုံ၊ လျော်ကြံ့စီးတတ်သည်၊ ယောကျ်ားနှင့် မနည်းစေနှင့်၊ စောင့်အမှောင့်ရောင့်လည်း များသည်၊ ကုံစျေးဝလည်း ကျသည်၊ မောင်တို့ အရပ်တခို လူပျိုလည်များသည်၊ စျေးတုံး တလျှောက် ကောက်သင်းကောက်၊ တွေ့မရှောင် အမျှောင် အပေါင်လည်းများသည်၊ လပ်တော့တော့ အဝတ်အစားများနှင့် တန်းလျားဆိုင်ပေါ်မှာ မျှော်သလို မနေစေနှင့်၊ ကာလလူကို နှလုံးသွင်း၊ နိုင်နင်းအောင်ဆို၊ ညီလိုထင်လို့ ပြောသည်။ သဘောမကျလျှင် မင်းအဘေကို မေး၊ နောင်ရေးကို ထောက်ထား၍ စကားကို အကုန်အကြားသင့်၊ မယားကို မယုံစားနှင့်၊ စကားကို အကုန်ကြားက အလကားဖြစ်တတ်သည်၊ မယားကိုယုံစားက အကျားချစ်တတ်သည်၊ အတည်တည် မှာသမျှကို၊ ပဒုမဇာတ်ကို ထောက်ထား၍၊ နှစ်လုံးပြု၊ တစ်ခု မတိမ်းရအောင်ဆက်၊ တစ်နေ့ သုံးကြိမ်ကျက် အနက်အဓိပ္ပာယ်ကို သရေ့ရှု၍ ရှု၊ လူ့အမှုကိုကျွမ်းကျင်က မှုပြေစာပြီးသည်၊ ဟော့ရမ်းကိုပယ်၊ သင့်အကျင့်ကို မလိုက်နှင့်၊ မိုက်ရမည် အရွယ်ပေမောင်သိုင်း။*

သည်တုန်းက တချို့မိဘတွေဟာ အသိဉာဏ်ကင်းမဲ့ဟန်တူတယ်။

သူတို့ရဲ့ သားသမီးများကို ဆုံးမဖို့မလွယ်ဘူး။ ခက်တယ်ဆိုရင် ရွှေမြို့တော်ဝန်ထံ ပို့အပ်ပြီး ဆုံးမခိုင်းတယ်။ တစ်နေ့တော့ ဘိုးသူတော်တစ်ဦးဟာ သူ့သားတစ်ယောက်ကို ဆုံးမဖို့ ခက်နေတယ်။ ဘယ်လိုမှ မနိုင်ဘူး။

သည်တော့ သူ့သားကိုခေါ်လာပြီး ဆုံးမပေးဖို့ မြို့တော်ဝန်ဘိုင်ဆပ်ကို အပ်နှံတယ်။ ရွှေမြို့တော်ဝန်ဘိုင်ဆပ်က ဆုံးမပေးတယ်ဆိုပြီး ရှေ့မှာတင်ပဲ ရိုက်သတ်လိုက်တယ်။

သည်လိုနည်းနဲ့ လူပေါင်းမြောက်မြားစွာကို သတ်ပစ်ခဲ့တယ်။

လူတွေရဲ့ အသက်ပေါင်း ခြောက်ရာနီးပါးဟာ သေကြေခဲ့ရတယ်။ သည်တုန်းက လူတွေအဖို့တော့ မကြည့်ချင်ရင်လည်း မနေရဘူး၊ မသိချင်

www.foreverspace.com.mm

လို့လည်း မနေရဘူးပေါ့။ လူပုံလူလက်က အေးတိအေးစက် မည်းနက်နက် ရှိတဲ့ ငပိန်ကလည်း ဒုစရိုက်သမားပဲ။

ရွှေနန်းတော်ဘုရားအဖို့မှာတော့ တိုင်းရေးပြည်မှုကို မင်းညီမင်းသား နဲ့ မှူးမတ်များကို လွှဲထားတယ်။

အပျော်အပါးမှု၊ တိရစ္ဆာန်တိုက်မှု၊ လက်ဝှေ့၊ လက်ဝှေ့တိုက်မှုများ မှာ ဝင်စားပျော်မွေ့နေတယ်။ အတွင်းမှာလည်း အတွင်းဝန်ကျိုဝန်ဦးပွားဟာ သြဇာကြီးတယ်။ ထိထိရောက်ရောက်ရှိတယ်။ ပုဂံမင်းဟာ သူ့လက်ထက်မှာ နှစ်သစ်ကူးရေဖျန်းသဘင်ဟာ အရက် ၄၀/၄၅ ရက် ဆက်ကစားလေ့ရှိ တယ်။ တစ်နှစ်ပတ်လုံး ရာသီပွဲမှာလို ကစားနေတာဖြစ်တယ်။

ပုဂံမင်းဟာ နံနက်မျက်နှာသစ်တော်ရောက်ပြီးတာနဲ့ ယနေ့ဘာပွဲ များ ရန်ထားသလဲဆိုတာ အမြဲမေးလေ့ရှိတယ်။ ဒါကို ဆိုင်ရာအရာရှိတွေက လူဆင်ကစပြီး တခြားတိရစ္ဆာန်တွေ မည်မျှတွဲဖက်ထားကြောင်း တင် လျှောက်ကြရတယ်။

အဲဒါတွေပြီးမှ ညီလာခံထွက်လာဖို့ လိုသေးသလားလို့ မေးတယ်။ ဒါတွေကို မင်းသားမောင်ကျောက်လုံးနဲ့ အတွင်းဝန် မောင်ပွားတို့က ရှိရင် ကြောင်း လျှောက်ကြားရတယ်။ အတွင်းတော်မှာ သူတို့နှစ်ဦးဟာ ချယ်လှယ် ချင်သလို ချယ်လှယ်နေကြတာပဲ။

ဒါကို တခြားအရာရှိကြီးငယ်တို့ဟာ လိုက်နာကြရတယ်။

မလိုက်နာလို့ကလည်း မဟုတ်ဘူး။ တစ်ခါတုန်းကပေါ့။ အတွင်းဝန် မောင်ပွားကို မလေးစားတဲ့ ဝန်ထောက်တစ်ဦးနဲ့ နာခံတော်တစ်ဦးဟာ အရာက နှုတ်ခံရတယ်။ ထောင်ကျခံရတယ်။

သည်တုန်းက တောင်သမန်အင်းကို ဘေးမဲ့ပေးတော်မူထားတယ်။

အဲဒီဝန်ထောက်နဲ့ နာခံတော်တို့ဟာ ဘေးမဲ့အင်းထဲက ငါးကို ဖမ်းတယ်ပေါ့။ ပုဂံမင်းကလည်း မစဉ်းစားဘူး။ ချက်ချင်းပဲ အရာနှုတ်ပြီး ထောင်ချလိုက်တယ်။ တကယ်တော့ အတွင်းဝန်မောင်ပွားထံ မခစားလို့ ခံရတာပဲ။ ဒါကို သိကြပေမယ့် ဘယ်သူကမျှ မပြောရဲကြဘူး။

နန်းစံကြသူများ

ဘုရင်က ထွက်တော်မူမလာတော့ မောင်ပွားနဲ့ မောင်ကျောက်လုံးတို့ရဲ့ အမိန့်တော်ပြန်သမျှကို ခံကြရတာပေါ့။

မြို့တော်ဝန်ဘိုင်ဆပ်ဟာ နေပြည်တော်မှာ ပုဂံမင်းပြီးရင် သူ့ကိုပဲ ကြောက်နေရတယ်။ ခက်တာက အမရပူရမြို့တော်ဟာ မင်းနေပြည်တော်ဆိုပေမယ့် နေရထိုင်ရတာ ကျီးလန့်စာစား ဖြစ်နေတယ်။ ရွှေနန်းတော်အတွင်းမှာကလည်း အခြေအနေမကောင်းဘူး။

အနိဋ္ဌာရုံရဲ့ ရှေ့ပြေးအရိပ်များဟာ ထိုးကျနေပြီ။

သည်အရေးကို သရက်မင်းသားက ဦးဆောင်တယ်။

သူဟာ ပုဂံမင်းတရားရဲ့ ညီတော် ပုခန်းမင်း သီရိသီဟသူရဓမ္မရာဇာရဲ့သားတော် ဖြစ်တယ်။ ပုဂံမင်းတရားကြီးရဲ့ ဟာကွက်တွေကို ကြည့်ပြီး ထီးနန်းသိမ်းဖို့ ကြံစည်ခြင်းဖြစ်တယ်။ အားလုံး စုစုစည်းစည်းနဲ့ တိုင်ပင်ပြောဆိုကြတယ်။

သရက်မင်းသားအဖို့ သည်အရေးကို လုပ်ကိုင်ဖို့ မစဉ်းစားခဲ့ဘူး။

ဒါပေမယ့် သူ့နောက်မှာ ရွှေနန်းတော်အတွင်းက ပုဂ္ဂိုလ်အချို့ပါရှိနေတော့ ဆက်လုပ်ဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်တယ်။

ပခန်းမင်းသားကြီး ငကာ၊ အတွင်းဝန် ငဆိုး၊ ငထွေးတို့လည်းပါတယ်။ တကယ်တော့ သရက်မင်းသားက ရုပ်ပြပဲ။ သူ ဦးဆောင်တယ်ဆိုတာထက် သူတို့က ဦးဆောင်တယ်ဆိုရင် ပိုမှန်တယ်။

ခဲပေါင်မြို့စား ရွှေတိုက်ဝန် ငဟန်လည်း သည်အရေးမှာ ပါတယ်။

သူက ရွှေတိုက်ဝန်ဆိုတော့ နန်းစဉ်ကျောက် ရွှေငွေဘဏ္ဍာတော်အချို့ကို ထုတ်ပေးရတယ်။ သူနဲ့အတူ ရွှေတိုက်စိုး ငချစ်ဘက်၊ ငရွှေသိုင်း၊ ရွှေတိုက်ကြပ် ငရွှေသီး ငကြီးတို့လည်း ပါတယ်။

လူဆိုတာကလည်း ခက်သားကလား။

မပြောပါနဲ့ဆိုတာကို သိပ်ပြောချင်ကြတယ်။ ဘူးတစ်ရာအပေါက်ကို လုံအောင်ပိတ်နိုင်တယ်။ ပါးစပ်တစ်ပေါက်ကို လုံအောင် ပိတ်နိုင်ဖို့တော့ ခဲယဉ်းတယ်။



www.foreverspace.com.mm

www.foreverspace.com.mm



သည်တော့ သည်လျှို့ဝှက်သတင်းကို အတွင်းတောက သိသွားပြီ။

ချက်ချင်းပဲ အားလုံးကို ဖမ်းဆီးစေတယ်။ တူတော်ဖြစ်တဲ့ သရက်မင်းနဲ့ စားကျေးမြို့ရွာများကို နှုတ်သိမ်းလိုက်တယ်။

အပေါင်းပါ လူတစ်ဆယ့်ငါးဦးကို သုဿန်ထုတ် ဓားနဲ့ခုတ်သတ်စေတယ်။ သူတို့ဟာ ဘာမျှ မလှုပ်ရှားလိုက်ရဘူး။ ခဲပေါင်မြို့စား ရွှေတိုက်ဝန်ဟောင်နဲ့ သူ့နှမ မိဖြူ သားမယားတို့ကို ထောင်သွင်း အကျဉ်းချထားလိုက်တယ်။ ကျန်တဲ့ ရွှေတိုက်အမှုထမ်းများကိုတော့ ထုံးစံနဲ့အညီ စီရင်တော်မူတယ်။ သတ်ပစ်တာပေါ့။

တစ်ခါတော့ ပုဂံမင်းဟာ အိမ်နဲ့လျောင်ထားတဲ့ တိုက်ချိုးများလွတ်ထွက်သွားတဲ့အတွက် ချိုးစောင့်တဲ့အမှုထမ်းတွေ အရိုက်ခံရတယ်။ အချို့တို့မှာ အရိုက်ခံရပြီး နေရာမှာပဲ သေဆုံးကြတယ်။

ချိုးအိမ်လုပ်တဲ့သူလည်း ကောင်းမွန်အောင်မလုပ်ဘူးဆိုပြီး တုံးဖိနေလှန်းတယ်။ ဒါပေါ့ . . . သက်ဦးဆံပိုင်ခေတ်ဆိုတာက သည်လိုမှ တော်ရုံကျတာပဲ။

အလုံမြို့ စီရင်စုညောင်ကန်ရွာ ပုတလင်းရွာတို့ကို ကျောက်တိုင်နယ်နိမိတ်သတ်မှတ်တယ်။ ကျောက်တိုင်စိုက်မတ်ပြီး သားငှက်တိရစ္ဆာန်များကို ဘေးမဲ့ပေးတယ်။

အဲဒီနေရာကို ဘကြီးတော်မင်းတရားလက်ထက်တုန်းကလည်း ဘေးမဲ့ပေးတော်မူခဲ့သေးတယ်။

အဲဒါဟာ ပုဂံမင်းရဲ့ ကုသိုလ်တော်များထဲက တချို့ပဲ။ ဗားကရာတိုက်မှာ ကျောက်ဦးပြာသဒ်နဲ့ စံကျောင်းကြီး ဆောက်လုပ်လှူဒါန်းတယ်။

၁၂၀၉ ခု တပေါင်းလဆန်း ၁၃ ရက်နေ့မှာ ထောင်အကျဉ်းခံရသူ ၃၈ ယောက်တို့ကို ဘေးမဲ့ပေးတယ်။

သည်တုန်းက မြန်မာတို့ရဲ့ သမိုင်းကို ပြန်ကြည့်ရင် တိုင်းပြည်ရေးက သည်လောက်ရှုပ်ထွေးတယ် မဟုတ်ဘူး။ ရွှေနန်းတော်အတွင်းရေးက ရှုပ်ထွေးနေတာပဲ။ ဘုရင်မင်းမြတ်ရဲ့ အိမ်တွင်းရေးတွေဟာ သပွတ်အူလို ပွေလိမ်နေတယ်။

နန်းစံကြသူများ

မြန်မာတို့ရဲ့ ဘုရင်မင်းတရားကြီးတွေဟာ မိဖုရားလေးပါးရှိရတယ်။

ဒါက အစဉ်အလာတစ်ရပ်ပဲ။ အဲဒီ အစဉ်အလာအတိုင်း မထားလို့ မရဘူးလား မသိဘူး။

တောင်နန်းတော် မိဖုရား၊ မြောက်နန်းမိဖုရား၊ အလယ်နန်းမိဖုရား၊ အနောက်နန်းမိဖုရားတို့ပေါ့။ အဲဒါက နန်းရမိဖုရားတွေ။

သူတို့အပြင် တောင်ဆောင်တော်မိဖုရား၊ မြောက်ဆောင်မိဖုရား၊ တောင်ရွှေရေးဆောင်မိဖုရား၊ မြောက်ရွှေရေးဆောင်မိဖုရားတို့ ဖြစ်တယ်။ ဒါဟာ အဆောင်ရ မိဖုရားလေးပါးပဲ။

သည်လို နန်းရ အဆောင်ရ မိဖုရားရှစ်ပါးအပြင် တခြားအဆင့်နိမ့်တဲ့ မိဖုရားတွေ ရှိသေးတယ်။ တန်းလျားရမိဖုရား၊ တန်းလျားမရ မိဖုရား၊ ဒေဝီဘွဲ့ခံမိဖုရားလတ်၊ မဟေသီဘွဲ့ခံ မိဖုရားငယ်တို့လည်း ရှိတယ်။

ဝတီဘွဲ့ခံ ကိုယ်လုပ်တော်ကြီး၊ သီရိဘွဲ့ခံ ကိုယ်လုပ်တော်လတ်၊ မင်းတပ်ဘွဲ့ခံ ကိုယ်လုပ်တော်ငယ်တို့ပဲ ဖြစ်တယ်။

မင်းတရားကြီး ကောက်တော်မူတိုင်းလည်း မိဖုရား အခေါ်ခံရတာ မဟုတ်ဘူး။

နန်းရမိဖုရားလေးပါးနဲ့ အဆောင်ရ မိဖုရားလေးပါးတို့မှလွဲရင် ကျန်မိဖုရားများကို ကိုယ်လုပ်တော်လို့ သိမ်းကျုံးခေါ်တယ်။

မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသားတို့ရဲ့ မယ်တော်လည်း အဆောင်ရ မိဖုရားဖြစ်တယ်။ တောင်ရွှေရေးဆောင်မိဖုရားပေါ့။ တောင်ရွှေရေးဆောင်ကို နှစ်ထပ်လည်ပေါ်နဲ့ အဆောင်မကြီးအား တဲဆောင်နှစ်ဆောင် ရံပြီး ဆောက်လုပ်ထားတယ်။ အလယ်ဆောင်မကြီးဟာ ဟသ်ပဒါးအနီခံပြီး နှုတ်ခမ်းသတ်ရွှေရေးထားတယ်။

ဘယ်လိုပဲ မကောင်းမှုဖြစ်ပါစေ . . . စေတနာဆိုတာ ချက်ချင်း အကျိုးပေးတတ်တာပဲ။

အမှန်တရားဆိုတာကလည်း တစ်နေ့မှာ တစ်နည်းမဟုတ် တစ်နည်းနဲ့ ပေါ်လာတာပဲ။ ဟော . . . ခုလည်းကြည့်လေ တစ်သက်လုံး ဖုံး

www.foreverspace.com.mm



သမျှ ကုန်းထမှပေါ်ဆိုသလို မြို့ဝန်ဘိုင်ဆပ်နဲ့ မြို့စာရေးငပိန်တို့ ကံကြမ္မာ ဟာ သေတွင်းနဲ့ နီးလာပြီ။

ဘယ်သူပဲဖြစ်ဖြစ်ပေါ့ လူဆိုတာက ကိုယ်စိတ်နှလုံး သိမ်မွေ့ရမယ်၊ ချိုသာရမယ်၊ ဖြောင့်မတ်ရမယ်၊ သံသရာနဲ့စာလိုက်ရင် တစ်ဘဝဆိုတာ ခဏလေးပဲ။ သည်တော့ ဒီဘဝကို မကြည့်ဘဲ သံသရာကို မျှော်ကြည့်ပြီးမှ လုပ်သင့်တယ်။

သံသရာဆိုတာက သေပြီးမှ ဘဝကူးတာ မဟုတ်ဘူး။

နာမ်ရုပ်တွေ အဆက်မပြတ် ဖြစ်ပျက်နေတာကိုခေါ်တာပဲ။ လူ့ဘဝ မှာ စည်းစိမ်ကျကျနနနဲ့နေပြီး သေခါနီးကျမှ ဒုက္ခပါပဲလို့သိတာဟာ ရှက် စရာအတိကောင်းတယ်။

တကယ်တော့ ကောင်းကျိုးရှိရာ ကောင်းကျိုးလာတယ်။

မကောင်းမှုရှိရာကိုလည်း မကောင်းကျိုးလာရမှာပဲ။ ဘိုင်ဆပ်တို့မှာ တော့ မကောင်းအာရုံများဟာ အလကားနေရင်းပေါ်နေတယ်။ ပေါ်နေ တယ်နဲ့အမျှ မွေ့လျော်တယ်ပေါ့။ သူတို့ဟာ မင်းတရားကြီးရဲ့ အိမ်တော်ပါ တွေ မြှောက်စားချီးမြှင့်မှုခံရတဲ့သူတွေ မဟုတ်လား။ သည်တော့ စိတ်ကြီး ဝင်နေတယ်။

သည်လို မာနတွေ တစ်ခွဲသားနဲ့နေလို့ပဲ တခြားသူတွေကို အထင် သေးနေတာ။ ဒါဟာ သဘာဝပဲပေါ့။

အပျော်အပါးများတဲ့ မြို့ရွာနိုင်ငံတွေဟာ ဆင်းရဲစမြဲပဲ။ အဲဒီမှာ မှီတင်းနေထိုင်ကြတဲ့လူအများလည်း ပျော်ပါးမှုနောက်မှာ တကောက်ကောက် လိုက်နေရတယ်။ သည်တော့ ဆင်းရဲတာ မဆန်းပါဘူး။

ခုဆိုရင် သူတို့ရဲ့လုပ်ရပ်တွေဟာ တစ်ခုချင်းအမျှင်တန်း ပေါ်လာ ပြီ။

လူတွေကို နှိပ်စက်၊ သတ်ဖြတ်မှုတွေဟာလည်း ဖုံးကွယ်လို့ မရ တော့ဘူး။ သည်လိုစဖြစ်ဖို့ကြုံလာတာကလည်း အင်္ဂပူမိဖုရားကစလာတာပဲ။

တစ်နေ့တော့ အင်္ဂပူမိဖုရားရဲ့အိမ်တော်မှာ ပစ္စည်းပျောက်တယ်။

နန်းစံကြသူများ

www.foreverspace.com.mm

မိဖုရားရဲ့ လက်ဝတ်တန်ဆာအချို့ပေါ့။ ဒါကိုပုဂံမင်းက မြို့ဝန် ဘိုင်ဆပ်ကို စစ်ဆေးစေတယ်။ ဘိုင်ဆပ်ဟာ အနောက်ဆောင်ထဲကို တန်းဝင်သွားတယ်။

တကယ်ကျတော့ အနောက်ဆောင်ဆိုတာက မင်းရဲ့မိဖုရားတွေ မိန်းမသားချည်းနေတဲ့ အရပ်ပဲ။

ဘယ်ယောက်ျားတစ်စုံတစ်ယောက်မျှ မသွားမလာရဘူး။ အရေးကြီးငယ်ရှိလို့များ လာချင်ရင် အနောက်ဝန် အနောက်စာရေးတို့ကို အခွင့်ပန်ရတယ်၊ အသိပေးရတယ်။

ခုတော့ သည်လို မဟုတ်ဘူး။

ဘိုင်ဆပ်က မိဖုရားဆောင်တွေထဲမှာ တစ်ကိုယ်တော် ဝင်ထွက်သွားလာနေတယ်။ အဲ့ဒီအဆောင်တွေကို သင်းကွပ်ထားတဲ့ မိန်းမစိုးတွေပဲ ဝင်ခွင့်ရှိတယ်။ ဘုရင်မင်းမြတ်ရဲ့ညီတော်သားတော်ဘယ်သူမှ သွားလာဝင်ထွက်ခွင့်မရှိဘူး။

ယောက်ျားသားတွေအဖို့ လုံးဝတားမြစ်ထားတဲ့ ဘုရင့်ပိုင်နက် ဖြစ်တယ်။

သည်အကြောင်းကို အင်ပူမိဖုရားက ပုဂံမင်းတရားထံ တင်လျှောက်တယ်။ မယားထိ ဓားကြည့်ဆိုသလိုပဲ သူအလွန်ယုံကြည်တဲ့ ဘိုင်ဆပ်ကို ချက်ချင်း ဖမ်းဆီးစေတယ်။

ထောင်သွင်းချထားစေတယ်။

သည်တင်မှ သူ့ရဲ့အစော်ကားခံ အနှိပ်စက်ခံရသူတွေအားလုံးက သက်ဆိုင်ရာကို တိုင်ကြားရဲတော့တယ်။ ခုဆိုရင် ဘိုင်ဆပ်နဲ့ မြို့စာရေးငပိန်တို့က လက်မရှို့ထောင်ထဲမှာ စံမြန်းနေကြရပြီ။

တကယ်တော့ ပုဂံမင်းအဖို့ သူမွေးတဲ့မျောက် သူ့ပြန်ချောက်တာပဲ။

ဘိုင်ဆပ်ကို စစ်ဆေးမေးမြန်းရင်းက သည့်ထက်အရေးကြီးတဲ့ ပြဿနာတွေဟာ အာလုံးပေါ်လာခဲ့တယ်။ ဒါက တခြားမဟုတ်ဘူး။

ပုဂံမင်းဟာ ဘိုင်ဆပ်ကို အဖမ်းမြန်လို့ပဲ။

www.foreverspace.com.mm



နို့မဟုတ်ရင် ရွှေထီးရွှေနန်းကိုတောင် လုယူဖို့ကြံစည်တယ်ဆိုပါလား။ အားလုံးအံ့အားသင့်ကြရတယ်။ ဒါပဲပေါ့ ဟုတ်လို့ပေါ် ပုပ်လို့ကျော်ဆိုတာ။ ရွှေမြို့တော်ဝန်ဆိုတာက ပုဂံမင်းရဲ့ ယုံကြည်စိတ်ချတော်မူလို့ ခန့်အပ်ထားတာပဲ။

ဒါကို ဘိုင်ဆပ်အဖို့ အေးအေးမနေဘူး။

သည့်ထက်ပိုပြီး ကြီးပွားချင်ဟန်တူရဲ့။ မတန်မရာကို ကြံစည်တယ်ပေါ့။ သည်တော့ သူ့ကို အတွင်းတော်က အဆုံးစီရင်စေဖို့ အမိန့်တော်မှတ်တော်မူတယ်။ သူနဲ့အတူ မြို့စာရေးမောင်ပိန်လည်း အဆုံးစီရင်ရမယ်ပေါ့။

ဘိုင်ဆပ်နဲ့ ငပိန်ကို အဆုံးစီရင်စေဆိုတာကို ကြားသိတဲ့ လူတွေဟာ လက်မရွှံ့ထောင်နားမှာ စုဝေးနေကြတယ်။

အဲ့ဒီအထဲမှာ လင်သေ၊ သားသေ၊ သမီးသေ စတဲ့လူတွေချည်းပဲ။ သားအသတ်ခံရတဲ့ ဘိုးသူတော်ကတော့ ဓားမကိုထမ်းလျက်သား စောင့်နေတယ်။

သည်တုန်းက သူတို့အားလုံးရဲ့ဆန္ဒက တစ်ခုတည်းရှိတယ်။

ဘိုင်ဆပ်နဲ့ ငပိန်ကို သူတို့လက်နဲ့ သတ်ချင်နေကြတာပဲ။ လူတွေဟာ ရုတ်ရုတ်သဲသဲနဲ့ ထောင်ပတ်ဝန်းကျင်မှာ ရှိနေတယ်။

နေကား စောင်းပြီ။

အချိန်တန်လို့ သူတို့နှစ်ဦးကို လှည်းပေါ်တင်ပြီး အနောက်တံခါးအတိုင်း ထွက်လာတယ်။ သရက်တစ်ပင် သုသာန်မှာ ဓားနဲ့ခုတ်သတ်တော့မယ်ပေါ့။

အနောက်တံခါးလွန်တာနဲ့ အခြေအနေဟာ တစ်မျိုးပြောင်းသွားတယ်။

အာဏာပါးကွက်သားတွေကလည်း ပေါ့ပေါ့လျော့လျော့ ရှိတယ်။ နောင်ကြိုးတည်းလာတဲ့ ငမိုက်သားနှစ်ဦးဟာ လှည်းပေါ်မှာ အငူသားရှိနေတယ်။ ဘိုင်ဆပ်အဖို့ တန်ခိုးကြီးခဲ့တဲ့ မိမိဘဝဟာ ခုတော့ အလကားပဲဆိုတာ သိနေပြီ။

နန်းစံကြသူများ

သတ္တိမရှိပေမယ့် အာဏာကလေးရှိနေတော့ လုပ်ချင်ရာ လုပ်ခဲ့တဲ့ ငပိန်ဟာလည်း ခုတော့ စကားတောင် မဟဝံ့တော့ဘူး။

အနောက်တံခါးလွန်တာနဲ့ လူစုလူဝေးဟာ ပိုများလာတယ်။

သူတို့လက်ထဲမှာ တုတ်တိုတွေ အများဆုံးကိုင်ထားကြတယ်။ အရင်က မော်မကြည့်ဝံ့ခဲ့တဲ့ သူတို့တစ်တွေဟာ ခုတော့ တံတွေးတွေနဲ့ ဝိုင်းထွေးကြတယ်။

ချက်ချင်းပဲ လူပ်ရှားမှုတစ်ခုကြောင့် လူတွေကို အုံကြွစေတယ်၊ သွေးဆူစေတယ်။ ပြီးမှ ဘိုင်ဆပ်နဲ့ငပိန်ကို အားပါးတရ ထိုးခုတ်တော့တယ်။ တခြားသူတွေကလည်း သူတို့လက်ထဲမှာရှိတဲ့ ရရာလက်နက်များနဲ့ ရိုက်နှက်တော့တယ်။

တာဝန်ရှိတဲ့ အာဏာပါးကွက်သားတွေလည်း သူတို့အသက်ကို လုပြေးရတော့တယ်။

သည်လိုအားဖြင့် ဘိုင်ဆပ်နဲ့ငပိန်တို့ဟာ ပြည်သူတွေရဲ့လက်ချက်နဲ့ သေဆုံးသွားတော့တယ်။

ဒါပဲပေါ့. . . မဟုတ်တာလုပ်ရင် မဟုတ်တာ ဖြစ်တာပါပဲ။ လူဆိုတာက အမြဲတမ်း အသက်ရှင်ကြရတာ မဟုတ်ဘူး။ တိုတောင်းတဲ့ လူ့ဘဝမှာ မဟုတ်တာများများလုပ်ရင် အသက်တိုတတ်တာပဲ။ စေတနာဆိုတာ တူသောအကျိုးကို ပေးတယ်ပေါ့။

ပုဂံမင်းဟာ ပန်းပဲမင်းကြီးဦးမှိုအား ရန်ကုန်မြို့တွင် အိမ်တော်ရာ စေတီ တည်စေတယ်။ ပဲခူးရေဝန်မင်းကြီးက တာဝန်အားလုံးကို ယူရတယ်။ သာယာဝတီမင်းတရားကြီး ရန်ကုန်မြို့သို့ စုန်စဉ်က စံအိမ်တော်နေရာမှာ ဖြစ်တယ်။

နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးဟာ ပုဂံမင်း နန်းတက်ပြီးကတည်းက ပြောင်းလဲလာတယ်။

နိုင်ငံတော်ရဲ့ စည်းလုံးရေးအင်အား ချည့်နဲ့လာတယ်။ သူဟာခမည်းတော်မင်းတရားလို နိုင်ငံတော်ကို မအုပ်ချုပ်နိုင်ဘူး။ ထထကြွကြွလည်း မရှိဘူး။

www.foreverspace.com.mm

ပုဂံမင်းဟာ တောပစ်လည်ခြင်း၊ ကြက်တိုက်ခြင်းနဲ့သာ အချိန်ကုန်နေတယ်။

နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးကို ညီတော်မင်းတုန်းမင်းသားနဲ့ မက္ခရာမင်းသား မှူးမတ်များကိုပဲ လွှဲအပ်ထားတယ်။ သည်တော့ ပုဂံမင်းအုပ်ချုပ်စဉ်ကာလမှာ နိုင်ငံတော်ရဲ့အခြေအနေဟာ မကောင်းလှဘူး။

ကစဉ့်ကလျား ဖြစ်နေပြီ။

ပိုခက်တာက အသားထဲက လောက်ထွက်နေကြတဲ့သူတွေပဲ။ သည်တုန်းက အင်္ဂလိပ်တို့ဟာ အတွင်းတော်ထဲအထိ သူလျှိုများ ထားခဲ့တယ်။

လူဆိုတာက ငွေဘက်ပါတာတွေချည်းပဲ။

မတန်တဆရလာတဲ့ ငွေတစ်မျက်နှာကိုကြည့်ပြီး အတွင်းတော်က သတင်းများကို ပေးပို့တယ်။ သူတို့အဖို့ နိုင်ငံတော်ရဲ့မျက်နှာကို မကြည့်တော့ဘူး။

ငါတို့ သည်လိုသစ္စာဖောက်ခြင်းအတွက် နိုင်ငံတော်ဟာ ကျွန်ဖြစ်တော့မယ်ဆိုတာလည်း မသိကြဘူး၊ မတွေးတောကြဘူးပေါ့။

အင်္ဂလိပ်တို့ဟာ မြန်မာတို့ရဲ့ အားနည်းနေတဲ့ကာလ အထိစောင့်ကြည့်နေတယ်။

မိမိကိုယ်ကိုယ် အထင်တကြီး ရှိနေတဲ့ မြန်မာတို့ကလည်း အမူမဲ့အမှတ်မဲ့ပဲ နေနေတယ်။ တကယ်ဆိုတော့ ခမည်းတော် သာယာဝတီမင်းရော၊ သားတော်ပုဂံမင်းပါ ရန္တပိုစာချုပ်ကို စိတ်နာကြတယ်။ ရွံမုန်းကြတယ်။

အထူးသဖြင့် အင်္ဂလိပ်တို့ရဲ့ ကျူးကျော်ရန်စမှုကို သိတယ်။ မတရား အနိုင်အထက် ပြုမူတယ်ဆိုတာလည်း သိတယ်။ ဒါကြောင့် ခံပြင်း ဖြစ်ကြရတယ်။

အဲဒီရန္တပိုစာချုပ်ဟာ သူနဲ့ချုပ်ဆိုခြင်း မဟုတ်ဘူး။

သည်တော့ မသိလိုက်မသိဘာသာပဲ နေတယ်။ အင်္ဂလိပ်တို့ရဲ့ ကိုယ်စားလှယ်ကိုလည်း ဂရုမစိုက်ဘူး။ ဒါကို အိန္ဒိယဘုရင်ခံချုပ်ဖြစ်တဲ့ လောဒ်ဒါလဟိုဇီက အခံရခက်နေတယ်။

နန်းစံကြသူများ

www.foreverspace.com.mm

သည်ကတည်းက အင်္ဂလိပ်တို့ဟာ မြန်မာတို့ကို တိုက်ခိုက်ဖို့ စစ်ပြင်နေတယ်။

သည်တွင် မကြာပါဘူး မြန်မာတို့ ကျွန်ဖြစ်ဖို့ ကြုံလာတော့ အကြောင်းက ဖန်လာတယ်။

ခရစ်နှစ် ၁၈၅၈ ခု ဇွန်လမှာ မိုးနတ်ခေါ်တဲ့ သင်္ဘောတစ်စင်းဟာ ရန်ကုန်ဆိပ်ကမ်းကို ရောက်လာတယ်။ အဲဒီသင်္ဘောကို ကပ္ပတိန်ရောဘတ်ရှက်ပတ်က ဦးစီးတယ်။

အဲဒီတုန်းက ရန်ကုန်မြို့ဝန်ဟာ မဟာမင်းလှမင်းခေါင်ကျော် ဦးအုပ်ဖြစ်တယ်။ မကြာခင်ပဲ ကပ္ပတိန်ရောဘတ်ရှက်ပတ်ကို မြို့ဝန်က ဖမ်းဆီးလိုက်တယ်။

အကြောင်းက ရှိပါတယ်။

သူ့ရဲ့သင်္ဘောမှာ ရေကြောင်းပြဖြစ်တဲ့ အီစွပ်ဆိုသူအား ပင်လယ်ထဲ ပစ်ချသတ်ဖြတ်တဲ့ကိစ္စပဲ။ ဒါကို သေဆုံးသွားတဲ့ အီစွပ်ရဲ့ညီ ဟာရှင်က မြို့ဝန်ထံ လာတိုင်တယ်။

သည်အတွက် မြို့ဝန်က ရှက်ပတ်အား ဒဏ်ငွေ ၄၆ ပေါင်ရိုက်တယ်။

နောက်တစ်ခုက အင်္ဂလိပ်စစ်သင်္ဘောမှာ အမှုထမ်းနေတဲ့ ဒေဝါဒလီကလည်း တိုင်ကြားလာပြန်တယ်။ သူဟာ သေဆုံးသူအီစွပ်ရဲ့ အစ်ကိုဖြစ်တယ်။ အီစွပ် အသေဆုံးမီ အီစွပ်နဲ့အတူ ငွေငါးရာကျပ် ပါသွားပါတယ်။ ဒါကြောင့် အလျော်တောင်းပေးဖို့ ထပ်တိုင်တာဖြစ်တယ်။

အခုဖြစ်တဲ့ အမှုတွေဟာ မြန်မာမင်းပိုင်တဲ့ ဒေသအတွင်းမှာပဲရှိလို့ မြန်မာတို့ဟာ အရေးယူပိုင်ခွင့်ရှိတယ်။ ဒါကြောင့် မြို့ဝန်က ရှက်ပတ်ကို ထပ်မံ ဒဏ်ရိုက်လိုက်ဖြစ်တယ်။

ဒါကို ရှက်ပတ်က မကျေနပ်ဘူး။

ဒါကြောင့် သည်ကိစ္စကို တနင်္သာရီတိုင်းမှာ အုပ်ချုပ်နေတဲ့ အင်္ဂလိပ်တိုင်းမင်းကြီးထံ လှမ်းတိုင်တယ်။ သူတို့က ရန္တပိုစာချုပ်ကိုင်ပြီး ပြောတယ်။

www.foreverspace.com.mm



ရန္တပိုစာချုပ်အပိုဒ် ၄ အရ တနင်္သာရီ၊ ရေး၊ မြိတ်၊ ထားဝယ်နယ်များကို အင်္ဂလိပ်တို့က ပိုင်နေပြီမဟုတ်လား။

သည်ကိစ္စသည်မှာ ရပ်မသွားဘူး။ ငြိမ်မသွားဘူး။

နောက်ပြဿနာတစ်ခုကပေါ်လာခဲ့ပြန်တယ်။ မကြာခင်ပဲ ချန်ပီယံအမည်ရှိတဲ့ သင်္ဘောတစ်စင်းဟာ ရန်ကုန်ကို ရောက်လာပြန်တယ်။ ကပ္ပတိန်က ဟာရီးလူးဝစ်ဖြစ်တယ်။

ဒါဟာလည်း လမ်းမှာ သင်္ဘောသားတို့ကို သတ်ဖြတ်ခဲ့တယ်။

ဒါကြောင့် အရေးယူပေးဖို့ တခြားသင်္ဘောသားတွေက မြို့ဝန်ထံ တိုင်ပြန်တယ်။ ဒါကို မြို့ဝန်က လူးဝစ်အား ဖမ်းစေတယ်။ ဒဏ်ငွေ ၇ ပေါင် တပ်ရိုက်လိုက်တယ်။

ဒါကို ရှက်ပတ်နဲ့ လူးဝစ်တို့က မကျေနပ်ကြဘူး။

အထူးသဖြင့် မြန်မာတို့ရဲ့ အရေးယူခံရမှုကို ပိုပြီး မကျေနပ်ဘူးပေါ့။ ဒါကြောင့် အိန္ဒိယဘုရင်ခံချုပ်ထံ လှမ်းတိုင်ကြတယ်။ သူတို့ဆုံးရှုံးတဲ့ ငွေပေါင်း ၁၉၂၀၀ ကျပ်ကို လျော်ကြေးရလိုကြောင်းလည်းပါတယ်။ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီက များတယ်ဆိုပြီး ၉၂၀၀ ကျပ်ပဲ တောင်းဖို့ ဆုံးဖြတ်လိုက်တယ်။

သည်တုန်းက အင်္ဂလိပ်တို့ဟာ အာဖဂန်နစ္စတန်နဲ့ ဖြစ်နေတဲ့စစ်ပွဲဟာ ပြီးသွားပြီ။

ဒါကြောင့် ဘာကိစ္စပဲလုပ်လုပ် လွတ်လွတ်ကျွတ်ကျွတ် လုပ်နိုင်ပြီပေါ့။

တကယ်တော့ သည်အင်္ဂလိပ်ကုန်သည်နှစ်ဦးရဲ့ကိစ္စဟာ ဘာမှ မဖြစ်လောက်ဘူး။ သာယာဝတီမင်းလက်ထက်မှာဖြစ်ခဲ့တဲ့ အင်္ဂလိပ်မြန်မာ နယ်စပ်အရေး၊ မြန်မာတို့အပေါ် စစ်တိုက်ဖို့ ခြိမ်းခြောက်ခံရခြင်းဟာ သည်ထက် ကြီးမားတယ်။

နှစ်ခုယှဉ်လိုက်ရင် အခုဖြစ်တဲ့ကိစ္စဟာ အလွန်သေးငယ်တာပဲ။

နန်းစံကြသူများ

www.foreverspace.com.mm

ဒါပေမယ့်လို့ အင်္ဂလိပ်တို့က ခံပြင်းနေတယ်။ ရန္တပိုစာချုပ်ကို ပစ်ပစ်ခါခါလုပ်နေခြင်းကို မကျေနပ်ကြဘူး။ ဒါကြောင့် သည်အသေးအဖွဲ ကိစ္စလေးကိုပဲ အစပြုရတော့တာပဲ။

သည်ကုန်သည်နှစ်ဦး လာရောက် လျော်ကြေးငွေတောင်းရင် မြန်မာ အစိုးရက ပြတ်ပြတ်သားသားငြင်းပယ်မယ်ဆိုတာကို အင်္ဂလိပ်တို့က သိတယ်။ သိပေမယ့် သည်ကိစ္စကို ပုံကြီးချဲ့ချင်နေကြတယ်မဟုတ်လား။

ပြီးတော့လည်း မြန်မာတို့ မခံမရပ်ဖြစ်အောင် နှိုးဆွပေးရမယ်ပေါ့။

မကြာခင်မှာပဲ ဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီက မြန်မာအစိုးရထံ ကန့်ကွက်စာတစ်စောင် ပေးလိုက်တယ်။ အဲဒီကန့်ကွက်စာကို သွားပေးဖို့ စစ်သင်္ဘောလေးစင်းနဲ့ လွှတ်လိုက်တယ်။

ကွန်မင်ဒိုလင်းဘတ်က ဦးဆောင်သွားခြင်းဖြစ်တယ်။

တကယ်တော့ သည်ဖြစ်ရပ်ဟာ ရှင်းပါတယ်။

ဟံသာဝတီမြို့ဝန်ဆိုတာက ပုဂံမင်းတရားရဲ့ကိုယ်စား အုပ်ချုပ်ရ တာပဲ။ သည်တော့ မြန်မာ့မြေပေါ်မှာနေတဲ့ လူမှန်သမျှကို မြန်မာတို့ရဲ့ ဥပဒေနဲ့ စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိတာပဲ။

ဘယ်သူပဲဖြစ်ဖြစ်ပေါ့ မြန်မာမြေပေါ်မှာ နေသူတို့ဟာ မြန်မာတို့ရဲ့ ဥပဒေထုံးတမ်းစဉ်လာများကို လိုက်နာရမှာပဲ။ သည်တော့ မြန်မာမြို့ဝန် ဆိုတာက တရားပိုင်၊ ဓားပိုင်၊ သက်ဦးဆံပိုင်ဖြစ်တယ်။ တရားစီရင်ရာမှာ သေမိန့် သတ်မိန့်များကို ပေးပိုင်ခွင့်ရှိတယ်။

သည်ဖြစ်ရပ်မှာကြည့်ရင် မြန်မာမြို့ဝန်မင်းရဲ့ သက်ညှာစွာ တရား စီရင်ကြောင်း တွေ့ရမယ်။ တရားမျှတမှုရှိကြောင်းလည်း တွေ့ရမယ်။

ဒါကို အင်္ဂလိပ်တို့က မကျေနပ်ကြဘူး။

မိမိတို့ လူမျိုးတွေဟာ လက်နက်အင်အားတောင့်တင်းတယ်။ လူ အင်အားလည်း များတယ်။ နယ်မြေကလည်း ကြီးမားတယ်ဆိုပြီး မောက် မောက်မာမာ ရှိနေတာပဲ။

သည်တော့ အင်္ဂလိပ်တို့အဖို့ လျော်ကြေးငွေတောင်းခံခြင်းထက် လက်နက်နဲ့တိုက်ခိုက်ဖို့ ကြိုးစားနေကြတယ်။

www.foreverspace.com.mm



အင်္ဂလိပ်တို့ရဲ့ အဓိကတောင်းဆိုချက်က . . .

(၁) ရန်ကုန်မြို့ဝန် ဦးအုပ်အား ရာထူးမှ ပြောင်းရွှေ့ပြီး နေရာတွင် မြို့ဝန်အသစ် ခန့်ထားပေးရန်။

(၂) မတရား ဒဏ်ရိုက်ခံရသော ရှက်ပတ်နှင့် လူးဝစ်တို့အတွက် တောင်းဆိုထားတဲ့လျော်ကြေးငွေ ၉၂၀၀ ကျပ်ကို ပေးရန်တို့ပဲ ဖြစ်တယ်။

ကွန်မင်ဒိုလင်းဘတ်ဟာ စစ်သင်္ဘောလေးစင်းနဲ့အတူ ရန်ကုန်ကို ရောက်လာတယ်။

ဒါကို ရန်ကုန်မှာရှိတဲ့ အင်္ဂလိပ်ကုန်သည်များက ဝိုင်းဝန်းတိုင်ကြ ပြန်တယ်။ မြန်မာမြို့ဝန်ဟာ သူတို့အပေါ် မတရားမှု ပြုနေကြတယ်ပေါ့။ ဒါကို လင်းဘတ်က တစ်ဦးချင်းရဲ့ နစ်နာချက်များကို စာနဲ့ရေးသား တိုင်ကြားဖို့ ပြောလိုက်တယ်။

တကယ်ဆိုရရင် လင်းဘတ်ဟာ လူရှုပ်တစ်ယောက်ပဲ။

သူ့ကို အိန္ဒိယဘုရင်ခံချုပ်က လူးဝစ်နဲ့ ရှက်ပတ်တို့ကိစ္စအတွက် စေခိုင်းလိုက်တယ်။ ခုလို ဟိုပါသည်ပါ ပါနေဖို့ မဟုတ်ဘူး။ ခုလို လုပ်နေခြင်းဟာ သူထင်ရာ သူလုပ်နေတာပဲ။

ဒါပေမယ့် မြန်မာတို့က သည်းခံတယ်။

မြန်မာဘုရင်အစိုးရက အင်္ဂလိပ်တို့၏ တောင်းဆိုမှုတိုင်း ရေရှည် ဆက်ဆံမှုပြေပြစ်စေရန် ရန်ကုန်မြို့ဝန်ဦးအုပ်အစား လူသစ်ခန့်ထားမည် ဖြစ်ကြောင်း စာပြန်လိုက်တယ်။

မကြာခင်မှာပဲ ရွှေတော်မြို့ဝန် သတိုးမင်းကြီး မဟာမင်းလှ မင်းခေါင်ကျော်(ဦးမှုန်)ကို လူစားခန့်ထားလိုက်တယ်။

သည်တုန်းက ရန်ကုန်မှာနေတဲ့ အင်္ဂလိပ်ကုန်သည်တွေဟာ အလွန် ရိုင်းပျတယ်။

မြန်မာမြေပေါ်မှာ လာနေပြီး မြန်မာတို့ကို မခန့်လေးစားလုပ်တယ်။ အထူးသဖြင့်ကတော့ သူတို့နေတဲ့ အိမ်ဝင်းထဲမှာ ယူနီယံဂျက်အလံ အမြဲ လွှင့်ထားခြင်းပဲ။

နန်းစံကြသူများ

ဒါကို မြို့ဝန်အသစ် ဦးမှုန်က အင်္ဂလိပ်အလံကို ပြန်ချထားဖို့နဲ့ အလံတိုင်အနီးမှာထားတဲ့ နှစ်ပေါင်ဒါအမြောက်ကို ရွှေ့ပြောင်းပစ်ဖို့ အမိန့် ထုတ်လိုက်တယ်။

ဒါကို ကုန်သည်ဗီးရိုးက လိုက်နာခြင်းမရှိဘူး။

အလံလွှင့်ထူထားခြင်းက အင်္ဂလိပ်စစ်သင်္ဘောမှ ကွန်မင်ဒါလင်း ဘတ်ရဲ့အမိန့်အရ လွှင့်ထားခြင်းဖြစ်တယ်။ လင်းဘတ်ထံမှ အမိန့်မရမချင်း အလံကို ပြန်ချထားခြင်းမပြုနိုင်ပါလို့ အကြောင်းပြန်တယ်။

သည်ကြားမှာလည်း လင်းဘတ်နဲ့ အပြုအမူဟာ မထီမဲ့မြင်ရှိလှ တယ်။ ဒါကို မြန်မာမြို့ဝန်လည်း စိတ်ရှည်ရှည်ထားတယ်။ ခုထိ လင်းဘတ် တို့ဟာ ရန်ကုန်နယ်နိမိတ်အတွင်းက မဆုတ်ခွာသေးဘူး။

ခုဆိုရင် မြန်မာဘုရင်အစိုးရအဖွဲ့၏ အကြောင်းပြန်ချက်ကိုလည်း ရပြီးဖြစ်တယ်။ အင်္ဂလိပ်တို့နဲ့ အချင်းဖြစ်တဲ့ မြို့ဝန်ဦးအုပ်ကိုလည်း နေပြည် တော်ကို ပြန်ခေါ်ပြီးဖြစ်တယ်။ ဒါကြောင့် ပြန်ဖို့သင့်နေပြီ။

သည်လို မပြန်ဘဲနေခြင်းဟာ အင်္ဂလိပ်တို့ရဲ့ အကြံအစည်ဟာ မသေးဘူးဆိုတာ သိနိုင်တယ်။

သည်တော့ လင်းဘတ်ဟာ ရန်ကုန်မြို့မှာရှိတဲ့ အင်္ဂလိပ်ကုန်သည် များနဲ့ နိုင်ငံခြားသားများကို သူ့ရဲ့ စစ်သင်္ဘောများပေါ်မှာ ပြောင်းရွှေ့ နေစေတယ်။

အားလုံးပြီးစီးတာနဲ့ လင်းဘတ်ဟာ မြန်မာတို့ရဲ့ ရေနန်းယဉ်သာ သင်္ဘောကို ခိုးယူသွားတယ်။ ဟာမီးဆိုတဲ့ တိုက်သင်္ဘောနဲ့တွဲပြီး ယူသွား တာပဲ။ ရန်ကုန်မြို့ရဲ့ အောက်ဘက် ငါးမိုင်ခန့်အကွာမှာ စခန်းချနေတယ်။

ရန်ကုန်၊ ပုသိမ်၊ မော်လမြိုင်ဖြစ်ကြောင်းများကိုလည်း ပိတ်ဆို့ ထားလိုက်တယ်။

ရန်ကုန်မြို့ဝန်မင်းကြီးက ဒလမြို့ဝန်ကို လင်းဘတ်ထံ စေလွှတ် တယ်။ ခိုးယူသွားတဲ့ မြန်မာသင်္ဘောကို ပြန်လည်ပေးအပ်ဖို့ပဲ။ ဒါကို လင်း ဘတ်က မထေမဲ့မြင် ငြင်းပယ်လိုက်တယ်။



www.foreverspace.com.mm

www.foreverspace.com.mm



အင်္ဂလိပ်တိုက်သင်္ဘော ဟာမီးနဲ့ဖောက်တို့က ဓနုတ်ကွင်းခံတပ် အထိ စုန်ဆင်းလာတယ်။ ဖောက်စစ်သင်္ဘောကို လင်းဘတ်က ဦးစီးတယ်။ သူဟာ မြန်မာခံတပ်နဲ့ မလှမ်းမကမ်းမှာ ကျောက်စွဲရပ်နေတယ်။

ဖလေဂျသွန်သင်္ဘောကတော့ မြန်မာပိုင်ရေနန်းယဉ်သာသင်္ဘောကို စောင့်ထိန်းထားတယ်။ လင်းဘတ်တို့ ကျောက်ချပြီးတာနဲ့ ဟာမီးသင်္ဘော က မြန်မာပိုင်ရေနန်းယာဉ်သာသင်္ဘောကို တွဲဆောင်ယူလာတယ်။

သူ့နောက်က ဖလေဂျသွန်သင်္ဘော လိုက်လာတယ်။

ဓနုတ်ကွင်းခံတပ်နားရောက်သည်နှင့် မြန်မာတပ်များက အမြောက် နဲ့ ပစ်ခတ်တယ်။ ဆီးတယ်။ လင်းဘတ်ဦးစီးတဲ့ အင်္ဂလိပ်စစ်သင်္ဘောများက လည်း ပြန်ပစ်ခတ်တယ်။ သူတို့ဟာ ကမ်းပေါ်တက်ပြီး ခံတပ်များကို တိုက်ခိုက်တယ်။

ကမ်းမြေမှာရှိတဲ့ မြန်မာတို့ရဲ့ စစ်လှေစစ်ဖောင်များကို ဖျက်ဆီး နှစ်မြှုပ်ကြတယ်။

လင်းဘတ်က ရန်ကုန်မြို့ဝန်နဲ့ ဆက်ဆံရာမှာ ရိုင်းပျတယ်၊ မောက်မာတယ်၊ မြန်မာတို့ရဲ့ သင်္ဘောကိုလည်း ဖွတ်အတင်းလုပြေးတယ်။ သည်တော့ အင်္ဂလိပ်တို့ရဲ့လုပ်ပုံမှာ လုယက်မှုဖြစ်နေတယ်။

ဒါတွေဟာ တစ်ဖက်သတ်ကျလွန်းတယ်။ အနိုင်ကျင့်တယ်ပေါ့။ သူတို့ဟာ လျော်ကြေးငွေကို လက်နက်အားကိုးဖြင့် တောင်းဆိုခြင်းမှတစ်ပါး တခြားရွေးချယ်ဖို့ နည်းလမ်းမရှိတော့တာပေါ့။

သည်သို့အားဖြင့် ၁၈၅၂ ခု ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ မြန်မာ အစိုးရအဖွဲ့ထံ အိန္ဒိယဘုရင်ခံချုပ်က ပြင်းထန်သော တောင်းဆိုချက်များနဲ့ ရာဇသံကို ပေးလိုက်တယ်။

အင်္ဂလိပ်တို့ စစ်တိုက်ရန် ပြင်ဆင်တဲ့အတွက် ကုန်ကျငွေ စစ်စရိတ် ငွေဒင်္ဂါးတစ်သန်းကို ပေးရမယ်ဆိုတာပဲ။ အဲဒီတောင်းဆိုချက်ကို လိုက်လျော မည် မလိုက်လျောမည်ဆိုတာကို ဧပြီလ ၁ ရက်နေ့ မတိုင်မီ အကြောင်း ပြန်ကြားရမယ်လို့လည်း ပါရှိတယ်။

နန်းစံကြသူများ

အင်္ဂလိပ်တို့ဟာ ပုဂံမင်းတရားထံ လက်နက်ပြပြီး အခွင့်အရေးတစ်ရပ်ကို တောင်းဆိုလိုက်တာပဲ။

မြန်မာတို့ဟာ အင်္ဂလိပ်ကုန်သည်များကို ရန္တပိုစာချုပ်အတိုင်း မဆောင်ရွက်ခဲ့ဘူး။ နောက်တစ်ချက်က ပုဂံမင်းခန့်ထားတဲ့ ရန်ကုန်မြို့မှာ ရှိတဲ့ မင်းကြီးဦးမှုန်ဟာ အင်္ဂလိပ်စစ်ဗိုလ်များ သဝဏ်လွှာပေးရန် လာခြင်းကို အတွေ့မခံဘူး။ ဒါကြောင့် အင်္ဂလိပ်တို့ အရှက်ရစေတဲ့အတွက် မင်းကြီးဦးမှုန်က အင်္ဂလိပ်များကို တောင်းပန်စေရမယ်။

အဲဒီတောင်းဆိုချက်တွေက ဘယ်ထောင့်ကပဲကြည့်ကြည့် မတရားမှန်း လူတိုင်းသိကြတယ်။

အနိုင်ကျင့်တာပဲ။ ဒါကြောင့် ပုဂံမင်းဟာ စစ်သည်ဗိုလ်ပါတို့အား လက်နက်ပြင်ဖို့ အမိန့်တော်ထုတ်လိုက်တယ်။ ဒီလိုနဲ့ပဲ ပုဂံမင်းကြီး ထီးနန်းစိုးစံသက် ငါးနှစ်အရမှာ မြန်မာတို့နဲ့ အင်္ဂလိပ်တို့ဟာ ဒုတိယအကြိမ်စစ်ဖြစ်ရပြန်တော့တယ်။

ဒီလို အင်္ဂလိပ်တွေရဲ့ မတရားမှုတွေကို ပုဂံမင်းက အတော်များများ လိုက်လျောသေးတယ်။ စိတ်တော် ချုပ်တည်းမှုထားခဲ့သေးတယ်။

အင်္ဂလိပ်မြန်မာဆက်ဆံရေး ဆိုးဝါးလာချိန်မှာတောင် မြန်မာတို့ဘက်က အတော်လိုက်လျောသေးတယ်။ သည်းခံခဲ့သေးတယ်။ အင်္ဂလိပ်ကုန်သည်တွေ ပြောသလို သူတို့ကို ဖိနှိပ်တယ်၊ ညှဉ်းပန်းတယ်၊ မတရားလာဘ်စားတယ်ဆိုတာဟာ သူတို့ရဲ့ စွပ်စွဲချက်တွေပဲ။

တကယ်ဖြစ်တာက မြန်မာတို့ဟာ နိုင်ငံခြားသားများကို ကျူးကျော်နှိပ်စက်ခြင်းထက် နိုင်ငံခြားသားများကသာ မြန်မာတို့အပေါ်မှာ ကျူးကျော်နှိပ်စက်မှုတွေ ရှိခဲ့တယ်။ အဲဒီဖြစ်ရပ်တွေဟာ အင်္ဂလိပ်ကုန်သည်များရဲ့ မတရားလီဆယ်တိုင်တန်းမှုတွေသာ ဖြစ်တယ်။

အင်္ဂလိပ်ကုန်သည်များဟာ ရန်စခဲ့တယ်။

ဒါတွေအပြင် အင်္ဂလိပ်စစ်သားများကလည်း ရန်ကုန်မြို့ဝန်ရဲ့ နေအိမ်ဝင်းထဲကို မြင်းစီးပြီး ဖိနပ်စီးပြီး ခေးဆွဲပြီး အတင်းဝင်ခဲ့တာပဲ။

www.foreverspace.com.mm



ဒါကို မြို့ဝန်ရဲ့ အစောင့်တပ်သားများက မသင့်တော်ကြောင်း တားဆီး တယ်။ ဒီတော့ အင်္ဂလိပ်စစ်သားများက ရန်မူပြီး ဓားနဲ့လိုက်ခုတ်တယ်။

သူတို့ကို မြန်မာတို့က လိုက်ဖမ်းတယ်။ သင်္ဘောပေါ် တက်ပြေးကြ တယ်။

ဒါကို တာဝန်ရှိတဲ့ လင်းဘတ်က ဆင်ခြေပေးတယ်။ လူကြီး လူကောင်းတစ်ယောက်ဟာ မှန်တယ်ထင်ရာကို လုပ်ပိုင်ခွင့်ရှိတယ်။ မြို့ဝန် အိမ်မှာရှိတဲ့ စစ်သားများကို အရေးထားဆက်ဆံဖို့ မလိုဘူး။

ဂုဏ်သိက္ခာကျမယ်။

လူမိုက်တို့က အင်္ဂလိပ်စစ်သားတို့ရဲ့ ဓားကို အတင်းလုတယ်။ ဒါကြောင့် ရန်ပွဲဖြစ်တယ်ပေါ့။ တကယ်ဆိုရရင် စစ်ပွဲဆိုသည်မှာ တိုင်းပြည်နဲ့ အမျိုးကို ထိခိုက်စော်ကားမှုကြောင့် စစ်တိုက်ရတာ ဖြစ်တယ်။

အခုဖြစ်တဲ့ အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲဟာ တစ်ဖက်သတ် ကျူးကျော်ခြင်းသာ ဖြစ်တယ်။

စစ်ပွဲဟာ တစ်ဖက်သတ်ကျတယ်။ အင်္ဂလိပ်တို့ဟာ နိုင်ငံကြီးများ အချင်းချင်း စောင့်စည်းရမယ့် ထုံးတမ်းစဉ်လာကို ဖောက်ဖျက်ခဲ့တယ်။ သူတို့ဘက်က လုံးဝစစ်ကြေညာခြင်းမရှိဘဲ ၁၈၅၂ ဧပြီလ ၅ ရက်နေ့မှာ ရန်ကုန်၊ မုတ္တမနဲ့ ပုသိမ်မြို့များကို တစ်ပြိုင်တည်း အလစ်ဝင်တိုက်တယ်။

ဒီတင် မိမိတို့ပိုင် တိုင်းပြည်နယ်မြေကို ခုခံကာကွယ်ဖို့ မြန်မာတပ် များက ပြန်လည်တိုက်ခိုက်ရတော့တယ်။

ဒီတုန်းက မြန်မာတွေအဖို့ စက်မှုအင်အားတိုးတက်မှု မရှိသေးဘူး။ တခြားနိုင်ငံပြည်ပသို့လည်း အမြင်ကျယ်စွာ မလေ့လာကြသေးဘူး။ သယံ ဇာတပေါကြွယ်ဝတဲ့ ကိုယ့်နိုင်ငံလေးထဲမှာပဲ ကျေနပ်နေကြတယ်။

နိုင်ငံကို တိုးတက်အောင်လုပ်ဖို့ကလည်း ခေါင်းဆောင်ကောင်း မရှိသေးဘူး။

ပြီးတော့လည်း ပဒေသရာဇ် သက်ဦးဆံပိုင်ခေတ် မဟုတ်လား။ ဒီတော့ တစ်မင်း တစ်မိန့် တစ်ဩဇာခံရဲ့ လက်အောက်မှာပဲ ပြားပြားဝပ် ခဲ့ရတယ်။ အဲဒီတုန်းက ဘုရင်မင်းမြတ်တွေမှာ မိဖုရားတွေ အများကြီးပဲ။

နန်းစံကြသူများ

ဒီလို မိဖုရားများတာကလည်း များချင်လွန်းလို့ ဟုတ်ဟန်မတူဘူး။

ချစ်ကြည်ရေးကြောင့်၊ အုပ်ချုပ်ရေးကြောင့်၊ အင်အားတောင့်တင်းရေးကြောင့်၊ စီးပွားရေးလူမှုရေးတွေကြောင့်ပဲ သမီးလေးသမီးယူတဲ့ကိစ္စတွေ ဖြစ်လာကြတယ် ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ်ပါလေ ဒီမိဖုရားတွေက ပွားလာတဲ့ သားတော်သမီးတော်တွေမှာ ပြဿနာရှိလာတယ်။

သူတို့ဟာ နိုင်ငံတော်ရဲ့ အာဏာထီးနန်းရာဇပလ္လင်ကို မျက်စောင်းထိုးလာကြတယ်။

ဒီတော့ သူ့ ငါသတ်၊ ငါ့ သူသတ်ဆိုတဲ့ကိန်းက ထပ်ဆင့်လိုက်လာတယ်။

တစ်ခဏစည်းစိမ်အတွက် သွေးရင်းသားရင်းဆိုတာတောင် မသိကြတော့ဘူး။ မညှာကြတော့ဘူး။ ခုဆိုရင် နိုင်ငံတော်ဟာ စစ်ပန်းနေလေပြီ။ ဒီအင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲကား မြန်မာတို့အဖို့ မျက်နှာမလှခဲ့ဘူး။ အင်္ဂလိပ်တို့နဲ့ ဖြစ်ခဲ့ရတဲ့ စစ်ပွဲမှန်သမျှဟာ မြန်မာတို့အဖို့ အရှုံးနဲ့ပဲ ရင်ဆိုင်ခဲ့ရတယ်။ ဘာစစ်ပွဲမှာမှ မအောင်မြင်နိုင်ခဲ့ဘူး။

ဒီတုန်းက ပုဂံမင်းဟာ ကျားနာ နာသလိုမျိုး ဖြစ်နေတယ်။

အရိပ်ကိုတောင် ရန်သူထင်နေဟန်ရှိရဲ့။ ဒါကြောင့်လည်း မိမိရဲ့ သိမ်ငယ်အားပျက်နေတဲ့ စိတ်တော်ကို ရွှေနန်းတော်အတွင်းမှာပဲ အပြစ်ရှာနေတယ်။ အင်္ဂလိပ်တို့အပေါ် အခဲမကျေတဲ့စိတ်ဟာ ညီတော်မင်းသားများအပေါ် စုပုံထားလိုက်တယ်။ ဒီတုန်းက ဘုရင်မင်းမြတ်ဟာ စဉ်းစားတွေးခေါ်မှု မရှိဘူး။ သက်ဆိုင်ရာ ဝန်ကြီးတွေ အကြံပေးတဲ့ အကြောင်းအရာများအပေါ် ဆုံးဖြတ်လေ့မရှိဘူး။ တစ်ချိန်တည်းမှာပဲ ပုဂံမင်းသားအဖို့ မထင်မှတ်တဲ့ အရေးအခင်းတစ်ခုကား ဖြစ်ပေါ်ခဲ့ချေပြီ။

ဒီအရေးကို ဦးဆောင်သူကတော့ ကနောင်မင်းသားပဲ ဖြစ်တယ်။ နောင်တော် ပုဂံမင်းဟာ မိမိတို့အပေါ် အပြစ်ရှာနေတယ်။ ဒီတော့ လက်ဦးမှုကိုတော့ ရယူရတော့မယ်ဆိုတာ ကနောင်မင်းသားက သိထားပြီးဖြစ်တယ်။ နောင်တော် မင်းတုန်းမင်းသားကမူ မေတ္တာသမားဖြစ်တယ်။ စိတ်သဘော

www.foreverspace.com.mm



ထား နူးညံ့ပျော့ပျောင်းတယ်။ ဘယ်အရာမဆို တရားသဘောနဲ့ပဲ ကြည့်တတ်တယ်။ မြင်တတ်တယ်လေ။

ခုဆိုရင် မိမိတို့မှာ အခွေအရံက နည်းပါးလှတယ်။

တကယ်တမ်း အရေးတော်ဆိုရင် အခြွေအရံကျွန်တော်ရင်းတွေ ရှိရမယ်။ ဒီအရေးကို နောင်တော်ညီတော်နှစ်ပါး သေသေချာချာ ဆွေးနွေးတယ်။ ဒီကြားထဲ မင်းတုန်းမင်းသားဟာ သူကိုးစားရာ အစ်မတော်စုဖုရားကြီးထံ ကိုယ်တော်တိုင်သွားရောက်တယ်။ တိုင်ပင်တော်မူတယ်။ အမှန်ပြောရပါမူ ပုန်ကန်တယ်၊ ခြားနားတယ်ဆိုတာက အကွပ်မရှိတော့လို့ တောင်းကိုပြင်လိုက်တဲ့သဘောပဲ။

အမှန်ပြောရပါမူ ပဒေသရာဇ်ခေတ်ရဲ့ တစ်လျှောက်လုံးမှာ အေးချမ်းသာယာလှတဲ့ ခေတ်ကာလဆိုတာ မရှိခဲ့ပါဘူးနော့။

၁၂၁၄ ခုနှစ် ပြာသိုလဆန်း ၈ ရက်နေ့ ညဦးအချိန်ပဲ ဖြစ်တယ်။ အလွန်တရာ အေးစက်လှတဲ့ ညကို သူတို့အားလုံး မမှုကြဘူး။ ကနောင်မင်းသားဟာ မင်းနှစ်ပါးရဲ့ သားတော်သမီးတော်၊ ကိုယ်လုပ်မောင်းမ၊ ကျေးတော်မျိုး ကျွန်တော်မျိုးများကို စုရုံးလိုက်တယ်။ ဒီအချိန်မှာတော့ ကနောင်မင်းသားအဖို့ ဖြစ်လာတဲ့ ပြဿနာများကို ဖြစ်သလိုနဲ့ ရင်ဆိုင်ရတော့မယ်ဆိုတာကို အလိုလိုသိနေခဲ့ပြီတည်း။

ခုဆိုရင် ကနောင်မင်းသားဦးဆောင်တဲ့အဖွဲ့ဟာ နောင်တော်ပုဂံမင်းမြတ်ကို ခြားနားပုန်ကန်ပေတော့မည်။

ကနောင်မင်းသားဦးဆောင်တဲ့ ဒီအဖွဲ့ဟာ လူပေါင်း နှစ်ရာရှိတယ်။ လူကြီးသူမနဲ့ အငယ်ဆုံးသော သားတော်သမီးတော်များပါ ပါဝင်တယ်။ မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသားတို့ရဲ့ အဖြစ်ကား ရှင်လျှင်ရွှေထီးသေလျှင်မြေကြီးကိန်း ဆိုက်နေပေပြီတည်း။ မင်းသားညီနောင်တို့ကား နောင်တော်ပုဂံမင်းကို တိတိပပကြီးပင် ခြားနားချေပြီတည်း။

သူပုန်အုပ်စုရဲ့ ဦးတည်ရာကား ရတနာသိင်္ဃ ကုန်းဘောင်ရွှေမြို့တော်ဆီကိုပဲ ဖြစ်တယ်။

နန်းစံကြသူများ

www.foreverspace.com.mm

ခမည်းတော် သာယာဝတီမင်း၊ ဘကြီးတော်မင်းကို ခြားနားခဲ့စဉ် ကလည်း ရွှေဘိုအောင်မြေကို အခြေပြုခဲ့ရတာပဲ မဟုတ်လား။ ကနောင် မင်းသားအဖို့ အမရပူရနေပြည်တော်ကစပြီး ထွက်တော်မူလာကတည်းက တိုက်ခဲ့ရတဲ့ စစ်ပွဲတွေမှာ အောင်ပွဲရတာချည်းပဲ။ စစ်ဦးမှာ မျက်နှာပန်းလှ ခဲ့ပြီလေ။ အဲဒီလို စစ်ဦးစစ်စ ကောင်းခဲ့လို့လည်း ဝင်ရောက်ခိုလှုံခဲ့သူများ က မနည်းလှဘူး။

ကနောင်မင်းသားဟာ ရွှေဘိုမြို့ကို တစ်နေ့နဲ့တစ်ညပဲ တိုက်ခိုက် တယ်။ အောင်ပွဲရချေပြီ။

၁၂၁၄ ခုနှစ် ပြာသိုလဆန်း ၁၂ ရက် နံနက်မှာပဲဖြစ်တယ်။ ခုဆိုရင် နိုင်ငံတော်အရေးဟာ မပြီးပြတ်သေးဘူး။ နှစ်ဦးနှစ်ဘက် အခြေ အနေကား တင်းမာဆဲပင်ဖြစ်တယ်။ ဒီတုန်းက အမရပူရနေပြည်တော်မှာ လည်း စစ်သည်အင်အား နည်းပါးလျက်ရှိနေတယ်။ အင်္ဂလိပ်တို့နဲ့ ဖြစ်ပွား နေတဲ့ စစ်ပွဲအတွက် ရဲမက်စစ်သည်တွေကို ပို့လွှတ်နေရတယ်။

ဒါကြောင့်လည်း တိုက်သမျှ စစ်ပွဲတိုင်းမှာ ကနောင်မင်းသားရဲ့ တပ်ကသာ အနိုင်ရနေတယ်။

ရေရှည်မှာတော့ ပုဂံမင်းတပ်ဟာ မခံနိုင်တော့ဘူး။ အမရပူရမြို့ တော်အတွင်း ဝင်နေပြီး မြို့တံခါးကို အလုံပိတ်လိုက်ကြချေပြီ။ အနိုင်အလုံ နေတာပေါ့။ ဒီအချိန်မှာ ရွှေမြို့တော်အတွင်းမှာတော့ စားရေရိက္ခာ နည်းပါး လာချေပြီ။ အမရပူရမြို့တော်ကိုတော့ ကနောင်မင်းသားကြီးတပ်တော်က ဝန်းရံထားမိချေပြီ။

တိုင်းပြည်မှာကတော့ အင်္ဂလိပ်တို့နဲ့ တိုက်နေရတဲ့ စစ်ပွဲ၊ ညီနောင် ချင်းချင်း ထီးနန်းလုနေရတဲ့ စစ်ပွဲတွေကြောင့် ပြည်သူတွေအဖို့ ဘေးဒုက္ခနဲ့ တွေ့နေကြရပြီပေါ့။

❒ ❒ ❒

www.foreverspace.com.mm



www.foreverspace.com.mm

# လျှမ်းရေးဖြေတော်မူလိမ့်မည်

♦

ဒီအချိန်မှာပဲ အမရပူရ ရွှေနန်းတော်အတွင်းမှာ ဖြစ်ရပ်တစ်ခုကား ဖြစ်ပေါ်ခဲ့ချေပြီ။

ကျော်မော်မြို့စားဝန်ကြီး မောင်ကြာဥဟာ ပြဲတိုက်တော်ကို ရောက်လာတဲ့ ဝန်ကြီးမှူးမတ်တွေကို အစုခွဲလိုက်တယ်။ သူဟာ အရင်ကတည်းက မင်းတုန်းမင်းသားရဲ့ သစ္စာတော်ခံယူထားသူဖြစ်တယ်။ ကျောက်မော်မြို့စား ဝန်ကြီး မောင်ကြာဥဟာ လက်ဦးမှုကို ရယူလိုက်တယ်။ အဲဒီအထဲမှာ ပုဂံမင်းရဲ့ ဝန်ကြီးမှူးမတ်တွေကို ဖမ်းဆီးချုပ်နှောင်ထားလိုက်တယ်။

ပုဂံမင်းကိုလည်း ရွှေနန်းတော်အတွင်းမှာ စံနေစေတယ်။

မကြာပါဘူး . . . အဲဒီအလယ်ဦးထိပ်တံခါးဟာ ရုတ်ခြည်းပွင့်သွားစေတယ်။ ဒီတင်မှာပဲ ကနောင်မင်းသားရဲ့ ရဲမတ်စစ်သည်များဟာ ဟိန်းဟိန်း ထအော်ဟစ်ပြီး မြို့တွင်းကို ဝင်လာကြတယ်။ အမရပူရ ရွှေနန်းတော်ကို စီးနင်းသိမ်းပိုက်ကြတယ်။ ကနောင်မင်းသားဟာ ပုဂံမင်း စံနေတော်မူတဲ့ အနောက်စမုတ်၊ ပဒုမာသနပလ္လင်တော်ကို ကြွချီလာတယ်။

ပုဂံမင်းဟာ အဲ့ဒီမှာပဲ ထီးနန်းစည်းစိမ်ကို စွန့်တော်မူတယ်။

www.foreverspace.com.mm



နောင်တော်ပုဂံမင်းဟာ အကြည်အသာနဲ့ပဲ ရွှေနန်းတော်က ဆင်းပေးခဲ့ပြီလေ။ ဒီအမရပူရရွှေနန်းတော်ရဲ့ အာဏာသိမ်းယူမှုသည်ကား ညီတော်နောင်တော်ချင်းသွေးထွက်သံယို မရှိဘဲနဲ့ ပြီးဆုံးသွားခဲ့ပြီဖြစ်တယ်။ တကယ်တော့ ပုဂံမင်းဟာ ဥမ္မတ္တကမင်းပဲ ဖြစ်တယ်။ သုရမ္မတ္တကယစ်ထုပ်ရူး၊ မုဆိုးအလုပ်လုပ်တဲ့ မုဆိုးရူးပဲ ဖြစ်တယ်။

ပုဂံမင်းလက်ထက်တော်မှာက ကောင်းကွက်ကလေးများလည်း ရှိခဲ့ပါတယ်။

အဲ့ဒီပုဂံမင်းဟာ ဒီတုန်းက အင်းဝမြို့တော်ဟောင်းမှာ ချုံနွယ်ပိတ်ပေါင်းထ ယိုယွင်းနေရှာတဲ့ ကျောက်တော်ကြီးရုပ်ပွားတော်ကို အမရပူရမြို့တော်သို့ ပင့်ဆောင်ဖို့ စိတ်ကူးရှိတော်မူတယ်။ ဒါနဲ့ပဲ ၁၂၁၁၊ ဝါဆိုလပြည့်ကျော် ၆ ရက်မှာ ဆရာတော်သံဃာတော်များကို သမ္မန်တော်များနဲ့ ပင့်တင်ပြီး ရှေ့ဦးရှေးဖျားက ကြွစေတယ်။

ပုဂံမင်းကိုယ်တိုင်လည်း ရွှေလောင်းတော် ရွှေလှေတော်ကြီးများနဲ့ ထွက်တော်မူကြီး ထွက်တော်မူတယ်။

ရုပ်ပွားတော်တင်ဆောင်လာတဲ့ ပြာသာဒ်တော်ကို ဒုဋ္ဌဝတီမြစ်ရိုးတစ်လျှောက်မှ ပြည်သူများက သောင်းသောင်းဖြဖြ ကြည်ညိုပူဇော်ကြတယ်။ အဲ့ဒီကမှတစ်ဆင့် တောင်သမန်အင်းရေပြင်သို့ ဖောင်တော်နဲ့ ဆွဲငင်ပင့်ဆောင်စေတယ်။ တောင်သမန်ရွာ နှစ်ရွာကြားမှာရှိတဲ့ သံတဲအနောက်ဘက်မှာ ဂန္ဓာဋ္ဌီတိုက်အုတ်ပြာသာဒ်နဲ့ တည်ထားကိုးကွယ်တယ်။

ပုဂံမင်းဟာ ပုဂံပြည်မှာ ကျန်စစ်သားမင်းကြီးကို ရဟန္တာအရှင်မြတ်ဖန်ဆင်းပြသနှင်းအပ်ရတဲ့ အာနန္ဒာဘုရားလိုဏ်ပုံ ပြာသာဒ်ကဲ့သို့ အတုယူဆောက်စေခြင်းဖြစ်တယ်။ ၁၂၁၂ ခုနှစ် တော်သလင်းလပြည့်ကျော် (၈) ရက်မှာ ပုဂံမင်းဟာ မင်းမိဖုရား၊ မင်းညီမင်းသား စော်ဘွား မြို့စား မှူးတော်မတ်တော်တို့နဲ့အတူ ထွက်တော်မူတယ်။

အဲ့ဒီ မဟာသကျရံသီ ကျောက်တော်ကြီးဘုရားလိုဏ်မုခ်ပေါင်းဂူ ပြာသာဒ်ဦးရဲ့ တတိယပစ္စယံအထက် ကွမ်းတောင်တော်မှာ မင်္ဂလာယူပြီး

www.foreverspace.com.mm

ဌာပနာသွင်းလှူ ပူဇော်တယ်။ အဲ့ဒီလိုဏ်ဂူတော်ကို ပန်းပဲအတွင်းဝန် သတိုး မင်းကြီးမင်းလှကျော်သူ ဦးစီးတည်ဆောက်တယ်။ မဟာသကျရံသီ ရုပ်ပွား တော်ကြီး ကိန်းဝပ်ရန် ဘုရားအုတ်ရိုး အင်္ဂတေ မဟာရံတံတိုင်း မီးတား နှစ်ထပ်နဲ့ လုပ်ဆောင်ထားတယ်။

၁၂၁၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၉) ရက်မှာ ထီးတော် တင်လှူပွဲကြီး ကျင်းပခဲ့တယ်။

အဲဒီထီးတင်ပွဲမှာ သေပြစ်သေဒဏ် အပြစ်ခံနေရသူနဲ့ ထောင်တန်း အကျဉ်းခံနေရသူ ယောကျ်ား မိန်းမ (၄၁) ဦးတို့အား ထိပ်ကြိုးသံကွင်း၊ ခြေကျင်းထူးပွတ်၊ နှောင်ဖွဲ့လွှတ်၍ ဘေးမဲ့ချမ်းသာပေးတော်မူတယ်။ ဒီတုန်း က တောင်သမန်တောင်မင်းကြီးဘုရားဆိုတာ ရှိတယ်။ အမရပူရမြို့တော်မှာ ရှိတဲ့ ဘုရားများထဲမှာ ဉာဏ်တော်အမြင့်ဆုံးဘုရားတစ်ဆူ ဖြစ်တယ်။

တည်ဆောက်စဉ်ကာလက တန်ဆောင်းမပါရှိဘူး။ ဒါကြောင့် နေပူခံ ဘုရားကြီးလို့ ခေါ်တယ်။

ဘိုးတော်ပဒုံမင်းလက်ထက်တော်မှာ တောင်မင်းကြီးတည်ခဲ့တဲ့ အတွက် တောင်မင်းကြီးဘုရားလို့ ခေါ်တွင်ခဲ့တယ်။ ၁၂၀၀ ပြည့်မှာ မြေ ငလျင်လှုပ်တဲ့အတွက် ပြိုကျပျက်စီးခဲ့တယ်။ ၁၂၁၂ ခုမှာ ပုဂံမင်းက ထပ်မံပြုပြင်တယ်။ ဉာဏ်တော် (၃၁) တောင်၊ သင်းကျစ်တော် အလျား (၁၂) တောင်၊ ပါးစပ်တော် ၄ တောင် ၁ ထွာ၊ နားတော် နားပေါက်အတွင်း လူတစ်ယောက် ဝင်ထိုင်နိုင်သည်အထိ ကြီးမားတယ်။

ထိုင်တော်မူ ရုပ်ပွားတော်ကြီးဖြစ်တယ်။

တကယ်တော့ ပုဂံမင်းဟာ အမရပူရနေပြည်တော်ရဲ့ နောက်ဆုံး မင်းပဲ ဖြစ်တယ်။ ပုဂံမင်းကို ညီတော်မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသား ကြီးတို့က နန်းချခဲ့တယ်။ မင်းတုန်းမင်းသားဟာ ၁၂၁၄ ခုနှစ်မှာ အမရပူရ နန်းတော်ကို ရယူခဲ့တယ်။ အဲ့ဒီနှစ်ထဲမှာပဲ နေပြည်တော်အနှံ့မှာ တဘောင် အတိတ်နိမိတ်များဟာ ဖြစ်ပေါ်နေခဲ့တယ်။

www.foreverspace.com.mm



ဒီတုန်းက အမရပူရ နေပြည်တော်မြို့သက်ဟာ နှစ်ပေါင်း (၇၀) ကျော် ကြာမြင့်ခဲ့ပြီဖြစ်တယ်။

**'အသက်ကယ်ရှည်စေလို မန်းတောင်ရိပ်ခို'** ဆိုတဲ့ တဘောင် အတိတ်များပဲ။ မင်းတုန်းမင်း မင်းဖြစ်လာတာနဲ့ မြို့သစ်နန်းသစ်တည်ဖို့ စိတ်ကူးတော်ရှိခဲ့တယ်။ မူလစိတ်ကူးမှာ မင်းနေပြည်တော်ကို ရတနာသိဃ်၊ ကုန်းဘောင်ရွှေပြည်ရွှေဘိုမှာ ထီးနန်းပြောင်းရွှေ့ဖို့ ကြံရွယ်ခဲ့သေးတယ်။ ခမည်းတော် သာယာဝတီမင်း တည်ဆောက်နေဆဲဖြစ်တဲ့ အမရပူရမြို့ ထောင့်စေတီများ ပြိုပျက်ခဲ့တယ်။

မြို့ရိုးမြို့တာ၊ ပြ၊ တန်ဆောင်း၊ သူရဲခို၊ မြို့တံခါးများနဲ့ နန်းတွင်း နန်းပြင်မှ ဘုရားပုထိုး စေတီဂူကျောင်း တိုက်တာနေအိမ်များ များစွာ ပြိုပျက်ခဲ့ရတယ်။

ဒီဖြစ်ရပ်တွေကြောင့်လည်း မင်းတုန်းမင်းဟာ မြို့သစ်နန်းသစ် တည်ဖို့ စိတ်ကူးခြင်းပဲဖြစ်တယ်။

ဒါကြောင့်ပဲ ထင်ပါရဲ့ . . . ၁၂၁၈ ခုနှစ် သီတင်းကျွတ်လရဲ့ တစ်ရက်သောညီလာခံမှာ မင်းတုန်းမင်းဟာ အမိန့်တော်ထုတ်ပြန်ခဲ့တယ်။ အဲဒီအမိန့်တော်က မန္တလေးအရပ်မှာ မြို့နန်းစိုက် ဆောက်တည်ထောင် တော်မူမယ်ဆိုတာပဲ။ ဖြစ်ပေါ်နေတဲ့ တဘောင်အတိတ်များကိုလည်း ကြည့်ပါဦး . . . . .

*မန္တလေးပြည်ရွာ၊ တည်သောအခါ၊ ရာဇာမင်းထက်မင်း၊ သီတင်း သီလ၊ ဒါနကမင်း၊ စောင့်မြဲခြင်း၊ ဗိုလ်လူခပင်း၊ ချမ်းသာခြင်း၊ မယွင်း ထိုအခါ ဖြစ်လိမ့်မည်၊ ရှေးထက်တိုးခါ၊ သာသနာ၊ ထိန်ဝါဝင်း၍ တောက် လတ္တံ့၊ မန္တလေးအမှန်၊ ထိုပြည်မွန် ရတနာမိုး ကြိုး၍ရွာလတ္တံ့*

*သဘောဖြူသွယ်၊ ခြသေ့်ငယ်၊ အကယ်နန်းရှိ၊ အမျိုးမြတ်စင်၊ ရွှေနန်းရှင်ဟု၊ ဘုရင်ဘုန်းမွေး၊ မန္တလေး၊ ကြွေးအံ့တေဇာ ရှစ်မျက်နှာက၊ လာ၍ဖူးမြော်၊ မြတ် သူတော်ကို၊ ဒေဝေါ်က္ကန္ဒ 'မ' လိမ့်မည်။*

နန်းစံကြသူများ

*ချစ်ရှင်ပုံ့မွှေး၊ ဗျာဒိတ်ပေးသား၊ မန္တလေးရွှေတောင် ဆယ်မိအောင်လျှင်၊ စောင်စောင်သာသနာ၊ ရောင်ဝါစည်ကြီး လိုတော်ပြီး*

*မုဆိုးဗိုလ်သား၊ တစ်ကျိပ်ငါး၊ စဥ့်လျားသိုက်မဆွေး*

*ခြသေ့်လည်းဟောက်၊ ရန်မျိုးပျောက်၊ ထက်အောက်တိုင်း ကြေညာ၊ ခြသေ့် မင်းမူ၊ သဒ္ဒါဖြူ၊ ပြည်သူနှလုံးရွှင်လိမ့်သော*

*ရွှေဝတစ်စက်၊ ကြက်ယက်တူရူ၊ မြစ်ကျွန်းငူ၊ ဇမ္ဗူပုံ့မွှေး၊ ထီးပေါင်းကားကြီး၊ ရွှေထီးမိုးသည်၊ နန်းရိုးမှန်လှပေ၊ ဘောမဂြဟာ၊ ဂြိုဟ်အင်္ဂါ၊ ထွန်းကာထိုနှစ်ပေ၊ ရွှေဝရှေ့ယွန်း သေန်စွန်း၊ ထွန်းလင်းသာသနာ*

စတဲ့ အတိတ်နိမိတ်တဘောင်များပဲ ဖြစ်တယ်။

မင်းတုန်းမင်းရဲ့ အမိန့်တော်အတိုင်းပဲ ၁၂၁၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့မှာဖြစ်တယ် . . . မင်းတုန်းမင်းရဲ့ မယ်တော်ဖုရားဆောက်လုပ်ကိုးကွယ်တော်မူတဲ့ မဟာအဘယာရာမတိုက်တော်အတွင်းကျောင်းတော်ပေါ်မှာ ဖြစ်တယ်။ သာသနာပြုဆရာတော်ဘုရားရှေ့မှာ မကွေးမြို့စားမင်းကြီး၊ မိုင်းလုံမြို့စားမင်းကြီး၊ မြတောင်မြို့စားမင်းကြီး၊ ပခန်းမြို့စားမင်းကြီး၊ အတွင်းဝန်လောင်းရှည် မြို့စားမင်းကြီး၊ ဝန်ထောက်စုလေးဆယ်၊ ဒိုင်းဝန် ဝန်ထောက် ဖောင်ဝန်၊ သံတော်ဆင့် ရတနာလျော်ကားတော်မှူး၊ သံတော်ဆင့် ရွှေပြည်လယ်တော်အုပ်၊ ပညာရှိ အဝေးကျီဝန်၊ ငှင်းဆင်တဲရွာစား၊ ကျောက်စည်ရွာစား၊ ပုဏ္ဏားပညာရှိ၊ နန်းမြို့စားရာဇကျော်ထင်၊ ဝတ်မြေရာဇဗလကျော်ထင်၊ စာရေးကြီးမင်းလှကျော်ထင်၊ မင်းထင်မင်းလှရာဇာ၊ ကျော်မင်းထင်၊ မင်းလှရာဇာ၊ အမှာတော်ရေး မင်းလှသိင်္ခသူ၊ မင်းထင်မင်းလှစည်သူတို့ အစုံအညီပဲ သာသနာပြု ဆရာတော်ဘုရားကို လျှောက်ထားကြရတယ်။

အခုစံနေတော်မူတဲ့ အမရပူရမြို့တော်ကို ၁၁၄၄ ခုနှစ်မှာ ဘိုးတော် ဘုရား ဇင်္ဂမကိန်းမှာ တည်ထောင်တော်မူတယ်။

ယခုဇင်္ဂမကိန်း (၇၆) နှစ်တွင် (၇၄) နှစ်ရောက်ပြီဖြစ်၍ မြို့သက် (၂) နှစ်သာ ကျန်ပါတော့တယ်။ ခမည်းတော်ဘုရား ၁၂၀၀ ပြည့်နှစ်

www.foreverspace.com.mm



ထာဝရကိန်းတွင် ရွှေနန်းတော်ကြီး ဆောက်လုပ်စံနေတော်မူရာ မြို့တော်နှင့်တကွ ခုနစ်ဌာနတည်လုပ်တော်မူကြောင်းကို သာမညသာ ဆိုပါတယ်။ မြို့တော်ကို အသစ်ပြင်ဆင်မတည်လုပ်ပါ။ ဘေးတော်ဘုရား တည်ဆောက်မူသည့်အတိုင်း ဇင်္ဂမကိန်းသက်ကုန်သင့်သည့် ခမည်းတော်ဘုရား ထာဝရကိန်းတွင် တည်လုပ်တော်မူရာ မပြောက်သည်ဖြစ်၍ ယခုသာသနာတော် ၂၄၀၀ တွင်မှ မန္တလေးရတနာပုံပြည်ကြီး ဖြစ်လတ္တံ့ဆိုသော သိုက်ဓာတ်နိမိတ်ရှိသည်များကို လျှောက်ထားသည်။

ဒါကြောင့် မြို့သစ်နန်းသစ်တည်သင့်ကြောင်းကို သာသနာပြု ဆရာတော်၊ ဝန်ကြီး၊ အတွင်းဝန်၊ ပညာရှိတို့ကလည်း တင်သွင်း လျှောက်ထားကြတယ်။

တကယ်တော့ မင်းတုန်းမင်းဟာ တိုင်းရေးပြည်ရေး အခြေအနေကိုလိုက်ပြီး မြို့တော်အသစ် ပြောင်းလဲခဲ့ခြင်း ဖြစ်ဟန်တူတယ်။

ဒီတုန်းက အင်္ဂလိပ်နယ်ချဲ့ရဲ့ရန်က မအေးလှသေးဘူး။ လောလောဆယ် သင်းတို့ကို ကာကွယ်ဖို့က အမရပူရနေပြည်တော်နဲ့က မသင့်တော်သေးဘူး။ ဒါကြောင့် ဒီထက်ပိုပြီး လုံခြုံတဲ့ စိတ်ချရတဲ့ မန္တလေးအရပ်ကို ရွှေ့ပြောင်းဖို့ အမိန့်တော်ထုတ်ပြန်ခဲ့တာပဲ။ ဒါနဲ့ပဲ ၁၂၁၈ ခု တပို့တွဲလဆန်း ၇ ရက်၊ စနေနေ့မှာ မြို့တော်တည်ရန် အမိန့်တော် မြတ်နဲ့အတူ မန္တလေးတောင်အနီး မြို့နန်းတည်မယ့်အရပ်ကို သွားကြရတယ်။

မြို့တော်တည်ရန် တန်ဆောင်းမဏ္ဍပ်များမှာ ဆရာတော် သံဃာတော်များအား ပင့်ပြီး ပရိတ်တရားနာကြရတယ်။

တပို့တွဲလဆန်း (၈) ရက်မှာ စတင်ပြီး တောခုတ်ရှင်းလင်းရတယ်။

မန္တလေးတောင်ခြေရင်းကသည် တောင်ဘက်ကို မဟာမုနိဘုရားကြီး မြောက်မြို့ရိုးထိ၊ အရှေ့တောင်ကို အောင်ပင်လယ်ကန်၊ အနောက်ကို ရွှေတစ်ချောင်းမြောင်းထိ နယ်လေးရပ်အတွင်း တောခုတ်ရှင်းလင်းကြရတယ်။ မြို့တော်သစ်တည်ရေး တောခုတ်ရှင်းလင်းရာမှာလည်း လောကီကျမ်းထွက်အတိုင်း အခင်းအကျင်း ပူဇော်ပသတဲ့ အစီအစဉ်များအတိုင်း

နန်းစံကြသူများ

www.foreverspace.com.mm

သမားပုဏ္ဏားတို့က ဂြိုဟ်ရှစ်လုံးတို့အား ထီး တံခွန် သစ်သီးပန်းမန်တို့နဲ့ ပူဇော်ပသကြတယ်။

ရွှေမြို့တော်ကြီး တည်ရာမြေ၊ မြို့တော်အရှေ့မျက်နှာမှာ ဆောက်လုပ်ထားရှိတဲ့ မဏ္ဍပ်ကနားကြီးမှာ (၃၇) မင်းတို့အား တင်ကြားပသရန် အဖွယ်အရာ ဆိုင်းအတီးအမှုတ် အကအခုန်များဖြင့် နတ်အုပ်၊ နတ်ထိန်း၊ နတ်နေများကို ပေးအပ်ခင်းကျင်းစေရတယ်။ ရွှေမြို့တော်အရှေ့မြောက်ထောင့်က တောင်ကို လက်ယာရစ်လှည့်လည်ပြီး ပရိတ်တော်ရေ ဖျန်းရတယ်။

မြို့တော်တည်တဲ့အခါ မင်းတုန်းမင်းလည်း အနီးကပ် စံနေတော်မူတယ်။

ဒါကြောင့် နန်းမြို့တော်အတွင်း စံနေတော်ကို အလျင်အမြန်ဆောက် လုပ်ကြရတယ်။ မင်းတုန်းမင်း ယာယီနန်းစံတဲ့ မင်္ဂလာစံနန်းတော်မှာ ဆောင်မတော် အပါအဝင် (၂၇) ဆောင် ဆောက်လုပ်ပြီးပြေစေရတယ်။ မင်းတုန်းမင်းဟာ မိဖုရာခေါင်ကြီးနဲ့အတူ အမရပူရ ရွှေမြို့တော်မှ တိမ်ဦးလရောင် ဆင်မတော်ရွှေစက်တော်တင်ပြီး ရှေ့သုံးတပ်၊ နောက်သုံးတပ်၊ ဝင်း ကိုယ်ရံတော် အခင်းအကျင်းများနဲ့အတူ ၁၂၁၈ ခုနှစ် ဝါဆိုလဆန်း (၁၂) ရက် ကြာသာပတေးနေ့မှာ မန္တလေးယာယီနန်းတော်သို့ ပြောင်းရွှေ့စံတော်မူတယ်။

၁၂၂၁ ခုနှစ် ကဆုန်လဆန်း (၁၃) ရက် ညဥ့်နှစ်ချက်တီးကျော် (၁၄) ရက် တနင်္ဂနွေနေ့အဝင် နာရီပြည့် နှစ်ပါဒ်အချိန် အမြောက်သံကြား အခါတော်နဲ့

၁။ ရွှေမြို့တော်ကြီး
၂။ ကျုံးတော်
၃။ မဟာလောကမာရဇိန်စေတီတော်
၄။ သိမ်တော်
၅။ မဟာအတုလဝေယဉ်ကျောင်းတော်

www.foreverspace.com.mm



၆။ ပိဋကတ်တိုက်တော်

၇။ သုဓမ္မာဇရပ်တော်

ခုနှစ်ဌာနကို တစ်ပြိုင်တည်း ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မှူးကြီးမတ်ကြီးတို့ အသီးသီးကြပ်မတ်၍ စနေသား ကြိုးရင်း တနင်္ဂနွေသား ကြိုးဖျားကိုင်စေတယ်။

တနင်္လာသားကို ရွှေပန္နက် စိုက်မှတ်စေတယ်။

ဒီနောက် စာရင်းလျာထားပါဝင်တဲ့ စားတော်၊ ကွမ်းရေ၊ မှူးသား၊ မတ်သားတို့ကစပြီး အုတ်မြစ်ချရန် အုတ်မြစ်ကျင်းတူး ဆောင်ရွက်ကြရတယ်။ အခါတော်မရောက်မီ မြို့တော်လေးထောင့်မှာ တွင်းတူးပြီး အုတ်အင်္ဂတေများ လုပ်ဆောင်စေတယ်။ ပြီးမှ တစ်ရာ့နှစ်ဆယ်ဝင် အဖုံးအပိတ် အစုံအိုးကြီးကို အတွင်းအပြင် စဉ့်သုတ်ထားရတယ်။

အဲဒီစဉ့်အိုးကြီးတစ်လုံးအတွင်းမှာ နှမ်းကြီးဆီ လေးဆယ်၊ နှမ်းလျှင်ဆီ လေးဆယ်၊ မုန်ညင်းဆီ လေးဆယ်၊ သုံးရပ် တစ်ရာ့နှစ်ဆယ်ကို ထည့်သွင်းတယ်။ ပြီးမှ မြဲမြံခိုင်ခန့်အောင် အဖုံးပိတ်တယ်။ ၁၂၂၁ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်နေ့ ၂ ချက်တီးကျော် (၁၄) ရက်၊ တနင်္ဂနွေနေ့သို့ အဝင် ၂ နာရီဥပါဒ် ၅ ဗီဇာတစ်ပြန် ခရာပြည့်အချိန် မတိမ်းမယိမ်း စေရဘူး။

တည့်မတ်စွာနဲ့ အဲဒီဆီအိုးကြီးများကို မြှုပ်နှံရတယ်။

၁၂၂၁ ခုနှစ် ကဆုန်လပြည့်ကျော် (၆) ရက်နေ့မှာ ရွှေမြို့တော်ကြီးနဲ့ ခုနှစ်ဌာနများကို အုတ်စီခင်းလုပ်ဆောင်ရတယ်။ မြို့တံခါး ၁၂ ရပ် ယွန်းဆက် ပြေတန်ဆောင်း ပြာသာဒ်တိုင်များ စိုက်ထူရတယ်။ မြို့တော် လေးမျက်နှာ၊ ဓာတ်တံခါး ၄ ရပ်မှာ ပြာသာဒ်ဘုံ ၇ ဆင့်၊ မိတ်တံခါး ၈ ရပ်မှာ ပြာသာဒ်ဘုံ ၅ ဆင့် ထောင့်ပြကြီး ၄ ခု၊ ပြငယ် ၃၂ တို့မှာ ပြာသာဒ်ဘုံ ၅ ဆင့်စီ လုပ်ဆောင်စေတယ်။

သစ္စေးသားရိုး၊ ဟသ်ပဒါး ရွှေချမွမ်းမံတယ်။

နန်းစံကြသူများ

တံခါးတော်များကို တိုင်ထူမတ်တဲ့နေ့ကစပြီး အမရပူရတံခါးဟောင်း အမည်များကို မခေါ်စေရဘူး။ အသစ်ထပ်မံသမုတ်တော်မူတဲ့ ကမ္ပည်းသစ်၊ အမည်သစ်များသာ ခေါ်ဝေါ်စေရတယ်။ မန္တလေးမြို့ရိုးရဲ့ မြို့ဝင်မြို့ထွက် တံခါး ၁၂ ခုရှိရာ တစ်မျက်နှာ သုံးပေါက်စီဖြစ်တယ်။ အလယ်တံခါးမကြီး များကို ကျုံးကူးတံတားနဲ့ တည်ဆောက်ခြင်းဖြစ်တယ်။

အလယ်တံခါးကို ဓာတ်တံခါး၊ ဝဲယာတံခါးကို မိတ်တံခါးလို့ ခေါ်တယ်။

တံခါး (၁၂) ရပ် အမည်တော်တို့ကိုလည်း တံခါးပေါက်တစ်ခုစီမှာ အဝင်လက်ဝဲ အထွက်လက်ယာကျတဲ့ မီးကာအုတ်တံတိုင်းကြီးများအနီးမှာ အုတ်ပလ္လင်သုံးဆင့်ခံပြီး မော်ကွန်းစိုက်ထူထားတယ်။ အုတ်ပလ္လင်အဖြူ လူနှစ်ဖက်ခန့်ရှိ ကျွန်းတိုင်နီနီကြီးများရဲ့ ထိပ်မှအနီခံမော်ကွန်းရွက်ပေါ်မှာ ရွှေစာလုံးကြီးများနဲ့ ပြုလုပ်ထားတယ်။

သက္ကရာဇ် ၁၂၂၁ ခု ကဆုန်လပြည့်ကျော် (၆) ရက်နေ့ ညဥ့် ၃ ချက်တီးကျော် (၇) ရက်၊ တနင်္လာနေ့အဝင် (၄) နာရီ (၂) ပါဒ်အချိန်တည် ရတနာပုံ၏ရွှေမြို့တော်ကြီး ဦးထိပ်တံခါးလို့ စေ့ငအောင် ကမ္ပည်းမော်ကွန်း စိုက်ထူထားတယ်။ အဲဒီရွှေမြို့တော်ကြီး ဓာတ်တံခါး လေးရပ်၊ မိတ်တံခါး ရှစ်ရပ် ရွှေမြို့တော်ကြီးလေးထောင့် သူရဲခိုအောက်မှာ အင်းယတြာ အဆောင် အနှံများ ရှေးအစဉ်အလာနဲ့အညီ ပြုလုပ်ဆောင်ရွက် မြှုပ်နှံထားလေတယ်။

တံခါး (၁၂)ရပ် အဝင်လက်ဝဲ၊ အထွက်လက်ယာထူရန် တိုင်အောက် ကျောက်သေတ္တာနဲ့ ထည့်သွင်းမြှုပ်နှံထားခြင်း ဖြစ်တယ်။

မန္တလေး ရွှေနန်းတော်ကို ပညာရှိများ၊ ဆက်သွင်းတဲ့အတိုင်း နန်း မြို့တော်ကို **လေးကျွန်းအောင်မြေ**၊ ရွှေနန်းတော်ကို **မြနန်းစံကျော်** ရယ်လို့ မော်ကွန်းကမ္ပည်းထိုးတော်မူတယ်။ ၁၂၂၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ( ၆ ) ရက်၊ သောကြာနေ့ နံနက်လေးချက်တီးကျော် သုံးမောင်းအချိန် ယာယီစံနန်းတော်မှ အရှင်မိဖုရားခေါင်ကြီးက ရွှေကြာပန်းကိုင်တော်မူတယ်။

www.foreverspace.com.mm

မင်းတုန်းဘုရင်က ရတနာထမ်းစင်တော်ထဲမှာ ရွှေစက်တော် တင်တော်မူတယ်။ ပြီးမှ ရွှေနန်းတော်ကြီးကို လက်ယာရစ်လှည့်ပြီး မြေနန်းတော်မင်းတက်လှေကားတော်က တက်သိမ်းစံပယ်တော်မူတယ်။

၁၂၂၁ ခုနှစ် ကဆုန်လပြည့်ကျော် (၆) ရက်နေ့ ညဥ့် သုံးချက်တီးကျော် (၇) ရက် တနင်္လာနေ့အဝင် (၄) နာရီ နှစ်ပါဒ်အချိန်မှာ ကျုံးလေးမျက်နှာတို့မှာ တစ်ပြိုင်တည်း အုတ်မြစ်ချလုပ်ဆောင်ကြတယ်။ ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်၊ သံအုတ်၊ ကြေးနီအုတ်၊ ခဲမဖြူအုတ်များ ကို စီခင်းတယ်။ ရတနာသုံးပါးနဲ့ နတ်ကောင်းနတ်မြတ်များကိုလည်း ပူဇော်တင်ကြားပသတယ်။

ရွှေမြို့တော် လေးမျက်နှာကို တစ်ပြိုင်တည်း စီခင်းလုပ်ဆောင်စေရာ တစ်မျက်နှာလျှင် အမှုထမ်းလူ ၆၀၀ ကျ လုပ်ဆောင်ကြရတယ်။

နန်းမြို့တော်ရိုးမှာ မြို့ရိုးအနားတစ်ဖက် တာ ၆၀၀ စီ၊ ကိုက်ပေါင်း ၂၂၁၆ ကိုက်၊ လေးဘက်ပတ်လည် စုစုပေါင်း ၅ မိုင် ၂ ဖာလုံ ရှည်တယ်။ မိုင်အားဖြင့် တစ်မျက်နှာ တစ်မိုင် ၃ ဖာလုံ ရှိတယ်။ ကျုံးတော်အမျိုးအစားမှာ ရေကျုံး၊ ညွန့်ကျုံး၊ အခြောက်ကျုံးဆိုပြီး ရှိခဲ့ရာမှ မန္တလေးကျုံးဟာ ရေကျုံးအမျိုးအစား ဖြစ်တယ်။

ကျုံးတော်အနက်ဟာ ၂၂၅ ပေ ကျယ်ပြီး ၁၂ ပေ နက်တယ်။

ကျုံးတော်ရေကို ရတနာနဒီမြောင်းမှ သွယ်ယူတယ်။ ရွှေလှေ၊ ရွှေလောင်း၊ ပြည်ကြီးမွန်ဖောင်တော် လှည့်ပတ်နိုင်တယ်။ ကျုံးတော်မှာ ရေကင်းမောင်း လှည့်လည်တယ်။ ညဥ့်တစ်ချက်တီး၊ နှစ်ချက်တီး၊ သုံးချက်တီးအခါများမှာ တံခါးစောင့်သူများက နရည်းဆရာတီးပြီး ရေကင်းလှည့်တယ်။ မန္တလေးမြို့တော်ကို သာသနာတော် နှစ် ၂၄၀၀ ပြည့်တည်သည့်အထိမ်းအမှတ်အဖြစ် မင်္ဂလာယူတော်မူတယ်။

တစ်ပြမှာ တာ ၅၀၊ အရှေ့အနောက် ၁၂ ပြ (တာ ၆၀၀) တောင်မြောက် ၁၂ ပြ (တာ ၆၀၀) ပြကွက်ပေါင်း (၁၄၄ ကွက်) ဖော်ထားတယ်။ မြို့တော်ရဲ့ အလယ်တည့်တည့် (၁၆) ပြကို ယူပြီး ရွှေနန်းတော်

www.foreverspace.com.mm

တည်ဆောက်ခြင်းဖြစ်တယ်။ မန္တလေးမြို့ကွက်များဟာ စတုရန်းကျကျ လှပစွာတည်ရှိနေတဲ့ မြို့တော်ကြီးဖြစ်တယ်။ (၁၆ ပြ) နှုတ်ပြီး ကျန် (၁၂၈ ကွက်) ပြတို့မှာ ဘုရင်က ပေးသနားတဲ့ ရပ်ကွက်များဖြစ်တယ်။ အဲဒီရပ်ကွက်များမှာ 'ဝင်း' များရှိတယ်။ အဲဒီ 'ဝင်း' များမှာ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ သူဌေးသူကြွယ်၊ အမှုထမ်းများ နေထိုင်ကြတယ်။

မြို့ရိုးအတွင်း ပတ်လည်ပြဝက်တိုင်းမှာ စပါးကျီတော်များ အပြည့် ထားသိုထားတယ်။

စပါးဆန်ရေ ရှားပါးတဲ့အခါမှာ ကျီတော်မှထုတ်ပြီး မင်းမှုထမ်း များကို ဝေငှပေးတယ်။ ၁၂၂၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄) ရက်နေ့မှာ ရတနာပုံရွှေမြို့တော် လေးပြင်လေးရပ်အတွင်းရှိ လမ်း၊ အိမ်၊ ဝင်းအိမ်များကို မှူးတော်၊ မတ်တော်၊ မြို့စားရွာစားမှစပြီး ပြည်သူဆင်းရဲသား၊ ကျွန်တော်မျိုး အပေါင်းတို့ တစ်ဦးတစ်ယောက်မျှ အလစ်အဟင်း မရှိစေရ၊ နေရာဝေငှ ပေးချခြင်းကိစ္စ အမိန့်တော်အတိုင်း ဆောင်ရွက်ပြီးစီးတယ်။

အဲဒီကမှ အရပ်၊ ဦးရေ၊ အမည်နာမ သမုတ်တော်မူတယ်။ စုစုပေါင်း (၅၄) ဌာနဖြစ်တယ်။

လေးပြင်လေးရပ် သတ်မှတ်တဲ့အခါမှာ ရွှေနန်းတော်ကို ဗဟိုပြု တယ်။ နန်းမြို့ရိုးရဲ့ အရှေ့ဘက်ကျတဲ့အပိုင်းကို အရှေ့ပြင်၊ အနောက်ဘက် ကျတဲ့အပိုင်းကို အနောက်ပြင်၊ မြောက်ဘက်ကျတဲ့အပိုင်းကို မြောက်ပြင်ရယ် လို့ သတ်မှတ်စေတယ်။ မြို့ရိုးထောင့်ကတော့ အဓိကပိုင်းခြားမှုမျဉ်းကြောင်း ဖြစ်တယ်။

မင်းတုန်းမင်းလက်ထက်တော်မှာတော့ နိုင်ငံတော်ဟာ တည်တည် ငြိမ်ငြိမ်ပဲ ရှိခဲ့တယ်။

စစ်မက်ထူပြောမှု မရှိဘူး၊ အမှုအခင်း နည်းပါးတယ်။ နိုင်ငံတော် အေးချမ်းပေမယ့် အိမ်ရှေ့စံ ကနောင်မင်းသားကြီးရဲ့ ဖြစ်ရပ်က ဆိုးဝါးလှ တယ်။ မထင်မှတ်တဲ့ ရွှေနန်းတော်အတွင်း အာဏာသိမ်းမှုကား ဖြစ်ပေါ်စေခဲ့ တယ်။

www.foreverspace.com.mm



နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုနေသူ ကနောင်မင်းသားကြီးအဖို့ ရေတိမ်နစ်ခဲ့ရတယ်။

တိုင်းပြည်အတွက် ဆုံးရှုံးမှုကြီးစွာဖြစ်ပေါ်လာခဲ့ရတယ်။ အိမ်ရှေ့စံ ကနောင်မင်းသားကြီးအရေး ပြီးတာနဲ့ မန္တလေးရွှေနန်းတော်အတွင်းမှာ ပြန်လည် ငြိမ်သက်လာတယ်။ ရာဇပလ္လင်တော်သိမ်းယူမယ့် အရိပ်အယောင်များ မကျရောက်ခဲ့တော့ဘူး။ အဲဒီအရေးအခင်းဟာ မင်းတုန်းမင်းအဖို့ အထိနာခဲ့ဟန်တူရဲ့။ ဒီလောက်များပြားလှတဲ့ သားတော်ကြီးတွေရှိလျက်နဲ့ ဘယ်သားတော်ကိုမှ အိမ်ရှေ့အရာ မပေးတော့ဘူး။

ဒီရာဇပလ္လင်တော်အတွက် မင်းတုန်းမင်း စိတ်ဝမ်းချ,ချမရှိခဲ့ဘူး။

မင်းတုန်းမင်းမှာ သားတော်ပေါင်း အမြောက်အများ ရှိတယ်။ အဲဒီသားတော်တိုင်းလိုလိုပဲ ကိုယ့်အုပ်စုနဲ့ကိုယ် ရှိနေကြတယ်။ ဒါပါပဲလေ သားတော်အားလုံးက ဘုရင်မင်းမြတ်ပဲ ဖြစ်ချင်ကြမှာပေါ့။ သားတော်တွေထဲမှာ အထင်ရှားဆုံးမင်းသားကတော့ မက္ခရာမင်းသားနဲ့ ညောင်အုပ်မင်းသားများပဲ ဖြစ်တယ်။ အဲဒီသားတော်နှစ်ပါးက နူတ်ချိုသာတယ်၊ ဆက်ဆံရေးကောင်းတယ်၊ အားလုံးကို ပြေပြေ ပြစ်ပြစ်ရှိတယ်။

ဒါကြောင့်ပဲ ထင်ပါရဲ့ . . . အဲဒီမင်းသားရဲ့ သြဇာအရှိန်အဝါဟာ မန္တလေးရွှေနန်းတော်အတွင်းမှာ ခိုင်မာနေတယ်။

ဒီမင်းသားနှစ်ပါးကို အကြောင်းပြုပြီး အုပ်စုကြီးနှစ်စု ရှိနေတယ်။ သူတို့နှစ်ဦးကိုပဲ ထီးနန်းအပ်လိုကြတယ်။ ဒီကြားထဲမှာ ဘယ်မင်းသားကိုမှ မင်းအဖြစ် မတင်မြှောက်လိုတဲ့ အုပ်စုတစ်စုကလည်း ရှိနေသေးတယ်။

အဲဒါက တခြားသူတွေမဟုတ်ဘူး . . . ဆင်ဖြူမရှင်မိဖုရားကြီး ဦးစီးတဲ့ အုပ်စုဖြစ်တယ်။

ဆင်ဖြူမရှင်ဟာ မင်းတုန်းမင်းရဲ့မိဖုရားကြီး လေးဦးအနက် နောက်ဆုံးကျန်တဲ့ မိဖုရားခေါင်ကြီးဖြစ်တယ်။ ခုဆိုရင် မန္တလေးရွှေနန်းတော် အတွင်းမှာ ကား သူ့လောက်ဩဇာထက်တဲ့ တခြားမိဖုရားမရှိဘူး။ ဒီတုန်းကသာ သူ့မှာ သားယောကျ်ားလေးရှိပါက အဲဒီသားတော်ပဲ ဘုရင်ဖြစ်မှာ သေချာတယ်။

www.foreverspace.com.mm

နန်းစံကြသူများ

မိဖုရားကြီးဟာ အဲဒီသားတော်လက်ကိုင်နဲ့ နိုင်ငံတော်ကို စိုးမိုးအုပ်ချုပ်မည်မှာ အသေချာပဲ ဖြစ်တယ်။

ရာဇပလ္လင်တော်ထက် ရာဇပလ္လင်နောက်ကွယ်အာဏာက ပိုပြီးလက်စောင်းထက်မှာ အသေချာပဲပေါ့နော့။

ခုတော့ ဆင်ဖြူမရှင်မိဖုရားကြီးမှာ သားယောကျ်ား မထွန်းကားခဲ့ဘူး။ ဒါကြောင့် သူကြိုးကိုင်လို့ရမယ့် မင်းသားတစ်ပါးကို ဘုရင်မြှောက်မယ်။ ပြီးမှ သမီးတော်သုံးပါးနဲ့ လက်တော်ဆက်ပေးမယ်ပေါ့။ ဒါကြောင့်လည်း မိဖုရားကြီးဟာ သီပေါမင်းသားကို လျာထားလိုက်ခြင်းပင် ဖြစ်တယ်။

ဒီလိုသီပေါမင်းသားကို နန်းလျာအဖြစ် လျာထားလိုက်တဲ့နေရာမှာ ဆင်ဖြူမရှင်မိဖုရားကြီးအဖို့ အကြောင်းများစွာရှိတယ်။

သီပေါမင်းသားဟာ စိတ်သဘောထားကောင်းတယ်၊ လူအေးလူရိုး၊ လူဖြောင့်ဖြစ်တယ်။ သူ့အဖို့ ရည်မှန်းချက်ကြီးကြီး မားမားရှိဟန် မတူဘူး။ ဒါကြောင့် သဘောလွယ်တယ်။ ဒါကြောင့် ကိုင်ရတွယ်ရတာ အခက်အခဲမရှိဘူး၊ လွယ်ကူတယ်။ ပညာလည်း တတ်မြောက်ထားတယ်။ သူ့ရဲ့မယ်တော်ဟာ မဟာသွေး မဟာနွယ်အစစ်ဖြစ်တယ်။

ဒါတွေကြောင့်ပဲ သီပေါမင်းသားအဖို့ ဂုဏ်သိက္ခာ မြင့်မားတိုးတက်စေလေတယ်။

မက္ခရာမင်းသားနဲ့ ညောင်အုပ်မင်းသားတို့ရဲ့ အခြေအနေက တစ်မျိုး ဖြစ်တယ်။ သူတို့မှာ အပေါင်းအသင်း အဆက်အသွယ် အလွန်များတယ်။ တကယ်လို့သာ သူတို့နှစ်ဦးအနက် တစ်ဦး,ဦးသာ ဘုရင်ဖြစ်သွားပါက အပေါင်းအသင်းတို့ရဲ့ ဩဇာအာဏာကို နာခံရဖို့ ရှိသွားမယ်။ အဲဒီဘုရင် အာဏာဟာ သူတို့တစ်တွေရဲ့ လက်ထဲရောက်သွားဖို့ အလားအလာ များစွာ ရှိနေတယ်။

ဒါတွေကြောင့်ပဲ သီပေါမင်းသားသည်သာ ထီးနန်းအရိုက်အရာခံရဖို့အတွက် အသင့်တော်ဆုံး ဖြစ်နေတယ်။

ဆင်ဖြူရှင်မိဖုရားကြီးရဲ့ ရည်မှန်းချက်အတွက် အထိုက်တန်ဆုံး

www.foreverspace.com.mm



ပုဂ္ဂိုလ်ဖြစ်နေတယ်။ ဒါနဲ့ပဲ အသစ်တင်မြှောက်မယ့် ဘုရင်မင်းမြတ်အတွက် ဆင်ဖြူမရှင် မိဖုရားကြီးနဲ့ ဝန်ကြီးလေးပါးတို့ တိုင်ပင်ကြတယ်။ အဲဒီဝန်ကြီးတွေကတော့ ရေနံချောင်းမင်းကြီး ဦးရွှေစိုး၊ ခန်းပတ်မင်းကြီး ဦးရွှေမောင်၊ မကွေးမင်းကြီး ဦးလှိုင်၊ ကင်းဝန်မင်းကြီး ဦးကောင်းတို့ပါပဲ။

အဲဒီနေ့တုန်းက မင်းသားခြောက်ပါး ရွေးကြတယ်။

သုံးဆယ်မင်းသား၊ မက္ခရာမင်းသား၊ သာဂရမင်းသား၊ ညောင်အုပ်မင်းသား၊ ညောင်ရမ်းမင်းသား၊ သီပေါမင်းသားတို့ပါပဲ။ အဲဒီမင်းသားတွေထဲက နောက်ဆုံးဆန်ခါတင် တစ်ပါးတည်းပဲ မဲနဲ့ရွေးဖို့ ဆုံးဖြတ်လိုက်ကြတယ်။ သူတို့မင်းအဖြစ် တင်မြှောက်မယ့် မင်းသားရွေးပုံကလည်း ကြည့်ပါဦး . . . ဝန်ကြီးလေးပါးနဲ့ ဆင်ဖြူမရှင် မိဖုရားကြီးတို့က သူတို့သဘောကျတဲ့ မင်းသားရဲ့အမည်ကို စက္ကူပေါ်မှာ နာမည်ရေးကြတယ်။

ဒီရေးပြီးတဲ့ စက္ကူတွေကို ဆယ့်နှစ်ရာသီရွှေဖလားကြီးထဲမှာ ထည့်ကြ တယ်။

အားလုံးစုံပြီဆိုမှ အများရဲ့ရှေ့မှာ တစ်ခုစီဖတ်တယ်။ ရေနံချောင်းမင်းကြီး ဦးရွှေစိုးက သုံးဆယ်မင်းကို သဘောတူတယ်။ မကွေးမင်းကြီး ဦးလှိုင်က မက္ခရာမင်းသားကြီးကို သဘောတူတယ်။ ခန်းပတ်မင်းကြီး ဦးရွှေမောင်က ညောင်ရမ်းမင်းသားကို သဘောတူတယ်။ ဆင်ဖြူမရှင် မိဖုရားကြီးနဲ့ ကင်းဝန်မင်းကြီး ဦးကောင်းတို့ကတော့ ကြိုတင်စည်းဝါးရိုက်ထားဟန် တူပါရဲ့ . . .

သူတို့နှစ်ဦးလုံးက သီပေါမင်းသားကို ဆန္ဒပေးကြလို့ပဲ ဖြစ်တယ်။

ဒီတော့ နောက်ဆုံးမှာ မဲအများဆုံးရသွားတဲ့ သီပေါမင်းသားဟာ ရှင်ဘုရင် ဖြစ်သွားတော့တာပေါ့။ ဒီအချိန်မှာတော့ မင်းတုန်းမင်းဟာ သတိတော် ရတစ်ချက်မရတစ်ချက် ဖြစ်နေပြီလေ။ ဒီလို သေလုမြောပါးဖြစ်နေတဲ့ မင်းတုန်းမင်းရဲ့ သလွန်တော်အနီးအနားမှာ ပလ္လင်ပေါ်တက်ထိုင်နိုင်ရေးအတွက် စက်ပုန်းခုတ်မှုများ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေတယ်။

တစ်ဦးအပေါ်တစ်ဦး အနိုင်ရလိုမှုများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်နေတယ်။

နန်းစံကြသူများ

ဒီလိုနဲ့ပဲ ၁၂၄၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၉ ရက်နေ့မှာ သီပေါမင်းသားကို အိမ်ရှေ့စံအရာ အပ်နှင်းလိုက်တော့တယ်။ ဒီနေရာမှာ ဆင်ဖြူမရှင်မိဖုရားကြီးဟာ အတော်လေး ဉာဏ်သွားတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီဝန်ကြီးလေးပါးဟာ အရေးပါအရာရောက်တယ်။ သူတို့ကို အတင်း တိုက်တွန်းပြီး သူမရဲ့ အကြံအစည်ကို လိုက်နာစေလို့ပဲ ဖြစ်တယ်။

အတော်အသင့်အာဏာရှိထားကြတဲ့ ဝန်ကြီးလေးပါးကလည်း မငြင်း သာ ခဲ့ကြဘူးပေါ့။

ဒါနဲ့ပဲ မင်းတုန်းမင်းကြီးနတ်ရွာမစံမီ နှစ်ရက်အလိုလောက်မှာ သီပေါ မင်းသားကို နန်းတင်လိုက်ကြတယ်။ အခုလို အတွင်းတော်မှာ ကျိတ်ဝိုင်း ဖြစ်နေတဲ့ဖြစ်ရပ်များကို မင်းတုန်းမင်းတောင်မှ ကြားမှကြားသွားပါရဲ့လား၊ သိမှသိသွားပါရဲ့လားဆိုတာကို ဘယ်သူကမျှမသိခဲ့ကြဘူး။

ဒီတုန်းက ဘယ်သူ့မှထင်မထားတဲ့ ဖြစ်ရပ်တစ်ခုဟာ ဖြစ်ပေါ်လာခဲ့ တယ်။

မင်းတုန်းမင်း နတ်ရွာမစံမီ နှစ်ရက်အလိုကပဲ ဖြစ်တယ်။ အဲဒီမနက် စောစောပိုင်းကပဲ မင်းတုန်းမင်းရဲ့အဆောင်တော်အဝဆီမှ ခြေသံဖွဖွကို ကြားလိုက်ရတယ်။ တခြားသူဟုတ်ရိုးလား . . . ဆင်ဖြူမရှင်မိဖုရားကြီး ပဲပေါ့။ သူမဟာ အသက်အရွယ်ကြီးရင့်လင့်ကစား ပေါ့ပေါ့ပါးပါးပင် အဆောင်တော်ထဲ ဝင်ရောက်လာတယ်။

ပြီးမှ မင်းတုန်းမင်း လဲလျောင်းနေတဲ့ သလွန်တော်ခေါင်းရင်း ဘက်မှာ ဒူးတုပ်ပြီး ထိုင်လိုက်တယ်။

အဲ့ဒီနောက် တရားစာအုပ် ကိုင်ထားတဲ့ မိဖုရားငယ်ကို ဘေးသို့ ဖယ်စေတယ်။ ဆင်ဖြူမရှင်မိဖုရားဟာ ရဲတင်းတဲ့ အမျိုးသမီးဖြစ်တယ်။ သူမဟာ ဘယ်သူ့ကိုမျှ မကြောက်ဘူး။ စိတ်ဆိုးတော်မူနေတဲ့ ဘုရင်မင်းမြတ် ကိုပင် အမှုမထားဘူး။ ဆင်ဖြူမရှင်မိဖုရားကြီးဟာ သူ့လက်ထဲမှ ပုရပိုက် တစ်ခုကို မင်းတုန်းမင်းမြင်ရအောင် ပြသထားတယ်။

ပါးစပ်ကမူ ဘာမှမပြောဘူး။

www.foreverspace.com.mm



မင်းတုန်းမင်းကမူ လေးလံနေတဲ့မျက်ခွံများကို မပွင့်တစ်ပွင့်ဖွင့် ကြည့်နေတယ်။ ဦးခေါင်းကို အားစိုက်ပြီး လှည့်လိုက်တယ်။ ပြီးမှ ပုရပိုက်ကို လှမ်းပြီး ကြည့်လိုက်တယ်။ မင်းတုန်းမင်းဟာ အရောင်မှိန်လျက်ရှိတဲ့ အဆောင်တော်တွင်းမှာ အားယုတ်လျက်ရှိတဲ့ မျက်နှာပေါ်မှာ စူးရှခက်ထန်တဲ့ မျက်လုံးများကို မြင်လိုက်ရတယ်။

မင်းတုန်းမင်းဟာ ပုရပိုက်ကို သူ့ရဲ့သွေ့ခြောက်နေတဲ့ လက်နဲ့ ဖြည်း ညင်းစွာ လှမ်းယူလိုက်တယ်။

ပုရပိုက်ပေါ်မှာတော့ သုံးဆယ်၊ မက္ခရာ၊ ညောင်ရမ်းနဲ့ သီပေါမင်းသားတို့ရဲ့ အမည်များကို ရေးသားထားတယ်။ သီပေါမင်းသားဘေးတွင်မူ ကား ကြက်ခြေခတ်၊ ခရေပွင့်အမှတ်အသား နှစ်ခုပါရှိနေတယ်။ မင်းတုန်းမင်းဟာ ဘာတစ်ခွန်းမှ မပြောသေးဘူး။ ပုရပိုက်ကို ချထားလိုက်တယ်။ သူ့နှလုံးသားဟာ ပြင်းထန်စွာ ခုန်လျက်ရှိနေတယ်။

ခုဆိုရင် မင်းတုန်းမင်းအဖို့ သူလုပ်လိုတဲ့အတိုင်း မလုပ်ရဘဲ ကံတော်ကုန်သွားရမည်ကို စိုးရိမ်တော်မူလျက်ရှိနေတယ်။ သတိလစ်ခါနီးမှာ ဖြစ်ပေါ်လာတတ်တဲ့ ဦးနှောက်တွင်းကို တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက်လာလေ့ရှိတဲ့ ခံစားမှုများဟာ ပေါ်လာပြီး ပျောက်၍ပျောက်၍သွားနေတယ်။ ခုဆိုရင် သူ့လက်တော်များဟာ ပုရပိုက်ဘေးမှာ မလှုပ်မယှက် အေးစက်စက်ကြီး ရှိနေတယ်။ မင်းတုန်းမင်းအဖို့ ပြန်လည်အမိန့်ပေးနိုင်လောက်အောင် အားအင်မကျန်တော့ချေ။

ဖြစ်ချင်ရာ ဖြစ်ပါစေတော့ရယ်လို့သာ ပေယျာလကန်ထားလိုက်ချင်နေဟန်တူပါရဲ့။

သလွန်ဘေးမှာ ဒူးတုပ်ခစားလျက်ရှိနေတဲ့ ဆင်ဖြူမရှင်မိဖုရားဟာ မင်းတုန်းမင်းရဲ့ မျက်လွှာတော်ပိတ်ပြီး မျက်လုံးများ မှိတ်ကျသွားတာကို မြင်တွေ့လိုက်တယ်။ ဒါနဲ့ပဲ သူ့ကိုယ်ကို ရှေ့သို့ကိုင်းလိုက်တယ်။ ပြီးမှ ဂရုစိုက်ပြီး နားထောင်လိုက်တယ်။ မင်းတုန်းမင်းဟာ သဲ့သဲ့ကလေးပဲ အသက်ရှူနေသေးတယ်။

နန်းစံကြသူများ

ဒီတင်မှာပဲ ဆင်ဖြူမရှင်မိဖုရားကြီးဟာ မင်းတုန်းမင်းရဲ့ လက်ထဲသို့ ကညစ်တံကို ထည့်လိုက်တယ်။

ပြီးမှ မင်းတုန်းမင်းရဲ့လက်တော်အပေါ်မှ သူ့လက်ကို အုပ်ကိုင်လိုက်တယ်။ နောက်တော့ သီပေါမင်းရဲ့ အမည်ဘေးမှာ တခြားသူများရဲ့ အမှတ်အသားထက် ပိုပြီးထင်ရှားတဲ့ ကြက်ခြေခတ်အမှတ်အသားကို ရေးမှတ်လိုက်တယ်။ ဒီတင်အေးစက်နေတဲ့ မင်းတုန်းမင်းရဲ့လက်တော်ဟာ အနည်းငယ်ပဲ ရှန်းကန်မှုမျိုး လုပ်လိုက်သေးတယ်။

မင်းတုန်းမင်းအဖို့ အဲဒီလိုပြုလုပ်ခြင်းထက် ပိုပြီး မလုပ်နိုင်တော့ဘူး။

ဒါနဲ့ပဲ နောက်တော့ ဆင်ဖြူမရှင်မိဖုရားဟာ တိတ်ဆိတ်စွာထပြီး အဆောင်တော်အတွင်းမှ ထွက်သွားတော့တယ်။ ထိုနေ့ညနေဘက်မှာပဲ သီပေါမင်းသားအား အိမ်ရှေ့မင်းအဖြစ် အတိအလင်း ကြေညာလိုက်တော့တယ်။

သီပေါမင်းမြတ်ဟာ ၁၈၅၉ ခုနှစ်မှာ ဖွားမြင်တော်မူတယ်။

သူနန်းတော်မူတဲ့အချိန်မှာ သက်တော်နှစ်ဆယ်ခန့်ပဲ ရှိသေးတယ်။ သီပေါမင်းဟာ ကြည်လင်ရွှင်ပျတဲ့ အဆင်းအင်္ဂါရှိတယ်၊ စိတ်သဘောထား ရိုးစင်းတယ်၊ လောဘတက်မက်ခြင်း သိပ်မရှိလှဘူး၊ လောကီရေးရာများကို လိုက်နာတတ်တယ်၊ အခွင့်အရေးလည်း ပေးလေ့ရှိတယ်။

ဒီလိုနည်းအားဖြင့် ဆင်ဖြူမရှင်မိဖုရားကြီးရဲ့ အစီအစဉ်အားလုံးဟာ ပြေပြစ်ချောမွေ့ခဲ့တယ်။

စုဖုရားလတ်ကား အဆင်းရူပါ မလှပဘူး။ ဒါပေမဲ့ မိဖုရားခေါင်ကြီး ဖြစ်တော်မူတယ်။ သူမထက် အဆများစွာလှပတဲ့ အမျိုးသမီးများဟာ သူမရှေ့မှောက်ရောက်ကြရင် ဘာမှမဟုတ်သောသူအဖြစ်သို့ ရောက်သွားကြရတာပဲ။ စုဖုရားလတ်ရဲ့ မျက်လုံးအစုံဟာ တောက်ပြောင်စူးရှလှတယ်။

ညိုမည်းသော ရေအိုင်ပမာ ကျယ်ပြန့်လျက် ရှိနေတယ်။

မျက်လုံးမှ ထွက်ပေါ်နေတဲ့ မီးတောက်ပမာ အရောင်တို့ကား တစ်ဖက်လူကို တုန်လှုပ်စေတယ်။ အံ့သြဖွယ်ကောင်းတဲ့ အဲဒီမျက်လုံးအစုံအတွင်း



www.foreverspace.com.mm

www.foreverspace.com.mm



မှာ လျှို့ဝှက်တဲ့ အရိပ်သင်္ကေတများ ဖြတ်သန်းနေကြတယ်။ စုဖုရားလတ်ဟာ သူမကိုယ်သူမ အမြဲပြုပြင်နေတတ်တယ်။ စုဖုရားလတ်ရဲ့အသံ သြဇာဟာ သာသာယာယာ ရှိလှတယ်။

ငြိမ်သက်နေတဲ့ ရေအိုင်ပေါ်မှာ ဖြတ်ကျော်လာတဲ့ ငွေမောင်းသံ ပမာပါပဲ။

သူမအပေါ် ဘုရင်မင်းမြတ်က ထာဝစဉ်မြတ်နိုးနေဖို့ အမြဲလိုလားနေတယ်။ သူမဟာ စိတ်ထားခက်ထန် မာကျောလှတယ်။ စုဖုရားလတ်အဖို့ သူမ မုန်းတီးခဲ့သူမှန်သမျှဟာ လူ့ပြည်မှာ ကြာကြာမနေခဲ့ရဘူး။ စုဖုရား လတ်အဖို့ ခွင့်လွှတ်ခြင်းတရားဆိုတာ လုံးဝမရှိခဲ့ဘူး။

လက်စားချေခြင်း၊ ရန်တုံ့မူခြင်းများဟာ သူမရဲ့စိတ်ထဲမှာ အမြဲ ဖြစ်ပေါ်နေတတ်တယ်။

ဒါပဲပေါ့၊ ခုဆိုရင် စုဖုရားလတ်အဖို့ နိုင်ငံတော်ရဲ့ မိဖုရားကြီး၊ ဓားထက်လှတဲ့ မိဖုရားကြီးတစ်ပါးပဲ မဟုတ်လား။ ဘယ်ကိစ္စမဆို သူပြီးမှပဲ ပြီးရတယ်။ သီပေါမင်းအဖို့မှာကား ရုပ်သေးရုပ်မျှသာ ဖြစ်နေပေတော့တယ်။ တစ်စုံတစ်ယောက်သောသူဟာ ဘုရင်မင်းမြတ်နဲ့ စုဖုရားလတ်တို့ကြား ဝင်ရောက်ဖို့ ကြိုးစားနေပါမူ ခံပြင်းမှု၊ မုန်းတီးမှုများနဲ့သာ ကြုံတွေ့ရလိမ့်မယ်။

အဲဒီအချိန်မှာတော့ စုဖုရားလတ်ရဲ့အသွင်ဟာ ကြောက်ဖွယ်လိလိပဲ ဖြစ်တယ်။

မိဖုရားကြီးစုဖုရားလတ်အဖို့ မပြုလုပ်ရဲတဲ့အရာကား လုံးဝ မရှိတော့ ဘူး။ အရာရာကို သူမ ရင်ဆိုင်လိုက်တယ်။ ဒီအခြေအနေမှာတော့ စုဖုရား လတ်အဖို့ သူရူးတစ်ယောက်သဖွယ် ဖြစ်နေခဲ့ပြီ။ ဒါ့အပြင် ဘုရင်မင်းမြတ်ရဲ့ တန်ခိုးအာဏာကို ကျဆင်းအောင် ပြုလုပ်သူကား ဘယ်သူ့ကိုမျှ ခွင့်လွှတ် လေ့မရှိဘူး။

အကြောင်းက ရှိပါတယ်။

နန်းစံကြသူများ

ဒီတုန်းက ရွှေနန်းတော်အတွင်းမှာ ခေါးထက်လှတဲ့ ရနောင်မင်းသားကြီး မောင်မောင်တုတ်ကိုတောင် အသက်စတေးရတဲ့အဖြစ်ထိအောင် လုပ်ဆောင်ခဲ့သေးတာပဲ။ တစ်ခုကလည်း ဒိုင်းခင်ခင်အရေးပေါ့။ မိမိနေရာကို အစားထိုးဖို့ ဝင်ရောက်လာတဲ့ ဒိုင်းခင်ခင်ကိုလည်း အစဖျောက် ပစ်ခဲ့သေးတာပဲ။

တကယ်တော့ အဲဒီဖြစ်ရပ်ဟာ ဒိုင်းဝန်မိသားစုတစ်စုလုံး အသက်ဆုံးရှုံးခြင်း ခံခဲ့ရတာပါပဲလေ။

စုဖုရားလတ်အဖို့ သူ့ရန်သူမှန်သမျှကို ဒုက္ခခံစားစေခြင်းထက် သေရွာသို့သာ ပို့လိုက်လေတော့တယ်။ သူမအနေနဲ့ မန္တလေးရွှေနန်းတော်အတွင်း စိုးစံနေရသမျှကာလပတ်လုံး မိမိအာဏာကို ရန်သူများလက်ကို မကျရောက်စေရဘူး။ ဘုရင်မင်းမြတ်ကိုလည်း သူတစ်ပါးများထံ မရောက်စေရဘူး။

ဒါတွေကြောင့် ထင်ပါရဲ့ . . . ။ စုဖုရားလတ်အဖို့ ထာဝစဉ် ပြိုင်ဆိုင် တိုက်ခိုက်နေရတော့သည်သာ။

၁၈၇၀ ခုနှစ်အစောပိုင်းက ဖြစ်တယ် . . . ။ သီပေါမင်းရဲ့ ညီအစ်ကိုနှမတော်များကို ကွပ်မျက်သုတ်သင်တဲ့သတင်းဖြစ်တယ်။ ဒီကွပ်မျက်သုတ်သင်မှုကြီးကား ဆိုးဝါးလှတယ်။ မင်းသားများအပြင် ကြင်ရာတော်များ၊ အရွယ်မရောက်ကြသူ ကလေးသူငယ်များပါ ပါဝင် သေဆုံးခဲ့ကြရတယ်။ သုတ်သင်ခြင်း ခံခဲ့ရရှာတယ်။

ကံဆိုးမိုးမှောင်ကျတဲ့ အဲဒီညမှာ မင်းညီမင်းသား မင်းသမီးကလေးများအားလုံးနီးနီးဟာ တစ်ပြိုင်တည်း ကွက်မျက်ခံခဲ့ရရှာတယ်။

ညအချိန်မှာ ဖြစ်ပေါ်လာတဲ့ အဲဒီဖြစ်ရပ်ဟာ ချောက်ချားဖွယ်အတိပြီးနေတော့တယ်။ အဲဒီညမှာတော့ မန္တလေးမြို့ကြီး တစ်မြို့လုံးဟာ တိတ်ဆိတ်နေလေပြီ။ လူအများဟာ တုန်လှုပ်ချောက်ချား နေကြတော့တယ်။ မိမိတို့ရဲ့ အိမ်တံခါးများကို ပိတ်ထားကြပြီး အိမ်တွင်းမှာပဲ နေနေကြရတယ်။

www.foreverspace.com.mm



မကြာသေးခင်ကာလက အတီးအမှုတ်အကအခုန်တို့နဲ့ ပြည့်နှက်နေတဲ့ လမ်းမကြီးအသွယ်သွယ်တို့မှာကား မှောင်နဲ့မည်းမည်း တိတ်ဆိတ်နေကြချေပြီ။ အဘယ်ပြည်သူတစ်ဦးတစ်ယောက်မှလည်း ဘာဖြစ်တော့မည်ဆိုတာကို သိနိုင်ပါအံ့တော့နည်း။ ဟုတ်တယ်လေ ဘယ်သူကမျှ မသိနိုင်ကြဘူး။

ဒီအချိန်မှာတော့ ရွှေနန်းတော်အတွင်းက လူတစ်စုတို့ကသာ ညရဲ့အမှောင်ကို ခိုလှုံနေကြတယ်။

ပြီးမှ ကြောက်ခမန်းလိလိကောင်းတဲ့ အပြုအမူများကို ပြုကြလေပြီ။ ခုဆိုရင် သေမင်းသည်ကား မြို့တော်ကြီးဝယ် တွယ်ကပ်နေသလိုပါပဲ။ နေအရုဏ်မတက်မီမှာပင် ဘာဖြစ်မည်ကို ခန့်မှန်းလို့မရနိုင်တော့ဘူး။ ဟုတ်ပါတယ် . . . ။ အဲဒီညက တစ်ညလုံး ဘယ်သူမှ မအိပ်ကြဘူး။ မှောင်မည်းနေတဲ့ အိမ်တွင်းမှာပဲ နေကြရပြီး နားတစွင့်စွင့် ရှိနေကြရတယ်။

တွေ့ရသမျှသော မင်းတုန်းမင်းရဲ့ သားတော်သမီးတော် ကြင်ရာတော်များကား အဆုံးစီရင်ခြင်း ခံရတော့တယ်။

ညောင်အုပ်မင်းသားနဲ့ ညောင်ရမ်းမင်းသား နှစ်ဦးတည်းသာ ထွက်ပြေးလွတ်မြောက်မှု ရရှိသွားတယ်။ တကယ်တော့ ဒီဖြစ်ရပ်အားလုံးဟာ မဆန်းလှပါဘူး။ ပဒေသရာဇ်စံနစ်မှာ ဖြစ်ပေါ်နေကျ ဖြစ်ရပ်တွေပါပဲ။ အရာရာကို ကျော်ဖြတ်ဖို့အတွက် ဘယ်သူ့ကိုမှ ယုံကြည်ရတာ မဟုတ်ဘူး။

ယုံကြည်မှု များများထားတတ်တဲ့သူဟာ မိမိရဲ့အသက်ကို တိုစေတယ်။

ထီးသက်နန်းသက် တိုတောင်းစေတယ်။ အဲဒီညောင်အုပ်မင်းသားနဲ့ ညောင်ရမ်းမင်းသားနှစ်ပါးကို ဗြိတိသျှအစိုးရက အောက်မြန်မာပြည်သို့ ပို့လိုက်တယ်။ သီပေါမင်းကို ပုန်ကန်ခြားနားပြီး ထီးနန်းလုယူဖို့ပဲ ဖြစ်တယ်။ ဒါပေမယ့် အဲဒီကြံစည်မှုဟာ အထ,မမြောက်ခဲ့ဘူး။ ပြီးပြီးပျောက်ပျောက်သာ ဖြစ်သွားတော့တယ်။

နန်းစံကြသူများ

www.foreverspace.com.mm

အခုလို အစုလိုက် အပြုံလိုက် သတ်ပစ်လိုက်ခြင်းအားဖြင့် သီပေါမင်းအစိုးရအဖို့ အတိုက်အခံဆိုတာ လုံးဝမရှိတော့ဘူး။

အားလုံးမှာကား ချုပ်ငြိမ်းသွားခဲ့ချေပြီတည်း။ ဒါကြောင့်ပါပဲ ဒီလူသတ်ပွဲကား ကြောက်ခမန်းလိလိဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိဘူးပေါ့။ ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်လို့ ဘယ်သူ့မှာ တာဝန်ရှိတယ်ဆိုတာကိုတော့ သေသေချာချာ မသိကြရဘူးနော့။

ရာဇပလ္လင်တော်ကား ဘယ်လိုမှ ထိပါးမှု မရှိသေးဘူး။

ခိုင်မြဲလုံခြုံလျက် ရှိနေတယ်။ သီပေါမင်းသာလျှင် ရွှေနန်းတော်ရဲ့ ထီးဆောင်းမင်းအရှင်သခင် ဖြစ်တော်မူနေတယ်။ သူ့ရဲ့ မှူးကြီးမတ်ကြီးတွေထဲက တိုင်တားနဲ့ ကင်းဝန်မင်းကြီးတို့ဟာ ရာဇပလ္လင်နောက်ကွယ်မှ အာဏာ ရှိနေကြတယ်။ အဲဒီအာဏာဟာ ဆင်ဖြူမရှင်မိဖုရားကြီးရဲ့ဆန္ဒအရ မင်းပြောင်းမင်းလွှဲ လုပ်နိုင်စွမ်းရှိတယ်။

ခုချိန်မှာတော့ အာဏာရှင်ကား ဆင်ဖြူမရှင် မိဖုရားကြီးသာ ဖြစ် တော့တယ်။

သီပေါမင်းကို ရွှေထီးရွှေနန်းနဲ့ ရာဇပလ္လင်ပေါ် တင်ပေးခဲ့သူကား သူမပဲ မဟုတ်ပါလား။ မိဖုရားကြီးစုဖုရားလတ်ရဲ့ မယ်တော်ဟာလည်း သူမပင် မဟုတ်ပါလား။ ဒါကြောင့်ထင်ပါရဲ့ မယ်တော် ဆင်ဖြူမရှင်မိဖုရားကြီးဟာ အချုပ်အချာအာဏာရှင်နဲ့ အသွင်တူနေတယ်။ ဒါပဲပေါ့ သီပေါမင်းဟာ ဘုရင်မင်းမြတ်ပဲ ဖြစ်တယ်။

တိုင်းပြည်အုပ်ချုပ်ရေးကို ဆင်ဖြူမရှင်မိဖုရားကြီးနဲ့ မှူးကြီးမတ်ကြီးတို့က အုပ်ချုပ်တယ်။

မကြာပါဘူး . . . ။ ပြောင်းလဲမှုတစ်ရပ်ဟာ ဖြစ်ပေါ်လာခဲ့ပြီ။ စုဖုရားလတ်ဟာ မိဖုရားခေါင်ကြီးဖြစ်တာနဲ့ ပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်တယ်။ အချိန်ရရင် ရချင်းပဲ သူမဟာ လှုပ်ရှားမှုကို စတင်တော့တယ်။ ဒါကြောင့်ပဲ နိုင်ငံတော်မှာ သူမမှတစ်ပါး ဘယ်သူမှ သိနိုင်စွမ်းမရှိသည်ကို နားလည် သဘောပေါက်မိကြတော့တယ်။

www.foreverspace.com.mm



နူးညံ့သိမ်မွေ့တဲ့ သီပေါမင်းကို စုဖုရားလတ်က စည်းရုံးသိမ်းသွင်းခဲ့နိုင်တယ်။

စုဖုရားလတ်ရဲ့ သံတော်ဦးသံအဆုံးမှာတော့ သီပေါမင်းဟာ အရာရာ ကို သိရှိသဘောပေါက်သွားတော့တယ်။

မှူးကြီးမတ်ကြီးများရှိတဲ့ အာဏာကို ပြန်လည်သိမ်းယူလိုက်တယ်။

နောက်ဆုံးမှာတော့ နိုင်ငံတော်ရဲ့ အာဏာအားလုံးဟာ သီပေါမင်းမြတ်နဲ့ မိဖုရားခေါင်ကြီး စုဖုရားလတ်တို့ရဲ့ လက်ဝယ်သို့ ပြန်လည်ရောက်ရှိကြတော့တယ်။ မိမိရရ ဆုပ်ကိုင်ရမိတော့တယ်။ အမတ်ကြီးတို့ရဲ့ အမိန့်အာဏာများကိုလည်း ပယ်ဖျက်လိုက်လေတော့ပြီတည်း။ စုဖုရားလတ်အဖို့မှာတော့ မှူးကြီးမတ်ကြီးများအပေါ် ပိတ်ပင်တားဆီးခြင်း၊ ဟန့်တားခြင်း အစရှိသည်များကို ပြုလုပ်ရခြင်းများကြောင့် ပျော်မဆုံးရှိနေတယ်။

ခုဆိုရင် နိုင်ငံတော်ဝယ် ဒီမိဖုရား စုဖုရားလတ်မှတစ်ပါး ဘယ်သူမှ မရှိတော့လေပြီတည်း။

အသိပညာနဲ့ ပြည့်စုံတဲ့ မင်းတုန်းမင်းလက်ထက်တော်မှာ အမှုတော်ထမ်းရွက်ခဲ့ကြတယ်။ ဒါကြောင့် အရာအားလုံးဟူသမျှကို တတ်သိနားလည်ကြတယ်။ ဆောင်ရွက်နိုင်စွမ်း ရှိခဲ့ကြတယ်။ အဲဒီမှူးကြီးမတ်ကြီးတို့ဟာ အခုဆိုရင် ချောင်ထိုးခံထားကြရပြီ။ လောလောဆယ်မှာတော့ စုဖုရားလတ်ဟာ နိုင်ငံတော်အုပ်ချုပ်ရေးကို သူကိုယ်တိုင်ကြိုးကိုင်ဖို့ ကြိုးစားနေလေပြီ။

ပညာရှိအမတ်ကြီးများပေးတဲ့ အကြံဉာဏ်များကို လက်မခံတော့ဘူး။

ဆင်ဖြူမရှင်မိဖုရားကြီးအဖို့မှာမူ ဘယ်နည်းနဲ့မှ မစွမ်းဆောင်နိုင်တော့ဘူး။ မင်းတုန်းမင်းရဲ့လက်ထက်တော်က ရှိနေခဲ့တဲ့ နိုင်ငံတော်ရဲ့ အေးချမ်းသာယာမှုဟာ နောက်ပြန်ဆုတ်သွားချေပြီ။ ဒုက္ခအဖို့လည်း ကျရောက်ခဲ့တယ်။ အကြောင်းရင်းတစ်ခုမှာကား ရာသီဥတုရဲ့ ဖောက်ပြန်မှုပဲ၊ ပြည်သူတွေအဖို့ မိုးကလည်းခေါင်၊ ကောက်ပဲသီးနှံများကလည်း ညံ့ဖျင်းမှုကြောင့် ငတ်မွတ်ခြင်းကို ခံနေကြရပြီ။

နန်းစံကြသူများ

ဘယ်သောကာလကမှ မြန်မာပြည်အထက်ပိုင်းဟာ ကြွယ်ဝချမ်းသာမှု မရှိခဲ့ဘူး။

အခုတော့ ပိုပြီးကြပ်တည်းလာချေပြီ။ အစာရေစာ ကောက်ပဲသီးနှံအထွက်နည်းလာခဲ့သည်နှင့်အမျှ တိုင်းပြည်ဟာလည်း ငြိမ်သက်မှုမရှိခဲ့ဘူး။ တောင်သူလယ်သမားများမှာ အနေအထား ပိုကျဆင်းလာတယ်။ စားဝတ်နေရေးများအတွက် မမှန်နည်းများ လုပ်ဆောင်လာကြတယ်။ ရာဇဝတ်မှုကလေးများလည်း ထပ်တိုးခဲ့တယ်။ နှိပ်ကွပ်ခြင်းကား မစွမ်းတော့ဘူး။

မင်းတုန်းမင်းလက်ထက်တော်တုန်းကဆိုရင် နယ်ပယ်တစ်ခုမှာ ရာဇ ဝတ်မှုများဖြစ်လာပါက နယ်ခံမြို့စားအဖို့ တာဝန်မကင်းခဲ့ဘူး။

အဲဒီပြဿနာကို အလျင်အမြန် ဖြေရှင်းပေးရတယ်။ မဖြေရှင်းနိုင်ပါက အဲဒီမြို့စားဟာ ဝမ်းနည်းစရာအဖြစ်နဲ့ ရင်ဆိုင်ရတော့တာပဲ။ ဒီတုန်းက နယ်ပယ်မှာ အုပ်ချုပ်နေကြတဲ့ မြို့စားရွာစားများဟာ မင်းတုန်းဘုရင်ကို အလွန်ရိုကျိုးကြရတယ်။ မင်းတုန်းမင်းရဲ့ အရှိန်အဝါဟာ သူတို့အဖို့ အမြဲတမ်း အရိပ်သဖွယ်ထိုးကျနေလေရဲ့။

အခုဆို သီပေါမင်းရဲ့လက်ထက်တော်မှာ မြို့စားရွာစားတို့ရဲ့ ခေါင်းများဟာ ပြန်လည်ထောင်လာကြတယ်။

သူတို့ဟာ နေပြည်တော်ကို များစွာ သတိမမူအရေးမထားကြတော့ဘူး။

သူတို့ရဲ့တာဝန်များဟာ လျော့ရဲရဲ ဖြစ်လာကြတယ်။ ဓားပြလူဆိုးဂိုဏ်းများဟာလည်း တိုးပွားလာတယ်။ ဒါကြောင့် နယ်ပယ်အားလုံးသည်လည်း တုန်လှုပ်ချောက်ချားလာကုန်တယ်။ အရာခပ်သိမ်းအားလုံးကို မြို့စားရွာစားများက လက်ပိုက်ကြည့်နေကြရတယ်။

များစွာသော အရာရှိများကည်း အဲဒီလူဆိုးခေါင်းဆောင်များထံမှ လာဘ်ငွေများကို လက်ခံနေကြရတယ်။

သူတို့ကို ဖမ်းဆီးကြမယ့်ဘေးမှ အကာအကွယ်ပေးနေကြရတယ်။ ခုချိန်မှာ တရားနည်းလမ်းမှန်ကန်မှုဆိုတာ ကျဆင်းနေပေပြီ။ တရားဥပဒေ

www.foreverspace.com.mm

ဆိုတာကလည်း ပြည်ဖုံးကားချထားခြင်း ခံနေရတော့တယ်။ အခွန်ဘဏ္ဍာတို့မှာလည်း ထိပါးလာကြတယ်။ ဘဏ္ဍာတော်ငွေကြပ်တည်းတဲ့အတွက် တိုင်းပြည်မှ တောင်းခံလာရတော့တယ်။

ဒီတွင် အခြေအနေမှာ ပိုပြီး ဆိုးဝါးလာတော့တယ်။

ဒီဖြစ်ရပ်သည်ကား တစ်ချိန်သော မင်းတုန်းမင်းရွှေလက်ထက်တော်က ပျော်ရွှင်နေခဲ့ရသလောက် ဒီနောက်ပိုင်းမှာ ဒုက္ခအပေါင်းနဲ့ တရားဥပဒေမဲ့အတွင်း သက်ဆင်းခဲ့ရတော့တယ်။ နိုင်ငံတော်ရဲ့ အာဏာဟာ စုဖုရားလတ်လက်ထဲမှာပဲ ရှိနေခဲ့တယ်။ သီပေါမင်းအဖို့ အရာရာကို ဆောင်ရွက်နိုင်စွမ်း ရှိဟန်မတူဘူး။

နိုင်ငံတော်သည်ကား ရွှေနန်းတော်အတွင်းမှ လူတစ်စုရဲ့အနှိပ်စက်ခံ အဖြစ် ရှိနေခဲ့တယ်။

နိုင်ငံတော်ရဲ့ သာယာမှုအားလုံးဟာ ပြတ်တောင်းစပြုလာချေပြီ။ ဒါပါပဲလေ မင်းတုန်းမင်း နတ်ရွာစံခဲ့ပြီးနောက်ပိုင်းမှာ အပြောင်းအလဲတွေ ဖြစ်လာခဲ့တယ်။ ဒါအတွက် တစ်နှစ်ထက်တစ်နှစ် ပိုမို ဆိုးဝါးလာခဲ့တယ်။ ပြည်သူတို့မှာကား ဒုက္ခများကို ရင်စည်းပြီး ခံနေရရှာတယ်။ ဒုက္ခအတွင်းမှ လွတ်မြောက်ဖို့အတွက် အရာရာကို မျှော်လင့်နေကြရတယ်။

အခုလောလောဆယ်မှာတော့ ဘယ်အဖြစ် ပြောင်းမည်ဆိုတာကိုကား မှန်းဆရန် မဖြစ်နိုင်သေးဘူး။

ကျဉ်းမြောင်းတဲ့နိုင်ငံတွင်းမှ လူနည်းစုတို့အဖို့ စုစည်းတဲ့လက္ခဏာ၊ ရိုင်းပင်းတဲ့လက္ခဏာမရှိမှုကြောင့် ဖြစ်ရတဲ့ ဖြစ်ရပ်တစ်ခုပါပဲ။ လူမတန် ကံပုံချ… ဆိုသလိုပါပဲ ခေါင်က မိုးမလုံတော့ အောက်လက်ငယ်သားများမှာ ပြောစရာမလိုဘူးပေါ့။ သူတို့အဖို့ ဘာနဲ့တူနေသလဲဆိုတော့ ခုတ်ရာတခြား ရှရာတခြား ဖြစ်နေတယ်။

ပဒေသရာဇ်ခေတ်ရဲ့လုပ်ရပ်တွေကား ကြောက်ခမန်းလိလိပင်တည်း။။

အတွင်းတော်မှာကား လျှို့ဝှက်ကြံစည်မှုများဟာ ဖြစ်ပေါ်နေတယ်။ ဒါပေမယ့် ဆုံးခန်းတိုင်အောင် မရောက်ခဲ့ကြဘူး။ တကယ်တော့ ဆင်ဖြူ

နန်းစံကြသူများ

www.foreverspace.com.mm

မရှင် မိဖုရားကြီးဟာ သီပေါမင်းကို ရွေးချယ်ပြီး မင်းအဖြစ်တင်လိုက်ခြင်းဟာ အကြောင်းရှိတယ်။ သီပေါမင်းသားရဲ့နောက်မှာ အင်အားမရှိဘူး။ အရွေအရံ အသင်းအပင်းနည်းတယ်။ ပြီးတော့ သီပေါကိုယ်တိုင်က အေးဆေးတယ်။

ဒီတော့ သူ့ကို ကောင်းစွာကြိုးကိုင်နိုင်လိမ့်မယ်လို့ ထင်ခဲ့တယ်။

ခုတော့ အဲဒီအထင်ဟာ တလွဲစီဖြစ်ကုန်ခဲ့ပြီ။ ဆင်ဖြူမရှင်အစား သူမရဲ့ ဒုတိယသမီးတော် စုဖုရားလတ်က အစားထိုးနေရာ ယူလိုက်ချေပြီ။ သီပေါမင်းအပေါ် အုပ်စီးထားနိုင်ခဲ့တယ်။ ဒီတုန်းကအတွင်းတော်မှာ တိုင်တားမင်းကြီးနဲ့ ကင်းဝန်မင်းကြီးတို့ဟာ အရှိန်အဝါမရှိသလောက် ဖြစ်နေချေပြီ။

သူတို့နှစ်ဦးဟာ မင်းတုန်းမင်းလက်ထက်တော်က တန်ခိုးအာဏာ ရှိခဲ့ကြသူများ ဖြစ်တယ်။

အခု သီပေါမင်းလက်ထက်တော်မှာမူကား အာဏာမရှိတော့ပါချေ။ မင်းနှစ်ပါးရဲ့ အရေးပေးမှုကိုလည်း မခံရတော့ဘူး။ ရယ်စရာလှောင်စရာ အဖြစ် ဖြစ်နေရပေပြီ။ ဒီတော့ ဒီခံစားချက်ဟာ သူတို့အဖို့ မေ့ပျောက်နိုင်လိမ့်မယ် မဟုတ်ဘူး။ ပြီးတော့လည်း ဒီလိုသေးသိမ်တဲ့ အဖြစ်မျိုးကိုလည်း သူတို့က ဘယ်တော့မှ ခံစားလိုတာ မဟုတ်ဘူး။

ဒီလိုနည်းအားဖြင့် ခြောက်နှစ်တိုင် ကာလကား ကွယ်ပျောက်ခဲ့ပေပြီ။

မိဖုရားခေါင်ကြီးကား သူမရဲ့တိုက်ပွဲကို တိုက်နေဆဲပဲ၊ အောင်မြင်မှုကို ခံယူနေဆဲပဲ၊ နိုင်ငံတော်ကို တစ်ဦးတည်းအုပ်စိုးသူအဖြစ် ဖန်တီးဆဲပဲ။ ဒါပေမယ့် နိုင်ငံတော်ဟာ သူမရဲ့လက်ထဲမှ တဖြည်းဖြည်း လျှောထွက်နေခဲ့ပြီ။ တစ်ချိန်တည်းလိုပဲ မင်းတုန်းမင်း ဖွဲ့စည်းခဲ့တဲ့နိုင်ငံတော်ဟာ တဖြည်းဖြည်း ကျေမွနေလေပြီ။

နိုင်ငံတော်ရဲ့ပတ်လည်မှာလည်း ရန်သူတို့ဟာ စောင့်ကြည့်နေကြလေပြီ။

သတိပေးမှုတို့ဟာလည်း ရှိနေတယ်။ အင်္ဂလိပ်သံတမန်တို့ဟာ အကြောင်းမရှိဘဲ တပ်ခါတလဲလဲနဲ့ အငြင်းပွားနေကြတယ်။ အခြေအနေဟာ

www.foreverspace.com.mm



ဆိုးဝါးလာတယ်။ ၁၈၇၀ ခုနှစ် အောက်တိုဘာလအတွင်းမှာပဲ ဖြစ်တယ် . . . ။ အင်္ဂလိပ်သံတမန်ကား မန္တလေးမြို့မှာ မရှိတော့ပြီ။ ပြည်သူတို့ရဲ့ ချမ်းမြေ့သာယာမှုဟာ ခွဲထွက်ခဲ့ချေပြီ။

အိန္ဒိယအစိုးရထံမှ ငြင်းခုံစာ၊ ခြိမ်းခြောက်စာများကား ရှိမြဲ ရှိနေဆဲပဲ။

အိန္ဒိယအစိုးရနဲ့ သီပေါအစိုးရတို့ကား အခြေအနေ ဆိုးဝါးခဲ့ပေပြီ။ ပေါက်ကွဲရန်အတွက် မီးပွားလေးတစ်ပွင့်မျှသာ လိုပေတော့တယ်။ ဒီအတွင်း အိန္ဒိယကုန်သည်များကလည်း တစ်မျောင့်ပဲ။ သူတို့က ထင်ထားကြတယ်။ အထက်မြန်မာပြည်ဟာ ကြွယ်ဝတဲ့တိုင်းပြည် ဖြစ်တယ်။ အဲဒီဒေသမှာ ရွှေငွေ၊ ကျောက်မီးသွေး၊ ကျောက်စိမ်း၊ ရေနံထွက်တဲ့နေရာများ ရှိတယ်။

မြေဩဇာကလည်း အလွန်ကောင်းတယ်။ ဒါကြောင့် သူတို့ဟာ အဲဒီနိုင်ငံကို လိုချင်နေကြတယ်။

ဒီလိုနဲ့ ၁၈၂၅ ခုနှစ်နဲ့ ၁၈၅၂ ခုနှစ်စပ်ကြားမှာ အုပ်စိုးသူနှစ်ဦးတို့ရဲ့ စစ်ပွဲများမှာ ဖြစ်ပေါ်လာခဲ့တဲ့ ဒုက္ခများဟာ မင်းတုန်းမင်းလက်ထက်တော်မှာ ခေတ္တမျှ ငြိမ်သက်နေတယ်။ ပြီး မင်းတုန်းမင်း နတ်ရွာစံချိန်မှာ ပြန်ပြီး ပေါ်လာပြန်တယ်။

နှစ်ဘက်သော အစိုးရရဲ့ နယ်စပ်တစ်လျှောက်မှာ အစောင့်စစ်သားများနဲ့ ပြည့်နေတယ်။

ဒီတုန်းက အိန္ဒိယအစိုးရဟာ မြန်မာပြည်ကို သိမ်းပိုက်ဖို့ ကြိုးစားနေတယ်။

ဘယ်လိုပဲ အကြောင်းပြပြ သူတို့မှာလျှို့ဝှက်တဲ့ အကြံအစည်များရှိနေတယ်။ ဒါကတော့ ရိုးရိုးကလေးပါပဲ။ နယ်ချဲ့ဝါဒဟာ အကြံဆိုးဉာဏ်ဆိုးနဲ့ လာချေပြီလေ။ ၁၈၈၄ ခုနှစ်အတွင်းမှာပဲ ဘုံဘေဘားမား ကူးသန်းရောင်းဝယ်ရေးအဖွဲ့ဟာ စာချုပ်ပါအချက်အလက်များကို ဖောက်ဖျက်လာတယ်။ လာဘ်ယူလာဘ်စားတဲ့ မြန်မာ့အရာရှိများနဲ့ ပူးပေါင်းတယ်။ ပြီးတော့ သစ်ကောင်းကြီးများကို နိုင်ငံပြင်ပသို့ ခိုးထုတ်တယ်။

www.foreverspace.com.mm

ဒီတုန်းက မြန်မာအစိုးရဟာ အင်္ဂလိပ်ကုမ္ပဏီတစ်ခုဖြစ်တဲ့ ဘုံဘေ ဘားမားကူးသန်းရောင်းဝယ်ရေးအဖွဲ့ကို လိုင်စင်ထုတ်ပေးထားတယ်။

ကုမ္ပဏီရဲ့ဌာနချုပ်ဟာ အိန္ဒိယနိုင်ငံ ဘုံဘေမြို့မှာ ရှိတယ်။

သစ်လုံးများရဲ့အနေအထားနဲ့ ကျသင့်တဲ့ အခွန်တော်ပေးဆောင်မှု ကန့်သတ်ချက်များအပေါ်မှာ လိုင်စင်ကို ထုတ်ပေးထားတာပဲ။

ခုကိစ္စက . . . ကြီးမားတဲ့ လိမ်လည်မှုတစ်ခုပဲ ဖြစ်တယ်၊ မြန်မာ အစိုးရအဖို့ အခွန်တော်ငွေ အမြောက်အမြား ထိခိုက်တယ်။ ဒါကြောင့် အပြင်းအထန် စုံစမ်းတယ်။ နောက်ဆုံးမှာ ဟုတ်မှန်ကြောင်း သိရှိရတယ်။ တကယ်တော့ ဒီလုပ်ရပ်ဟာ အတော်ကြာမြင့်ခဲ့ပြီ။ ကူးသန်းရောင်းဝယ်ရေး အဖွဲ့ကလည်း ပြဿနာအရပ်ရပ်ကို ငြင်းဆိုလိုက်တယ်။

ဒါပေမယ့် မြန်မာအစိုးရက ထင်ထင်ရှားရှား လက်ဆုပ်လက်ကိုင် မိထားပြီပဲ။

ဒီတော့ သူတို့ကို အခွန်တော်ငွေနဲ့တကွ ဒဏ်ငွေပါ စုစုပေါင်း စတာလင်ငွေ နှစ်သိန်းငါးသောင်း ပေးဆောင်စေရန် အမိန့်တော် ထုတ်ပြန် လိုက်တယ်။ ဒါတွေအပြင် လိုင်စင်ကိုပါ ဖျက်သိမ်းဖို့ အမိန့်ထုတ်လိုက်တယ်။ အဲဒီ ဘုံဘေဘားမား ကူးသန်းရောင်းဝယ်ရေးအဖွဲ့ဟာ ငွေကြေးခိုင်လုံတဲ့ အဖွဲ့အစည်းဖြစ်တယ်။

ဒါပေမယ့် ဒီလိုကြီးမားတဲ့ ဒဏ်ငွေတွေ အထူးသဖြင့် လိုင်စင် ဖျက်သိမ်းရေးဟာ ပျက်စီးရာပျက်စီးကြောင်းနဲ့ တူနေတယ်။

ဒါကြောင့် သူတို့ဟာ အိန္ဒိယအစိုးရထံ အယူခံဝင်ကြတယ်။ ဒါနဲ့ အိန္ဒိယအစိုးရကလည်း မြန်မာအစိုးရကို စကားကမ်းလှမ်းခဲ့တယ်။ ဒါပေမယ့် အလုံးစုံဟာ အချည်းနှီးဖြစ်ခဲ့ပြီ၊ အိန္ဒိယအစိုးရရဲ့ ကြားဝင်မှုဟာလည်း အဆင်မပြေဘူး။ မြန်မာအစိုးရက လက်မခံခဲ့ဘူး။ သီပေါမင်းဟာ ဘုရင် တစ်ပါး ဖြစ်တယ်။ သူမှန်တယ်လို့ ထင်ယူထားတဲ့ကိစ္စရပ်အားလုံးကို ပြုလုပ် နိုင်စွမ်းရှိတယ်။ အမိန့်ပေးနိုင်တယ်။

www.foreverspace.com.mm

ဒီနေရာမှာ အင်္ဂလိပ်လူမျိုးပဲဖြစ်ဖြစ် တခြားလူမျိုးကွဲပဲဖြစ်ဖြစ် မကောင်းတဲ့သူကို အပြစ်ဒဏ်ပေးရမှာပဲ။

အခုဆိုရင် ဒီကိစ္စနဲ့ပတ်သက်လို့ အပြစ်ဒဏ်လည်း ချမှတ်ပြီးပြီ။ နုတ်သိမ်းလို့ မရနိုင်တော့ဘူး။ ဒဏ်ငွေပါ ပေးဆောင်ရတော့မယ်။ လိုင်စင်ပါ ဖျက်သိမ်းပစ်ရတော့မယ်လေ။ မြန်မာအစိုးရဟာ ဒီလိုကြားဝင်စေ့စပ်လာတဲ့ အိန္ဒိယအစိုးရကို ပြန်ကြားလိုက်တယ်။ ဒါနဲ့ပဲ ကိစ္စကို ၁၈၈၅ ခုနှစ် နွေရာသီ ကုန်တဲ့အထိ တဖြည်းဖြည်း ဆွဲယူလာခဲ့တယ်။

သီပေါမင်းအဖို့ တကယ်လိုအပ်တာက အကြံဉာဏ်မဟုတ်ဘူး။

အသိပညာဗဟုသုတပဲ ဖြစ်တယ်။ ခုချိန်ထိ သီပေါမင်းနဲ့ မိဖုရားခေါင်ကြီးစုဖုရားလတ်တို့ဟာ နားလည်သဘောပေါက်မှု မရှိကြသေးဘူး။ နန်းတော်အုတ်ရိုးရဲ့ အပြင်လောကမှာ ဖြစ်ပျက်နေသမျှကိုလည်း သတိမပြုနိုင်ကြဘူး။ သူတို့အဖို့ ထင်တစ်လုံးနဲ့ပဲ ရှိနေကြတယ်။ တခြားမင်းများနဲ့ သူတို့ဟာ တန်ခိုးအင်အားချင်း တူညီကြတယ်။

လာသမျှသော ရန်သူများကို တိုက်ခိုက် အောင်မြင်နိုင်မယ်ပေါ့။ ဒါပါပဲလေ . . . အသိပညာက နန်းတော်ထဲမှာ မရှိဘူး။ နားမလည်မှုနဲ့ သတ္တိတို့သာ ရှိနေတယ်။ မင်းနှစ်ပါးဟာ အိပ်မက်အတွင်းမှာပဲ ပျော်မွေ့နေတယ်။ အကြောင်းချင်းရာ အလုံးစုံနဲ့ ပတ်သက်ပြီး ကင်းဝန်မင်းကြီးဟာ အမှန်ကို မဖွင့်ဟဘူး။ အကြံဉာဏ်ကိုတော့ပေးတယ်။ မင်းနှစ်ပါးအဖို့ ကင်းဝန်မင်းကြီးရဲ့ အရိပ်အယောင်ပြသမှုကိုလည်း နားမလည်ဘူး။

အလေးမမူ ဂရုမထားကြဘူး။

သီပေါမင်းအဖို့ သူ့ရဲ့နောက်ပါးမှာ မပြိုကွဲနိုင်တဲ့ စစ်အင်အားရှိသည့် အလား ပြုကျင့်နေထိုင်တော့တယ်။ ဒီအချိန်အတွင်းမှာလည်း အိန္ဒိယအစိုးရထံ စာများပေးပို့တယ်။ အဲဒီစာတွေထဲမှာ အင်အားနဲ့ ခက်ထန်တဲ့သဘောများ ပါတယ်။ ဘယ်လိုနှောင့်ယှက်မှုမျိုးကိုမဆို တွန်းလှန်ခုခံဖို့ အင်အားရှိကြောင်းလည်း ဖော်ပြထားတယ်။

နန်းစံကြသူများ

ဒါပဲပေါ့ . . . ။ ခုဆိုရင် သီပေါမင်းအဖို့ နိုင်ငံတော်ရဲ့ ဘုရင်မင်းမြတ် မဟုတ်ပါလား။

ဒီတော့ ရာဇဂုဏ်မာန်မြင့်တာလည်း မဆန်းဘူးပေါ့။ အချိန်ပြောင်းလာတဲ့အမျှ ဖြစ်ရပ်များဟာလည်း ပြောင်းလဲလာတယ်။ မင်းနှစ်ပါးရဲ့ မာန်မာနဟာ တလွဲဆံပင်ကောင်းနေခြင်းပဲ ဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့။ ဘယ်ခေတ် ဘယ်အချိန် ဘယ်ကာလမှာ ရောက်ပါစေ . . . ။ ဒီဖြစ်ရပ်ထက် ပိုပြီးရင်နာဖွယ်ကောင်းတဲ့ ဖြစ်ရပ်ကား ရှိမည်မဟုတ်ပါလေ။

အဲဒီနှစ်ကား ၁၈၈၅ ခုနှစ် မိုးတွင်းကာလအတွင်းမှာပဲ။

လူတိုင်းကား စစ်ဖြစ်ကြလိမ့်မယ်လို့ ပြောနေကြတယ်။ ဒါကြောင့်ပဲ လူမျိုးခြားတွေဟာ မန္တလေးမှ ထွက်ခွာနေကြပြီ။ အောက်မြန်မာပြည်သို့ သင်္ဘောများနဲ့ စုန်ဆင်းသွားနေကြပြီ။ နေရာတိုင်းမှာကား ချောက်ချားမှုများ ဖြစ်နေတယ်။ နယ်စပ်မှာလည်း အင်္ဂလိပ်စစ်တပ်များဟာ စုရုံးနေတယ်၊ စခန်းချနေတယ်။ ဒီအချိန်မှာတော့ ရွှေနန်းတော်အတွင်းမှာ အုပ်စုနှစ်စု ကွဲနေပြီ။

တိုင်းတာမင်းကြီးဦးဆောင်တဲ့ အဖွဲ့က စစ်တိုက်ရေးကို လိုလားတယ်။

ကင်းဝန်မင်းကြီးရဲ့အဖွဲ့ကမူ စစ်ပြေငြိမ်းရေးကို လိုလားတယ်။ သူတို့ဟာ အတော်ကြာကြာပဲ အခြေအတင် ငြင်းခုံနေကြတယ်။ စုဖုရားလတ်အဖို့ကတော့ ပြောစရာမလိုဘူး။ သူများထက်တောင်ပိုတယ်။ သူမဟာ ကင်းဝန်မင်းကြီးကို မုန်းတီးနေဟန်ရှိတယ်။ ဒီရာဇပလ္လင်တော်ပေါ်ကို တင်ပေးတဲ့သူတွေထဲမှာ ကင်းဝန်မင်းကြီးလည်းပါတယ်။

ဒါပေမယ့် ကင်းဝန်မင်းကြီးရဲ့ အကြံဉာဏ်ကို သူမဟာ ဆန့်ကျင်ခဲ့တယ်။

တကယ်တော့ မိဖုရားခေါင်ကြီး စုဖုရားလတ်ဟာ ရှေ့လောကြီးတယ်၊ စိတ်မာန်အမျက်သိုတယ်။ ကင်းဝန်မင်းကြီးကတော့ သတ္တိရှိရှိနဲ့ ခပ်နေးနေးပဲ ဆောင်ရွက်တတ်တယ်။ ဒီတော့ စိတ်မြန်တဲ့မိဖုရားကြီးနဲ့

www.foreverspace.com.mm



သတ္တိရှိတဲ့ ကင်းဝန်မင်းကြီးတို့ဟာ ဆန့်ကျင်ဘက်ဖြစ်ရတော့တယ်။ သူ့အဖို့ ရာဇပလ္လင်တော်ပေါ်မှာ တင်ပေးခဲ့တဲ့ ကျေးဇူးရှိလို့သာ ဒီမျှ သည်းခံနေတာ ဖြစ်တယ်။

မိဖုရားခေါင်ကြီးကား တစ်ကိုယ်လုံး ဆတ်ဆတ်မျှ တုန်ယင်နေ တယ်။

သူမရဲ့ဒေါသကား အမြင့်ဆုံးကို ရောက်ခဲ့ပြီ။ အသက်ရှူလည်း အလွန်ပြင်းနေတယ်။ သောက်လက်စဆေးလိပ်ကိုပင် မေ့လျော့သွားလေ တယ်။ တခြားမှူးမတ်များကလည်း လျှောက်တင်နေကြတယ်။ စစ်တိုက်ဖို့ အကြောင်းက အဓိကပဲ။ ဒီညီလာခံမှာတော့ ငြိမ်းချမ်းရေးကို လိုချင်တဲ့သူ မှာကား ကင်းဝန်မင်းကြီးတစ်ဦးတည်းသာ ဖြစ်နေပေတော့တယ်။

နောက်ဆုံးအဖြေကတော့ စစ်တိုက်ဖို့ပဲ ဖြစ်တယ်။

ဘာတစ်ခုကိုမှ မဆုံးဖြတ်နိုင်တဲ့ သီပေါမင်းဟာ စုဖုရားလတ်ကိုပဲ ကြည့်နေတော့တယ်။ ညီလာခံတစ်ခုလုံးသည်ကား စုဖုရားလတ်ရဲ့အသံနဲ့ သာ လွှမ်းမိုးနေတယ်။ ဒီမိဖုရားခေါင်ရဲ့ ပြောကြားချက်ကိုပဲ နာခံနေရတယ်။ ဘာတစ်ခုမှ ပြန်လည်စောဒကတက်လို့ မရဘူး။ ဒေါသတကြီးအမိန့်တော် ရှိနေတဲ့ စုဖုရားလတ်အဖို့ ဘာတစ်ခုကိုမျှ ထီမထင်တော့ဘူးပေါ့။

ဖြစ်လာသမျှ အရာအားလုံးဟာ အကောင်းချည်းပဲလို့ မှတ်ယူနေ ရတော့တယ်။

ဒီတုန်းက သူမအသွင်ဟာ ခက်ထန်နေတယ်။ စိုးရိမ်စိတ်နဲ့ သောက တို့ဟာ တစ်လှည့်စီ ဖြစ်ပေါ်နေတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ စစ်ဆိုတဲ့ အနိဋ္ဌာရုံဟာ အရိပ်မည်းတစ်ခုလိုပဲ ထိုးကျလာချေပြီ။ ဗြိတိသျှနယ်ချဲ့ များအပေါ် နာကြည်းစိတ်၊ ရွံမုန်းတဲ့စိတ်များဟာ စုဖုရားလတ်ရဲ့ရင်ထဲမှာ အပြည့်ပဲ။ ဒီတိုင်းတစ်ပါးသားများဟာ မိစ္ဆာတွေပဲ။ သင်းတို့ကို ကောင်း ကောင်း ဆုံးမ,ရတော့မယ်။

ဒါနဲ့ပဲ နောက်ဆုံးမှာတော့ ဗြိတိသျှနယ်ချဲ့တွေကို စစ်တိုက်ရမယ် ဆိုတဲ့ အမိန့်တော်ကို ဗြဲတိုက်တော်က ထုတ်ပြန်စေတော့တယ်။

နန်းစံကြသူများ

www.foreverspace.com.mm


ပြည်သူအားလုံးဟာ လေမုန်တိုင်းကို မြင်နေရပြီ။ လေမုန်တိုင်းကား နီးသည်ထက် နီးလာပြီ။ ပြည်သူတွေကား ပို၍ ပို၍ ကြောက်လန့်လာကြပြီ။ စစ်ပွဲကို ပုန်းအောင်းပြီး စောင့်စားနေကြတာပဲ။ ဒီကာလဟာ ရှည်လျားတဲ့ ကြားကာလတစ်ခုပေပဲ။ ခါတိုင်းနေ့များထက် နေ့တာပိုရှည်၊ ညတာပိုရှည် နေတယ်လို့ ထင်ရတယ်။

ဒါပေမယ့် အဲဒါဟာ ရက်ပေါင်းနှစ်ဆယ်မျှသာပင်။ နှစ်ဆယ့် တစ်ရက်ထက်တော ပိုမယ်မထင်တော့ဘူး။

*တြိရတနာနမာမိ*
*မေတ္တာဖြင့်*

*မောင်ဖေငယ်*
*၆-၂-၂၀၀၆ ရန်ကုန်မြို့။*
*ညနေ ၄း၄၅ မိနစ်*

❐ ❐ ❐



www.foreverspace.com.mm